http://www.dhammadownload.com

၅၀၀၀

မန္တလေး
မစိုးရိမ်တိုက်သစ်

# ပါဠိဇာတ်တော် ဝါကျဥယျာဉ်

## ဒုတိယတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ
ဓမ္မသီတဂူကျောင်းနာယက
ရေးသားပြုစုသည်။

သာသနာ ၂၅၄၂ ကောဇာ ၁၃၆၀

ဓမ္မသီတဂူစာစဉ် (၄)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

မန္တလေး

မဃိုးရိုမ်ဇုံကျောသစ်

# ပါရာဇိကကဏ် ဝါကျဥယျာဥ်

## ဒုတိယတွဲ

ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ဓမ္မသီတာဂုရုကျောင်းနာယက

ရေးသားပြုစုသည်၊

ဓမ္မသီတာဂုရုစာစဉ် (၄)

သာသနာ ၂၅၄၂ ကောဇာ ၁၃၆၀

http://www.dhammadownload.com


## ပါရာဇိကဏ် ပါဠိတော်ပယ်နည်း ဒု – တွဲ

တာမူခွင့်ပြုချက်အမှတ် ၁၅ / ၉၇ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၃ ၉၇ (၆)
၁၉၉၇ – ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊
အုပ်ရေ ၁၀၀၀
တန်ဖိုး ( ) ကျပ်

## ထုတ်ဝေသူ

ဦးရဲမြင့်
တက်လမ်းစာပေ၊ ၉၆၇၊ ပဒေသာရပ်၊
အင်းစိန် နယ်၊ ရန်ကုန် ။

## မျက်နှာဖုံး အတွင်းစာပုံနှိပ်

ဦးဝင်းမြင့်
ဘောဂဝတီ ပုံနှိပ်တိုက်
အမှတ် (၁၇၈)၊ ၃၁ – လမ်း။
ရန်ကုန် ။

http://www.dhammadownload.com

# "စာဂဟော"

ဤစာအုပ်ကို လွန်ခဲ့သော (၄)နှစ်ကျော်ခန့်မှစ၍ သောတုဇနေ အရှင်မြတ်တို့၏ လက်တွင်းသို့ လက်နှိပ်စက်မူဖြင့် (၅)ကြိမ်တိုင်တိုင် ရိုက်နှိပ်ဖြန့်ဝေခဲ့ပါပြီ။ မိမိအား ပရိယတ်ရင်နို့ တိုက်ကျွေးတော်မူခဲ့ကြသော အနန္တဂိုဏ်းဝင် ဆရာထေရ်အရှင်မြတ်တို့၏ နယူပဒေသ မှတ်စုမှတ်တမ်းများကို အမှီပြုလျှက် ပါဠိ + အဋ္ဌကထာ, ဋီကာ + နိဿယ, ယောဇနာ + ဂဏ္ဌိ, ကျမ်းစုံညှိ၍ ဉာဏ်စွမ်းရှိသလောက် ပို့ချ + သင်ကြားရင်း စီရင်ရေးသားခဲ့ပါသည်။

ယခုအခါ ယခင်လက်နှိပ်စက်မူဖြင့် ထွက်ရှိပြီးစာမူများကိုပင် တဖန် စီစစ်သုမ်သင်ပြီး ကောင်းသထက်ကောင်း, ပြည့်စုံသထက်ပြည့်စုံအောင် ထပ်မံဖြည့်စွက် စီစဉ်ထားပါသည်။

[ ဥယျာဉ်စာပေရှု ပရိသတ်အပေါင်းအရှင်ကောင်းတို့အတွက် ဤစာအုပ်သည် ဤရွေ့ ဤမျှအကျိုးကို ပေးစွမ်းနိုင်လိမ့်မည်ဟု မရေးသားလိုပါ။ ဤစာပြုစုသူမိမိအနေဖြင့် ကျေးဇူးတော်ရှင် ဆရာတော်သခင်တို့ ချီးမြှောက်မှုအရ စာချတန်းဆိုင်ရာ စာဝါများကို အဓိကထား၍ ပို့ချသင်ကြား ပေးနေရပါသည်။

ယင်းသို့ ပို့ချသင်ကြားရာ၌ နံနက်ပိုင်းတွင် စာချတန်း အခြေခံသဘောတရားကို ဦးစားပေးပြီး အဓိကလိုအပ်သော မှတ်စုမှတ်ဘွယ်များကို ရေးသားပေးလေ့ရှိပါသည်။ (တနည်းအားဖြင့်) စာချတမ်း ကန္တာရအတွက် အမှန်တကယ် အရေးပါသောသဒ္ဒါရေး ကဏ္ဍကို ဖော်ထုတ်လျက် အဋ္ဌကထာ, ဋီကာတို့၌ လက်တွေ့အသုံးချပုံ, စုဒ်–စောဒနာထုတ်ပုံ, ဝါကျယူဆနည်း, ဝိဂ္ဂဟကြံနည်း, ဉာဏ်ကောက်နည်း, အာဘော်ကြံနည်း, ပါဌဝိနိစ္ဆယ, နယူပစာရနှင့် နေတ္တိထုတ်နည်းတို့ကို အဋ္ဌကထာလာ ပုံစံတူဝါကျများစွာ ရွေးချယ်ထုတ်ပြ၍ ပို့ချခဲ့ပါသည်။

ညနေ–စာဝါချိန်၌ကား မိမိရေးထုတ်ပြီးဝါကျဥယျာဉ်စာအုပ်မှ ဝါကျများကိုပင် အဓိကထား၍ တနေ့လျှင် တစ်ဝါကျနှုန်းဖြင့် အသေးစိတ်ရှင်းလင်းကာ နှုတ်တက်သင်ကြား ပို့ချခဲ့ပါသည်။ ယင်းသို့ ပို့ချသင်ကြားပေးခဲ့ခြင်းကြောင့်ပင် နီးနေခစား တပည့်ပရိတ်သတ်များစွာတို့သည် ဓမ္မာစရိယ အောင်ပန်း ကိုယ်စီဆင်မြန်း ခဲ့ကြရလေပြီ။ ]

ဓမ္မစရိယအောင်ပန်း ဆင်မြန်းလိုကြသော ဝေး, နီးရပ်နေ အရှင်မြတ်တို့သည်လည်း မိမိ၏ နီးနေခစား တပည့်ပရိသတ်များ နည်းတူ ဓမ္မာစရိယအောင်ပန်း လျှင်စွာဆင်မြန်းနိုင်ကြစေရန် ကွန်ပျူတာစာမူဖြင့် စီစဉ်၍ ထုတ်ဝေလိုက်ရပါသည်။

မည်သို့ပင်ကြိုးစား၍ ရေးသားစီရင်ထားစေကာမူ အမှားနှင့်ကင်းနိုင်သောအရာ မဟုတ်သေးရကား ထေရ်ကျော်ငါးရာ၊ ရဟန္တာဝသီ၊ သမ္ဗိဒါဉာဏ်ရ သံဃိန္ဒတို့၊ ဘုရားမိန့်ရွတ်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍၊ ဆေးလေးကြပ်ကြပ်၊ အထပ်ထစ်ရာ၊ တည်းဖြတ်ပါလည်း၊ အက္ခရာ ပုဒ်သွေး၊ မှားယွင်းသေး၏။ ညစ်ကြေးစပ်ယှဉ်၊ ပုထုဇဉ်သာ၊ ငါတို့မှာကား မမှားဘယ်သို့၊ ရှိလေမြို့လိမ့်၊ ယွင်းချို့အက္ခရာ၊ ပျက်ယိုရာ၌၊ ပညာကြီးရှင်၊ ငြမ်းကောင်းဆင်သို့၊ ပို–လို–သင့်–မသင့်၊ ဝိစာရဏ ဉာဏ်ချင့်၍၊ ပြင်ဆင်ကြည့်ရှု၊ အသုံးတော်ပြု နိုင်ကြပါစေကုန်သတည်း။

http://www.dhammadownload.com

## "ကတညုတာ-ပူဇော်မင်္ဂလာ"

မိမိရေးထုတ် ဤစာအုပ်ဖြင့် ရတနာသုံးပါးနှင့်တကွ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များဖြစ်ကြကုန်သော မိဘ + ဆရာသမားတို့အား လေးမြတ်စွာ ပူဇော်ပါ၏။

## "ကတညုတာ-မှတ်တမ်းလွှာ"

ဤစာအုပ်ဖြစ်ပေါ်လာရန် မိမိရေးသားစာမူများကို လက်နှိပ်စက် ရိုက်ကူးပေးခြင်းစသည်ဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးခဲ့ကြသော လက်ထောက်စာချဘုန်းကြီးများဖြစ်ကြသည့် ဦးဇောတိပါလ, ဦးသစ္စနုသာရ, ဦးဉာဏဓဇ, ဦးသေဋ္ဌိလ, ဦးပညောဘာသ, ဦးကဥ္စန စသောတပည့်များနှင့်တကွ ဟျမ်းစာပြုသူ ဤအရှင်၏ စာအုပ်များ ရိုက်နှိပ်ထုတ်ဝေရန် ငွေပင်ငွေရင်းစိုက်ထုတ်လှူဒါန်းလျက်ရှိသော ဓမ္မဒါန အမတဒါန ကုသိုလ်ရှင် ဦးကိုကိုကြီး + ဒေါ်သန်းသန်းထွင်(ရန်ကုန်ရမ်) မိသားစုတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

၁၃၆၀ ပြည့်
ဓမ္မာစကြာအခါတော်နေ့

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ** (နာယက)
မစိုးရိမ်တိုက်သစ်
မန္တလေး။

http://www.dhammadownload.com

# မာတိကာ


| ဝါကျညွှန်း အမှတ် | ပဌမပါရာဇိက | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၁။ | ကလန္ဒ ဂါမောတိ | ၁၆၉ |
| ၂။ | သမ္ဗဟုလေဟိကိ | ၁၆၉ |
| ၃။ | ဒိဿွာနသာတိ | ၁၆၉ |
| ၄။ | ယံနူနာဟံ ကေသေစ | ၁၇၀ |
| ၅။ | န တွံ တာတ သုဒိန္န | ၁၇၁ |
| ၆။ | ကိံ ပန မယံ တန္တိ | ၁၇၁ |
| ၇။ | ဉာတိဒါသီတိ | ၁၇၄ |
| ၈။ | သဥ္ဆနီယမေ့န္တိ | ၁၇၄ |
| ၉။ | သရသာတိ | ၁၇၅ |
| ၁၀။ | အညတရံ ကုဋ္ဋမူလန္တိ | ၁၇၅ |
| ၁၁။ | အတ္ထိ နာမ တာတာတိဣ္ထ | ၁၇၅ |
| ၁၂။ | သောပန ဂဟပတိ | ၁၇၆ |
| ၁၃။ | ယေန သကပိတု နိဝေသနန္တိ | ၁၇၆ |
| ၁၄။ | ပုရိသောကိ | ၁၇၆ |
| ၁၅။ | ဣဒံ တေ တာတာတိ | ၁၇၆ |
| ၁၆။ | အညံ ပေတ္တိကံ အညံ ပိတာမဟန္တိ | ၁၇၇ |
| ၁၇။ | တေန ဟိတိ | ၁၇၇ |
| ၁၈။ | တေနဟိ ဝဓူ | ၁၇၈ |
| ၁၉။ | သမုဒါစရတီတိ | ၁၇၈ |
| ၂၀။ | တေနဟိ တာတသုဒိန္န | ၁၇၈ |
| ၂၁။ | ပုပ္ဖန္တိ | ၁၇၉ |
| ၂၂။ | အပညတ္တေ သိက္ခာပဒေတိ | ၁၇၉ |
| ၂၃။ | အနာဒီနဝဒဿာတိ | ၁၇၉ |
| ၂၄။ | အဘိဝိညာပေသီတိ | ၁၇၉ |
| ၂၅။ | သာတေန ဂဗ္ဘံ ဂဏှီတိ | ၁၇၉ |
| ၂၆။ | ဂါဝီဝေ | ၁၈၀/ ၁ |
| ၂၇။ | ဘုမ္မာဒေဝါ သဒ္ဒမနုဿာဝေသုန္တိ | ၁၈၁ |
| ၂၈။ | ဝေံ မာတာပုတ္တာနံ ပဗ္ဗဇ္ဇာ | ၁၈၁/ ၂ |
| ၂၉။ | ပိဏ္ဍိကိဒ္ဓိယောတိ | ၁၈၂ |
| ၃၀။ | အထနံ အနုသာသန္တာ | ၁၈၃ |
| ၃၁။ | သရာဂါယ စေတေဿသီတိ | ၁၈၃ |
| ၃၂။ | အညထတ္တာယာတိ | ၁၈၄ |
| ၃၃။ | တေသွ် နိဒါနေ တေသွ် ပကရဏေ | ၁၈၄ |
| ၃၄။ | ဝိဂရဟိ ဗုဒ္ဓေါ ဘဂဝါ | ၁၈၅ |
| ၃၅။ | ကထံ ဟိ နာမာတိ | ၁၈၅ |
| ၃၆။ | ဣတော နိဒါနဥ္စေဝ | ၁၈၆ |

http://www.dhammadownload.com


| ဝါကျဥယျာဉ် အမှတ် | ပဌမပါရာဇိကာ | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၃၇။ | အသဒ္ဓမ္မန္တိ အသတံ | ၁၈၆ |
| ၃၈။ | ဗဟူနံခေါ။ ပ။ အာဒိကတ္ထာ | ၁၈၆ |
| ၃၉။ | ဒွတ္တရတာယ။ ပ။ ကောသဇ္ဇသ | ၁၈၇ |
| ၄၀။ | သိက္ခံ့နံ တဒနုစ္ဆဝိကံ | ၁၈၈ |
| ၄၁။ | တေနဟိတိ တေန သုဒိန္နသ | ၁၈၈ |
| ၄၂။ | ဒသအတ္ထဝသေ ပဋိစ္စာတိ | ၁၈၉ |
| ၄၃။ | ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာတိ | ၁၈၉ |
| ၄၄။ | ပေသလာနံ ဘိက္ခူနံ | ၁၈၉ |
| ၄၅။ | ယောဝါ ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ | ၁၈၉ |
| ၄၆။ | သဒ္ဓမ္မဋ္ဌိတိယာတိ | ၁၉၀ |
| ၄၇။ | ဧဝံ သိက္ခာပဒပညတ္တိယာ | ၁၉၁ |
| ၄၈။ | ဃာဒိနီ ယံတံ အညံ | ၁၉၂ |
| ၄၉။ | အန္တမသော တိရစ္ဆာနဂတာယပိ | ၁၉၃ |
| ၅၀။ | ဃာဒိနီ ယံတံ အညမ္ပိ | ၁၉၄ |
| ၅၁။ | ပုဗ္ဗရတ္တာပရရတ္တန္တိ | ၁၉၄ |
| ၅၂။ | ယံ တထာဂတောတိ | ၁၉၅ |
| ၅၃။ | ဃာဒိနီသ အတ္ထံ ဝိဘင်္ဂေ | ၁၉၅ |
| ၅၄။ | တတ္ထ သုတ္တံနာမ | ၁၉၉ |
| ၅၅။ | ဃာဒိနီ သိက္ခာပဒဝိဘင်္ဂသ | ၂၀၃ |
| ၅၆။ | ဘိက္ခုနိဒ္ဒေသေ | ၂၀၄ |
| ၅၇။ | အဂ္ဂ ဖဿဝဏ္ဏဘေဒေန | ၂၀၄ |
| ၅၈။ | သမညာယာတိ ပညတ္တိယာ | ၂၀၅ |
| ၅၉။ | ဟေိဘိက္ခူတိ ဟေိဘိက္ခုနာမ | ၂၀၅ |
| ၆၀။ | သဗြောတိ အပါပကော | ၂၀၇ |
| ၆၁။ | န သိက္ခတီတိ အသေခေါ | ၂၀၈ |
| ၆၂။ | အဓိသီလသိက္ခာတိ | ၂၀၉ |
| ၆၃။ | ပါတိမောက္ခသံဝရသီလံ ပန | ၂၀၉ |
| ၆၄။ | ကာမာဝစရာနိ ပနအဋ္ဌ | ၂၁၉ |
| ၆၅။ | အတ္ထိဒိန္နံ အတ္ထိယိဋ္ဌန္တိ | ၂၂၀ |
| ၆၆။ | တိလက္ခဏာကာရ ပရိစ္ဆေဒကံ ပန | ၂၂၀ |
| ၆၇။ | တေံ သာဇီဝံနာမာတိ | ၂၂၀ |
| ၆၈။ | သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ | ၂၂၁ |
| ၆၉။ | ဥက္ကဋ္ဌတောတိ | ၂၂၂ |
| ၇၀။ | သိက္ခာဘာဝန္တိ | ၂၂၂ |
| ၇၁။ | တေဟိ အာကာရေဟိ တေဟိလိင်္ဂေဟိ | ၂၂၉ |
| ၇၂။ | ဧဝံ သိက္ခာပစ္စက္ခာနလက္ခဏံ | ၂၃၀ |

http://www.dhammadownload.com


| ဝါကျညွှန်း အမှတ် | ပဌမပါရာဇိက | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၇၃။ | ဒေဝတာယ သန္တိကေတိ | ၂၂၀ |
| ၇၄။ | ဣဒါနိ မေထုနံ ဓမ္မံ ပဋိသေဝေယျာတိ | ၂၂၁ |
| ၇၅။ | ဒုဋ္ဌုလ္လန္တိ | ၂၂၂ |
| ၇၆။ | ဒွယေန ဒွယေန | ၂၂၂ |
| ၇၇။ | အန္တမသောတိ | ၂၂၃ |
| ၇၈။ | ပါရာဇိကောကိ ပရာဇိတော | ၂၂၄ |
| ၇၉။ | သဟ ဝသန္တိ ဧတ္ထာတိ | ၂၂၅ |
| ၈၀။ | အာပဇ္ဇန္တော ပန | ၂၂၆ |
| ၈၁။ | တတ္ထ ပဋိပက္ခံ အတ္ထယန္တိ | ၂၂၆ |
| ၈၂။ | ယသ္မာ ပန န ဘိက္ခုပစ္စတ္ထိကာဝေ | ၂၃၂ |
| ၈၃။ | ဣဒါနိ ယံ ဝုတ္တံ | ၂၃၃ |
| ၈၄။ | ဝံ တတ္ထ တတ္ထ တံ တံ အာပတ္တိဥ္စ | ၂၃၃ |
| ၈၅။ | ဥမ္မတ္တကော နာမ | ၂၃၄ |
| ၈၆။ | မက္ကဋိံဝဇ္ဇိပုတ္တာစ | ၂၃၆ |
| ၈၇။ | ဥပ္ပလဝဏ္ဏာတိ | ၂၃၇ |
| ၈၈။ | ဣတ္ထိလိင်္ဂံ ပါတုဘူတန္တိ | ၂၃၇ |
| ၈၉။ | ဒါရုဓီတလိကာ နာမ | ၂၄၁ |
| ၉၀။ | ဥပဟတိန္ဒြိယောတိ | ၂၄၃ |
| ၉၁။ | ဘဒ္ဒိယံနာမ တံနဂရံ | ၂၄၃ |
| ၉၂။ | ဒိဝါပဋိသလ္လီယန္တေနာတိ | ၂၄၃ |


**ပထမပါရာဇိက ပြီးပြီ၊**

http://www.dhammadownload.com


| ဂါထာစဉ် အမှတ် | ဒုတိယပါရာဇိက | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၁။ | တေန ခေါ ပန သမယေန ဗုဒ္ဓေါ | ၂၄၇ |
| ၂။ | သမ္ဗဟုလာတိ | ၂၄၈ |
| ၃။ | သမ္ဗတ္တာတိ | ၂၄၈ |
| ၄။ | တိဏကုဋိယော ကရိတွာတိ | ၂၄၈ |
| ၅။ | အာယသ္မာပိ ဓနိယောတိ | ၂၄၈ |
| ၆။ | ဝသံ ဝုတ္ထာတိ | ၂၄၉ |
| ၇။ | ဇနပဒစာရိကံ ပက္ကမိံ သူတိ | ၂၄၉ |
| ၈။ | သကေတိ အတ္တနော သန္တကေ | ၂၄၉ |
| ၉။ | အဘိရူပါတိ | ၂၅၀ |
| ၁၀။ | ကိံ တေ ဘိက္ခုဝေတိ ဧတ္ထ | ၂၅၀ |
| ၁၁။ | အနုဒ္ဒယာတိ | ၂၅၀ |
| ၁၂။ | ဧဝံ ဘိန္နာယ ပန ကုဋိကာယ | ၂၅၅ |
| ၁၃။ | နဂရပဋိသင်္ခါရိကာနီတိ | ၂၅၅ |
| ၁၄။ | မဂဓမဟာမတ္တောတိ | ၂၅၅ |
| ၁၅။ | အဒ္ဒသခေါ အာယသ္မာ ဓနိယောတိ | ၂၅၅ |
| ၁၆။ | တေသံ မယာ သန္ဓာယ ဘာသိတန္တိ | ၂၅၆ |
| ၁၇။ | မနုဿာ ဥဇ္ဈာယန္တီတိ | ၂၅၆ |
| ၁၈။ | ရညော ဒါရူနီတိ | ၂၅၆ |
| ၁၉။ | ပဉ္စမာသကော ပါဒေါတိ | ၂၅၈ |
| ၂၀။ | ရဇကတ္ထရကံ ဂန္တွာတိ | ၂၅၈ |
| ၂၁။ | ဂါမော နာမာတိ ဧဝမာဒိ | ၂၅၉ |
| ၂၂။ | ဂေါနိသာဒိ နိဝိဋ္ဌော နာမ | ၂၅၉ |
| ၂၃။ | ဣန္ဒခီလေ ဌိတဿာတိ | ၂၅၉ |
| ၂၄။ | မဇ္ဈိမဿာတိ ထာမမဇ္ဈိမဿ | ၂၅၉ |
| ၂၅။ | အရညံ နာမ ဌပေတွာ | ၂၆၁ |
| ၂၆။ | ဣဒါနိ အဒိန္နံ ထေယျသင်္ခါတံ | ၂၆၁ |
| ၂၇။ | ထေယျသင်္ခါတန္တိ ဧတ္ထ | ၂၆၂ |
| ၂၈။ | ထေယျဉ္စ တံ သင်္ခါတဉ္စာတိ | ၂၆၂ |
| ၂၉။ | တတ္ထ ဝတ္ထုန္တိ ဘဏ္ဍံ | ၂၆၅ |
| ၃၀။ | ကာလောတိ အဝဟာရကာလော | ၂၆၆ |
| ၃၁။ | ပရိဘောဂေါတိ | ၂၆၇ |
| ၃၂။ | ဣဒါနိ ယဒိဒံ | ၂၆၈ |
| ၃၃။ | ပထဗျာရာဇာတိ | ၂၆၈ |
| ၃၄။ | အက္ခဒဿာတိ | ၂၆၈ |
| ၃၅။ | မဟာမတ္တာတိ | ၂၆၈ |
| ၃၆။ | ကဋ္ဌဝါလတံဝါတိ | ၂၇၀/ ၃ |

http://www.dhammadownload.com


| ဇာတကညွှန်း အမှတ် | ဒုတိယပါရာဇိက | အဋ္ဌကထာ စာမျက်နှာ |
|---|---|---|
| ၃၇။ | ထူလတ္ထာအစ္စယတ္တာစ | ၂၇၃ |
| ၃၈။ | အတ္ထနော ဘာဇနေန္တိ | ၂၇၅ |
| ၃၉။ | မုဋ္ဌိ ဝါ ဆိန္ဒတိတိ | ၂၇၅ |
| ၄၀။ | မဟာအဋ္ဌကထာယံ ပန | ၂၇၆ |
| ၄၁။ | ဩမင္ခ နာမ | ၂၇၈ |
| ၄၂။ | တတ္ထေဝ ဘိန္ဒတိဝါ အာဒိသု | ၂၇၉ |
| ၄၃။ | ဘိတ္တိံ ခီလောတိ | ၂၈၄ |
| ၄၄။ | နာဝဋ္ဌေ ပဋ္ဌမံ တာဝ | ၂၈၉ |
| ၄၅။ | သာမိကာံ ပရာဇေတီတိ | ၂၉၅ |
| ၄၆။ | ဝိဟာရဋ္ဌေပိ စတ္တုယိ | ၂၉၆ |
| ၄၇။ | ခေတ္တဋ္ဌေပိ | ၂၉၆ |
| ၄၈။ | အရညဋ္ဌေ အရညံ တာဝ | ၂၉၈ |
| ၄၉။ | ဝနဿ ပတီတိ | ၃၀၃ |
| ၅၀။ | ဒုက်´ တတော | ၃၁၄ |
| ၅၁။ | ရာဇဂ္ဂံ ဘဏ္ဍန္တိ | ၃၁၄ |
| ၅၂။ | ဏ္ဍတော ပရသ္မိံ ကော်သေန | ၃၁၆ |
| ၅၃။ | ဩစရတီတိ | ၃၂၀ |
| ၅၄။ | ဩကီ ရက္ခတီတိ | ၃၂၁ |
| ၅၅။ | သံဝိဓာယ အဝဟာရော | ၃၂၁ |
| ၅၆။ | သင်္ကေတကမ္မန္တိ | ၃၂၂ |
| ၅၇။ | မူလဋ္ဌဿ အာပတ္တိ ထုလ္လစ္စယဿာတိ | ၃၂၄ |
| ၅၈။ | ပေတ ပရိဂ္ဂဟေတိတ္တေ | ၃၂၇ |
| ၅၉။ | အဘိဋ္ဌေ ဿရိရေတိ | ၃၂၉ |
| ၆၀။ | နစ ဘိက္ခုဝေ ဝုတ္တော ဝဋ္ဋေမိတိ | ၃၃၆ |


ဒုတိယပါရာဇိက ပြီးပြီ။

http://www.dhammadownload.com

http://www.dhammadownload.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဉ္စမပါရာဇိကအဖွင့်

## ဝါကျဥယျာဉ် (၁)

(က) ကလန္ဒဂါမောတိ ကလန္ဒကာ ဝုစ္စန္တိ ကာဠကာ၊
(ခ) တေသံ ဝသေန လဒ္ဓနာမော ဂါမော။
(ဂ) ကလန္ဒပုတ္တောတိ ဂါမဝသေန လဒ္ဓနာမဿ ရာသေမ္ဘတဿ စတ္တာလီသကောဋိဝိဘဝဿ ကလန္ဒသေဋ္ဌိနော ပုတ္တော။
(ဃ) ယသ္မာ ပန တသ္မိံ ဂါမေ အညေပိ ကလန္ဒနာမကာ မနုဿာ အတ္ထိ၊ တသ္မာ "ကလန္ဒပုတ္တော" တိ ဝတွာ ပုန "သေဋ္ဌိပုတ္တော"တိ ဝုတ္တံ။

(၄။ ၁၆၉။ သာရတ္ထ ။ ၂။ ၁။ မအူသျှ၊ ထ၊ ၂၊ ဘာသာဋီ၊ ဒု။ ၁၈၃။ ဂဏ္ဌိသစ်၊ ဒု ၄၀၂။)

၂။ (ခ) ဝါကျကို အနုသန္ဓေတက်၍ (ဃ) ဝါကျကို လီနတ္ထရစောဒနာတက်ပါ။
၃။ (ခ+ဂ+ဃ) ဝါကျတို့ကို အကြောင်းပြ၍ ဝါကျအမည်ပေးပါ။
၄။ သေဋ္ဌိပုတ္တော-၌ သေဋ္ဌိကို ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပါ။
၅။ ကလန္ဒကာ ဝုစ္စန္တိ ကာဠကာ-၌ ကာဠကာ-ပုဒ်၏ လိင်နှင့် ကလန္ဒကာပုဒ်၏ လိင်၊ဓာတု၊ပစ္စယတို့ကို ဖော်ပြပါ။
၆။ က+ခ+ဂ-ဝါကျတို့ဖြင့် ပြဆိုအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။
၇။ (က)ဝါကျ သံဝဏ္ဏေတဗ္ဗ-၌ ကလန္ဒဂါမော - ဟူ၍လည်းကောင်း၊ ကလန္ဒကဂါမော-ဟူ၍လည်းကောင်း၊ ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ (ဂ) ဝါကျ သံဝဏ္ဏနာကို ရှု၍ သံဝဏ္ဏေတဗ္ဗ-၌ ရသင့်သော နည်း+ဥပစာတို့ကို ဆိုရိုးကျရေးပါ။
၁၀။ သေဋ္ဌိပုတ္တောတိ ဝုတ္တံ-၌ ဝုတ္တံ-ကို ဝေဝစနဟာရ နေတ္တိနည်းထုတ်ပါ။

==========================

### (ခ) အနုသန္ဓေ

၂။ ဤသို့ (က) ဝါကျဖြင့် ကလန္ဒဂါမော-၌ ကလန္ဒသဒ္ဒါသည် ကာဠကာသဒ္ဒါ၏ ပရိယာယ်တည်းဟု ပြဆိုပြီး၍ ယခုအခါ၌ ကလန္ဒဂါမပုဒ်ကို သဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြု၍ ရွာ၏ကလန္ဒဟူသော အမည်သည် မုချမဟုတ်၊ ဌာနျူပစာအားဖြင့် ရအပ်သောအမည်တည်းဟု ပြလိုသောဆရာသည်(ခ)မိန့်။

### (ဃ) လီနတ္ထရစောဒနာ

ဆရာ၊ ဥပါလိမထေရ်သည် ကလန္ဒပုတ္တော သေဋ္ဌိပုတ္တော-ဟုဟောတော်မူ၏။ ကလန္ဒပုတ္တော-ဟု ဟောက လိုအပ်သောအနက်ပြီးစီးသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့်

http://www.dhammadownload.com



သေဋ္ဌိပုတ္တော-ဟုထပ်၍ ဟောတော်မူပါသနည်း။ သေဋ္ဌိပုတ္တော-ဟုထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကို မပြသော် ဒေသကဥပါလိမထေရ်အား ပုနရုတ္တိဒေါသ၊ နိရတ္ထကဒေါသ၊ ဟီနတ္ထဒေါသ သင့်ရောက်ရာ၏။ ဤသို့ စောဒနာဘွယ်ရှိသောကြောင့် ထိုစောဒနာကို သောဓနာလိုသော အဋ္ဌကထာဆရာသည် (ဃ) မိန့်၏။

အဓိပ္ပါယ်ကား---ထိုရွာ၌ ကလန္ဒနာမည်တူများစွာရှိသောကြောင့် သေဋ္ဌိပုတ္တော-ဟုထပ်၍ ဟောတော်မူ၏-ဟုငါပြဆိုသည်ဖြစ်ရကား သင်ထင်တိုင်းသောဒေါသ ဒေသကဥပါလိမထေရ်အားမရောက်, ကင်းစင်လွင့်ပျောက်ပါ၏-ဟူလို။

၃။ (က) ဝါကျသည် ကလန္ဒဂါမော၌ ကလန္ဒ-ဟူသော အစိတ်ပုဒ်၏ ပရိယာယ်အဘိဓေယျတ္ထ အဖွင့်မှတပါး ကလန္ဒ ဂါမောဟူသော အပေါင်းပုဒ်၏ အဘိဓာနတ္ထသံဝဏ္ဏနာကို ပြဆိုသောကြောင့် ပက္ခန္တရဝါကျမည်၏။

(ဂ) ဝါကျသည် ကလန္ဒဂါမောပုဒ်၏ အဖွင့်သံဝဏ္ဏနာမှတပါး ကလန္ဒပုတ္တောပုဒ်၏ အဖွင့် သံဝဏ္ဏနာကို ပြသောကြောင့် ပက္ခန္တရဝါကျမည်၏။

(ဃ) ဝါကျသည် ကလန္ဒပုတ္တော-ဟု ဟောတော်မူကပြီးကောင်းလျက် သေဋ္ဌိပုတ္တောဟု ထပ်မံဟောတော်မူရာ၌ စောဒနာဘွယ်ရှိရကား ထိုစောဒနာကိုပယ်လို၍ ဆက်တက်သောကြောင့် ဝါကျာရမ္ဘ ဝါကျမည်၏။

ယင်း(ဃ) ဝါကျ၌ ယသ္မာ ပန (လ) တသ္မာ-ကား ကာရက ဝါကျမည်၏။ ကလန္ဒပုတ္တောတိဝတွာ ပုန သေဋ္ဌိပုတ္တောတိ ဝုတ္တံ-ကား ဖလဝါကျ။

၄။ သေဋ္ဌံ ဓနသာရံ, ဌာနန္တရံ ဝါ အဿ အတ္ထီတိ သေဋ္ဌီ။ (သဒ္ဒနီတိ၊ ပဒ။ ၂၇၇)

သေဋ္ဌ- ဟူသော တဒ္ဓိတ်ပုဒ်၏ အရကား-မြတ်သောဥစ္စာနှစ်၊ မြတ်သောရာထူးဖြစ်သည် မှချအားဖြင့် ရ၏။

ထို--၏ + ပုဂ္ဂိုလ်ဖြစ်နှင့် ဂုဏ်+ဂုဏေး။ သံ+သာမီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနုပစာရတ္ထအားဖြင့် ရ၏။

ဤ ပစ္စည်း၏ အရကား---ထို မုချဌာနုပစာရတ္ထ-တို့ဖြင့် မှတ်အပ်သော သူဌေးပုဂ္ဂိုလ်ဖြစ် ရ၏။

တနည်း သံ+ဓနံ သေတိ ဂဝေသတီတိ သေဋ္ဌီ။ (သံ+သေ+တိ) ဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြု။

## ဝစနတ္ထမှတ်ဘွယ်

ကန္ဒတီတိ ကလန္ဒကော။ (ဓာန်ဋီ။ ၆၂၂) ကန္ဒ-ဓာတ်+ဏွု။ အလယ်၌ လ-လာ၍ ကလန္ဒကပြီး၏။ ဂသန္တိ ဧတ္ထာတိ ဂါမော။ (ဂသ+မ) (ဓာန်ဋီ)။ (တနည်း၊) ဂါယန္တိ ဧတ္ထာတိ ဂါမော။ (ဂါ+မ) (ဓာန်ဋီ)။

၅။ ကာဠကာ-ကား ကလန္ဒကော ကာဠကာထ (ဓာန်။ ၆၂၂) ကိဋ္ဌဝဏ္ဏထာယကာဠကာ။ နာဒိယံ။ (ဓာန်ဋီ။ သူစိ) တို့ကို ထောက်၍ ဗုတ္တိလိင် ဖြစ်ပါသည်။

(ကာဠော ကာဠဝဏ္ဏော ဧတဿတ္ထိ ကာဠကာ-ဟုပြု)

ကာလန္ဒကာ-၌ ကန္ဒ-ဓာတ်+ဏွု ပစ္စည်း (ဓာန်ဋီ)

(တနည်း၊) ကလဒိ ဓာတ် (ဝါ) ကလန္ဒ ဓာတ်+ဏွု ပစ္စည်း။ (နီတိ၊ ဓာတု) ပုလ္လိင်ဖြစ်ပါသည်။

http://www.dhammadownload.com



၆။ (က) ဝါကျ ကာဠကာဖြင့် ကလန္ဒ သဒ္ဒါသည် ကာဠကာသဒ္ဒါ၏ ပရိယာယ်တည်းဟုသိစေသည်။ (ပရိယာယ်အဘိဓေယျတ္တ) (တနည်း)၊ ရှဉ့်နက်ဟူသော အနက်ကို ဟောသတည်းဟု သိစေသည်။ (နာမလိင်္ဂတ္တ၊ သဒ္ဒါဟောအဘိဓေယျတ္တ) (တနည်း) ကလန္ဒတိတိ ကလန္ဒကော-ဟု ဝစနတ္ထပြု၍ ကလန္ဒက-အရ ရှဉ့်နက်ကိုယူရမည်ဟု သိစေသည်။ (သရုပ်ကြား အဘိဓေယျတ္တ)။

(ခ) ဝါကျဖြင့် ကလန္ဒကဂါမော-ပုဒ်ကို ကလန္ဒာနံ + ဂါမော ကလန္ဒဂါမော-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထပြုရမည်၏ အဖြစ်ကိုလည်းကောင်း။ ရွာ၏ ကလန္ဒက-ဟူသော အမည်သည် မုချမဟုတ်၊ ဌာနူပစာသဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း။ (ဘာဝတ္ထ) ကလန္ဒကဂါမော-ဟု ဆိုလိုလျက် က-ကိုချေ၍ ကလန္ဒဂါမောဟုရုပ်ပြီးနေသည်၏ အဖြစ်ကိုလည်းကောင်း။ (ဘာဝတ္ထ) သိစေသည်။ (ဂဏ္ဌိသစ်၊ ၄၀၂)

(ဂ) ဝါကျ ဂါမဝါသေန လဒ္ဓနာမဿ ကလန္ဒသေဋ္ဌိနော ပုတ္တော-ဖြင့် ကလန္ဒပုတ္တော၌ ကလန္ဒ-အရ ဌာနူပစာအားဖြင့် ကလန္ဒသူဌေးကို ယူရမည်ကို လည်းကောင်း။ (သရုပ်ကြား+အဘိ) ကလန္ဒနှင့် ပုတ္တကို ကလန္ဒဿ + ပုတ္တော ကလန္ဒပုတ္တော-ဟု ဆဋ္ဌီတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း (အဘိဓာနတ္ထ + သမာသလိင်္ဂတ္ထ) သိစေသည်။

စတ္တာလီသကောဋိဝိဘဝဿ-ဖြင့် ကလန္ဒသူဌေးသည် ကုဋေလေးဆယ် ကြွယ်ဝချမ်းသာသတည်း-ဟု သိစေသည်။ (ဘာဝတ္ထ)

ရာသမ္မတဿ-ဖြင့် လိစ္ဆဝိမင်းတို့က သူဌေးဘွဲ့ထူးဖြင့် ချီးမြှင့်အပ်၊ သမုတ်အပ်သည်၏ အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

## ၇။ ကလန္ဒဂါမော + ကလန္ဒကဂါမော

" ကလန္ဒကဂါမော-ဟုဆိုလိုလျက် က-ကိုချေ၍ ကလန္ဒဂါမော- ဟူသည်" ဟု ပါရာဇိကဏ် ဂဏ္ဌိသစ် (ဒု၊ ၄၀၂) ဆိုသောကြောင့် ကလန္ဒဂါမော-ဟုရှိသော ပါဠ်သာသင့်ပါသည်။

**မှတ်ချက်** ကလန္ဒပုတ္တော + ကလန္ဒကပုတ္တော-၌လည်း အထက်ပါ ဂဏ္ဌိသစ်ကိုထောက်၍ ကလန္ဒပုတ္တော-သာသင့်၏ဟု မှတ်လေ။

## သမ္မတ + သမတ

မန - ဉာဏေ၊ (လ) မဟာသမ္မတောတိ မဟာဇနေန သမ္မတော။ (နိရုတ္တိဒီပနီ၊ ၄၈၁) ထောက်၍ သမ္မတ-သာသင့်သည်။

## ၈။ ဝ-ဝါကျ ကလန္ဒပုတ္တော - ၌ နည်း + ဥပစာ

ဤ၌ ကလန္ဒပုတ္တော-ဟူသောနည်းသည် သမာသ်ပြီးလတ်သော် သားဖြစ်တည်းဟူသော အနက်သစ်ကို ဟောသဖြင့် ကလန္ဒသူဌေး ဖြစ်တည်းဟူသော အနက်ဟောင်းကို စွန့်သောကြောင့် **ဇဟဿဒ္ဓ** နည်းမည်၏။

(တနည်း) ကလန္ဒသူဌေးဖြစ်၏ + သားဖြစ်နှင့် နေက ဧဉ အဖြစ်ဖြင့်စပ်ခြင်း သမ္ဗန္ဓသကတ်တည်းဟူသော အနက်ဟောင်း၌ထပ်၍ သားဖြစ်တည်းဟူသော အနက်သစ်ကို ဟောသောကြောင့် **အဇဟဿဒ္ဓ** နည်းမည်၏။

## ကလန္ဒပုတ္တော - ဝယ် ကလန္ဒပုဒ်၌နည်း + ဥပစာထင်ပုံ

ဌာနဖြစ်သောရွာ၏ "ကလန္ဒ" ဟူသော အမည်ကို ဌာနီဖြစ်သော သူဌေး၌တင်စား၍ ဌာနီဖြစ်သော သူဌေးကို ကလန္ဒဟူ၍ ဆိုသောကြောင့် ဌာနူပစာ သဒ္ဒါမည်၏။ (မဏ္ဍူ)

http://www.dhammadownload.com



ဌာန-မကင်းရာ ဖြစ်သောရွာကို "ကလန္ဒ" ဟုဆိုသဖြင့် ဌာနီမကင်းတတ်သော သူဌေးကိုလည်း ရသောကြောင့် နာနန္တရိကနည်း၏။

**(က) ဝါကျ-ကလန္ဒဂါမ-၌ ကလန္ဒ-ဝယ်နည်း + ဥပစာထင်ပုံ**

ဌာနီဖြစ်သော ရှဉ့်နက်၏ "ကလန္ဒ" ဟူသောအမည်ကို ဌာနဖြစ်သော ရွာ၌တင်စား၍ ဌာနဖြစ်သောရွာကို ကလန္ဒ-ဟု ဆိုသောကြောင့် ဌာနူပစာသဒ္ဒါမည်၏။ (မအူသျှ)

ဌာနီ မကင်းတတ်သော ရှဉ့်နက်ကို ကလန္ဒ-ဟု ဆိုသဖြင့် ဌာန မကင်းရာဖြစ်သော ရွာကိုလည်း ရသောကြောင့် အဝိနာဘာဝနည်းမည်၏။

၁၀။ **ဝုတ္တ-၏ ဝေဝစန ဟာရကား**

ဘာသိတံ လပိတံ ဝုတ္တာ၊ ဘီဟိတာ-ချာတဗ္ဗိတာ။

ဥဒီရိတဉ္စ ကထိတံ၊ ဂဒိတံ ဘဏိတောဒိတာ။ (ဓာန်။ ၅၅)

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၂)

(က) **သမ္ဗဟုလေဟိတိ ဗဟုကေဟိ။**

(ခ) **သဟာယကေဟိတိ သုခဒုက္ခာနိ သဟအာယန္တိ ဥပဂစ္ဆန္တီတိ သဟာယာ၊ သဟာယာ ဧဝ သဟာယကာ၊**

(ဂ) **တေဟိ သဟာယကေဟိ။**

(ဃ) **သဒ္ဓိန္တိ ဧကတော။**

(င) **ကေနစိဒေဝ ကရဏီယေနာတိ ကေနစိဒေဝ ဘဏ္ဍပ္ပယောဇနဥဒ္ဓါရသာရဏာဒိနာ ကိစ္စေန။**

(စ) **ကတ္တိကနက္ခတ္တကီဠာကိစ္စေနာတိပိ ဝဒန္တိ။**

(၃၊ ၁၆၉။ သာရတ္ထ၊ ဒု။ ၁။ မအူသျှ၊ တ။ ၃။ ဘာသာဋီ၊ ဒု၊ ၁၈၄။ ဂဏ္ဌိသစ်၊ ဒု၊ ၄၀၂)

၁။ ဘဏ္ဍပ္ပယောဇနဥဒ္ဓါရသာရဏာဒိနာ-ကို အဓိပ္ပါယတ္ထ ပေါ်လွင်စေလျက် အထက်ပါဝါကျ အားလုံးကို အနက် ယောဇနာပါ။

၂။ ဂ-အမှတ်ပြဝါကျကို အနုသန္ဓေတက်၍၊ စ-အမှတ်ဝါကျကို သာဘောဂပုစ္ဆာတက်ပြပါ။

၃။ (ဂ + စ)တို့ကို အကြောင်းပြ အမည်ပေး၍ (င) ဝါကျ၌ ကိစ္စေနကို သဒ္ဒနယ စာစပ်ပြပါ။

၄။ ကေနစိဒေဝကရဏီယေန-၌ ကရဏီယ-ပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်ကောက်ပြပါ။

၅။ ဘဏ္ဍ၊ ကတ္တိက၊ နက္ခတ္တ-ပုဒ်တို့၏ ဓာတု၊ ပစ္စယ၊ လိင်္ဂ၊ ဂဏတို့ကို စီစစ်ပါ။

၆။ က+ခ+င-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ (က) ၌ သမ္ဗဟုလေဟိ+သမ္ဗဟုလေဟိ-ဟု ပါဠ်နှစ်ထွေရှိရာ သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ စ-ဝါကျ ကတ္တိကနက္ခတ္တကီဠာကိစ္စေန-၌ ကတ္တိကနက္ခတ္တဝယ်ဖြင့်သင့်သောနည်း+ဥပစာကို အကြောင်းပြ ဖော်ပြပါ။

၁၀။ သဟာယကေဟိ-၌ ဗာဟျတ္ထအရကို ကိုယ်ပြု၍ ဒေသနာဟာရနေတ္တိနည်းထုတ်ပြပါ၊

= = = = = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ ဘတ္တပွယောနေနဥဒ္ဒါရသာရဏာဒိနာ၊ ပျောင်းအပ်သော ဘတ္တာကို ရောင်းခြင်းဟူသော မိမိဘတ္တာကို သူတပါးလက်၌ ယှဉ်စေခြင်း၊ ပေးခြင်းငှါ ချိန်းချက်သောနေ့၌ သွား၍ယူခြင်း၊ ဤမည်သော နေ့၌ပေးအပ်၏ဟု အောက်မေ့ခြင်းအစရှိသော၊ ကိစ္စေန၊ ကြတ္တိကာ နက္ခတ်နှင့် ယှဉ်သောကစားခြင်း ကိစ္စဖြင့်။ (ဂဏ္ဌိသစ်)

❖ ဝိတ္တာယိကဘတ္တာသ ဝိတ္တိကာနံ ဘတ္တပွယောနေ၊ ဒါတုံ သင်္ကေတိတေ ဒိဝသေ ဂန္တွာ ဂဟဏံ ဥဒ္ဒါရော၊ "အသုကသ္မိံ ဒိဝသေ ဒါတဗ္ဗံ" န္တိ သတုပ္ပါဒနံ သာရဏံ၊ (သာရတ္ထ)

## ဂ-အနုသန္ဓေ

၂။ ဤသို့ (၁) ဝါကျဖြင့် သဟာယကေဟိ ပုဒ်ကို ဒွန္ဒဇ္ဈေဒနနည်း + ပဒါဝဓိကန္တနည်းအားဖြင့် ဖွင့်ပြပြီး၍ ယခုအခါ၌ ဒွန္ဒသောဓနနည်း + ဝါကျာဝဓိကန္တနည်းအားဖြင့် ဖွင့်ပြလိုသော ဆရာသည် (ဂ) ဝါကျကိုမိန့်။

## စ-သာဘောဂပုစ္ဆာ

ဆရာ-သည် (င) ဝါကျဖြင့် ကေနစိဒေဝ ကရဏီယေန-၌ ကရဏီယအရ ဘတ္တပွယောနေ ဥဒ္ဒါရ သာရဏ အစရှိသော ကိစ္စကို-ယူရမည်ဟု ဖွင့်ပြဆို၏။ ကေနစိဒေဝ ကရဏီယေန-၌ ကရဏီယအရ ဘတ္တပွယေနေ ဥဒ္ဒါရ သာရဏ အစရှိသောကိစ္စကိုသာ ယူရမည်လော။ အဘယ်ကိစ္စကို ယူနိုင်ပါသေးသနည်း။ (တနည်း) ကရဏီယအရ အာစရိယဝါဒန္တရကို ဆရာမပြဆိုတော့ပြီလော။ အာစရိယ ဝါဒန္တရကား အဘယ်ပါနည်း။ စုဒ်ကြောင့် (စ) မိန့်။

၃။ ဂ-ဝါကျသည် ဒွန္ဒဇ္ဈေဒနနည်း + ပဒါဝဓိကန္တ အဖွင့်သံဝဏ္ဏနာမှတပါး ဒွန္ဒသောဓနနည်း + ဝါကျာဝဓိကန္တ အဖွင့်သံဝဏ္ဏနာကို ပြသောကြောင့် ပက္ခန္တရ။

(တနည်း) ပါဠိတော်၌ ဆရာပြသကဲ့သို့ပင် ပဌမန္တနှင့် ရှိပါသလော-ဟု စောဒနာဘွယ်ရှိ၍ ------ ဆက်တက်သောကြောင့် ဝါကျာရမ္ဘဝါကျ။

(စ) ဝါကျသည် အဋ္ဌကထာဆရာ၏ အတ္တနောမတိ အဖွင့်မှတပါး အာစရိယဝါဒ အဖွင့်ကို ပြသောကြောင့် ပက္ခန္တရဝါကျ။

တစပ် ကိစ္စေန-ကား-ဖြင့်--ကြောင့် အဂမာသိ (ပါဠိတော်) ၌ ကရိုဏ်း + ကရိုဏ်း၏ ကြိယာ။

(တနည်း) ကြောင့်ဟူ၍ ---- ကြောင့် အဂမာသိ-၌ ဟိတ်+ဟိတ်၏ ဖိုလ်စပ်။

၄။ ကတ္တဗ္ဗန္တိ ကရဏီယံ။

ကရ-ဓာတ်အရ ကတ္တုဌကြိယာကား-မောင်သုဒိန်၏ ဝီရိယပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ--၏။

ကမ္မဌကြိယာ အရကား - ထိုအားတပ်သော ဘတ္တပွယောနေ ဥဒ္ဒါရ သာရဏ အစရှိသော အမှုကိစ္စ (ဝါ) ကတ္တိကနက္ခတ္တကီဠာကိစ္စ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏။

အနိယ-ပစ္စည်း၏ အရကား - ထို - သော ဘတ္တပွယောဧနေ ဥဒ္ဒါရ သာရဏ အစရှိသော ကိစ္စရ၏၊ (ဝါ) ကတ္တိကနက္ခတ္တကီဠာကိစ္စရ၏။

## ဝစနတ္ထမှတ်ဘွယ်

\+ အဂ္ဂိသဒိသတ္တာ ကန္တတိ ဆိန္ဒတီတိ ကတ္တိကာ။ (ကတိ + က)

(တနည်း) ကရောတိ တသ္မာတိ ကတ္တိကာ။ (ကရ + တိက) ဓာန်ငွေ။

(တနည်း) ကရောန္တိ ကီဠံ ဧတ္ထာတိ ကတ္တိကာ။ (ကရ + တိက) ဣတ္ထာဒိ။

http://www.dhammadownload.com



ကတ္တိကာယ + နိယုတ္တော ကတ္တိကော။

\+ ပုဗ္ဗဏှေ ဥဒယတော န ခိယတေတိ နက္ခတ္တံ။ န+ခိ+အ။ (ခယကို ခတ္တပြု)

(အနည်း) နက္ခတီတိ နက္ခတ္တံ။ နက္ခ+တ္တ။ (ဓာန်ဋီ+သူစိ။) ကီဠိယတေ ကီဠာ။ ကတ္တဗ္ဗန္တိ ကိစ္စံ။
နက္ခတ္တဿ ကီဠာ နက္ခတ္တကီဠာ။ ကတ္တိကေ+နက္ခတ္တကီဠာ ကတ္တိကနက္ခတ္တကီဠာ။
ကတ္တိကနက္ခတ္တကီဠာသင်္ခါတံ+ကိစ္စံ ကတ္တိကနက္ခတ္တကီဠာကိစ္စံ။

◆ ကတ္တိကနက္ခတ္တကီဠာကိစ္စေနာတိ ကတ္တိကမာသေ နက္ခတ္တဿ ကီဠာသင်္ခါတေန ကိစ္စေန။ (ယောဇနာ)

၅။ သဇ္ဈာ–ကား သဒိ–ဓာတ်+က–ပစ္စည်း။ ပုံလိင်+နပုံလိင်။ ပုရိသာဒိ+စိတ္တာဒိ။

◆ သဒိ–သဇ္ဈာဒ္ဓေ၊ သဇ္ဈံ။ (ရူ၊ ၆၇၃)

◆ သဒိ အလျာဒေ --- သဇ္ဈော၊ ချေဒ သဇ္ဈောတိ ခန္ဓ၊ (နီတိ၊ ဓာတု၊ ၂၉၉)
ကတ္တိကာ–ကား ကတိ+က (တနည်း) ကရ+တိက။ ဣတ္ထိလိင်၊ ကညာဒိ။
နက္ခတ္တ–ကား န+ခိ+အ။ (တနည်း) နက္ခဓာတ်+တ္တပစ္စည်း။

(အနည်း) န+ခရ–ဓာတ်+တ။ (တနည်း) နက္ခ – သဒ္ဒူပပဒ+တာ–ဓာတ်၊ တ+ပစ္စည်း။ နပုံလိင်၊ စိတ္တာဒိ။

၆။ (က) ဗဟုကေဟိ–ဖြင့် သမ္ဗဟုလ သဒ္ဒါသည် ဗဟုကသဒ္ဒါ၏ ပရိယာယ်တည်း–ဟု သိစေသည်။ (တနည်း) သမ္ဗဟုလ သဒ္ဒါသည် ဗဟုကအနက်ဟော၏–ဟု သိစေသည်။

(ခ) သဟ အာယန္တိ–ဖြင့် သဟာယကေဟိ–၌ သဟာယ–ဝယ် သဟပုဗ္ဗ+အယ – ဓာတ်၏ အဖြစ်ကိုလည်းကောင်း။ (ဒု–ဓာတုပဒ) ဏ–ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်သည်၏ အဖြစ်ကို လည်းကောင်း၊ (ဒု–ပစ္စယတ္ထ) သဟ အာယန္တီတိ သဟာယာ–ဟု ကတ္တုသာဓနဝစနတ္ထ ပြုရမည်ကို လည်းကောင်း (အဘိဓာနတ္ထ) သိစေသည်။

ဥပဂစ္ဆန္တိ–ဖြင့် အာယန္တိ–၌ အယ–ဓာတ်၏ ဥပဂမန အနက်ဟောသည်၏ အဖြစ်ကို သိစေပါသည်။ (ဓာတွတ္ထ)

သုခဒုက္ခာနိ–ဖြင့်–ဘာဝတ္ထကို ပြသည်။ သဟာယာဝ သဟာယကာ–ဖြင့် သဟာယကာ–၌ က–ပစ္စည်း၏ သွတ္ထတဒ္ဓိတ် အနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း။ (ပစ္စယတ္ထ) သဟာယာ ဝ သဟာယကာ–ဟု သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကို လည်းကောင်း (အဘိဓာနတ္ထ) သိစေပါသည်။

(ဂ) တေဟိ သဟာယကေဟိ–ဖြင့် သံဝဏ္ဏေတဗ္ဗ ပါဠိတော်၌ တတိယာဗဟုဝုစ် ဝိဘတ်နှင့် ရှိသတည်း–ဟု သိစေသည်။ (ဝိဘတ္တိပဒ)

(ဃ) ဧကတော–ဖြင့် သဒ္ဓိံ–သဒ္ဒါ၏ ယှဉ်တွဲဟူသော အနက်ဟောသည်၏ အဖြစ်ကိုသိစေပါသည်။

(င) ဖြင့် ကရဏီယေန–၌ အနီယပစ္စည်း၏ ကမ္မသာဓန အနက်၌သက်–လည် ကောင်း။ ကတ္တဗ္ဗန္တိ ကရဏီယံ ဟု ကမ္မသာဓနဝစနတ္ထပြု–—လည်းကောင်း။ ကရဏီယ–အရ ထမ္ဘုယောဓန ဥဒ္ဓါရ–ဘာရဏအစရှိသော ကိစ္စကို ရယူရမည်ကို လည်းကောင်း သိစေပါသည်။

(အနည်း) ကရဏီယသည် ကိစ္စသဒ္ဒါ၏ ပရိယာယ်တည်း–ဟု သိစေသည်။

◆ ကိစ္စန္တု ကရဏီယဥ္စ (အဘိ– ၇၃၂)

(စ) ဖြင့် ကရဏီယ အရ အာစရိယဝါဒအလို ကတ္တိကနက္ခတ္တကီဠာကိစ္စကို ယူရမည်ဟု သိစေသည်။

http://www.dhammadownload.com



### သမ္ဗဟုလေဟိ+ သမဟုလေဟိ

၇။ သံ ပဟောတီတိ သမ္ဗဟုလံ။ သံ-ပပုဗ္ဗော၊ ဟု-သတ္တာယံ၊ လော။ ပဿဗော။ သမဟုလမပိ။ (သူစိ) ပဿ ဗတ္တဥ္စ-သမ္ဗဟုလံ။ (နိရုတ္တိဒီပနီ) တို့ကို ထောက်၍ သမဟုလ-ဟု ဆိုလိုလျှက် ပ-ကို ဗပြုလျှင် သမ္ဗဟုလ-သင့်ပါသည်။ ဗ-မပြုလျှင် သမဟုလသင့်သည်။ ထို့ကြောင့် နှစ်ပါဌ်လုံး သင့်ပါသည်။

### ဥဒ္ဓါရ+ဥဒ္ဒါရ

ဥဒ္ဓါရော . တု ဍုကံ ဝုတ္တံ (ဓာန်။ ၄၇၁) ဥဒ္ဓရီယတေ ဂယှတေတိ ဥဒ္ဓါရော။ (သူစိ) တို့ကိုထောက်၍- ဥ- ပုဗ္ဗ+ ဓရဓာတ်။ အသဒိသဒွေဘော်လာ၍ ဥဒ္ဓါရောဟု ရုပ်ပြီးသောကြောင့် လည်းကောင်း၊ "ဒါတုံ သင်္ကေတေ ဒိဝသေ ဂန္တွာ ဂဟဏံ ဥဒ္ဓါရော" ဟုသာရတ္ထ-(ဒု၊ ၁) ဆိုသောကြောင့် လည်းကောင်း ဥဒ္ဓါရသာ သင့်သည်။ ဥဒ္ဒါရ-ကား မသင့်ပါ။

၈။ (စ) ဝါကျ **ကတ္တိကနက္ခတ္တကီဠာကိစ္စနှ-၌ ကတ္တိကနက္ခတ္တ**

အကြောင်းဖြစ်သော ကတ္တိကာနက္ခတ်၏ "**ကတ္တိကနက္ခတ္တ**" -ဟူသောအမည်ကို အကျိုးဖြစ်သော ကတ္တိကာနက္ခတ်ပွဲလမ်း သဘင်၌ တင်စား၍ ဆိုသောကြောင့် ကာရဏူပစာ၊ နာနန္တရိကနည်း။

၁၀။ **သဟာယကာ-**၌ ဗာဟုဗ္ဗတ္တ-အရ သုဒိန်၏ သူငယ်ချင်းများဖြစ်ကြသော ပုဂ္ဂိုလ်အပါင်းတို့၏ လောကီသဉ္ဇာ ငါးပါးကိုယူ၍ လောကောနှင့်အတူ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

## ဝါကျဥယျာဉ် (၃)

၁၃၂၈-၃။ သကျ။

အဒ္ဒသ ခေါ သုဒိန္နော ကလန္ဒပုတ္တော ဘဂဝန္တံ မဟတိယာ ပရိသာယ ပရိဝုတံ ဓမ္မံ ဒေသေန္တံ နိသိန္နံ။

(ပါဠိတော်)

(က) **ဒိသွာနဿာတိ** ဒိသွာန အဿ။ **ဧတဒဟောသီတိ** ပုဗ္ဗေ ကတပုညတာယ စောဒိယမာနဿ ဘဗ္ဗကုလပုတ္တဿ ဧတံ အဟောသိ။ ကိံ အဟောသိ ? "ယံနူနာဟမ္ပိ ဓမ္မံ သုဏေယျံ" န္တိ။

(ခ) တတ္ထ ယံ **နူ**နာတိ ပရိဝိတက္ကဒဿနမေတံ။

(ဂ) ဧဝံ ကိရဿ ပရိဝိတက္ကော ဥပ္ပန္နော "ယမယံ ပရိသာ ဧကဂ္ဂစိတ္တာ ဓမ္မံ သုဏာတိ၊ အဟော ဝတာဟမ္ပိ တံ သုဏေယျံ" န္တိ။

(၄။ ၁၆၉။ သာရတ္ထ၊ ဒု၊ ၁။ မဏ္ဍူသျ၊ ဒု။ ၅။ ဘာသာဋီ၊ ဒု။ ၁၈၇။ ဂဏ္ဌိသစ်၊ ဒု။ ၄၀၃)

၂။ ဂ-ဝါကျကို အံနုသန္ဓေတက်၍၊ မဟတိယာ-၏ အတ္ထုဒ္ဓါရ၊ အဓိပ္ပေတတ္ထနှင့် ယင်းအနိယတသဒ္ဒါ၏ သံဒ္ဓေယျတို့ကို ဖော်ပြပါ။

၃။ ခ+ဂ တို့ကို ရသင့်သမျှ အမည်ပေး၍၊ ပရိဝုတံ၊ ဓမ္မံ၊ နိသိန္နံ-ပုဒ်တို့ကို စာစပ်ပါ။

၄။ ကတပုညတာကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကို ဉာသ်ကောက်ပြပါ။

http://www.dhammadownload.com



၅။ (၁) ဝါကျ၌ အာကာရ အတွင်းရှိ ပုဒ်တို့ကို သမာသပဒစသည် ဝေဘန်၍ ပရိသာ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။

၆။ **ဟာေဒ္ဒာတိ** တုဋ္ဌော။ **ဥဒဂ္ဂေါတိ** ပီတိဝသေန အဗ္ဘုန္နတကာယစိတ္တော။ **အဇ္ဇဗ်ာဟန္တိ** ကတိပယာနိ ဒိဝသာနိ။ (၄။ ၁၇၂) ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ ယံနူနာဟမ္ပိ ဓမ္မံ သုဏေယျံ-၌ ပိသဒ္ဒါ ထွန်းပြသော အနက်ကို အဋ္ဌကထာအာဘော်ကျ တိကျစွာ ညွှန်ပြပါ။

၈။ ကလန္ဒပုတ္တော ယေန ပရိသာ-၌ နယုဉ်ပစာရ---ပါ။

၁၀။ အဂါရသ္မာ-၌ ဝေဝစနဟာရ နေတ္တိနည်းထုတ်ပါ။

=============================

## (ဂ) အနုသန္ဓေ

၂။ ဤသို့ (၁)ဝါကျဖြင့် ယံနူန-သဒ္ဒါသည် ပရိဝိတက္ကန-အနက်၌ နိပါတ်တည်းဟုပြပြီး၍ ယခုအခါ၌ ပရိဝိတက္ကနာကာရကို (ဝါ)အနက်ယောဇနာပုံ အကျယ်ကိုပြလိုသော ဆရာသည် (ဂ)မိန့်။

**အဏ္ဏုဒ္ဒါရ**-- ပုဇုတ္တမပစုရေသု၊ သမ္ဘုတ္တိ+ဿရိယေသု စ။
ဝုဒ္ဓေစေဝါတိ အဋ္ဌေသု၊ မှဟန္တော သဒ္ဒ ဝတ္တတိ။

**အစိမပ္ပေတဏ္ဍ**-ကား----ပစုရအနက် ဖြစ်ပါသည်။

**မဟာတီယာ-ဟူသော အနိယတသချာ၏ သချေယျကား**---ခတ္တိယ၊ ဗြာဟ္မဏ၊ ဂဟပတိ၊ သမဏတို့ဖြစ်ကြသည်။ (တနည်း) ဘိက္ခု၊ ဘိက္ခုနီ၊ ဥပါသကာ၊ ဥပါသိကာမ တို့ဖြစ်ပါသည်။

၃။ ၁+ဂ နှစ်ဝါကျလုံးကား ဒိဋ္ဌာနုဂတ ဝေဒယောသိ-၏ အဖွင့်သံဝဏ္ဏနာမှတပါး ယံနူနာဟမ္ပိ ဓမ္မံ သုဏေယျံ-၏ အဖွင့်သံဝဏ္ဏနာကို ပြသောကြောင့် ပကဏ္ဍရ။

(တနည်း) ၁-သည် ယံနူနာဟံ-၌ ယံနူန သဒ္ဒါသည် မည်သည့်အနက်ကို ဟောပါသနည်းဟု---ဆက်တက်လာသောကြောင့် ဝါကျာရမ္ဘဝါကျ။
ဂ-သည် ပရိဝိတက္ကနာကာရ (ဝါ) အတ္ထယောဇနာအကျယ်ကို ပြသောကြောင့် ဝိတ္ထာရ။

**စာစပ်** ပရိဝုတံကို နိသိန္နံ-၌ ကြိယာဝိသေသန/သျ-စပ်။
ဓမ္မံ-ကို ဒေသေန္တံ-၌ အဝုတ္တကံ/အဝုတ္တ ကံ၏ကြိယာစပ်။
ဒေသေန္တံကို နိသိန္နံ-၌ ကြိယာဝိသေသန/သျ။
နိသိန္နံကို အဒ္ဒသ-၌ အဝုတ္တကံ/အဝုတ္တ ကံ၏ကြိယာစပ်။

၄။ ကရိယိတ္ထာတိ ကတံ။ ပုနာတိ သောဓေတီတိ ပုညံ။
ကတံ ပုညံ အနေနာတိ ကတပုညော။ ကတပုညဿ ဘာဝေါ ကတပုညတာ။
ကတပုည-အရကား ပြုအပ်ပြီးသော ကောင်းမှုရှိသော ရှင်သုဒိန်သည် မှချ။
ထို၏ + ပြုအပ်ပြီးသော ကောင်းမှုနှင့် ဂုဏေး+ဂုဏ် စပ် ဌာနူ။
တာ-ပစ္စည်းအရကား---ပြုအပ်ပြီးသော ကောင်းမှုရ၏။

### စနေဋ္ဌမှတ်ဖွယ်

ဘဝိတဗ္ဗောတိ ဘဗ္ဗော။ (မင်္ဂိုလ်ကို ရထိုက် (ဝါ) ကျွတ်ထိုက်သူ)
ကုလဿ + ပုတ္တော ကုလပုတ္တော။

http://www.dhammadownload.com



ဘဗ္ဗော စ+သော+ကုလပုတ္တောစာတိ ဘဗ္ဗကုလပုတ္တော။
ပရိသမန္တတော+သေန္တိ အဿန္တိ ပရိသာ။ သိ-သေဝါယံ။ အ၊ အာ။ (သူစိ)

၅။ **ယံနူန-ကား** နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အ-ကာရန္တ။
**အဟံ-ကား** သဗ္ဗနာမ်ပုဒ်၊ အလိင်၊ သဗ္ဗနာမ်ဂိုဏ်း၊ အကာရန္တ။
**ပိ-ကား** နိပါတ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။
**မဗ္ဗံ-ကား** ကိတ်နာမ်၊ ပုလိင်၊ ပုရိသာဒိ၊ အကာရန္တ။
**သုဏေယျံ-ကား** အာချာတ်။ အလိင်၊ သွာဒိ၊ ဥကာရန္တ။
**ဓေဝ္ဂစိတ္တာ-ကား** ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ ဖြစ်သည်။
**ပရိသာ-၌** ပရိရှေးရှိသော သိ-ဓာတ်ကိုယူ၍---သေတိ၊ သေန္တိ-စသည်

**(တနည်း)** သေဝတိ၊ သေဝန္တိ- စသည်။ ဤသို့ နှစ်နည်း စဉ်လေ။

၆။ တုဋ္ဌော-ဖြင့် ဟဋ္ဌော-သည် တုဋ္ဌော၏ ပရိယာယ်တည်းဟု သိစေသည်။ ပီတိဝသေန အဗ္ဘုန္နတကာယစိတ္တော-ဖြင့် ဥဒဂ္ဂ-ပုဒ်ကို ဥဂ္ဂတံ+အဂ္ဂံ+အဿာတိ ဥဒဂ္ဂေါ-ဟု ဝစနတ္ထပြု၍ ဥဒဂ္ဂအရ ပီတိ၏အစွမ်းဖြင့် တက်ကြွသော ကိုယ်စိတ်ရှိသူ (ရှင်သုဒိန်)ကို ယူရမည်ဟု သိစေသည်။

**(တနည်း)** ဥဒတီတိ ဥဒေါ၊ ဥဒေါ ဟုတွာ ဂစ္ဆတီတိ ဥဒဂ္ဂေါ-ဟု ဝစနတ္ထပြု၍ ဥဒဂ္ဂ-အရ ပီတိ၏အစွမ်းဖြင့် တက်ကြွသော ကိုယ်စိတ်ရှိသူ (ရှင်သုဒိန်)ကို ယူရမည်-ဟု သိစေသည်။ (ဂဏ္ဌိသစ်။ ဒု။ ၄၁၂။)

ကတိပယာနိ ဒိဝသာနိ-ဖြင့် ကတိပါဟံ-ကို ကတိပိ+အဟံ-ဟု ပုဒ်ဖြတ်ရမည်ကို လည်းကောင်း၊ ကတိပိသဒ္ဒါ၏ ကတိပယသဒ္ဒါ၏ ပရိယာယ်အဖြစ်ကို လည်းကောင်း၊ အဟသဒ္ဒါ၏ ဒိဝသသဒ္ဒါ၏ ပရိယာယ်အဖြစ်ကို လည်းကောင်း၊ ကတိပိ+အဟာနိ ကတိပါဟံ-ဟု ဒိဂုသမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း သိစေ။ (ဘာသာဋီ-ဒု-၂၀၂။)

(က) ဒိသွာန အဿ-ဖြင့် သန္ဓိလိဂ်ပဒ-သိစေ၏။ တေ အဟောသိ-ဖြင့် သန္ဓိလိဂ်ပဒ-သိစေ၏။
(ခ) ဖြင့် ယံနူန-ပုဒ်၏ နိပါတ်ပုဒ်၏ အဖြစ်ကို လည်းကောင်း၊ ယင်းနိပါတ်ပုဒ်၏ ပရိဝိတက္ကန အနက်ဟောသည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

၇။ **ယံနူနာဟံပိ-၌** ပိ-ကား ဂရဟာဇောတကသမုစ္စည်း။
ယင်း ပိ-ဖြင့် ပရိသတ်လေးပါးကို ဆည်းသည်။

၈။ **ကလန္ဒပုတ္တော နည်းဥပစာ** ဝါကျဥယျာဉ် (၁)၌ ပြေပြီ။

## ဘဗ္ဗ ကုလပုတ္တဿ

အပေါင်းဖြစ်သော ဥပနိဿယ ရှိကာမျှဖြစ်သော ဘဗ္ဗကုလပုတ္တ၊ ပစ္ဆိမဘဝိကဖြစ်သော ဘဗ္ဗကုလပုတ္တတို့၏ **"ဘဗ္ဗ ကုလပုတ္တဿ"**-ဟူသောအမည်ကို အစိတ်ဖြစ်သော ဥပနိဿယ ရှိကာမျှ ဖြစ်သောဘဗ္ဗလကုလပုတ္တ-၌တင် ကေဒေသူ (သမုဒါယူပစာ) ရှဋ္ဌိနည်း။

၁၀။ **အဂါရသ္မာ-၌** ဝေဝစနဟာရ-ကား ဂဟဋ္ဌ၊ အဂါရိက၊ ဂိဟီ-ဖြစ်သည်။ (ဓာန်-၄၄၆)

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၄)

(က) ယန္နူနာဟံ ကေသေစ မဿုဉ္စ ဩဟာရေတွာ ကသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ ပရိဒဟိတွာ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇေယျ"န္တိ။ (ဤပါဠိကို ထင်ရှားပေါ်လွင်ပြီး)

(ခ) ထွေ့ စ ယသ္မာ အဂါရဿ ဟိတံ ကသိဝါဏိဇ္ဇာဒိကမ္မံ အဂါရိယန္တိ ဝုစ္စတိ၊

(ဂ) တဥ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာ ပဗ္ဗဇ္ဇာ "အနဂါရိယာ"တိ ဉာတဗ္ဗာ၊

(ဃ) တံ အနဂါရိယံ ပဗ္ဗဇ္ဇံ။

(င) ပဗ္ဗဇေယျန္တိ ပဋိပဇ္ဇေယျံ။

(ဋ။ ၁၇၀။ သာရတ္ထ၊ ဒု၊ ၃။ မဇ္ဈိမ၊ တ၊ ၉။ ဘာဋီ၊ ဒု၊ ၁၉၁။ ဂဏ္ဌိသစ်၊ ဒု၊ ၄၀၆။)

၁။ (က၊ ခ၊ ဂ) ဝါကျတို့ကို နိပါတ် သမ္ဗန္ဓာမ်အစွဲ မှန်ကန်စေလျက် အနက်ပေးပါ။

၂။ (ဂ) ဝါကျကို သာဘောဝပုစ္ဆာတက်၍ ၊ (ဃ) ဝါကျကို အနုသန္ဓေတက်ပါ။

၃။ ခ၊ ဂ၊ ဃ တို့ကို အကြောင်းပြ အမည်ပေး၍ အစ္ဆာဒေတွာ၊ ပရိဒဟိတွာတို့ကို သဒ္ဒနယစာစစ်ပါ။

၄။ ကသာယာနိ-၌ ဘာဝယောဂပုဒ်ကို ဝဇနတ္တပြု၍ ဉာဏ်နည်းကောက်ပါ။

၅။ ဟိတ၊ ကသိ၊ ကေသ၊ မဿု-ပုဒ်တို့ကို ဓာတု၊ ပစ္စယ-ဝေဘာန်၍၊ ဝတ္ထာနိ-၌ ဓာတ်ကိုယူ၍ ဝတ္ထမာန် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။

၆။ (က-ဂ) တို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။

၇။ ကသိဝါဏိဇ္ဇာဒိကမ္မံ-ဟူ၍ လည်းကောင်း၊ ကသိဝဏိဇ္ဇာဒိကမ္မံ-ဟူ၍ လည်းကောင်း ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို ယှဉ်ပြ၍ ဆုံးဖြတ်ပါ။

၈။ ကေသမဿုံ-၌ မဿု-ဝယ် ဖြစ်သင့်သော နည်းဥပစာကို ဆိုရိုးကျ ပြေပါ။

၁၀။ အဂါရသ္မာ နိက္ခမိတွာ-၌ နိက္ခမိတွာ-ဝယ် ဓာတ်အရ တရားကိုယူ၍ သဘာဂါဝတ္ထနုဟာရ နေတ္တိနည်းထုတ်ပါ။

---

## (ဂ) သာဘောဂပုစ္ဆာ

၂။ ဆရာ-သည် (ခ)ဖြင့် အနဂါရိယံ-၌ အဂါရိယံ- ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြဆိုတော်မူ၏။ အဂါရိယံ-ဟူသော အစိတ်ပုဒ်၏ အဖွင့်သံဝဏ္ဏနာသာ ရှိပါသလော။ အနဂါရိယံ-ဟူသော အပေါင်းပုဒ်၏ အဖွင့်သံဝဏ္ဏနာကား အဘယ်ပါနည်း။ - စုဒ်ကြောင့်- (ဂ) မိန့်။

## (ဃ) ဝါကျ အနုသန္ဓေ

ဤသို့ (ဂ) ဝါကျဖြင့် အနဂါရိယံ-ပုဒ်ကို ဒုန္ဒဗွေဒနည်း၊ ပဒါဝဓိကနည်းဖြင့် ဖွင့်ပြပြီး၍၊ ယခုအခါ၌ ဒန္တသောဓနနည်း၊ ဝါကျာဝဓိကနည်းအားဖြင့် ဖွင့်ပြလိုသော ဆရာသည်-(ဃ)မိန့်။

## (ခ) ဂဏ္ဌိသစ်ကျမ်းတက်

အဘယ်ကြောင့် ရဟန်းအဖြစ်ကို အနဂါရိယံ-ဟူသနည်း။ -စုဒ်ကြောင့်-ထွေ့ စ ယသ္မာ-စသည်မိန့်။

http://www.dhammadownload.com



၃။ ၁-သည် အဘယ့်ကြောင့် ရဟန်းအဖြစ်ကို အနဂါရိယ-ဟုဆိုအပ်သနည်း-ဟု စောဒနာဘွယ် ရှိရကား--ဆက်--ဝါကျာရမ္ဘ။

**(တနည်း)** (က) ဖြင့် ကာသာယာနိ ဝတ္ထာနိ အစ္ဆာဒေတွာ-ပုဒ်တို့၏ အဖွင့်ကို ပြသည်။

(ခ) ဖြင့် အနဂါရိယံ-ပုဒ်၏ အဖွင့်ကိုပြသည်။ ထို့ကြောင့်-ပက္ခန္တရဝါကျ-ဟုလည်း အမည်ပေး နိုင်သည်။

(ဂ) ပက္ခန္တ ၁၊ (ဃ) ပက္ခန္တရ၊ (တနည်း) ဝါကျာရမ္ဘ။ (င) ပက္ခန္တရ။

**စာစပ်** အစ္ဆာဒေတွာ ပရိဒဟိတွာ-ကို နိက္ခမိတွာ-၌ ပုဗ္ဗကာလကြိယာဝိသေသန/အပရကာလ ကြိယာဝိသေသျစပ်။

※ နှစ်သုံးလေးတွာ၊ ရှိသည်မှာ၊ ရှေ့တွာနောက်စပ်မြဲ။

၄။ ကသာယောစ+သော+ရသောစာတိ ကသာယရသော။

ကသာရသော+ပီတော ဧတေဟီတိ ကသာယရသပီတာနိ။

ကသာယရသပီတ-အရကား သောက်အပ်ပြီးသော ဖန်ရည်ဖြစ်သည်-မှချ။

ထို-၏+အဝတ်တို့နှင့် ဂုဏ်+ဂုဏေး-စပ်-ဌာနူ။

တေ-အရကား သောက်အပ်ပြီးသော ဖန်ရည်ရှိသော အဝတ်တို့ရ၏။

**(တနည်း)** ပိဝိသ္တတိ ပီတာနိ။ ကာသယရသံ+ပီတာနိ ကသာယရသပီတာနိ-ဟုပြု (မအူ-သျ)

\+ ကသာယေန+ရတ္တာနိ ကသာယာနိ။ (သာရတ္ထ)

ကသာယ-အရ-ဖန်ရည်သည်-မှချအားဖြင့်ရ၏။

ထို-၏+ဆိုးအပ်သော အဝတ်သင်္ကန်းနှင့် ဝိသေသန+သျစပ်-ဌာနူ။

ဏ-ပစ္စည်းအရကား ဖန်ရည်စွန်းသော အဝတ်သင်္ကန်းရ၏။ (ဝိသသေနဆက်ကောက်)

၅။ **ဟိတကား** ဟိဓာတ်+တပစ္စည်း။ ဟိနောတိ ဝဒ္ဓတီတိ ဟိတံ။ (ဓာတွတ္ထသင်္ဂဟ)

**ကသိကား** ကသဓာတ်+ဣပစ္စည်း။ ကသိယတေ ကသိ၊ ကသနံ။ (ဏွာဒိ- ၇)

\+ ကသနံ ဝိလေခနံ ကသိ။ (ဓာန်ဋီ။ သူစိ)

**ကေသာ-ကား** ကေ-သဒ္ဒူပပဒ+သိ-ဓာတ်+အ-ပစ္စည်း။+ကေမတ္ထကေ+သေတိတိဋ္ဌတီတိ ကေသော။

**မဿုကား** မသဓာတ်+သုပစ္စည်း၊ မသိယတိ အာမသိယတီတိ မဿု။ (သူစိ)

**ဝတ္ထာနိ-၌** ဝသဓာတ်ယူ၍-ဝသတိ၊ ဝသန္တိ-စသည် ဘူဝါဒိတမျိုး။ ဝါသေတိ၊ ဝါသေန္တိ-စသည် ဒိဝါဒိတမျိုး-ဤသို့ နှစ်မျိုး စဉ်ရမည်။ (ဓာတွတ္ထ-၃၆၁)

၆။ (က) ကေသေစ မဿုံစ-ဖြင့် ကေသမဿုံ-ပုဒ်ကို ဒွန်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေသည်။

ကသာယရသပီတတာယ-ဖြင့် ကာသာယာနိ-ပုဒ်ကို ကသာယေန+ရတ္တာနိ ကာသာယာနိ-ဟု ရတ္တတဒ္ဓိတ်၊ (ဝါ) ရာဂါဒိတဒ္ဓိတ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ ဏ-ပစ္စည်း ရတ္တတဒ္ဓိတ်၊ (ဝါ) ရာဂါဒိတဒ္ဓိတ်အနက်၌ သက်သည်ကို လည်းကောင်းသိစေသည်။

◆ **ကသာယေန ရတ္တာနီတိ ကာသာယာနီတိ အာဟ "ကသာယရသပီတတာယာ"ဒိ။ (သာရတ္ထ-၃-၃)**

ပြဟ္မစရိယံ စရန္တာနံ အနုစ္ဆဝိကာနိ-ဖြင့် ကသာယာနိ ဝတ္ထာနိ-၌ ဖန်ရည်စွန်းသော အဝတ်တို့ဟူသည် ပြဟ္မစရိယကိုကျင့်သူတို့အား လျောက်ပတ်၏။ မကျင့်သူတို့အား မလျောက်ပတ်-ဟု သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



ပရိဒဟိတွာ-ဖြင့် အစ္စာဒေတွာ-ဟူသောစကားသည် ဝေါဟာရဝစနမတ္တဖြစ်၍ အဓိပ္ပါယ်အားဖြင့် ဝတ်ရုံခြင်းပင်တည်း-ဟု သိစေသည်။ (ဘာဝတ္ထ)

✤ **အစ္စာဒေတွာတိ ဝေါဟာရဝစနမတ္တံ၊ ပရိဒဟိတွာတိ အတ္ထော၊ တဒူဓေါ နိဝါသန ပါရုပနဝသေန။ (သီ၊ ဋီ၊ သစ်၊ ၃၊ ၇၆)**

နိက္ခမိတွာ-ဖြင့် အဂါရဿာကို ပဗ္ဗဇေယျံ-၌ မစပ်ရ၊ ယင်းအဂါရဿာ-ပုဒ်၏ ဥပ္ပတ္တိဝိသယအပါဒါန် ဖြစ်၍ နိက္ခမိတွာ-ဟူသော ပါဌ်သေသ၌ စပ်ရမည်-ဟုသိ။ (သမ္မန္ဓ။ ဘာဝတ္ထ)

(၁) အဂါရသ ဟိတံ-ဖြင့် အဂါရိယံ-၌ ဣယပစ္စည်း၏ ဟိတတဒ္ဓိတ် အနက်၌ သက်-လည်းကောင်း၊ အဂါရဿ+ဟိတံ အဂါရိယံ-ဟု ပြုရမည်ကိုလည်းကောင်း-သိစေ။

ကသိဝါဏိဇ္ဇာဒိကမ္မံ-ဖြင့် အဂါရိယံ-အရ လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း-အစရှိသော အမှုကို ယူရမည်-ဟု သိစေသည်။

(ဂ) ဝါကျဖြင့် အနဂါရိယပုဒ်ကို နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာ-ဟု သတ္တမီ ဗဟုဗ္ဗီဟိ ပြု-လည်းကောင်း၊ န-သဒ္ဒါ၏ အဘာဝအနက်ဟောသည်ကို လည်းကောင်း၊ ဧတ္ထ-၌ ဧတ-သဒ္ဒါ၏ ပဗ္ဗဇ္ဇာ-ကိုစွဲယူ--လည်းကောင်း၊ (သဗ္ဗနာမလိင်္ဂတ္ထ) အနဂါရိယအရ-ပဗ္ဗဇ္ဇာကို ယူ-လည်းကောင်း (ကြား+ဘိ) သိစေပါသည်။

(ဃ) ဖြင့် ပါဠိတော်၌ ဒုတိယန္တနှင့် ရှိသတည်း-ဟု သိစေပါသည်။ (ဝိဘတ္တိပဒ)

(င) ဖြင့် ပဗ္ဗဇေယျံ-ဟူသည် ရဟန်းပြုခြင်းပင်တည်း-ဟု သိ။ (ဘာဝတ္ထ)

## ၇။ ကသိဝါဏိဇ္ဇာဒိကမ္မံ+ကသိဝဏိဇ္ဇာဒိကမ္မံ

ဝါဏိဇ္ဇ ဝဏိဇ္ဇာထ၊ ဂေါရက္ခာ ပသုပါလနံ-ဟူသော ဓာန်(၄၄၆)ကို ထောက်၍ ဝါဏိဇ္ဇနှင့် ဝဏိဇ္ဇ -သည် ကုန်သွယ်ခြင်းအနက်ကို ဟောရာ၌ ဝေဝုစ်ပရိယာယ် ဖြစ်သောကြောင့်-နှစ်ပါဌ်လုံး သင့်ပါသည်။

## အဂါရ+အာဂါရ

န ဂစ္ဆန္တီတိ အဂါ။ တေ ရာတိ ဂဏှာတီတိ အဂါရံ၊ ရဿဿ ဒီဃတ္တေ အာဂါရံ။ (ဓာန်-ဋီ၊ သူစိ) ကိုထောက်-၂-ပါဌ်သင့်၊

## ၈။ ကေသမဿုံ

အစိတ်ဖြစ်သော မုတ်ဆိတ်၏ "မဿု"-ဟူသောအမည်ကို အပေါင်းဖြစ်သော မုတ်ဆိတ် + ကျင်စွယ် - တို့၌တင်၊ ကေဒေသူပစာ (အဝယဝူပစာ) ဥပလက္ခဏ+နိဒဿနနည်း။)

✤ **ဓါဠိကာဝ မဿုဂ္ဂဟဏေနေဝ ဂဟေတဗ္ဗာ"မဿု"တွေဝ ဝုတ္တံ၊ ဥတ္တရာဓရမဿုန္တိ အတ္ထော။ (သာရတ္ထ)**

## အဂါရဿ ဟိတံ

ဌာနဖြစ်သော အိမ်၏ "အဂါရဿ" အမည်ကို ဌာနီဖြစ်သော အိမ်၌နေခြင်း၊ (ဝါ) အိမ်၌နေသော လူဖြစ်၌ တင်၊ ဌာနူပစာ+နာနန္တရိကနည်း။

✤ **အဂါရဿ ဟိတန္တိ အဂါရဝါသော အဂါရံ ဥတ္တရပဒလောပေန။ (သာရတ္ထ)**

၁၀။ **နိက္ခမိတွာ-၌** ကမ္မဓာတ်အရ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ အဓိမောက္ခ၊ ဉာဏ်ပြဓာန်းသော စိတ္တုပ္ပါဒ်ကိုယူ၍-တို့-၏ ပဒဌာန်ကား ယောနိသောမနသိကာရ၊ သဒ္ဓမ္မဿဝန စသည်-ဖြင့်ထုတ်။

✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕✕

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၅)

(က) န တွံ အာဝုသော သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသီတိ တွံ တာတ သုဒိန္န ကိဉ္စိ အပ္ပမတ္တကမ္ပိ ကလဘာဂံ ဒုက္ခဿ န ဇာနာသိ။
(ခ) အထဝါ ကိဉ္စိ ဒုက္ခေန နာနုဘောသီတိ အတ္ထော။
(ဂ) ကရဏတ္ထေ သာမိဝစနံ၊ အနုဘဝနတ္ထေ စ ဇာနနာ။
(ဃ) အထဝါ ကိဉ္စိ ဒုက္ခံ နဿရသီတိ အတ္ထော။
(င) ဥပယောဂတ္ထေ သာမိဝစနံ၊ သရဏတ္ထေ စ ဇာနနာ။
(စ) ဝိကပ္ပဒွယေပိ ပုရိမပဒဿ ဥတ္တရပဒေန သမာနဝိဘတ္တိလောပေါ ဒဋ္ဌဗ္ဗော။
(ဆ) တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဉာတဗ္ဗံ။
၂၄၊ ၁၇၁။ သာရတ္ထ၊ ၂၊ ၄၊ မအူ၊ တ၊ ၁၃။ ဘာ၊ ၄၊ ဒု၊ ၁၉၆။ ဂဏ္ဌိသစ်၊ ဒု၊ ၄၀၈။)

၁။ အထက်ပါ ဝါကျအားလုံးကို နာနုဘောသိ-၏ ကံ-ပုဒ်ထည့်၍ အနက် ယောဇနာပါ။
၂။ (ခ)ကို ဝိသေသာနုသန္ဓေတက်၍ (စ)ကို ပုစ္ဆာတက်ပါ။
၃။ (ခ)စသော ဝါကျတို့ကို အကြောင်းပြ၍ အမည်ပေးပါ။
၄။ သဒ္ဒသတ္ထာနုသာရေန-ကို အစိတ်+အပေါင်း ဝစနတ္ထပြု၍၊ အပေါင်းဝစနတ္ထကိုသာ ဉာသ်ကောက်ပါ။
၅။ (က) ဝါကျ သံဝဏ္ဏနာနှင့်အညီ သံဝဏ္ဏေတဗ္ဗ ဒုက္ခဿ-၌ ဝိဘတျတ္ထ၊ ဇာနာသိ-၌ ဓာတွတ္ထကိုဖော်၍၊ ဒဋ္ဌဗ္ဗော-၌ ဓာတု+ပစ္စယ-ဝေဘန်ပြပါ။
၆။ (ခ၊ ဂ၊ ဃ)တို့ဖြင့် သိစေအပ်သော အာဘောဂနှင့် သံဝဏ္ဏနာ အမည်တို့ကို ဖော်ပြပါ။
၇။ သုခေမိတော၊ သုခေဠိတော၊ သုခေထိတော-ဟု ပါဌ်သုံးထွေရှိရာ သင့်သောပါဌ်ကို သဒ္ဒယုတ္တိပြ၍ သုံးဖြတ်ပါ။
၈။ (က) သံဝဏ္ဏေတဗ္ဗ-ဒုက္ခဿ ဇာနာသိ-၌နည်း၊ (စ) ဝါကျလာ ဥတ္တရပဒေန-၌ ဥပစာတို့ကို အကြောင်းပြ၍ ဖော်ပြပါ။
၁၀။ ပဒံ-၌ ဓာတ်အရကို ကိုယ်ပြု၍ ခန္ဓာတရဏဟာရ နေတ္တိနည်းထုတ်ပါ။

==============================

၁။ နာနုဘောသိ-၏ ကံကို ဝိသယ၊ အာရုံကို-ဟု ထည့်ပေး။

၂။

## (ခ) ဝိသေသာနုသန္ဓေ

ဤသို့ (က)ဖြင့် န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသိ-၌ ဒုက္ခဿဝယ် ဆဋ္ဌီဝိဘတ်သည် သမ္ပန် အနက်၌ ဖြစ်၏။ ဇာနာသိ-၌ ဉာဓာတ်သည် ဗောဓန အနက်ကို ဟော၏-ဟုပြဆိုပြီး၍၊ ယခုအခါ၌ ဒုက္ခဿ-ဝယ် ဆဋ္ဌီ ဝိဘတ်သည် ကရိုဏ်း အနက်၌ဖြစ်၏။ ဉာဓာတ်သည် အနုဘဝန အနက်၌ ဖြစ်၏-ဟု ပြလိုသော ဆရာသည် (ခ)မိန့်။ (သာရတ္ထ)

## (စ) ပုစ္ဆာ

ဆရာ-သည် (ခ)စသော အထက်ပါ ဝါကျတို့ဖြင့် နကိဉ္စိ ဒုက္ခဿ ဇာနာသိ၌ ဒုက္ခဿ-ဝယ် ဆဋ္ဌီဝိဘတ်၏ ကရိုဏ်း အနက်, ကံအနက်၌ ဖြစ်သည်ကို လည်းကောင်း၊ ဉာဓာတ်၏ အနုဘဝန အနက်, သရဏ အနက်၌ ဖြစ်သည်ကို လည်ကောင်း ဖွင့်ပြဆိုတော်မူ၏။ ယင်းအထဝါစသည်ဖြင့် ဆိုခဲ့ပြီးသော ဒုတိယ၊ တတိယ ဝိကပ်နှစ်ခု အငေါ်င်း၌ ကိဉ္စိဟူသော ရှေ့ပုဒ်ဝယ် အဘယ်ဆိုသော

http://www.dhammadownload.com



ဝိဘတ်ကျေသည်ကို မှတ်အပ်ပါသနည်း။ ပဌမဝိကပ်၌ကဲ့သို့ ဒုတိယာ ဝိဘတ် ကျေခြင်းကိုသာ မှတ်အပ်ပါသလော-စုဒ်ကြောင့် (စ) ဝါကျကို မိန့်၏။

၃။ (က) စသည် ပက္ခန္တရ။ ထိုတွင် (၁၊ ဂ) တို့သည် သဗ္ဗိဝိဘတ်၏ သမ္ဗန်အနက်၊ ဉာ-ဓာတ်၏ ဗောဓနအနက်၌ ဖြစ်ခြင်းမှတပါး သဗ္ဗိဝိဘတ်၏ ကရိုက်းအနက်၊ ဉာ-ဓာတ်၏ အနုဘဝန အနက်၌ ဖြစ်ခြင်း-ဟူသော နည်းတပါးကို ပြသောကြောင့် ပက္ခန္တရ။

ထို (၁၊ ဂ) တို့တွင် - (ဂ) သည် ဒုက္ခသ-ကို ဒုက္ခေန၊ ဇာနသိ-ကို အနုဘောသိ-ဟု ဖွင့်ဆိုရာ၌ အကြောင်းယုတ္တိဖြင့် ခိုင်မြဲစေသောကြောင့်-ယုတ္တိဒဠှိ ကရဏဝါကျ။

(ဃ-င) တို့ကား ပက္ခန္တရ။ ထိုတွင်- (င)ကား ယုတ္တိဒဠှိ ကရဏ ဝါကျ။

(စ) သည် ဒုတိယ၊ တတိယ ဝိကပ်တို့၌ ကိစ္စ-ဟူသော ဋ္ဌေးပုဒ်ဝယ် ဒုတိယာ ဝိဘတ်ကျေခြင်းကိုသာ မှတ်အပ်ပါသလော-ဟု စောဒနာဘွယ်ရှိ၍---ဆက်---ဝါကျာရမ္ဘဝါကျ။ (ဆ) ဝါကျာရမ္ဘ။

၄။ သပ္ပတိ သောတဝိညာဏာလမ္ဗကဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ။ သဒ္ဒီယတီတိ ဝါ သဒ္ဒေါ။
သဒ္ဒိယတိ အတ္ထော အနေနာတိ ဝါ သဒ္ဒေါ။
(သဒ္ဒေစ အတ္ထေစ) သာသတိ အာစိက္ခတိ + ဧတေနာတိ သတ္ထံ။ (ဗျာကရဏ်)
အနုသရဏ် အနုဂမန် အနုသာရော။ သဒ္ဒသ + ကထန် + သတ္ထံ သဒ္ဒသတ္ထံ။
သဒ္ဒသတ္ထသ + အနုသာရော သဒ္ဒသတ္ထာနုသာရော။
သဒ္ဒသတ္ထ-ဟူသော ဝိသေသနပုဒ် အရကား-သဒ္ဒါကျမ်းသည်-မှချ။
ထို-၏ + အစဉ်အားဖြင့်မှီခြင်း (ဝါ) အစဉ်လျောက်ခြင်းနှင့် ကမ္မ + ကမ္မီစပ်-ဌာန၍။
ပုဒ်လုံးအရကား-သဒ္ဒါကျမ်းသို့ အစဉ်လျောက်ခြင်းရ၏။

### ဝစနတ္ထမှတ်ဘွယ်

အရီယတိ ဉာယတီတိ အတ္ထော။
အရဓာတ်အရ-ကတ္တာဋ္ဌ-ကား အနက်ကို အာရုံပြု၍သိတတ်သော ဉာဏ်သည်-မှချ။
ကမ္မဋ္ဌ-ကား ထိုအားတတ်သော အနက်၏ အာရမ္မဏပစ္စယသတ္တိသည်-ဖလူ။
တ-ပစ္စည်း အရကား-အနက်ရ၏။

\+ ပဇ္ဇတေ ဉာယတေ အတ္ထော ဧတေနာတိ ပဒံ။
ပဒဓာတ်အရ-ကတ္တာဋ္ဌကား အနက်ကို အာရုံပြု၍ သိတတ်သော ဉာဏ်သည်-မှချ။
ကရဏဋ္ဌကား ထိုအားတပ်သော ပုဒ်၏ ပကတူပနိဿယ---ဖလူ။
အ-ပစ္စည်း အရကား-ပုဒ်ရ၏။

\+ ကပ္ပိယန္တေ တက္ကိယန္တေ ဝိတက္ကိယန္တေတိ ကပ္ပါ။ ဝိသေသတော + ကပ္ပါ ဝိကပ္ပါ။
ဝိကပ္ပါနံ + ဒွယံ ဝိကပ္ပဒွယံ။ သံ + ဧတေသ အတ္ထီတိ သာမီ။ (ပိုင်ရှင်)
သာမိနော + ပရိဒီပက် + ဝစနံ သာမိဝစနံ (ရှု-ဋီ။ ၁၂၈)

၅။ က-သံဝဏ္ဏနာအရ **ဒုက္ခသ**-၌ သဗ္ဗိဝိဘတ်သည် သာမျတ္ထဖြစ်သည်။ **ဇာနာသိ**-၌ ဉာ-ဓာတ်သည် ဗောဓနတ္ထ ဖြစ်သည်။

**ခဋ္ဌဗ္ဗော**-ကား ဒိသဓာတ် + တဗ္ဗပစ္စည်း ဖြစ်သည်။

၆။ (က) အပ္ပမတ္တကမိဖြင့် ကိစ္စသည် အနည်းငယ်သာ-ဟူသော အပ္ပမတ္တက အနက်ကို ဟော၏-ဟု သိစေသည်။ (နိပါတလိင်္ဂတ္ထ)

http://www.dhammadownload.com



**(တနည်း)** ကိဋ္ဌ-၌ ကိ ˙-သည် စိ-နိပါတ်နှင့် ယှဉ်သောကြောင့်-အပွက-အနက်ဟော၏ဟု သိစေပါသည်။ (သဗ္ဗနာမလိင်္ဂတ္တ)

✻ ကိုချည်း ပုစ္ဆာ၊ နောက်မှာစိကျ၊ အပွကတည်း။ ရှေးမှာယံကြုံ၊ လုံးစုံသကလ၊ သဒ္ဒရုပ်သွား၊ မထူးခြား၊ မှတ်သားကိ ˙သဒ္ဒါအပို့တည်း။ (ဘုရားကြီး)

ကလဘာဂံ-ဖြင့် ကိဋ္ဌ-အရ ကလဘာဂ-ကိုယူ (ဝါ) ကလဘာဂ-အနက်ဟော၏-ဟု သိစေသည်။

◆ **ကိဋ္ဌီတိ စေသံ ဝိဝရဏံ "အပ္ပမတ္တကမ္ပိ ကလဘာဂ"န္တိ။ (သာရတ္ထ)**

**(တနည်း)** ကလဘာဂံ-ဖြင့် ဒုက္ကဋ-ပုဒ်ကို ကလဘာဂံ-ဟူသော ပါဌ်သေသဖြင့် စာစပ်ရမည်ကို သိစေသည် (သမ္ဗန္ဓ)

◆ **ဒုက္ကဋသာတိတ္တေ့ ကလဘာဂမ္ပိတိ ပါဌသေသော။ (ဓမိရမ္မနှို၊ ဓိဧ)**

န ဇာနာသိ-ဖြင့် န-ကို ဇာနာသိကြိယာ၌ စပ်အပ်သည်၏ အဖြစ်ကိုသိစေသည်။ (သမ္ဗန္ဓ)

(၁) ကိဋ္ဌံ ဒုက္ကဋန-ဖြင့် ပါဋ္ဌိတော်၌ ကိဋ္ဌ-ကို ဒုက္ကဋ-၌ စပ်ရမည်ကို လည်းကောင်း၊ (သမ္ဗန္ဓ) ဒုက္ကဋ-၌ သ-ဝိဘတ်၏ ကရိုက်း အနက်၌ သက်----လည်းကောင်း၊ (ဝိဘတ္တျတ္ထ) သိစေ၏၊ အနဘောသိ-ဖြင့် ဇာနာသိ-၌ ဥာ-ဓာတ်သည် အနဘဝန အနက်ဟော၏-ဟု သိစေသည်။

(ဂ) ကရဏတ္ထေ သာမိဝစနံ-ဖြင့် ဒုက္ကဋ-၌ စတုတ္ထီဝိဘတ်မဟုတ်၊ ဆဋ္ဌီဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊ (ဝိဘတ္တိပဒ) ယင်း ဆဋ္ဌီဝိဘတ်၏ ကရိုက်းအနက်၌ သက်--လည်းကောင်း၊ (ဝိဘတ္တျတ္ထ) သိစေပါသည်။

အနဘဝနတ္ထေ ဇာနနာ-ဖြင့် ဇာနာသိ-၌ ဥာ-ဓာတ်သည် အနဘဝနတ္ထ-တည်း-ဟုသိစေသည်။

(ဃ) ကိဋ္ဌံ ဒုက္ကံ-ဖြင့် ပါဋ္ဌိတော်၌ ကိဋ္ဌ-ကို ဒုက္ကဋ-၌ စပ်ရမည်ကို လည်းကောင်း၊ ဒုက္ကဋ-၌ ဆဋ္ဌီဝိဘတ်၏ ကံအနက်၌သက်-----လည်းကောင်း သိစေသည်။

နဿရတိ-ဖြင့် ဇာနာသိ-၌ ဥာ-ဓာတ်သည် သရဏ အနက်ဟော၏-ဟု သိစေ၏။

(င) ဝါကျ အာ + သံကို (ဂ) ဝါကျကို နည်းမှီး၍ ဖော်လေ။

## ၇။ သုခေစိတော၊ သုခေဋ္ဌိတော၊ သုခေထိတော

ဓေ ဝုဒ္ဓိယံ လာဘေစ ခေတီတိ ခေ။ သုခေဓိတော။ (နီတိ။ ဓာတု၊ ၁၀၇)နှင့် ခေဓာ တု လာဘ ဝုဒ္ဓိသု-ဟူသော ဓာတွတ္ထသင်္ဂဟတို့ကို ထောက်၍လည်းကောင်း၊ သုခသံဝဍ္ဎိတော-ဟူသော ဤအဋ္ဌကထာကို ထောက်၍လည်းကောင်း၊ ဤနေရာ၌ ဝုဒ္ဓိအနက်ဟော ခေ-ဓာတ်ဖြင့်ပြီးသော သုခေဓိတော-ပါဌ်သာ သင့်ပါသည်။

သုခေဓိတောတိပိ ပါဌော၊ ဌေ-ဝုဒ္ဓိယံ-ဟုယောနော့ဖွင့်သော်လည်း ဌေ ဟေဌ ဝိဗာဓယံ (နီတိဓာတု) ဌော ဝိဗာဓယံ (ဓာတွတ္ထသင်္ဂဟ)တို့နှင့် ဆန့်ကျင်နေသောကြောင့် သုခေဋ္ဌိတော-မသင့်။

ဓာတ်ကျမ်းတို့၌-ထေ-ဓာတ် မရှိသောကြောင့် သုခေထိတောလည်း မသင့်။

http://www.dhammadownload.com



၉။ (က) **ဒုက္ခသ**-ကား ဒုက္ခေန-ဟု ဆိုအပ်သော တတိယာဝိဘတ်ကို (ဝါ) ဒုက္ခံ-ဟု ဆိုအပ်သော ဒုတိယာ ဝိဘတ်ကို ဆဋ္ဌီဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသနည်း။

ဇာနာသိ-၌ ဉာဓာတ်သည် (အနုဘဝနတ္တေ စ ဇာနနာ၊ သရဏတ္တေစ ဇာနနာ-ဟူသော (ဂ+ဂ) တို့ကို ထောက်၍) အဝဗောဓေ-တည်းဟူသော ယောမြဲအနက်မှတပါး အနုဘဝန သရဏ-တည်းဟူသော လွန်သောအနက်နှင့် ယှဉ်သောကြောင့် အတိသယနည်း။

### (စ) ဥတ္တရပဒေန

အပေါင်းဖြစ်သော ဒုက္ခသဟူသော ပုဒ်၏ **"ဥတ္တရပဒေန"**-ဟူသော အမည်ကိုအစိတ်ဖြစ်သော ဆဋ္ဌီဝိဘတ်၌ တင်စား၍ ဆိုသောကြောင့် ကေဒေသျူပစာ(သမုဒါယူပစာ)။ (တနည်း) ဌာနဖြစ်သော နောက်ပုဒ်၏ ဥတ္တရပဒေန-ဟူသော အမည်ကို ဌာနီဖြစ်သော ဆဋ္ဌီသ-ဝိဘတ်၌ တင်-ဌာနူပစာ။

၁၀။ **ပဓံ**-၌ ဓာတ်အရ အနက်ကိုအာရုံပြု၍ သိတတ်သော ဉာဏ်ပြဓာန်းသော မဟာကုသိုလ်၊ မဟာကြိယာ၊ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်၊ ထိုစိတ္တုပ္ပါဒ်နှင့် အတူ ဥပါဒ်သော ရုပ်တရားများကို ယူ၍၊ ထိုတွင် ရုပ်သည် ရူပက္ခန္ဓာမည်၏၊ စေတသိက် အဋ္ဌတိ သတို့တွင် ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏။ သညာသည် သညက္ခန္ဓာမည်၏။ ကျန်စေတသိတ် ဆဋ္ဌ သသည် သင်္ခါရက္ခန္ဓာမည်၏။ မဟာကုသိုလ်၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်သည် ဝိညာဏက္ခန္ဓာမည်၏။ ဤသို့အားဖြင့် သွင်းခြင်းသည် ခန္ဓာတရကဟာရမည်၏။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၆)

ကိံ ပန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇ္ဇာယ။ (ပါဠိတော်)

(က) **ကိံ ပန မယံ တန္တိ** ဧဝံ သန္တေ ကိံ ပန ကိံနာမ တံ ကာရဏံ၊ယေန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ။
(ခ) အထဝါ **ကိံ ပန မယံ တန္တိ** ကေန ပန ကာရဏေန မယံ တံ ဇီဝန္တံ အနုဇာနိဿာမာတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။
(ဂ) **တဇ္ဇောဓါတိ** ယတ္ထ နံ ဋ္ဌိတံ မာတာပိတရော နာနုဇာနိံသု၊ တတ္ထေဝ ဌာနေ။
(ဃ) **အနန္တရဟိတာယာတိ** ကေနစိ အတ္ထရဏေန အနတ္ထတာယ။
(င) **ပရိစာရေဟီတိ** ဂန္ဓဗ္ဗနဋနာဋကာဒီနိ ပစ္စုပဋ္ဌာပေတွာ တတ္ထ
သဟာယကေဟိ သဒ္ဓိံ ယထာသုခံ ဣန္ဒြိယာနိ စာရေဟိ သဉ္စာရေဟိ၊
(စ) ဣတော စိတော စ ဥပနေဟီတိ ဝုတ္တံ ဟောတိ။
(၄၊ ၁၇၁။ သာရတ္ထ၊ ဒု၊ ၅။ မဏိ၊ တ။ ၁၅။ ဘာသာဋီ၊ ဒု၊ ၁၉၈။ ဂဏ္ဌိသစ်၊ ဒု၊ ၄၁၀။)

၁။ က + ခ သံဝဏ္ဏနာနှင့် အညီ ပါဠိတော်ကိုသာ အနက်ယောဇနာပါ။
၂။ ခ – ကို သာဘောဂပုစ္ဆာတက်၍၊ စ-ကို အနုသန္ဓေတက်ပါ။

http://www.dhammadownload.com



၃။ စ - ဝါကျကို အကြောင်းပြ အမည်ပေး၍၊ ဂ-ဝါကျလာ ပုဒ်တို့ကို သဒ္ဒနယကျကျ စာစပ်ပြပါ။
၄။ အနန္တရဟိတ-ပုဒ်ကို အစိတ် အပေါင်းဝစနတ္ထ ပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်း ကောက်ပြပါ။
၅။ ဂ-ဝါကျပါ ဋ္ဌိတံ-ကို နာမပဒမာလာ၊ ယင်း၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။
၆။ က + ခ + ဃ - တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ င + ဝါကျ၌ ဂန္ထဗ္ဗ + ဂန္တဗ္ဗ-ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ ကာမေ ပရိဘုဉ္ဇန္တောတိ အတ္ထနော ပုတ္တဒါရေဟိ သဒ္ဓိံ ဘောဂေ ဘုဉ္ဇန္တော (၄-၁၇၂) ၌ ကာမေ-ဝယ် ရသင့်သော နယပ္ပဗာကို ဆိုရိုးကျ ရေးပါ။
၁၀။ သဟာယကေဟိ-ပုဒ်ကို ဝေဝစနဟာရ နေတ္တိနည်းထုတ်ပါ။

==============================

၁။ **(က) နှင့်အညီ သံဝေဏ္ဏေတဗ္ဗ ပါဠိတော် အနက်ပေးပုံ**

ယေနကာရဏေန၊ ကြောင့်။ မယံ၊ တို့သည်။ ဇီဝန္တိ၊ အသက်ရှင်ဆဲသော။ တံ၊ သင့်ကို။ အဂါရသ္မာ၊ မှ။ (နိက္ခမိတ္វာ) အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ အနုဇာနိဿာမ၊ ခွင့်ပြုကြကုန်လအံ့။ တံကာရဏံ၊ သည်။ ကိံ ပန၊ အဘယ်မှာရှိအံ့နည်း။

**(ခ) နှင့် အညီ-အနက်ပေးပုံ**

မယံ၊ တို့သည်။ ဇီဝန္တံ၊ သော။ တံ၊ ကို။ အဂါရသ္မာ၊ မှ။ (နိက္ခမိတွာ၊ ၍) အနဂါရိယံ၊ ၌။ ပဗ္ဗဇ္ဇာယ၊ ငှာ။ ကိံပန- ကာရဏေန၊ အဘယ်အကြောင်းကြောင့်။ အနုဇာနိဿာမ၊ ခွင့်ပြုနိုင်ကြပါ-ကုန်အံ့နည်း။

၂။ **ခ-သာဘောဂပုစ္ဆာ**

ဆရာ-သည်-က-ဖြင့် ကိံပန မယံ တံ ဇီဝန္တံ-အစရှိသော ပါဠိတော်ကို ယေန တံ ကာရဏံ-ဟူသော ပါဌသေသထည့်၍ အနက်သမ္ဗန်ရမည်ဟု ပြဆို၏။ ယင်းပါဠိတော်၌ ပါဌသေသထည့်၍ အနက်သမ္ဗန်သည့်နည်းတမျိုးသာရှိပါသလော၊ မည်သို့အနက်သမ္ဗန် နိုင်ပါသေးသနည်း။ စုဒ်ကြောင့်(၁) မိန့်။

**အဓိပ္ပါယ်ကား**-ပါဌသေသမထည့်ပဲလည်း အနက်သမ္ဗန်နိုင်ပါသေး၏ဟူလို။ (ဂဏ္ဌိသစ်)

(ဓာနည်း) ဆရာ-သည် (က)ဖြင့် ကိံပန-၌ ပဌမာဝိဘတ်သည် လိင်္ဂတ္ထ-၌ သက်၏ဟု ပြဆို၏။ ကိံ-ဝယ် ပဌမာဝိဘတ်သည် လိင်္ဂတ္ထတမျိုးသာ ဖြစ်နိုင်ပါသလော။ မည်သည့်အနက် ဖြစ်နိုင်ပါသေးသနည်း။ စုဒ်-ကြောင့် (၁) မိန့်။

**ကား**-ကာရဏ အနက်၌လည်း ဖြစ်နိုင်ပါသေး၏ - ဟူလို။ (မဓု၊ သာရတ္ထ)

- **ကိံ ပနာတိ ဧတ္ထ ကိန္တိ ကာရဏတ္ထေ ပစ္စတ္တဝစနန္တိ ဒဋ္ဌဗ္ဗံ၊ အာဟ "ကေန ပန ကာရဏေနာ"တိ၊ (သာရတ္ထ)**

**စ-အနုသန္ဓေ**

ဤသို့ (င)ဖြင့် ပရိစာရေဟိ-၌ ပရိ-ကား သမန္တတ္ထ၊ စရ-ဓာတ်ကား ဂတိ-ဘက္ခန-စရဏ-တွင် ဂတျတ္ထ၊ ယင်းသည်လည်း ကာရိတန္တ၊ ယင်း၏ ကံ-ကား ဣန္ဒြိယာနိတည်းဟု ပြဆိုပြီး၍ (ဂဏ္ဌိသစ်)၊ ယခုအခါ၌ ပိဋ္ဌတ္ထကို ပြလိုသော ဆရာသည်-စ-မိန့်။

http://www.dhammadownload.com



၃။ စ-သည် ပဒပိဏ္ဍတ္ထ ပြ-ဝိဂ္ဂဟာရ။

ဓာစပ်။ ။တတ္ထဝါတိကား သဒ္ဒပဒတ္ထကနိပါတ်ပုဒ်တည်း။
ယတ္ထကား ၌-ကြောင့် ဋီတံ-၌ အာဓာရ + အာဓာရိစပ်။
ဋီတံကား သော-ကြောင့် နံ-၌ တုလျာဓိကရဏဝိသေသန + သျ-စပ်။
နံ-ကား ကို-ကြောင့် နာနုဇာနိ သု-၌ အဝုတ္တကံ + ကမ္မိ-စပ်။
မာတာပိတရော-ကား တို့သည်-ကြောင့် နာနု ဇာနိ သု-၌ ဝုတ္တကတ္တား + ကတ္တိ စပ်။
တတ္ထဝ ဌာနေ-ကား ၌-ကြောင့် နိပ္ပန္နိ-၌ အာဓာရ + အာဓာရိစပ်။

၄။ ဘူမိယာ မနုဿာနဋ္ဌ အန္တရေ ဓိယတိ ဝိဓိယတိ ကရိယတီတိ အန္တရဟိတံ။
နတ္ထိ + အန္တရဟိတံ + တေသံ ဘူမိယန္တိ အနန္တရဟိတာ။
န + အန္တရဟိတ - ပုဒ်အရကား အခင်းအနှီး မရှိခြင်းသည်-မုချအားဖြင့်ရ၏။
ထို၏ + မြေကြီးဖြစ်နှင့် ဂုဏ် + ဂုဏေးစပ် - ဌာန္တူပစာ - ရ၏။
တေ-အရကား အခင်းအနှီးမရှိသော မြေကြီးဖြစ်ရ၏။
ထိုသို့ပင် ရငြားသော်လည်း အနန္တရဟိတာသည် ဤ၌ ဝိသေသနပုဒ်ဖြစ်သော်ကြောင့် ဝိသေသန ပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်ရကား အခင်းအနှီး မရှိသည်၏ အဖြစ်တည်း-ဟူသော ဂုဏ်သည်သာလျှင် ပဓာနအားဖြင့်ရ၏။
သုခဿ + အနုရူပံ ယထာသုခံ။ (အဗျယီဘော)
သုခ-အရ ချမ်းသာခြင်းသည် မုချ။
ထို၏ + သင့်လျော် လျောက်ပတ်ခြင်းနှင့် သမ္ဗန္ဓိန် သမ္ဗန္ဓိနီစပ်-ဌာန္တူ။
ယထာသုခံ-အရကား ချမ်းသာခြင်းအား သင့်လျော်လျောက်ပတ်သော ဂုဏ်ရ၏။
ဗ္ယူဟန္တိ ပရမိဿရိယံ ကရောန္တီတိ ဗ္ယူဟိန္ဒြိယာနိ။ (ဗ္ယူဒိ + ဏျ)
(တနည်း) ဗ္ယူဟတီတိ ဗ္ယူဟနော။ (ဗ္ယူဒိ + အ) ဗ္ယူဟတ္ထံ + ကရောန္တီတိ ဗ္ယူဟိန္ဒြိယာနိ။ (ဗ္ယူဟပုဒ် + ဏိယ)

၅။ ဋီတံ-ကို ဋီတော-ဋီတာ စသည်ဖြင့် ပုလ္လိင်၊ ပုရိသာဒိဂိုဏ်းစဉ်လေ။
ဋီတံ-၌ ဌာ-ဓာတ်ယူ၍ - တိဋ္ဌတိ၊ တိဋ္ဌန္တိ၊ ဌာတိ၊ + ဌန္တိ စသည်ဖြင့် ဘူဝါဒိတမျိုး၊
ဌာယတိ၊ ဌာယန္တိစသည်ဖြင့် ဒိဝါဒိတမျိုး-ဤသို့ နှစ်မျိုးစဉ်ပါ။

+ ဌာ-ဘူဒိ-ဂတိနိဝတ္တိ။ (ဓာတွတ္ထ၊ ၁၄၈)

| | |
|---|---|
| အန္တရဟိတ | အန္တရ သဒ္ဒူပပဒ + ဓာ ဓာတ် + တ-ပစ္စည်း။ |
| အတ္ထရဏ | အာ + ထရ + ယု။ |
| ဝန္ဓမ္ဗ | ဝန္ဓ သဒ္ဒူပပဒ + အဗ္ဗ ဓာတ် + အ။ (ဝန္ဓ + မဗ္ဗတိ ပရိဘုဉ္ဇတီတိ ဝန္ဓဗ္ဗော။ (သူစိ) |
| နဋ | နဋ + အ။ |
| အနတ္ထတာ | အာ + ထရ + တ။ (အတ္ထရိယတေတိ အတ္ထတာ။ န အတ္ထတာ အနတ္ထတာ။) |

၆။ (က) ကိံ နာမ-ဖြင့် ကိံ သဒ္ဒါ၏ နိပါတ်ပုဒ်၏ အဖြစ်ကို လည်းကောင်း၊ (နိပါတလိင်္ဂပဒ) ယင်း ကိံသဒ္ဒါ၏ နိန္ဒာအနက်ဟော----လည်ကောင်း၊ (နိပါတလိင်္ဂတ္ထ) သိစေ။ (ဂဏ္ဌိသစ်)
တံကာရဏံ၊ ယေန-ဖြင့် ပါဠိတော်၌ ယင်းပါဌသေသ နှစ်ပုဒ်ထည့်၍ အနက်ယောဇနာရမည်၏အဖြစ်ကို သိစေသည်။ (ဘာဝတ္ထ)

http://www.dhammadownload.com



(ခ) ကေန ပန ကာရဏေန-ဖြင့် ကိံပန-၌ ကိံသဒ္ဒါ၏ ပုစ္ဆာ သမ္ဗန္ဓာမ်ပုဒ်၏ အဖြစ်ကို လည်းကောင်း။ (သမ္ဗန္ဓာမလိင်္ဂပဒ) ကိံ-၌ ပဋ္ဌာဝိဘတ်သည် ကာရဏ (ဟေတု) အနက်၌ သက်သည်၏ အဖြစ်ကိုလည်းကောင်း (ဝိဘတ္တျတ္ထ) သိစေပါသည်။ (သာရတ္ထ)

(ဂ) ဌာနေ-ဖြင့် တဗ္ဗေ၀-၌ တ-သဒ္ဒါ၏ နေရာဌာနကို စွဲသည်၏ အဖြစ်ကို လည်းကောင်း။ (သမ္ဗ + အတ္ထ) ထ-ပစ္စည်း သတ္တမျတ္ထ၌ သက်သည်ကို လည်းကောင်း (ဝိဘတ္တျတ္ထ) သိစေပါသည်။

ယတ္ထ နံ ဌိတံ မာတာပိတရော နာနုဇာနိ သု-ဖြင့် တဗ္ဗေ၀ဟူသော နိယတ်၏ အနိယတ်ကို သိစေသည်။ (ဘာဝတ္ထ)

(ဃ)ဖြင့် အန္တရဟိတပုဒ်ကို ဘူမိယာ မနုသာနဋ္ဌ အန္တရေ + ဓိယတိ ဝိဓိယတိ ကရိယတီတိ အန္တရဟိတံ-ဟု ဝစနတ္ထပြု၍ အန္တရဟိတ အရ အခင်းနီး = အတ္တရကကို ယူရမည်ကို သိစေသည်။

(င) ဂန္ဓဗ္ဗ (လ) စာရေယိ-ဖြင့် ပရိစာရေယိ၌ ပရိ-ဥပသာရ၏ သမန္တ-အနက်ဟော--- လည်းကောင်း။ စရ-ဓာတ်၏ ဘက္ခန၊ စရဏ အနက်တို့ကို မဟော၊ ဂတိ အနက်ဟော--- လည်းကောင်း။ ပရိစာရေယိ-ကြိယာ၏ ကာရိတ်ကြိယာပုဒ်၏ အဖြစ်ကို လည်းကောင်း သိစေသည်။ (ဂဏ္ဌိသစ်)

**(တနည်း)** ဂန္ဓဗ္ဗ (လ) စာရေယိ-ဖြင့် ပရိသဒ္ဒါသည် ပဗ္ဗပဋ္ဌာနတ္ထ၊ စရ-ဓာတ်ကား ဂတျတ္ထ၊ ကာရိတန္တ၊ ဝိသယ ဝိသယီတို့ကို ထည့်ရမည်ဟု သိစေသည်။ (မဇ္ဈ)

သဋ္ဌာရေယိ-ဖြင့် စာရေယိသည် သဋ္ဌာရေယိ-၏ ပရိယာယ်တည်းဟု သိစေသည်။

၇။ **ဂန္ဓဗ္ဗ + ဂန္ဓဗ္ဗ**

ဂန္ဓံ အဗ္ဗန္တိ ဘုဥ္ဇန္တီတိ ဂန္ဓဗ္ဗာ၊ ဂါယနံ ဝါ ဧဗ္ဗော ဧတေသံ ဂန္ဓဗ္ဗာ။ မွသ + ဗ္ဗော။ (ဓာန်ဋီ-၂၄။) ဂန္ဓဗ္ဗာ နာမ ဂါယနကာ။ (သာရတ္ထ။ ၂။ ၅။ ဝိမတိ၊ ၁။ ၁၀၀။) ထောက်၍ ဂန္ဓဗ္ဗာသာသင်၊ ဂန္ဓဗ္ဗမသင်။

၈။ **ကာမေ ပရိဘုဥ္ဇန္တော**

အပေါင်းဖြစ်သော ဝတ္ထုကာမ၊ ကိလေသကာမတို့၏ "ကာမေ" ဟူသော အမည်ကို အစိတ်ဖြစ်သော ဝတ္ထုကာမ၌ တင်-ကေဒေသျူပစာ (သမုဒါယူ) ရှုဋ္ဌီနည်း။ (ဘောဂေ ဘုဥ္ဇန္တော-ထောက်)

၁၀။ **သဟာယကေဟိ-၏ ဝေဝုစ်ကို** မိတ္တော နိတ္တိ ဝယသောစ၊
သဟာယော သုဟဒေါ သခါ-ဟူ၍ ယှဉ်စပ်အပ်၏။

# ဝါကျဥယျာဉ် (၇)

(က) ဉာတီဒါသိတိ ဉာတကာနံ ဒါသိ။

(ခ) အာသီဒေါသိကန္တိ ပါဠိဝါသိကံ ကေရတ္တာယိက္ကန္တိ ပူတိဘူတံ။

http://www.dhammadownload.com



(ဂ) တတြာယံ ပဒတ္ထော--ပူတိဘာဝဒေါသေန အတိဘူတောတိ အတိဒေါသော၊ အတိဒေါသောဝ အာတိဒေါသိကော၊

(ဃ) ကေရတ္တညတိက္ကန္တဿ ဝါ နာမသညာ သော ယဒိဒံ အာတိဒေါသိကောတိ၊

(င) တံ အာတိဒေါသိကံ။

(စ) ကုမ္မာသန္တိ ယဝကုမ္မာသံ။

(ဋ၊ ၁၇၄။ သာရတ္ထ၊ ဒု၊ ၇။ မအူ၊ ထ။ ၂၆။ ဘာသာဋီ။ ဒု၊ ၂၁၀။ ဂဏ္ဌိသစ်၊ ဒု၊ ၄၁၅။)

၂။ (ဃ) ဝါကျကို သာဘောဝပုစ္ဆာတက်ပါ။

၃။ ဂ-ဃ-င ဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။

၄။ ဉာတိဒါသီ-၌ ရှေးပုဒ်ကို ဝစနတ္ထပြု၍၊ ဉာသ်နည်းကောက်ပါ။

၅။ ယဝကုမ္မာသံ-၌ ရှေးပုဒါကို နာမပဒမာလာ၊ နောက်ပုဒ်၌ ဓာတ်ကိုယူ၍၊ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။

၆။ က၊ ဂ၊ ဃ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ အာတိဒေါက် + အာတိဒေါသိကံ-ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ (စ) ဝါကျ သံဝဏ္ဏေတဗ္ဗ၌ ဖြစ်သင့်သော နယူပစာရကို ဆိုရိုးကျ ဖြေဆိုပါ။

၁၀။ ဘိက္ခုနံ ဝိဿဇ္ဇေတွာ သယံ ပိဏ္ဍာယ ပါဝိသိ-၌ ဝိဿဇ္ဇေတွာ-ဝယ် ဓာတ်အရ တရားကို ကိုယ်ပြု၍၊ သဘာဂါဝတ္ထနဟာရ နေတ္တိနည်းထုတ်ပါ။

===========================

၁။ အာတိဒေါသိကံ၊ ပုပ်သိုးသည်၏ အဖြစ်-ဟု ဆိုအပ်သော အပြစ်သည် နှိပ်စက်အပ်သော။ (သဒ္ဒတ္ထ) (ဝါ) တည၌ကိုလွန်သော။ (ဝါ) မိုးသောက်ယံကို လွန်ပြီးသော (အဓိပ္ပါယတ္ထ)။ (ဝါ) ပုပ်သိုးပြီးသော။ (ဝေါဟာရတ္ထ) (ဂဏ္ဌိသစ်)

၂။ **(ဃ) ဝါကျသာဘောဝပုစ္ဆာ**

ဆရာ-သည် (ဂ)ဝါကျဖြင့် အာတိဒေါသိကပုဒ်ကို တတိယာတပ္ပုရိသ်၊ (ဝါ) တတိယာ အဗျယီဘောသမာသ် အတွင်းငုတ်သော သွတ္ထတဒ္ဓိတ် ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ အာတိဒေါသိက-၌ အတိ-၏ အတိဘဝနအနက်၊ ဒေါသ-၏ အပြစ်ဒေါသအနက် ဟောသည်ကို လည်းကောင်း ပြဆိုတော်မူ၏။ အာတိဒေါသိကံ-ပုဒ်၌ ဆိုခဲ့ပြီး ဝစနတ္ထတမျိုးသာ ဖြစ်နိုင်ပါသလော။ မည်သို့ ဝစနတ္ထဖြစ်နိုင်သေးသနည်း။ အတိ-သည် အတိဘဝန-အနက်တမျိုးသာ၊ ဒေါသသည် အပြစ်ဒေါသ-အနက်တမျိုးကိုသာ ဟောနိုင်ပါသလော။ အခြားမည်သည့်အနက်များကို ဟောနိုင်ပါသေးသနည်း။ စုဒ်-ကြောင့်-(ဃ) ဝါကျကိုမိန့်၏ (မအူသျှနှင့် အညီတက်သည်)

၃။ (ဂ) သည် အာတိဒေါသိကပုဒ်၏ သဘာဝတ္ထမှတပါး ပဒတ္ထ၊ ဝစနတ္ထကို ပြသောကြောင့် ပကန္တရ။

(တနည်း၊) ပဒတ္ထ၊ ဝစနတ္ထ အကျယ်ကို ပြသောကြောင့် ဝိတ္ထာရ။

(ဃ) သည် အာတိဒေါသိက-ပုဒ်၏ အခြားဖြစ်သင့်သော ဝစနတ္ထတမျိုးပြ-ပကန္တရ။

(င) သည် ဒုန္တစ္ဆေဒန၊ ပဒါဝဓိကန္တမှ တပါး ဒုန္တသောနေ၊ ဝါကျာဝဓိကန္တပြ-ပကန္တရ။

(တနည်း၊) ပါဠိတော်၌ ဆရာပြဆိုသကဲ့သို့ပင် ပဋ္ဌမန္တနှင့် ရှိပါသလော-ဟု စောဒနာဘွယ်ရှိ၍---သက် ဝါကျရမ္ဘ။

http://www.dhammadownload.com



**※ ဒန္တသောစနေ၊ ဟူလ်ဘ၊ ပဏ္ဏန္တရ ဝါဏ္ဏာရမ္မ-ယျမြ၊**

၄။ "အယံ အဇ္ဈတ္တိကော" တိ ဇာနန္တီတိ ဉာတိ။ (သာရတ္ထ၊ ဒု၊ ၃).

ဉာ-ဓာတ်၏အရ ဤသူကား အတွင်းသူ အတွင်းသား ဆွေမျိုးတည်းဟုသိသော သညာပြစာန်းသော စိတ္တုပ္ပါဒ်သည်-မုချအားဖြင့်ရ၏။

ရှေးရှေး၌ဖြစ်သော စိတ္တုပ္ပါဒ်သည်-ဖလူပစာအားဖြင့်ရ၏။

နောက်နောက်၌ဖြစ်သော အကျိုးစီးပွားကိုပြီးစေသော အခြင်းအရာအားဖြင့် ဖြစ်သော စိတ္တုပ္ပါဒ်သည်-ကာရဏူပစာအားဖြင့်ရ၏။

တိ-ပစ္စည်းအအရကား---ထို-သော ဆွေမျိုးဖြစ်ရ၏။

**(တနည်း)** "အယံ အဇ္ဈတ္တိကော" တိ ဉာယန္တီတိ ဉာတိ (သာရတ္ထ၊ ဒု၊ ၃)

ဉာ-ဓာတ်အရ-ကတ္တုရှု ကြိယာကား ဤသူကား အတွင်းသူ၊ အတွင်းသား ဆွေမျိုးတည်း-ဟု သိသော သညာပြစာန်းသော စိတ္တုပ္ပါဒ်သည်-မုချအားဖြင့်ရ၏။

ကမ္မရှု-ကား ထိုအားတတ်သော ဆွေမျိုးတို့၏ အာရမ္မဏပစ္စယသတ္တိသည်-ဖလူ။

တိ-အရကား ဆွေမျိုးတို့ဖြစ်ရ၏။

## ဝစနတ္ထမှတ်ဘွယ်

ဒု-ကုစ္ဆိတံ အသတိ ဘက္ခတီတိ ဒါသိ။ (ဒု+အသ+ဏ)

ဒီယန္တိ တာယာတိ ဝါ ဒါသိ။ ဒါ-ဒါနေ၊ သော ဤ၏။ (ဓာန်ငို၊ သူစိ)

ကုလတိ ပတ္တတိ ပတ္တရတီတိ ကုမ္မာသော။ (ကုလ+သက်) (ကွာဒိ-မောဂ်)

**(တနည်း)** ကုစ္ဆိတေန မသီယတိ အာမသီယတီတိ ကုမ္မာသော။ (ပါစိတ်ယော)

ယဝေဟိ+ကတော+ကုမ္မာသော ယဝကုမ္မာသော။

၅။ ယဝေါ၊ ယဝါ-စသည်ဖြင့် ပုရိသာဒိဂိုက်းစဉ်။

ကုမ္မာသ-၌ ကုလ-ဓာတ်ယူ၍ ကုလတိ၊ ကုလန္တိ-စသည်ဖြင့်စဉ်။

**(တနည်း)** ကုပုဗ္ဗ+မသ-ဓာတ်ယူ၍ မသတိ၊ မသန္တိ-စသည်ဖြင့် စဉ်လေ။

၆။ (က) ဖြင့် ဉာတိဒါသီ-ပုဒ်ကို ဉာတီနံ+ဒါသီ-ဉာတိဒါသီ-ဟု ဆဋ္ဌီတပ္ပုရိသ်ပြု-လည်းကောင်း၊ ဉာတိသည် ဉာတက၏ပရိယာယ်--လည်းကောင်း (ပရိယာယ်ပြ အဘိဓေယျတ္တ) သိစေ၏။

(ခ) ဖြင့် အာဘိဒေါသိက-ဟူသည် ပုပ်သိုးခြင်း အဖြစ်ဖြင့် ထုံအပ်သော တည်၍လွန်သော ပုပ်သောအစာအဟာရပင်တည်း-ဟု သိစေသည်။ (သဘာဝတ္ထ၊ တနည်း။ ကြား+ဘိ)။

(ဂ) ပူတိဘာဝဒေါသေန အဘိဘူတော-ဖြင့် အဘိဒေါသော-ကို ဒေါသေန+အဘိဘူတော အဘိဒေါသော-ဟု တတိယာအဖျယီသော (ဝါ) တတိယာတပ္ပုရိသ်ပြု--လည်းကောင်း၊ အဘိဒေါသော-၌ အဘိဉပသာရ၏ အဘိဘဝန အနက်ဟော--လည်းကောင်း၊ ဒေါသ-သဒ္ဒါ၏ အပြစ်ဒေါသဟူသော အနက်ဟော--လည်းကောင်း သိစေပါသည်။

အဘိဒေါသောဝ-ဖြင့် အာဘိဒေါသိကော-၌ ဏိက-ပစ္စည်း၏ သွတ္တတဒ္ဓိတ် အနက်၌သက်-- လည်းကောင်း၊ အဘိဒေါသောဝ အာဘိဒေါသိကော-ဟု ပြု--လည်းကောင်း သိစေပါသည်။

(ဃ) ဧကရတ္တာတိက္ကန္တဿ-ဖြင့် အာဘိဒေါသိကံ-၌ အဘိဥပသာရ၏ အတိက္ကမန-အနက်ဟော-- လည်းကောင်း၊ ဒေါသသဒ္ဒါ၏ ရတ္တိအနက်ဟော--လည်းကောင်း၊ ဒေါသံ+အတိက္ကန္တော အဘိဒေါသော-

http://www.dhammadownload.com



ဟု ဒုတိယာအဗျယီဘာဝ (ဝါ) ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္တပြု-လည်းကောင်း၊ ကိက-ပစ္စည်း သွတ္တတဒ္ဒိတ် အနက်၌ သက်--လည်းကောင်း သိစေပါသည်။ (မဏိသျှ)

(တနည်း) (ဃ) ကေရတ္တာတိက္ကန္တဿ-ဖြင့် အာဘိဒေါသိကော-၌ ကိကပစ္စည်း၏ အတိက္ကန္တတဒ္ဒိတ် အနက်၌သက်--လည်းကောင်း၊ အဘိဒေါသံ+အတိက္ကန္တော အာဘိဒေါသိကော ဟု အတိက္ကန္တတဒ္ဒိတ် ဝစနတ္တပြု--လည်းကောင်း၊ အဘိဒေါသသဒ္ဒါ၏ ကေရတ္တိ = တညဉ့် (ဝါ) ပစ္ဆိမသကာလ မိုးသောက်ယာမ်-ဟူသော အနက်ဟော--လည်းကောင်း သိစေပါသည်။ (သာရတ္ထ)

(င) ဖြင့် ပါဠိတော်ဝယ် ဒုတိယာဝိဘတ်ဖြင့် နေသည်၏ အဖြစ်ကို သိစေပါသည်။ (ဝိဘတ္တိပဒ)

(စ) ယဝကုမ္မာသံ-ဖြင့် ကုမ္မာသအရ မုဂ္ဂကုမ္မာသကို မယူရ၊ ယဝကုမ္မာသ-ကိုယူ--သိစေပါသည်။

## ၇။ အဘိဒေါသိက+အာဘိဒေါသိက

အဘိဒေါသိကော အာဘိဒေါသိကောတိစ ဒွေ ပါဌာ။ ကသ္မာ- ? ဒီဃဿ အနိစ္စတ္တာ-ဟု ပါရာယော။ ၁။ ၁၀၆။ ဆိုသောကြောင့် နှစ်ပါဌ်သင့်။

## ၈။ (စ) ကုမ္မာသ

(ဂ) ဖြင့် ပုဗ္ဗင်္ဂမော-၌ ပုဗ္ဗ-သဒ္ဒါ၏ ပဌမတ္ထ-ဟောသည်၏အဖြစ်ကို လည်းကောင်း၊ ပုဗ္ဗ-သဒ္ဒါ၏ အပါဒါန်ကား သဗ္ဗေဟိ (ဝါ) ပုဗ္ဗ-သဒ္ဒါ၏သမ္ဗန်ကား သဗ္ဗေသံ-ပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း၊ ပုဗ္ဗင်္ဂမော-၌ ဂမု-ဓာတ်၏ ဂတိ-အနက်ဟော-လည်းကောင်း၊ အ-ပစ္စည်း ကမ္မသာဓ အနက်၌သက်--လည်းကောင်း၊ အဂမီတိ ဂမော-ဟုပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို ပုဗ္ဗံ + ဂမော ပုဗ္ဗင်္ဂမော-ဟု (ကြိယာဝိသေသနတ္ထ) ဒုတိယာတပ္ပုရိသ်ဝဓနတ္ထ-ပြု--လည်းကောင်း၊ ပုဗ္ဗင်္ဂမော၌ ရှေးဦးစွာသွားတတ်သူ ဟူသည် မေထုန်အကျင့်ဟု ဆိုအပ်သောခရီးကို ရှေးဦးစွာ သွားတတ်သူပင်တည်း ဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေပါသည်။ (ဂ) ဖြင့် (ဘာဝတ္ထ)ကို သိစေ။

## ၇။ ဒွါရံ ဒဒေါ+ဒွါရဒါယကော

ဒွါရံ ဒဒေါ, ဒွါရဒါယကော-ပုဒ်တို့သည် ပစ္စည်းမျှသာထူး၍ အနက်အဓိပ္ပါယ်မထူးသောကြောင့် လည်းကောင်း၊ ဂဏ္ဌိသစ်၌ ဒွါရဒါယကော=ခရီးလမ်းကြောင်းကို ပေးတတ်သူသည်-ဟု ယောဇနာ၍ မအူသျှ၌ ဒွါရဒါယကော=အခွင့်ကိုပေးတတ်သောသူသည်ဟု ယောဇနာသောကြောင့် လည်းကောင်း၊ ရွှေဥမင်နိသျှ၌ ဒွါရံ=တံခါးကို။ ဒဒေါ=ပေးတတ်သူ-ဟု ယောဇနာ၍ ဘာသာဋီကာ၌ ဒွါရံဒဒေါ= လမ်းပေါက်ကို ပေးတတ်သူတည်းဟု ယောဇနာသောကြောင့် လည်းကောင်း ဒွါရံ ဒဒေါ။ ဒွါရဒါယကော နှစ်ပါဌ်လုံးသင့်သည်။

ယုတ္တတရမေးခဲ့သော်-အမတံ ဒဒေါ စသော ဟောတိ=ဟူသော သံယုတ်ပါဠိတော်နှင့် ပုဗ္ဗင်္ဂမောတိမဿ ဝိဝရဏံ ဒွါရံ-ဟူသော ယောဇနာတို့ကို ထောက်၍ ဒွါရံ ဒဒေါ-ပါဌ်သာ ယုတ္တတရဖြစ်၏ ဟုဖြေ။

## လေသံ + လီသံ

လေသံ လီသန္တိပဒဒွယံ ဝေဝစနံ-ဟူသော ပါရာယောဇနာကို ထောက်၍ နှစ်ပါဌ်လုံးသင့်၏ဟုဖြေ။

## ၈။ အကုသလာနံ ဓမ္မာနံ

အပေါင်းဖြစ်သော အကုသိုလ်ဓမ္မ ဟူသမျှတို့၏ "အကုသလာနံဓမ္မာနံ"-ဟူသော အမည်ကို အစိတ်ဖြစ်သော ရှင်သုဒိန်၏ မေထုန်မှီဝဲခြင်းဟူသော အကုသိုလ်ဓမ္မ၌တင် ကေဒေသူ။ ရှဋ္ဌိနည်း။

http://www.dhammadownload.com



**တော် မဋ္ဌ**

အတူဖြစ်သော ပကတိလမ်းကြောင်း၏ "မဋ္ဌ"-ဟူသောအမည်ကို အတူရှိသော မေထုန်အကျင့်၌တင် သဒိသူပစာ။

**မဏ္ဍနိယာ**

အပေါင်းဖြစ်သော မျောက်မတစ်ကောင်လုံး၏ "မဏ္ဍနိယာ"-ဟူသောအမည်ကို အစိတ်ဖြစ်သော မျောက်မ၏ ပဿာဝမဂ်၌တင် ကေဒေသူ။

**အာဒိကမ္မာ**

အပေါင်းဖြစ်သော လောက၌ မေထုန်အမှုကို အစစွာပြုသော ပထမကပ္ပိကပုဂ္ဂိုလ်၊ သာသနာ၌ မေထုန်အမှုကို အစစွာပြုသောရှင်သုဒိန်တို့၏ "အာဒိကမ္မာ"-ဟူသောအမည်ကို အစိတ်ဖြစ်သော သာသနာ၌ မေထုန်အမှုကို အစစွာပြုသူ ရှင်သုဒိန်၌တင် ကေဒေသူ။

( ပုဗ္ဗင်္ဂမော-၌လည်း အာဒိကမ္မါနည်းတူ ကေဒေသူ- တင်)

၁၀။ **နာနပ္ပကာရက** - အရ မေထုနပဋိသေဝန စသော အကုသိုလ်ဓမ္မကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၃၉)

(က) **ဒုဋ္ဌုလ္လအာပတ္တိ၊ ပ။ ကောသဇ္ဇဿ အင်္ဂါ အာသိတ္တာတိ** ဒုဋ္ဌုလ္လတာဒီနံ ဝတ္ထုဘူတဿ အသံဝရဿ အင်္ဂါ နိန္နံ ဂရုဟံ ဘာသိတ္တာတိ အတ္ထော။

(ခ) ယသ္မာ ဟိ အသံဝရေ ဋ္ဌိတဿ ပုဂ္ဂလဿ အတ္တာ ဒုဋ္ဌုလ္လတဥ္စေဝ ဒုပ္ပေါသတဉ္စ အာပဇ္ဇတိ၊ တသ္မာ အသံဝရော "ဒုဋ္ဌုလ္လတာ, ဒုပ္ပေါသတာ"တိ စ ဝုစ္စတိ။

(ဂ) ယသ္မာ ပန အသံဝရေ ဋ္ဌိတဿ အတ္တာ စတူသု ပစ္စယေသု မဟိစ္ဆတံ သိနေရုပ္ပမာဏေပိ စ ပစ္စယေ လဒ္ဓါ အသန္တုဋ္ဌိတံ အာပဇ္ဇတိ၊ တသ္မာ အသံဝရော "မဟိစ္ဆတာ, အသန္တုဋ္ဌိတာ"တိ စ ဝုစ္စတိ။

(ဃ) ယသ္မာစ အသံဝရေ ဋ္ဌိတဿ အတ္တာ ဂဏသင်္ဂဏိကာယ စေဝ ကိလေသသင်္ဂဏိကာယ စ သံဝတ္တတိ၊ ကောသဇ္ဇာနုဂတော စ ဟောတိ အဋ္ဌကုသီတဝတ္ထုပါရိပူရိယာ သံဝတ္တတိ၊ တသ္မာ အသံဝရော "သင်္ဂဏိကာ စေဝ, ကောသဇ္ဇဉ္စာတိ" ဝုစ္စတိ။

(ဌ။ ၁၈၇။ သာရတ္ထ၊ ဒု၊ ၂၄။ မအူသျှ၊ ဒု၊ ၈၁။ ဘာဋီ၊ ဒု၊ ၂၇၆။ ဂဏ္ဌိ။ ဒု။ ၄၄၅။)

၁။ ပိ - သဒ္ဒါ ဌာနနှ ဌာနပယောဂကြံ၍ (ဂ) ဝါကျကိုသာ အနက်ပေးပါ။
၂။ (ခ) အနုသန္ဓေ။ (ဃ) သာဘောဂပုစ္ဆာ တက်ပါ။
၃။ အထက်ပါ ဝါကျအားလုံးကို အကြောင်းပြု အမည်ပေးပါ။
၄။ မဟိစ္ဆတာ - ကို အစိတ် + အပေါင်း ဝစနတ္ထပြု၍၊ အပေါင်း၌ ဉာသ်နည်းကောက်ပါ။
၅။ သိနေရု-ကို နာမပဒမာလာ။ ယင်း၌ ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။
၆။ (က) ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

http://www.dhammadownload.com



၇။ အဋ္ဌကုသီတဝတ္ထု + အဋ္ဌကုသီဒဝတ္ထု + အဋ္ဌကုသီတဝတ္ထု -၃- ပါဠိတွင် သင့်ရာပါဠိကို အကြောင်းပြ ဆုံးဖြတ်ပါ။

၈။ ဒုဗ္ဗရတာ – ဒုပ္ပေါသတာတို့၌ ရသင့်သောနည်း + ဥပစာကို အကြောင်းပြ ဖြေပါ။

၁၀။ မဟိစ္ဆတာ – အရကို ကိုယ်ပြု၍ ပရိဝတ္တနဟာရနေတ္တိနည်း ထုတ်ပါ။

=======================

## ၁။ "ဝိ သဒ္ဒါ ဠာနာ ဠာနပယောဂကြံ၍ (ဂ) အနက်ပေးပုံ"

သိနေရုပ္ပမာဏေဟိ = မြင့်မိုရ်တောင်အတိုင်း အရှည်ရှိသည်လည်း ဖြစ်ကုန်သော။ ပစ္စယေ = တို့ကို။ လဒ္ဓါ = ၍။ (ဤကား ဝိ-သဒ္ဒါ ဠာနပယောဂ။)

**(တနည်း)** သိနေရုပ္ပမာဏေ=ကုန်သော။ ပစ္စယေ=တို့ကို။ လဒ္ဓါပိ=၍ကော်လည်း၊ အသန္တုဋ္ဌိတဥ္စ= ရောင့်ရဲခြင်းမရှိသည်၏ အဖြစ်သို့လည်းကောင်း၊ (ဤကား-ဝိ-သဒ္ဒါ စ-သဒ္ဒါ၊ အဋ္ဌာနပယောဂ။)

(က) ဒုဗ္ဗရတာဒိန်=မိမိသည် ဆင်းရဲသဖြင့် မွေးမြူအပ်သော ကိုယ်၏အဖြစ် အစရှိသည်တို့၏။ (ဝါ) ပစ္စယဒါယကာတို့သည် ဆင်းရဲသဖြင့် မွေးမြူအပ်သော ကိုယ်၏အဖြစ် စသည်တို့၏။ (မအူသျှ)

## ၂။ (က) အနုသန္ဓေ

ယခုအခါ၌ အကျိုးဖြစ်ကုန်သော ဒုဗ္ဗရတာ-စသည်တို့၏ အမည်ကိုအကြောင်းဖြစ်သော အသံဝရ၌ တင်စား၍ ဖလူပစာအားဖြင့် ဆိုတော်မူအပ်၏ဟူ၍ ပြလိုသော ဆရာသည် (က) မိန့်။ (မအူသျှ)

## (ခ) အနုသန္ဓေ

ဤသို့ (က) ဖြင့် ဒုဗ္ဗရတာ။ ပ။ ကောသဇ္ဇဿ-ဟူသော (၆)ပုဒ်တို့ အရ ဖလူပစာရအားဖြင့် အသံဝရကို ယူရမည်ကိုလည်းကောင်း, အဝဏ္ဏသဒ္ဒါ၏ နိန္ဒာအနက်ဂုရဟာ အနက်ဟောသည်၏အဖြစ်ကို လည်းကောင်း ပြဆိုပြီး၍၊ ယခုအခါ၌ အသံဝရကို ဒုဗ္ဗရတာ ဒုပ္ပေါသတာ-ဟု ဆိုအပ်ရာ၌ အကြောင်းနှင့်တကွ ချဲ့ပြလိုသောဆရာသည် (ဝါ) ယုတ္တိအားဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (ခ)မိန့်။

**မှတ်ချက်** ရှေး- မအူ, ဘာသာဋီကာ။ နောက်ကား- ယောနော။

## (ဂ) အနုသန္ဓေ

ဤသို့ (ခ) ဖြင့် အသံဝရကို ဒုဗ္ဗရတာ ဒုပ္ပေါသတာ-ဟုဆိုခြင်း၌ အကြောင်းနှင့်တကွ ချဲ့ပြပြီး၍၊ ယခုအခါ၌ အသံဝရကို မဟိစ္ဆတာ အသန္တုဋ္ဌိတာဟု ဆိုခြင်း၌ အကြောင်းနှင့်တကွ ချဲ့ပြလိုသော ဆရာသည် (ဂ) မိန့်။

## (ဃ) ပုစ္ဆာ

ဆရာ-သည် (ဂ) ဖြင့် ယကြောင်းဖြစ်သော အသံဝရကို မဟိစ္ဆတာဟူ၍ လည်းကောင်း, အသန္တုဋ္ဌိတာဟူ၍ လည်းကောင်း ဆိုအပ်၏ဟု အကြောင်းနှင့်တကွ ပြဆိုတော်မူ၏။ အသံဝရကို မဟိစ္ဆတာ၊ အသန္တုဋ္ဌိတာ-ဟူ၍သာ ဆိုအပ်ပါသလော။ အဘယ်ဟူ၍ ဆိုအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

၃။ (က) စသည် ပက္ခန္တရ။ ထိုတွင် ၁-သည် ဝိတ္ထာရ။ (မအူ၊ ဘာသာဋီ) (တနည်း) ယုတ္တိဒဠှီကရဏ (ယောနော။) ထိုတွင် ယသ္မာ တသ္မာကိုကြည့်၍ အနိယမ+နိယမ (သို့မဟုတ်) ကာရဏ+ဖလ-ဆက်ခွဲ။ (ဂ) ပက္ခန္တရ။ (ဃ) ပက္ခန္တရ။

http://www.dhammadownload.com



၄။ မဟန္တာနိ + ဝတ္ထူနိ ဣစ္ဆတီတိ မဟိစ္ဆော။ မဟာတိ + ဝါ ဣစ္ဆာ + အဿာတိ မဟိစ္ဆော။
မဟိစ္ဆဿ + ဘာဝေါ မဟိစ္ဆတာ။ (သာရတ္ထ)
မဟိစ္ဆ-ပုဒ်အရကား-များစွာသော ဝတ္ထုပစ္စည်းတို့ကို လိုချင်တတ်သောပုဂ္ဂိုလ် (ဝါ) အလိုရမက်ကြီးသော ပုဂ္ဂိုလ်သည် မှချ။
ထို၏ + ဖြစ်ကြောင်းဖြစ်ရာ အတိလောဘ စေတသိကနှင့် ဂုဏ + ဂုဏ်၊ ဌာန + ဌာနီစပ်-ဌာနူ။
တာ-ပစ္စည်းအရကား--အတိလောဘ စေတသိက်ရ၏။
ထိုသို့ပင်ရငြားသော်လည်း မဟိစ္ဆတာ-ပုဒ်သည် ဤ၌ ဖလူပစာ သဒ္ဒါဖြစ်သောကြောင့် ထိုလောဘ ဖြစ်ခြင်း၏အကြောင်းဖြစ်သော အသံဝရသည်သာ ပစာနအားဖြင့်ရ၏။ (ဘာသာဋီကာ။ ၂၇၈။)

## ဝစနတ္ထမှတ်ဘွယ်

ဘရိတဗ္ဗောတိ ဘရော။ ဒုက္ခေန+ဘရော ဒုဗ္ဘရော။
(ဒု-အရ ဒုက္ခဘောဂုဏ်၏+မွေးမြူအပ်သော ကိုယ်စိတ် နှင့် (ဝါ) ပုဂ္ဂိုလ် နှင့် ဂုဏ်+ဂုဏေးစပ်)
ဒုဗ္ဘရဿ ဘာဝေါ ဒုဗ္ဘရတာ။ (စေတသိကဒုက္ခရ၏။) အသံဝရ-ရအောင် ဖလူပစာရတ္ထဆက်ကောက်ပါ။
ပေါသေတဗ္ဗောတိ ပေါသော။ ဒုက္ခေန + ပေါသော ဒုပ္ပေါသော။
ဒုပ္ပေါသဿ + ဘာဝေါ ဒုပ္ပေါသတာ။ (ဒုဗ္ဘရတာနှင့် အတူကောက်)
ဝသတိ တွေ ဖလံ တဒါယတ္တဝုတ္တိတာယာတိ ဝတ္ထု။ (ဝသ+ ရတ္ထု) (သာရတ္ထ)
ဝသ-ဓာတ်အရ ကတ္တုဋ္ဌ- ကား အကျိုးပစ္စယုပ္ပန်တရားတို့၏ ဥပ္ပါဒဘောဂုဏ်သည် မှချ။
အဓိကရဏဋ္ဌ-ကား ဟေတု, သဟဇာတစသော ပစ္စယသတ္တိသည် ဖလူ။
ရတ္ထု-ပစ္စည်းအရကား---အကြောင်းတရားရ၏။
ဝတ္ထု + ဟုတွာ + ဘူတော ဝတ္ထုဘူတော။
သိနေရု ပမာဏံ ဧတေသန္တိ သိနေရုပ္ပမာဏာ။
ကုစ္ဆိတံ သီဒတီတိ ကုသီတော။ (ကု+ သီဒ+ အ)
ကု - အရကား - ကုစ္ဆိတဘောဂုဏ်ရ၏။ ထို၏ + ပျင်းရိသူဖြစ်နှင့် ဂုဏ် + ဂုဏေးစပ် ဌာနူ-၏။
သီဒ - ဓာတ်အရကား - ထိန မိဒ္ဓပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။
( ရှေးဖလူ။ နောက် ကာရကူ----ကောက်ပါ။ )
အ - ပစ္စည်းအရလည်းဖြစ်သော ကုသီတ - ပုဒ်လုံးအရကား - ပျင်းရိသူဖြစ်ရ၏။
ထိုသို့ပင်ရငြားသော်လည်း ကုသီတပုဒ်သည် ဤ၌ ဘာဝပစ္စာန-ဘာဝလောပဖြစ်သောကြောင့် ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိနမိဒ္ဓပြဌာန်းသောစိတ္တုပ္ပါဒ်သည်သာပစာနအားဖြင့်ရ၏။ (သာရတ္ထ-ဒု- ၂၅-၅။)
ကုသီတဿ+ ဝတ္ထု ကုသီတဝတ္ထု။
သတ္တေဟိ ကိလေသေဟိ စ သင်္ဂဏန္တိ သမောဓာနံ သင်္ဂဏိကာ။ (သာရတ္ထ)
သံ - အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။
ဂဏ-ဓာတ်အရကား သတ္တဝါတို့နှင့်လည်းကောင်း,ကိလေသာတို့နှင့်လည်းကောင်း ပေါင်းစည်းစုဝေးခြင်း ဟူသော ထိနမိဒ္ဓပြဌာန်းသော စိတ္တုပ္ပါဒ်ရ၏။
ဏွုအရလည်း---စိတ္တုပ္ပါဒ်ပင်ရ၏။ (အသံဝရအောင် ဖလူပစာရတ္ထ ဆက်ကောက်)
ကုစ္ဆိတံ သီဒတီတိ ကုသီတော။ ကုသီတဿ + ဘာဝေါ ကောသဇ္ဇံ။
အနုက္ကမေန + ဂတော အနုဂတော။ ကောသဇ္ဇံ + အနုဂတော ကောသဇ္ဇာနုဂတော။

http://www.dhammadownload.com



**သံဝရတီတိ သံဝရော။**
(အကုသိုလ်တရားတို့ကို ပိတ်ဆို့တတ်သော ပါတိမောက္ခသံဝရစသော သံဝရတရား ငါးပါးရ၏။)
**န+သံဝရော အသံဝရော။**
(န-အရ ဝိရုဒ္ဓဘောဂုဏ်ရ၏။ အသံဝရ-အရ အကုသိုလ်စိတ္တုပ္ပါဒ်နှင့် ဂုဏ် + ဂုဏေးစပ်ကောက်။)

၅။ သိနေရု၊ သိနေရူ - စသည် ပုံလိုင် ရတ္တာဒိစဉ်။
သိနာ - ဓာတ်ယူ၍ သိနာတိ သိနန္တိ သိနာသိ သိနာထ သိနာမိ သိနာမ - ဟုစဉ်။

၆။ (က) ဒုဗ္ဗရတာဒိနံ ဝတ္ထုဘူတဿ အသံဝရဿ-ဖြင့် ဒုဗ္ဗရတာ။ ပ ။ ကောသဇ္ဇံဟူသော ခြောက်ပုဒ်တို့အရ ဖလူပစာရတ္တအားဖြင့် အသံဝရကိုယူရမည်-ဟု သိစေ။
နိန္ဒ-ဖြင့် အဝဏ္ဏ-သည် နိန္ဒ-၏ ပရိယာယ် (တနည်း) အဝဏ္ဏသဒ္ဒါ-နိန္ဒာအနက်ဟော၏-ဟု သိစေ။ ဂရဟ်-ဖြင့် နိန္ဒာ-သည် ဂရဟာ-၏ ပရိယာယ် (တနည်း) ဂရဟာ-အနက်ဟော၏ဟု သိစေသည်။ (ဃ) ဂဏသင်္ဂဏိကာယစေဝ ကိလေသသင်္ဂဏိကာယစ-ဖြင့် သင်္ဂဏိကာပုဒ်ကို သတ္တေဟိ ကိလေသဟိစ သင်္ဂဏနံ သမောဓာနံ သင်္ဂဏိကာ-ဟုဝစနတ္ထပြု၍ သင်္ဂဏိကာအရ ဂဏသင်္ဂဏိက ကိလေသသင်္ဂဏိက-ကို ယူရမည်ဟု သိစေ။ (သာရတ္ထ)

၇။ **အဋ္ဌကုသိတဝတ္ထု + အဋ္ဌကုသိဒဝတ္ထု + အဋ္ဌကုသိတဝတ္ထု**

အဋ္ဌကုသိတဝတ္ထုပါဠိပုရိယာတိတ္တေ ကုစ္ဆိတံ သီဒတီတိ ကုသီတော၊ ဒကာရဿ တကာရံ ကတွာ။ ဟူသောသာရတ္ထ-ဒု-၂၅-နှင့် သဒဒဿ သီဒတ္တံ (ကစ္စည်း) ဝီရိယေနာဓိကဋ္ဌမ္ဘဿ အတ္ထဿ အလာ-ဘတော ကုစ္ဆိတေနာကာရေန သီဒတီတိ ကုသီတော၊ ကုသီတောတိစေတ္ထ ဒဿ + တတ္တံ၊ သုဂတောတိတ္တေဝိယ။ နီတိဓာတု တို့ကိုထောက်၍ ကုပုဗ္ဗ + သီဒ-ဓာတ်-အ-ပစ္စည်း၊ ဒ-ကို တ-ပြု၍ ရုပ်ပြီးသောကြောင့် ကုသီတ-ဟုရှိသော ပါဌ်သာသင့်သည်။

**သိနေရုပ္ပမာဏော+သိနေရုပမာဏော**

ဒွေဘော်ဌာနဖြစ်သောကြောင့် ဒွေဘော်နှင့်ရှိသောပါဌ်သာ သင့်သည်။

**ဒုဗ္ဘရတာ+ ဒုဘရတာ။ ဒုပေ္ပါသတာ+ ဒုပေါသတာ**

ဥဒုနိနောက်၊ ဒွေဘော်ရောက်၊ မဖောက် ကေန်မြဲ နီယံကိုထောက်၍ ဒွေဘော်နှင့်ရှိသော ပါဌ်သာသင့်၏။

**ဝတ္ထုဘူတဿ+ ဝတ္ထုဘူတဿ**

ဝတ္ထုဘူတဿာတိ ကာရဏဘူတဿ။ (သာရတ္ထ) ကိုထောက်၍ ဤဒွိ ကာရဏ-အနက်ကို အလိုရှိရကား ဝတ္ထုဘူတဿ-ဟုရှိသော ပါဌ်သာသင့်သည်။ (သာရတ္ထ-ဒု-၂၄။)

၈။ **ဒုဗ္ဘရတာ, ဒုပေ္ပါသတာ**

အကျိုးဖြစ်သော စေတသိကဒုက္ခ၏ "ဒုဗ္ဘရတာ, ဒုပေ္ပါသတာ"-ဟူသော အမည်ကို အကြောင်းဖြစ်သော အသံဝရ၌တင်-ဖလူပစာ။ အဝိနာဘာဝနည်း။

✤ **ယံ အသံဝရံ ပဋိစ္စ ဒုဗ္ဘရတာ ဒုပေ္ပါသတာတိ ဟောတိ၊ သော အသံဝရော ဒုဗ္ဘရတာဒိသင်္ခေန ဝုတ္တော ကာရဏေ ဖလူပစာရေနာတိ အာဟ "ဒုဗ္ဘရတာဒိနံ ဝတ္ထုဘူတဿ အသံဝရဿာ" တိ (သာရတ္ထ)**

**အမှာ** ဘာသာဋီကာ (ဒု- ၂၇၆)အလို အကျိုး-ဇီဇာကြောင်ခြင်း၏ "ဒုဗ္ဘရတာ" အမည်ကို အကြောင်း အသံဝရ၌တင်လေ။

http://www.dhammadownload.com



## (ခ) ဝါကျ ပုဂ္ဂလဿ အတ္တာ

ပုဂ္ဂလနှင့် အတ္တ သဒ္ဒါတို့မှာ သဘောတူပင်ဖြစ်၍ ပုဂ္ဂလဿ+အတ္တာ-ဟု သမ္ဗန်+သမ္ဗန္ဓီ ဆိုခြင်းကား အဘေဒဘေဒူပစာ။ (တနည်း) အတ္တ-အရ စိတ်ကိုကောက်ရာ၌ ဌေဒေသူပစာကြ။ ဘာသာဋီကာ-ဒု၊ ၂၇၈-၅)

**အတ္တာတိ စိတ္တံ သရီရဥ္စ၊ စိတ္တမေဝဝါ။ (သာရတ္ထ- ဒု၊ ၂၄)**

အထက်ပါ ဋီကာအဖွင့်နှစ်နည်းတွင် စိတ္တံ သရီရဥ္စ-ဟူသော အဖွင့်အရ အတ္တာစ အတ္တာစ အတ္တာ-ဟု အနက်ကွဲ,သဒ္ဒါတူ ဧကသိသ်ပြုရသောကြောင့် ဧကသေသနည်း။ သာမညနိဒ္ဒေသနည်း ရသည်။ အတ္တဒ္ဒါရ အတ္တနိဒ္ဒေသရနေကျအတိုင်း ကိုယ်,စိတ်-ဟူသော အနက်-၂-မျိုးကိုသာ ယူရသောကြောင့် ဌေဒေသူပစာရသည်။

## (ဂ) မဟိစ္ဆတာ၊ အသန္တုဋ္ဌိတာ

အကျိုးဖြစ်သော အလိုရမ္မက်ကြီးသူ၏ ဖြစ်ကြောင်းဖြစ်ရာ လောဘစေတသိက်၏ (ဝါ)လောဘ ပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်၏ **"မဟိစ္ဆတာ အသန္တုဋ္ဌိတာ"**-ဟူသော အမည်ကို အကြောင်း ဖြစ်သော အသံဝရ-၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

## သင်္ဂဏိကာ၊ ကောသဇ္ဇံ

အကျိုးဖြစ်သော ပျင်းရိသူ၏ ဖြစ်ကြောင်းဖြစ်ရာ ထိန မိဒ္ဓ၏ (ဝါ) ထိနမိဒ္ဓပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်၏ **"သင်္ဂဏိကာ ကောသဇ္ဇ"**-ဟူသောအမည်ကို အကြောင်းဖြစ်သော အသံဝရ-၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

## အဋ္ဌကုသီတဝတ္ထူ

အကျိုးဖြစ်သာ ပျင်းရိသော ပုဂ္ဂိုလ်၏ **"ကုသီတ"**-ဟူသောအမည်ကို အကြောင်းဖြစ်သော ထိနမိဒ္ဓပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်၌တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

**ယဿ မွေဿ ဝသေန ပုဂ္ဂလော "ကုသီတော" တိ ဝုစ္စတိ၊ သော ကုသီတဘာဝေါ တ္တစ ကုသီတ-သဒ္ဒေန ဝုတ္တော။ (သာရတ္ထ)**

**မဟိစ္ဆတာ**-အရ အလိုရမ္မက်ကြီးသူ၏ ဖြစ်ကြောင်းဖြစ်ရာ လောဘပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

# ဝါကျဥယျာဉ် (၄၀)

**ဘိက္ခူနံ တဒနုစ္ဆဝိကံ တဒနုလောမိကန္တိ** တတ္ထ သန္နိပတိတာနံ ဘိက္ခူနံ၊
ယံ ဣဒါနိ သိက္ခာပဒံ ပညပေဿတိ၊ တဿ အနုစ္ဆဝိကဉ္စေဝ အနုလောမိကဉ္စ။
ယော ဝါ အယံ သုဘရတာဒီဟိ သံဝရော ဝုတ္တော၊ တဿ အနုစ္ဆဝိကဉ္စေဝ အနုလောမိကဉ္စ၊
သံဝရပ္ပဟာနပ္ပဋိသံယုတ္တံ အသုတ္တန္တဝိနိမုတ္တံ ပါဠိဝိနိမုတ္တံ ဩက္ကန္တိကမ္ပေဒေသနံ ကတွာတိ အတ္ထော။
(၄။ ၁၈၈။ သာရတ္ထ၊ ဒု။ ၂၉။ မဒူသျ။ တ။ ၈၅။ ဘာသာဋီ၊ ဒု။ ၂၈၃။)

http://www.dhammadownload.com



၁။ (က) ကို သမ္ဗန္ဓာမ်အစွဲမှန်ကန်စေလျက် လည်းကောင်း (င) ကို သံဝရပ္ပဟာန-ပုဒ်၏ သရူပတ္ထ ထင်စေလျက် လည်းကောင်း ကျနစွာအနက်ပေးပါ။

၂။ (ခ) ကို ဝိသေသာနုသန္ဓေတက်၍ (ဂ) ကို သာဘောဂပုစ္ဆာတက်ပါ။

၃။ ခ-ဂ-ဃ- တို့ကို အကြောင်းပြ အမည်ပေးပါ။

၄။ အသုတ္တန္တဝိနိဗဒ္ဓ- ကို ဝစနတ္ထပြု၍ ညာသ်နည်းကောက်ပါ။

၅။ (က) သန္နိပတိတာနံ (ခ) သုဘရတာဒိဟိ-၌ သုဘရ-ပုဒ်တို့ကို ဓာတု ဓာတွတ္ထ ပစ္စယ ပစ္စယတ္ထ၊ လိင်-ဝေဘန်ပြပါ။

၆။ က-ခ-ဂ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။

၇။ အသုတ္တန္တဝိနိဗဒ္ဓ+ အသုတ္တန္တနိဗဒ္ဓ---သင့်ရာပါဠ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ (က) သံဝဏ္ဏေတဗ္ဗ ဘိက္ခူနံ-၌ ဉပစာ။ (ဃ) ဝါကျ ပါဠိဝိနိမုတ္တ-၌ ဖြစ်သင့်သောနည်းတို့ကို အကြောင်းပြဖြေပါ။

၁၀၊ သံဝရပ္ပဟာနပဋိသံယုတ္တံ-၌ ပဟာနအရတရားကို ပြည့်စုံစွာဖော်ပြ၍၊ နောက်ဆုံးပဟာနတရားကို ခန္ဓာ တရကဏဟာရနေတ္တိ နည်းထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = = = = =

၁။ (က) တတ္ထ-တသ္မိံဌာနေ = ထိုကဲ့ရဲ့တော်မူရာဖြစ်သောအရပ်၌။ သန္နိပတိတာနံ = ကုန်သော။ ဘိက္ခူနံ=တို့အား။ (ဓမ္မဒေသနံ ကတ္ထာ- ၌စပ်)

(င) သံဝရပ္ပဟာနပဋိသံယုတ္တံ=သီလသံဝရ သတိသံဝရ ဉာဏသံဝရ ခန္တီသံဝရ ဝီရိယသံဝရတို့၏ အစွမ်းအားဖြင့် ငါးပါးကုန်သောသံဝရ,တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် သမုစ္ဆေဒပဟာန် ပဋိပဿဒ္ဓိပဟာန် နိဿရဏပဟာန်တို့၏ အစွမ်းအားဖြင့် ငါးပါးကုန်သော ပဟာန်တို့နှင့်ယှဉ်သော။ (မအူသျှ)

၂။

## (ခ) အနုသန္ဓေ

ဤသို့ (က) ဖြင့် ဘိက္ခူနံ-ဟု သာမညအားဖြင့် ဟောတော်မူအပ်သော်လည်း ဘိက္ခုသံဃ သန္နိပါတာပေက္ခာ-ဟူသော ရှေးစကားကိုထောက်၍ ဘိက္ခူနံ-အရ စည်းဝေးစေအပ်ကုန်သော ရဟန်း တို့ကိုသာ ယူရမည်ဟုပြပြီး၍၊ ယခုအခါ၌ တဒနုစ္ဆဝိကံ တဒနုလောမိကံပုဒ်တို့၌ တ-သဒ္ဒါတို့၏ (ဆိုလတ့်သော သိက္ခာပဒံ ပညာပေဿတိ-ပါဌ်ကိုငဲ့သော) ဝုစ္စမာနာပေက္ခ၏ အဖြစ်ကိုလည်းကောင်း၊ တဒနုစ္ဆဝိကံ တဒနုလောမိကံ-ပုဒ်တို့၏ စတုတ္ထီတပ္ပုရိသ်သမာသ်၏ အဖြစ်ကိုလည်းကောင်း ပြတော်မူ လိုသော ဆရာသည် (ခ) မိန့်။ (မအူသျှ)

✦

**တဒနုစ္ဆဝိကံ တဒနုလောမိကန္တိ ဧတ္ထ တ-သဒ္ဒေါ ဝက္ခမာနာပေက္ခော အတီတာပေက္ခော ဟောတီတိ အာဟ "ယံ ဣဒါနိ သိက္ခာပဒံ ပညာပေဿတိ" တိ အာဒိ။ (သာရတ္ထ)**

## (ဂ) သာဘောဂပုစ္ဆာ

ဆရာ-သည် (ခ) ဝါကျဖြင့် တဒနုစ္ဆဝိကံ တဒနုလောမိကံ-ပုဒ်တို့၌ တ-သည် ဝုစ္စမာနာပေက္ခ-ဟုပြဆိုတော်မူ၏။ ယင်းတ-သည် ဝုစ္စမာနာပေက္ခတမျိုးသာ ဖြစ်နိုင်ပါသလော။ မည်သည့် တ-ဖြစ်နိုင်ပါသေးသနည်း။ စုဒ်ကြောင့်(ဂ)မိန့်။

**အစိပ္ပါယ်ကား----ဆိုခဲ့ပြီး သံဝရကိုငဲ့သော ဝုတ္တာပေက္ခ (အတီတာပေက္ခ) ပဏ္ဏတ္တိဝိသယတလည်း ဖြစ်နိုင်ပါသေး၏ ဟူလိုသောဝ်။ (သာရတ္ထ) (မအူ)**

http://www.dhammadownload.com



## (ဃ) အနုသန္ဓေ

ဤသို့ က-၁-ဂ-ဖြင့် ဘိက္ခုနီ တဒနုတ္ထိက တဒနုလောမိက်-ပုဒ်တို့၏ အဖွင့်ကိုပြပြီး၍၊ ယခုအခါ၌ ဓမ္မိ ကထံ ကတ္ထာ-ပုဒ်၏ အဖွင့်ကိုပြလိုသော ဆရာသည် (ဃ) မိန့်၏။

၃။ ၁-သည် ဘိက္ခုနီ-ပုဒ်၏ အဖွင့်မှတပါး တဒနုတ္ထိက တဒနုလောမိက်-ပုဒ်တို့၏အဖွင့်ကို ပြသောကြောင့် ပက္ခန္တရ။ ဂ-သည် တ-သဒ္ဒါ၏ ဝုစ္စမာနာပေက္ခအနက်မှတပါး ဝုတ္တာပေက္ခ (အတီတာပေက္ခ) အနက်တမျိုးကို ပြသောကြောင့် ပက္ခန္တရ။

၄။ သုတ္တန္တေသု ဝိနိဗဒ္ဓါ သုတ္တန္တဝိနိဗဒ္ဓါ။ န သုတ္တန္တဝိနိဗဒ္ဓါ အသုတ္တန္တဝိနိဗဒ္ဓါ။
န- အရကား ပဋိသေဓဗောဂုဏ်ရ၏။
ထို၏ + ပါဠိတော်၌မတက်ရောက် (မပါဝင်) သော ပကိဏ္ဏကဓမ္မဒေသနာနှင့် (ဝါ) သုတ္တန် အဘိဓမ္မာ ပါဠိတော်သို့မတက်ရောက်သော ဒေသနာနှင့် ဂုဏ် + ဂုဏီ - စပ် ဌာန။
အသုတ္တန္တဝိနိဗဒ္ဓ-အရကား---ပါဠိတော်၌ မတက်ရောက်သော (မပါဝင်သော) ပကိဏ္ဏက ဓမ္မဒေသနာ (ဝါ) သုတ္တန် အဘိဓမ္မာပါဠိတော်သို့ မတက်ရောက်သော ဒေသနာရ၏။ (ဝိသေသန ဆက်ကောက်)

◆ **အသုတ္တန္တဝိနိဗဒ္ဓန္တိ သုတ္တန္တေသု အနိဗဒ္ဓံ၊ ပါဠိ အနာရုဠ္ဟန္တိ အတ္ထော၊ ပကိဏ္ဏကဓမ္မဒေသနာ ဟိ သဝံ ဟံ န အာရောဟတိ။ အထဝါ အသုတ္တန္တဝိနိဗဒ္ဓန္တိ သုတ္တာဘိဓမ္မပါဠိ အနာရုဠ္ဟဘာဝံ သန္ဓာယ ဝုတ္တံ။ (သာရတ္ထ-၃-၃၁။)**

## ဝစနတ္ထမှတ်ဆွယ်

သံဝရတိ ပိဒဟတိ နိဝါရေတီတိ သံဝရော။ (သာရတ္ထ)
သံ - အရကား ဓာတွတ္ထာနုဝတ္တက ဗောဂုဏ်ရ၏။
ဝရ-ဓာတ်အရကား---ကာယဒုစရိုက် စသည်တို့ကို စောင့်စည်းပိတ်ပင်တတ်သော သံဝရတရား ငါးပါးတို့၏ သတ္တိ လက္ခဏ သဘာဝရ၏။
အ-ပစ္စည်းအရကား---သတ္တိမန္တ လက္ခဏဝန္တ သဘာဝန္တဖြစ်သော သံဝရတရားငါးပါး ရ၏။
သံဝရာစ ပဟာနာနိစ သံဝရပ္ပဟာနာနိ။ တေဟိ + ပဋိသံယုတ္တာ သံဝရပ္ပဟာနပဋိသံယုတ္တာ။
ဥက္ကန္တံ ဩတရဏံ ဥက္ကန္တိ။ ဥက္ကန္တိယာ + နိယုတ္တော ဩက္ကန္တိကော။
ဩက္ကန္တိကောစသော ဓမ္မောစာတိ ဩက္ကန္တိကဓမ္မော။
ဩက္ကန္တိကဓမ္မဿ ဒေသနာ ဩက္ကန္တိကဓမ္မဒေသနာ။
(ဩက္ကန္တိကဓမ္မ-အရ ပါဠိတော်သို့ သက်ဝင်သော ဓမ္မ၏+ဟောကြားခြင်းကြိယာနှင့် ကမ္မ+ ကမ္မီစပ်)
ပါဠိတော + ဝိနိမုတ္တာ ပါဠိဝိနိမုတ္တာ။
ပါဠိ - အရ ဝိနည်း ပါဠိတော်သည် မှချ။
ထို၏ + လွတ်သော (ဝါ) မတက်ရောက်သော ဒေသနာနှင့် အပါဒါန် + အပါဒါနီစပ်---ဌာန။
ပါဠိဝိနိမုတ္တ-ပုဒ်လုံးအရကား-ဝိနည်းပါဠိတော်မှ လွတ်သောဒေသနာရ၏။ (ဝိသေသနဆက်ကောက်)
သာဒေတီတိ သဝိ။ (သဒ+ ရဝိ) (ကွာဒိဗောဂ်။) သဝိ အနုဂတံ အနုတ္ထဝိ။ (အဗျယီဘော)
အနုတ္ထဝိဝေ အနုတ္ထဝိကာ။ တဿ + အနုတ္ထဝိကာ တဒနုတ္ထဝိကာ။ (တံ)
တ-အရ ထိုယခုပညတ်လတ်သော သိက္ခာပုဒ်သည် မှချ။
(ဝါ) သုဘာဝတာ-စသည်တို့ဖြင့် ဆိုခဲ့ပြီးသော သံဝရသည် မှချ။
ယင်း၏ + လျောက်ပတ်သော တရားစကားနှင့် အင်္ဂါ + အင်္ဂါဝစ်---ဌာန။

http://www.dhammadownload.com



တဒနုစ္ဆဝိက-ပုဒ်လုံးအရကား ယခုပညတ်လတံ့သော သိက္ခာပုဒ်အား လျှောက်ပတ်သော (ဝါ) သုဘရတာ - စသည်တို့ဖြင့် ဆိုအပ်ခဲ့ပြီးသော သံဝရအားလျှောက်ပတ်သော တရားစကားရ၏။

၅။ **သန္နိပတိတာနံ** = ကား သံ့ရှေး + နိရှေး + ပတဓာတ် + ကျခြင်းအနက်၊ တ - ပစ္စည်း။ ကတ္တုသာဓနတ္တ။ ပုံလိင် ။

**သုဘာရ** = ကား သု + ဘရဓာတ်-မွေးမြူခြင်းအနက်၊ အ-ပစ္စည်း၊ ကမ္မသာဓနတ္တ။ ပုံလိင်ဖြစ်ပါသည်။

၆။ (က) တတ္တ သန္နိပတိတာနံ-ဖြင့် ဘိက္ခူနံ-အရ မြတ်စွာဘုရား ကဲ့ရဲ့တော်မူရာအရပ်၌ စည်ဝေးကြကုန်သော ရဟန်းတို့ကို ယူရမည်ဟု သိစေ။

(ခ) ယံ ဣဒါနိ သိက္ခာပဒံ ပညာပေဿတိ-ဖြင့် တဒနုစ္ဆဝိကံ တဒနုလောမိကံ၌ တ-သဒ္ဒါသည်- ဝုစ္စမာနာပေက္ခဖြစ်၍ ယခုပညတ်လတံ့သော သိက္ခာပုဒ်ကို စွဲယူသုံးသပ်သတည်းဟု သိစေ။

တဿ + အနုစ္ဆဝိကံ-ဖြင့် တဒနုစ္ဆဝိကံ-ပုဒ်ကို ဆဋ္ဌီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု-လည်းကောင်း၊ တအနုစ္ဆဝိက-ဟုဆိုလိုလျက် သမာသ်ဖြစ်၍ တ-အထက်၌ နိဂ္ဂဟိတ်လာ၊ နိဂ္ဂဟိတ်ကို ဒ-ပြု၍- တဒနုစ္ဆဝိကံ-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်းသိစေပါသည်။

တဿ အနုလောမိကံ-ဖြင့် (တဿ အနုစ္ဆဝိကံ- နှင့် အတူဖော်လေ။)

(ဂ) ယော အယံ သုဘရတာဒီဟိ သံဝရော ဝုတ္တောဖြင့် တဒနုစ္ဆဝိကံ တဒနုလောမိကံ၌ တ- သဒ္ဒါသည် ဝုတ္တာပေက္ခ (အတိတာပေက္ခ) ဖြစ်၍ သုဘရတာ-စသည်တို့ဖြင့် ဟောအပ်ပြီးသော သံဝရကို စွဲယူသုံးသပ်သတည်းဟု သိစေ။ (သမ္ဘာနာမလိင်္ဂတ္တ)

တဿ အနုစ္ဆဝိကဉ္စေဝ အနုလောမိကဉ္စ- ဖြင့် နည်းတူဖော်လေ။

(ဃ) သံဝရပ္ပဟာန ပဋိသံယုတ္တံ-ဖြင့် ဓမ္မိ-၌ ဓမ္မ-အရ သံဝရငါးပါး ပဟာန်ငါးပါးကိုယူ-- လည်းကောင်း၊ ဓမ္မိ-ပုဒ်ကို ဓမ္မေန ပဋိသံယုတ္တာ ဓမ္မိ-ဟု ပဋိသံယုတ္တတဒ္ဓိတ်ဝစနတ္ထပြု--လည်းကောင်း၊ ဣ-ပစ္စည်း ပဋိသံယုတ္တတဒ္ဓိတ် အနက်၌သက်သည်ကို လည်းကောင်း သိစေ။

ဩက္ကန္တိကဓမ္မဒေသနံ-၌ ဒေသနံ-ဖြင့် ကထံ-၌ ကထ-ဓာတ်၏ ကထန-အနက်ဟော--- လည်းကောင်း၊ အ-ပစ္စည်း ကမ္မသာဓနအနက်၌ သက်--လည်းကောင်း၊ ကထီယတေတိ ကထာ- ဟုပြု--လည်းကောင်း (တနည်း၊) ကထာ-သည် ဒေသနာ၏ ပရိယာယ်----လည်းကောင်း သိစေ။

(ဃ) တစ်ဝါကျလုံးဖြင့် ဓမ္မိကထံ-အရ သံဝရပ္ပဟာန ပဋိသံယုတ္တ အသုတ္တန္တဝိနိဗဒ္ဓ ပါဠိဝိနိမုတ္တ ဖြစ်သော ဩက္ကန္တိကဓမ္မဒေသနာ-ကို ယူရမည်ဟု သိစေ။

## ၇။ အသုတ္တန္တဝိနိဗဒ္ဓံ + အသုတ္တန္တနိဗဒ္ဓံ

အသုတ္တန္တနိဗဒ္ဓံ=ပါဠိတို့၌ မဖွဲ့မသီအပ်သော (ဝါ) ပါဠိ၏ အစွမ်းဖြင့် မဖွဲ့မသီ မစီမရင်အပ်သော ဟုဂဏ္ဌိသစ် ဆိုသောကြောင့်လည်းကောင်း၊ အသုတ္တန္တနိဗဒ္ဓံ = သုံးပုံကုန်သော ပိဋကပါဠိတော်တို့၌ သင်္ဂါယနာတင်ခြင်းဖြင့် မဖွဲ့အပ်သော-ဟု မအူနိသျ ဆိုသောကြောင့်လည်းကောင်း၊ အသုတ္တန္တနိဗဒ္ဓံ=ပါဠိ တော်တို့၌ မဖွဲ့စပ်အပ်သော။ (တနည်း၊)သုတ္တန် အဘိဓမ္မာပါဠိတော်တို့၌ မစပ်ဖွဲ့ အပ်သော-ဟု ဘာသာဋီကာ ဆိုသောကြောင့်လည်းကောင်း၊ အသုတ္တန္တဝိနိဗဒ္ဓန္တိ သုတ္တန္တေသုအနိဗဒ္ဓံ၊ ပါဠိ အနာရုဠှန္တိ အတ္ထော-ဟု သာရတ္ထ ဆိုသောကြောင့်လည်းကောင်း၊ နိဗဒ္ဓ/ဝိနိဗဒ္ဓ-သဒ္ဒါတို့သည် ဝိဥပသာရပါ/မပါမျှသာထူး၍ ပရိယာယ်မျှဖြစ်ရကား ဖွဲ့သီခြင်းအနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း -၂-ပါဌ်လုံး သင့်သည်။

http://www.dhammadownload.com



**(က) ဘိက္ခုနံ တဒနုစ္ဆဝိကံ**

အပေါင်းဖြစ်သော ရဟန်းအားလုံးတို့၏ "ဘိက္ခုနံ"ဟူသောအမည်ကို အစိတ်ဖြစ်သော ကဲ့ရဲ့တော်မူရာ အရပ်၌ စည်းဝေးကုန်သောရဟန်းတို့၌ တင် ကေဒေသျှ။

**ပါဠိဝိနိမုတ္တံ**

အပေါင်းဖြစ်သော ဝိနည်း သုတ္တန် အဘိဓမ္မာပါဠိတို့၏ "ပါဠိ"-ဟူသောအမည်ကို အစိတ်ဖြစ်သော ဝိနည်း ပါဠိ၌တင် ကေဒေသျှ။

ဤ၌-ပါဠိဝိနိမုတ္တ-ဟူသောနည်းသည် ဆိုခဲ့ပြီးသော အသုတ္တန္တဝိနိဗဒ္ဓ-၌ သုတ္တန္တ-အရ သုတ္တန် အဘိဓမ္မာတို့မှကြွင်းသော ဝိနယပါဠိ-ကိုသာ(ပါဠိဝိနိမုတ္တံ-၌) ပါဠိ-အရယူရသောကြောင့်-ပါရိသေသနည်း။

✤ **အသုတ္တန္တဝိနိဗဒ္ဓန္တိ သုတ္တာဘိဓမ္မပါဠိ အနာရုဠ္ဟဘာဝံ သန္ဓာယ ဝုတ္တံ။ ပါဠိဝိနိမုတ္တန္တိ ဝိနယပါဠိ အနာရုဠ္ဟဘာဝံ သန္ဓာယ။ (သာရတ္ထ)။**

၁၀။ **ပဟာန**-အရ တဒင်္ဂပဟာန်=ဝိပဿနာဉာဏ်။ ဝိက္ခမ္ဘနပဟာန်=ဥပစာရသမာဓိ၊ (အပ္ပနာသမာဓိဈာန်)။ သမုစ္ဆေဒပဟာန် = မဂ်လေးပါး။ ပဋိပဿဒ္ဓိပဟာန် = ဖိုလ်လေးပါး။ နိဿရဏပဟာန် = နိဗ္ဗာန်။ ကိုယူ၍ ထိုတွင် နိဿရဏပဟာန်-ဟု ဆိုအပ်သော နိဗ္ဗာန်သည် ခန္ဓာဟူသော အရေအတွက်မှလွတ်၏။ ဤသို့ခန္ဓာ၌ သွင်းခြင်းသည် ခန္ဓေတရဏဟာရနေတ္တိမည်၏။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၄၁)

(က) **တေနဟိတိ တေန သုဒိန္နဿ အဇ္ဈာစာရေန ကာရဏဘူတေန။**
(ခ) **သိက္ခာပဒန္တိ ဧတ္ထ သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဇ္ဇတေ ဉာယတီတိ ပဒံ၊ သိက္ခာယပဒံ သိက္ခာပဒံ၊**
(ဂ) သိက္ခာယ အဓိဂမုပါယောတိ အတ္ထော။
(ဃ) အထဝါ မူလံ နိဿယော ပတိဋ္ဌာတိ ဝုတ္တံ ဟောတိ။
(င) မေထုနဝိရတိယာ မေထုနသံဝရဿေတံ အဓိဝစနံ။
(စ) မေထုနသံဝရော ဟိ တဒညေသံ သိက္ခာသင်္ခါတာနံ သီလဝိပဿနာဈာနမဂ္ဂဓမ္မာနံ ဝုတ္တတ္ထေနဝသေန ပဒတ္တာ ဣဓ သိက္ခာပဒန္တိ အဓိပ္ပေတော၊
(ဆ) အယဉ္စ အတ္ထော သိက္ခာပဒဝိဘင်္ဂေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။
(ဇ) အပိစ တဿတ္ထဿ ဒီပကံ ဝစနမ္ပိ သိက္ခာပဒန္တိ ဝေဒိတဗ္ဗံ။

(၄။ ၁၈၈။ သာရတ္ထ၊ ၂။ ၃၂။ ဝိမတိ။ ၁၀၅။ မအူသျှ၊ တ။ ၈၇။ ဘာသာဋီ၊ ဒု။ ၂၈၅။ ယောဇနာ၊ ၁၂၁။)

၁။ တေနဟိ သိက္ခာပဒံ-ဟူသော သံဝဏ္ဏေတဗ္ဗပါဠိကိုသာ သံဝဏ္ဏနာနှင့်အညီ ကျနစွာ အနက်ပေးပါ။
၂။ (င) ကို အနုသန္ဓေတက်၍၊ (စ) ဝါကျကို အာဘောဂါယုတ္တ စောဒနာတက်ပါ။
၃။ ဂ-စသော ဝါကျတို့ကိုအကြောင်းပြ အမည်ပေး၍ (စ) ဝါကျ မေထုနသံဝရော-ကို သဒ္ဒနယစာစပ်ပြပါ။

http://www.dhammadownload.com



၄။ ဃ-ဝါကျပါ မူလ်-ကို ဝစနတ္ထပြု၍ ညှိနည်း ကောက်ပြပါ။
၅။ စ-၌ သီလ ဝိပဿနာ ဈာန မဂ္ဂ-ပုဒ်တို့ကို ဓာတု ပစ္စယဝေဖန်၍ ဘာဝသမ္မန်ဖြစ်ထိုက်သောပုဒ်၏ လိင်ကိုလည်း ကျနစွာဆုံးဖြတ်ပါ။
၆။ က-ခ-ဂ-ဃ-ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဇ-၌ တဿတ္ထသ ဒီပကံ၊ တဒတ္ထသ ဒီပကံ၊ တဒတ္ထဒီပကံ-ဟု ပါဌ်သုံးမျိုးရှိခဲ့သော် သင့်ရာပါဌ်ကို အကြောင်းပြဖြေပါ။
၈။ သိက္ခာပဒံ-ဟူသော သံဝဏ္ဏေတဗ္ဗ၌ သံဝဏ္ဏနာအားလျော်စွာ ဖြစ်သင့်သော နယ္ယပစာရတို့ကို အကြောင်းပြဖြေပါ။
၁၀။ သိက္ခာပဒ- အရ တရားကို ပရိဝတ္တနပာရနေ့ထွိနည်းထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = = = = = = = = =

၁။

## "တေန ဟိ သိက္ခာပဒံ- ကို သံဝဏ္ဏနာနှင့် အညီအနက်ပေးပုံ"

တေန=ထိုသုဒိန်၏ မေထုန်အကျင့်ကို လွန်ကျူးကျော်နင်း၍ ကျင့်ခြင်းဟုဆိုအပ်သော အကြောင်းကြောင့်။ သိက္ခာပဒံ=သိက္ခာဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့ကိုရခြင်း၏ အကြောင်းဖြစ်သော မေထုနဝိရတိ မေထုနသံဝရဟုဆိုအပ်သော သိက္ခာပုဒ်ကို။ (ဝါ) သိက္ခာပဒံ = သိက္ခာ ဟု ဆိုအပ်ကုန်သော သီလ ဝိပဿနာ ဈာန် မဂ်တရားတို့၏ တည်ရာ ဌာနဖြစ်သော မေထုနဝိရတိ မေထုနသံဝရ သီလတည်းဟူသော သိက္ခာပုဒ်ကို။ (ဝါ) သိက္ခာပဒံ=မေထုနဝိရတိ မေထုနသံဝရသီလဟု ဆိုအပ်သော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝေယျ-စသော သဒ္ဒါတည်း ဟူသော သိက္ခာပုဒ်ကို။

၂။

### (ဂ) အနုသန္ဓေ

ဤသို့ (ခ) ဖြင့် သိက္ခာပဒံ-ပုဒ်၏ အစိတ် + အပေါင်းဝစနတ္ထ အဘိဓာနတ္ထကို ပြဆိုပြီး၍၊ ယခုအခါ၌ ပဇ္ဇတေ-၏အနက်၊ ဉာမိနာ-၏အနက်ကို ပြလို၍ (မဒ္ဒသျ) ပဒ-သဒ္ဒါ၏ ကာရကအနက်၌ ဖြစ်ခြင်းကိုပြခြင်းငှာ (ဂဏ္ဌိသစ်) (ဝါ) ပဇ္ဇတေ-၌ ပဒဓာတ်သည် အဓိဂမနအနက်၌ ဖြစ်ခြင်းနှင့် ဉာမိနာ-၌ ဉာမ-သဒ္ဒါ၏ ဝိသယကို ပြခြင်းငှာ (ယောဇနာ) (ဂ) မိန့်၏။

### (ဃ) အနုသန္ဓေ

ဤသို့ (ဂ) ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါ ဥပါယ ကာရကအနက်၌ ဖြစ်၏ ဟုပြပြီး၍၊ ယခုအခါ၌ အခြားဖြစ်သင့်သော အနက်တမျိုးကို ပြခြင်းငှာ (ဃ) မိန့်၏။ (မဒ္ဒသျ)

**(တနည်း)** ဤသို့ (ဂ)ဖြင့် ဥပနိဿယ၏ အစွမ်းဖြင့် သိက္ခာ၏ အကြောင်း၏ အဖြစ်ကိုပြပြီး၍၊ ယခုအခါ၌ သမ္ပယောဂ၏အစွမ်းဖြင့် လည်းကောင်း၊ ဥပနိဿယ၏ အစွမ်းဖြင့်လည်းကောင်း သိက္ခာ၏ တည်ရာဌာန၏ အဖြစ်ကို ပြခြင်းငှာ (ဃ) မိန့်၏။ (ဆင်တဲဂဏ္ဌိ၊ ၂၈၁။ သာရတ္ထ၊ ဒု၊ ၃၂။)

### (င) အနုသန္ဓေ

ဤသို့ (ခ)ဖြင့် သိက္ခာပဒံ-ပုဒ်၏ အစိတ်အပေါင်းဝစနတ္ထ အဘိဓာနတ္ထကို ပြပြီး၍၊ ယခုအခါ၌ အဘိဓေယျတ္ထကိုပြလို၍ (င) မိန့်၏။ (မဒ္ဒသျ)

### (စ) အာဘောဂါယုတ္တစောဒနာ

ဆရာ-သည် မေထုနဝိရတိယာ-စသော (င) ဖြင့်မေထုနဝိရတိ မေထုနသံဝရသည် သိက္ခာပဒ မည်သောဟု ဆို၏။ မေထုနဝိရတိ မေထုနသံဝရမှတပါး အဒိန္နာဒါနဝိရတိ အဒိန္နာဒါနသံဝရ-

http://www.dhammadownload.com



တို့သည်လည်း သိက္ခာပဒမည်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် မေထုနဝိရတိယာ- စသည်ဖြင့် ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (စ) မိန့်။

**(ဆ) အနုသန္ဓိ**

ဤသို့ (င+စ)နှစ်ဝါကျဖြင့် မေထုနဝိရတိ မေထုနသံဝရသည် သိက္ခာပဒမည်၏ဟု ယုတ္တိနှင့်တကွ ပြဆိုပြီး၍၊ ယခုအခါ၌ သိက္ခာပဒဝိဘင်း၌ ညွှန်ပြအပ်သော ဝိရတိ စေတနာ သမ္ပယုတ္တဓမ္မတို့သည် လည်း သိက္ခာပဒမည်၏ဟု ပြလိုသောဆရာသည် (ဆ) မိန့်။

❖ **သိက္ခာပဒဝိဘင်္ဂေ နိဒ္ဒိဋ္ဌဝိရတိစေတနာ တံသမ္ပယုတ္တဓမ္မာစ သိက္ခာပဒန္တိ ဒဿေတုကာမော အာဟ “အယဉ္စ အတ္ထော သိက္ခာပဒဝိဘင်္ဂေ ဝုတ္တနယေန ဝေဒိတဗ္ဗော” တိ။ (သာရတ္ထ)**

**(ဇ) ဝါကျ သာဓအာဝပုစ္ဆာ**

ဆရာ-သည် (ဆ) ဖြင့် ဝိရတိ စေတနာ သမ္ပယုတ္တဓမ္မတို့သည် သိက္ခာပဒမည်၏ဟု ပြဆိုတော်မူ၏။ ဝိရတိ စသောတရားတို့သည်သာ သိက္ခာပဒမည်ပါသလော၊ အဘယ်သည် သိက္ခာပဒ မည်ပါသေးသနည်း၊ စုဒ်ကြောင့်(ဇ)မိန့်။

**အဓိပ္ပါယ်ကား**------ယင်းဝိရတိစသော အနက်ကိုပြတတ်သော ယောပန ဘိက္ခုအစရှိသော နာမပညတ္တိသဒ္ဒါသည်လည်း သိက္ခာပဒမည်သေး၏ဟု ငါပြ- ဟူလို။

❖ **ဣဒါနိ နကာရေလဲ ဣဓ ဝိရတိအာဒယော ဓမ္မာဝ သိက္ခာပဒံ၊ အထခေါ တဒတ္ထဇောတိကာ ပညတ္တိပီတိ ဒဿေန္တော အာဟ “အပိစ” တိ အာဒိ။ (သာရတ္ထ)**

၃။ ၁-ပက္ခန္တရ။ ဂ-ဝိတ္ထာရ။ (တနည်း) ဝါကျာရမ္ဘ။ ဃ-ပက္ခန္တရ။ င- ပက္ခန္တရ။ (တနည်း) ဝါကျာရမ္ဘ။ စ-ယုတ္တိဒဠှီကရဏ။ (မအူ) ဝိတ္ထာရ။ (ဘာသာဋီကာ) ဆ-အတိဒေသသံဝဏ္ဏနာပြ-ဝါကျာရမ္ဘ။ ဇ-ပက္ခန္တရ။

**စာစပ်** မေထုနသံဝရော-ကား ကို----ကြောင့် အဓိပ္ပေတော-၌ ဝုတ္တကံ/ ဝုတ္တကံ၏ကြိယာ။

၄။ မူလတိ ပတိဋ္ဌာတိ သိက္ခာ ဧတ္ထ မေထုနသံဝရေတိ မူလံ။ (မအူ)

မူလ-ဓာတ်အရ ကတ္တုဠ္ဌကြိယာကား--သိက္ခာဟုဆိုအပ်သော သီလဝိပဿနာ ဈာန်မဂ်တရားသည် မုချ။ အဓိကရဏဠ္ဌကြိယာအရကား--ထိုအားတပ်သော မေထုနဝိရတိ မေထုနသံဝရတရား၏ သဟဇာတာဒိ (ဝါ) ပကတူပနိဿယသတ္တိသည် ဖလူ။ အ-ပစ္စည်းအရကား--မေထုနဝိရတိ မေထုနသံဝရတရားရင်း။

**ဝစနတ္ထမှတ်ဘွယ်**

နိဿယတိ သိက္ခာ ဧတ္ထ မေထုနသံဝရေတိ နိဿယော။ (နိ + သိ + အ)

ပတိဋ္ဌာတိ သိက္ခာ ဧတ္ထ မေထုနသံဝရေတိ ပတိဋ္ဌာ။ (ပတိ + ဌာ + အ၊ ထီ-အာ။)

(နိဿယ,ပတိဋ္ဌာ-ပုဒ်တို့ကို မူလ-ပုဒ်နှင့် အတူကောက်)

သိက္ခိတဗ္ဗာတိ သိက္ခာ။

သိက္ခ-ဓာတ်အရ--ကတ္တုဠ္ဌကား--ကျင့်ကြံကြိုးကုတ် အားထုတ်သောရဟန်းတို့၏ သန္တာန်၌သတိ ဝီရိယ ဉာဏ် ဝိရတိစေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

ကမ္မဋ္ဌ-ကြိယာ-အရကား ထိုအားတပ်သော (မေထုသံဝရသီလမှတပါးသော) သီလ ဝိပဿနာ ဈာန်မဂ်တရား၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။

အ-ပစ္စည်းအရကား--သီလ ဝိပဿနာ ဈာန် မဂ်တရားရင်း။

ပဇ္ဇတေ ဉာယိနာတိ ပဒံ။

http://www.dhammadownload.com



ပဒ-စာတ်အရ ကတ္တုဒွိကြိယာကား-နောက်နောက်၌ ဖြစ်သောသီလ ဝိပဿနာ ဈာန် မဂ်တရားတို့သည် မှဉ်။ အ-ပစ္စည်းအရကား-မေထုနသံဝရသီလရ၏။ (ဤကား နေရင်းဆရာတော် ဉာဏ်ကောက် ပုံတည်း)

(တနည်း)--ပဒစာတ်အရ ကတ္တုဒွကား---သီလ ဝိပဿနာ ဈာန် မဂ်တရားကိုရသော (သိသော) ရဟန်းတော်၏ သန္တာန်၌ ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှဉ်။ (ကရဏဍ္ဍ-အရနှင့် ပစ္စည်းအရ ကောက်ပုံမှာ အထက်ပါအတိုင်းပင်) ။

သိက္ခာယ + ပဒံ သိက္ခာပဒံ။

သိက္ခာ-အရ (မေထုနဝိရတိ မေထုနသံဝရသီလမှတပါး) သီလဝိပဿနာ ဈာန် မဂ်တရားသည် မှဉ်။ ထို၏ + မေထုနသံဝရသီလနှင့် အကျိုး + အကြောင်း။ ဌာနီ + ဌာန- စပ် ဌာန္။

(တနည်း) သိက္ခာ-အရ သီလ ဝိပဿနာ ဈာန် မဂ်တရားဟူသော အပေါင်းသိက္ခာသည် မှဉ်။

ထို ၏ + မေထုနသံဝရ သီလနှင့် အပေါင်း + အစိတ်စပ်---ဌာန္။

သိက္ခာပဒ-အရကား----မေထုနသံဝရသီလရ၏။

အစိဂမနံ လဘနံ အစိဂမော။

ဥပဂစ္ဆတိ (ဖလ်) စေတနာတိ ဥပါယော။ (ဥပ+ဂ္ဂ (သို့မဟုတ်) အယ စာတ် + ဏ)

အစိဂမဿ + ဥပါယော အစိဂမုပါယော။

၅။ သီလ=သီလ+ အ။ ဝိပဿနာ= ဝိ+ ဒိသ+ ယု။ ဈာန= ဈေ+ ယု။

မဂ္ဂ= မဂ္ဂ+အ။ (တနည်း) မရ+ကွိ၊ ဂမု + ကွိ။

## (စ) ဝါကျ၌ ဘာဝသမ္ဗန်ပုဒ်၏ လိင်ဆုံးဖြတ်

စ-ဝါကျ၌ ပဒတ္ထာ-ကား ဟိတ်။ သီလဝိပဿနာ ဈာနမဂ္ဂမ္မောနံကား အလွတ်သမ္ဗန်ဖြစ်သည်။ မေထုနသံဝရဿ-ကား ဌ္ဌ-သမ္ဗန်ဖြစ်သည်။ ပဒဿ-ကား ဘာဝသမ္ဗန်ဖြစ်သည်။ "ဘာဝသမ္ဗန်-တ္ထသမ္ဗန်၊ လာဟန်လိင်ဝုစ်တူ" ဆိုသည်ကား ယေဘုယျနည်းမျှသာ ဖြစ်သည်။ လိင်မမြဲသည့် နေရာမျိုး၌သာ ဘာဝသမ္ဗန်ပုဒ်နှင့် တ္ထသမ္ဗန်ပုဒ်တို့ လိင် ဝုစ်တူရသည်၊ လိင်မြဲသည့်သဒ္ဒါမျိုး၌ကား--- ဘာဝသမ္ဗန်ပုဒ်နှင့် တ္ထသမ္ဗန်ပုဒ်တို့ လိင်ပြားကောင်း၏။ သို့ရာတွင် အရကား တူရမြဲတည်း။ ပဒတ္ထာ၌ တ္ထသမ္ဗန်ကား မေထုနသံဝရဿ-ဖြစ်၍ ပုံလိင်ဖြစ်သင့်သော်လည်း ပဒ-သဒ္ဒါကား နိစ္စနပုံလိင် ဖြစ်သောကြောင့် ဤ၌ နပုံလိင် ဖြစ်ပါသည်။

၆။ (က) တေန အဋ္ဌာစရေန-ဖြင့် တေန-၌ တ-သည် အဋ္ဌာစရ-ကို စွဲယူ--သိစေ။

သုဒိန္နဿ- ဖြင့် အဋ္ဌာစရဟူသည် သုဒိန်၏ အဋ္ဌာစရပင်တည်းဟု သိစေ။

ကာရဏဘူတေန-ဖြင့် တေန-၌ နာ ဝိဘတ်သည် ဟိတ်အနက်၌သက်၏ဟု သိစေ။

(ခ) တစ်ဝါကျလုံးဖြင့် တေန ဟိ-၌ ဟိကား အနက်မရ နိပါတ်မျှသာဟုသိစေ။ (နိပါတလိင်္ဂတ္ထ)

(ခ) သိက္ခိတဗ္ဗာ-ဖြင့် သိက္ခာ-၌ သိက္ခစာတ်--လည်းကောင်း၊ အ-ပစ္စည်းကမ္မသာဓ်အနက်၌ သက်--လည်းကောင်း၊ သိက္ခိတဗ္ဗာတိ သိက္ခာ -ဟုပြု--လည်းကောင်း သိစေ။

ပဇ္ဇတေ ဉာမိနာ-ဖြင့် ပဒံ-၌ ပဒ-စာတ်၏---လည်းကောင်း၊ အ-ပစ္စည်းကရဏသာဓ်၌သက်--- လည်းကောင်း၊ ပဇ္ဇတေ ဉာမိနာတိ ပဒံ-ဟုပြု--- လည်းကောင်း သိစေ။

သိက္ခာယ ပဒံ- ဖြင့် ဆဋ္ဌီတပ္ပုရိသ်သမာသ်-ပြု--သိစေ။

(ဂ) အစိဂမုပါယော-ဖြင့် ပဇ္ဇတေ-၌ ပဒ-စာတ်၏ ရင်း-အစိဂမအနက်ဟော၏ဟု သိစေသည်။

ဉာမိနာ-ဖြင့် ဉာမ-သဒ္ဒါ ဥပါယ အနက်ကိုစွဲယူ--သိစေ။ (သဗ္ဗနာမလိင်္ဂတ္ထ) (ယောနော၊ မဒ္ဒူ)

(တနည်း) အစိဂမုပါယော-ဖြင့် ပဒ-သဒ္ဒါ ကာရဏအနက်ဟော၏ဟု သိစေ။ (နာမလိင်္ဂတ္ထ) (ဂဏ္ဌိသစ်)

http://www.dhammadownload.com



(ဃ) မူလံ-ဖြင့် သိက္ခာပဒံ-၌ ပဒ-သဒ္ဒါသည် ဌာနအနက်ဟောဧ်ဟုသိစေ။
နိဿယော-ဖြင့် မူလံ-သည် နိဿယော၏ ပရိယာယ်တည်း ဟုသိစေ။
ပတိဋ္ဌာ-ဖြင့် နိဿယော-သည် ပတိဋ္ဌာ၏ ပရိယာယ်တည်းဟု သိစေ။

**မူလံ နိဿယော ပတိဋ္ဌာတိ ပစ္ဆိမံ ပစ္ဆိမံ ပဌမဿ ပဌမဿ ဝေဝစနန္တိ ဒဋ္ဌဗ္ဗံ၊ (သာရတ္ထ)**

(င) ဝါကျဖြင့် သိက္ခာပဒ-အရ ဝိရတိ စေတနာ တံသမ္ပယုတ္တဓမ္မ သုံးမျိုးလုံးကို ရသော်လည်း ဤ၌ မေထုနဝိရတီကိုသာ ယူရမည်ဟု သိစေ။

မေထုနသံဝရဿ-ဖြင့် မေထုနဝိရတိသည် မေထုနသံဝရ၏ ပရိယာယ်တည်းဟု သိစေ။ (ဘာသာဋီကာ)

(စ) ဖြင့် သိက္ခာပဒံ ပညာပေဿာမိ-၌ သိက္ခာပဒ-အရ မေထုနသံဝရကို ယူ-လည်းကောင်း (ဝါ) မေထုနသံဝရကိုသာ လိုအပ်သည်၏ အဖြစ်ကိုလည်းကောင်း (အဓိပ္ပေတတ္တာ) သိက္ခာအရ မေထုနဝိရတိ မှတပါးသော သီလဝိပဿနာ ဈာန် မဂ်တရားများကို ယူရမည်ကို လည်းကောင်း၊ သိက္ခာနှင့်ပဒကို သိက္ခာနံ + ပဒံ သိက္ခာပဒံ-ဟု ဆဋ္ဌီတပ္ပုရိသ်ပြုရမည်ကို လည်းကောင်း၊ ပဒ-သဒ္ဒါ၏ ဆိုအပ်ခဲ့ပြီးသော ပတိဋ္ဌ အဓိဂမုပါယ အနက်ဟောသည်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

**ဝုတ္တတ္ထဝသေနာတိ ပတိဋ္ဌာ အဓိဂမုပါယဝသေန၊ (သာရတ္ထ)**

(ဆ) ဝါကျဖြင့် ဝိရတိစေတနာသမ္ပယုတ္တဓမ္မတို့ကိုသာ သိက္ခာပဒအရယူရသည်မဟုတ်၊ ယင်းဝိရတိ စေတနာ သမ္ပယုတ္တဓမ္မဟူသော အနက်ကိုပြတတ်သော ယော ပန ဘိက္ခု-အစရှိသော သဒ္ဒါကိုလည်း ကာရကူပစာ အားဖြင့် သိက္ခာပဒအရ ယူရမည်ဟုသိစေ၏။ (သရုပ်ကြားအဘိဓေယျတ္တ)

## ၇။ တဿတ္ထဿ ဒီပကံ + တဒတ္ထဿ ဒီပကံ + တဒတ္ထ ဒီပကံ

တဿတ္ထဿ-ဟုရှိက တဿ + အတ္ထဿ-ဟု ပုဒ်ဖြတ်။ ဣတ္ထမ္ဘူတဿ တု ကမ္မတ္တေ၊ ဆဋ္ဌီဘတ္တိ ကေဒါ-ဟူသော ကစ္စာယနသာရ သဒ္ဒနည်းကမ်းအရ ဒီပကံ-ဟူသော ဣ-ပစ္စယန္တပုဒ်၏ ကံအနက်၌ ဆဋ္ဌီဝိဘတ် ဖြစ်သင့်သောကြောင့်လည်းကောင်း၊ တဿအတ္ထဿ=ထိုမေထုနဝိရတိ မေထုနသံဝရ-ဟု ဆိုအပ်သော အနက်ကို (မအူသျှ) တဿအတ္ထဿ = ထိုမေထုနဝိရတိ-ဟူသော အနက်အဓိပ္ပါယ်ကို၊ ဒီပကံ၊ သော။ (ဘာသာဋီကာ) ဤသို့ အနက်ပေးကြသောကြောင့် လည်းကောင်း **တဿတ္ထဿ ဒီပကံ-**ဟုရှိသောပါဌ်သင့်သည်။

သော အတ္ထော တဒတ္ထော၊ တဒတ္ထဿ+ဒီပကံ တဒတ္ထဒီပကံ-ဟု ယောဇနာ (၁၁၄) ဆိုသောကြောင့် လည်းကောင်း၊ တဒတ္ထဒီပကံ=ထိုသို့သော ဝိရတိစေတနာ ထံသမ္ပယုတ္တဓမ္မ-ဟူသော အနက်ကိုပြတတ်သော (ဝါ) ထိုမေထုနဝိရတိ မေထုနသံဝရ အနက်ကိုပြတတ်သော-ဟု ဂဏ္ဌိသစ်အနက် ယောဇနာသောကြောင့် လည်းကောင်း၊ တဒတ္ထဒီပကံနှင့် တဒတ္ထဿ ဒီပကံ-တို့သည် သမာသ် ဝါကျမျှသာကွဲ၍ အနက်ထူးမရှိသောကြောင့် လည်းကောင်း **တဒတ္ထဿ ဒီပကံ + တဒတ္ထဒီပကံ-**ပါဌ်နှစ်ခုလည်း သင့်ပါသည်။

## တဒညေသံ + တမညေသံ

တတော အညာ တဒညာ-ဟုပြု။ ယ-တ-နှင့်စပ်၊ ထိုသမာသ်-မှာ၊ ဓိန္တုလာ၊ ရံခါဒွေဘော်ဆင့်-ဟူသော **နိယံ** နှင့်အညီ ယ-တ-နှင့် သမာသ်စပ်ရာ၌ နိဂ္ဂဟိတ်သော်လည်း လာရမည်။ ဒွေဘော်သော်လည်း လာရမည် ဖြစ်ရကား သမာသေ ဒေါ တီလိင်ဂေ (နီတိ၊ သုတ္တ၊ ၁၄၄) ဖြင့် သမာသ်အရာ၌ နိဂ္ဂဟိတ်ကိုဒပြု၍ ပြီးသောကြောင့် **တဒညေသံ-** ဟုရှိသောပါဌ်သာ သင့်ပါသည်။

http://www.dhammadownload.com



၈။ **သိက္ခာပဒံ**

အပေါင်းဖြစ်သော ဝိရတိ စေတနာ တံသမယုတ္တဓမ္မတို့၏ **"သိက္ခာပဒ"** ဟူသော အမည်ကို အစိတ်ဖြစ်သော (မေထုန) ဝိရတိ- ၌တင် ကေဒေသျူ၊ (ဤကား င-ဝါကျကို ထောက်၍ တင်သည်။) **(အနည်း)** အကြောင်း ဖြစ်သော မေထုနဝိရတိ မေထုနသံဝရဟုဆိုအပ်သော အနက်၏ **"သိက္ခာပဒ"**- ဟူသောအမည်ကို အကျိုးဖြစ်သော ယော ပန ဘိက္ခု အစရှိသော နာမပညတ္တိ သဒ္ဒါ၌ တင် ကာရဏူပစာ။ နာနန္တရိကနည်း။ (ဤကား ဇ- ဝါကျကိုထောက်၍တင်သည်။)

**သိက္ခာ**

အပေါင်းဖြစ်သော သီလ ဝိပဿနာ ဈာန် မဂ်-တရားတို့၏ **"သိက္ခာ"** ဟူသော အမည်ကို အစိတ်ဖြစ်သော မေထုနဝိရတိ, မေထုနသံဝရသီလမှတပါး ကျန်သီလ ဝိပဿနာ ဈာန် မဂ်တို့၌တင် ကေဒေသျူတာ။

**သိက္ခာပဒံ-**၌ ပဒသဒ္ဒါဖြင့် မေထုနဝိရတိ မေထုနသံဝရ သီလကိုယူလတ်ဖြစ်၍ ထိုမှတပါး ကျန်သီလဝိပဿနာ ဈာန် မဂ်တို့ကိုသာ သိက္ခာ-အရ ယူရသောကြောင့် ပါရိသေသနည်း။ ဂေါဗလိဗဒ္ဒနည်း။ ပုညာဏသဏ္ဌာရနည်း။

**(င) သီလဝိပဿနာဈာနမဂ္ဂမျှာနံ**

ဤ၌ **သီလ**-ဟူသောနည်းသည် မေထုနသံဝရ သီလမှတပါး ကျန်သီလကိုသာ ယူရသောကြောင့် ကေဒေသျူ၊ ပါရိသေသ၊ ဂေါဗလိဗဒ္ဒ၊ ပုညာဏသဏ္ဌာရနည်း။

**(ဃ) မူလံ**

အတူဖြစ်သော သစ်မြစ်,သစ်ရင်း၏ **"မူလ"** ဟူသောအမည်ကို အတူရှိသော မေထုနဝိရတိ၌တင် သဒိသူပစာ။ (မူလံ-အမြစ်အရင်းနှင့်တူ၏။ ဂဏ္ဍိသစ်)

**(စ) ပဒတ္တာ**

ဤ၌-**ပဒ**-ကား အဓိဂမုပါယအနက်ဟောပဒ, ပတိဋ္ဌာအနက်ဟောပဒ-သဒ္ဒါနှစ်ခုကို ကေသိသ် ပြုထားသောကြောင့် ကေသေသနည်း။ သာမညနိဒ္ဒေသနည်း။

၁၀။ **ပရိဝတ္တနဟာရ**

သိက္ခာပဒံ-ဟူသောပုဒ်၌ မေထုနဝိရတိ မေထုနသံဝရ-ကိုဆိုသဖြင့် အနဝဇ္ဇသုခဝိပါကဋ္ဌဖြစ်သော ကုသိုလ်ဓမ္မ အနဝဇ္ဇဋ္ဌဖြစ်သော အဗျာကတဓမ္မကို ဟောအပ်၏။ ထိုဓမ္မတို့တွင် မေထုနဝိရတိ မေထုနသံဝရ-ဟု ဆိုအပ်သော သီလမယဖြင့် ထို၏ ပဋိပက္ခဖြစ်သော အသဒ္ဓိယ ဒုဿီလျ အနာစာရ ဒုပ္ပဋိပတ္တိ မိစ္ဆာပဋိပတ္တိ-စသော အကုသိုလ်၊ ထိုလျှင် အကြောင်းရှိသော ပစ္စုပ္ပန် သံသရာဘေးတို့သည် ပပျောက်ကုန်၏။ သီလမယလျှင် အကြောင်း ရှိကုန်သော ပစ္စုပ္ပန်သံသရာ အကျိုးတို့သည် စည်ပင် ပြန့်ပွားများ ကုန်၏-စသည်ဖြင့်ထုတ်။

http://www.dhammadownload.com



# ဝါကျဥယျာဥ် (၄၂)

(က) ဓသ အဏ္ဍဝဓသေ ပဋိစ္စာတိ ဒသ ကာရဏသေ သိက္ခာပဒပညတ္တိဟေတု အဓိဂမနိယေ ဟိတ္ဝိသေသေ ပဋိစ္စ အာဂမ္မ အာရဗ္ဘ၊

(ခ) ဒသန္နံ ဟိတဝိသေသာနံ နိပ္ဖတ္တိံ သမ္ပဿမာနောတိ ဝုတ္တံ ဟောတိ။

(ဂ) ဣဒါနိ တေ ဒသ အတ္ထဝသေ ဒဿေန္တော "သံဃသုဋ္ဌုတာယာ" တိ အာဒိမာဟ။

(ဃ) တတ္ထ သံဃသုဋ္ဌုတာနာမ သံဃဿ သုဋ္ဌုဘာဝေါ။

(င) "သုဋ္ဌု ဒေဝါ" တိ အာဂတဋ္ဌာနေ ဝိယ "သုဋ္ဌု ဘန္တေ" တိ မမ ဝစနသမ္ပဋိစ္ဆနဘာဝေါ။

(စ) ယော စ တထာဂတဿ ဝစနံ သမ္ပဋိစ္ဆတိ၊ တဿ တံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊

(ဆ) တသ္မာ သံဃဿ "သုဋ္ဌု ဘန္တေ"တိ မမ ဝစနသမ္ပဋိစ္ဆနတ္ထံ ပညပေဿာမိ အသမ္ပဋိစ္ဆနေ အာဒီနဝံ, သမ္ပဋိစ္ဆနေ စ အာနိသံသံ ဒဿေတွာ၊ န ဗလက္ကာရေန အဘိဘဝိတွာတိ ဧတမတ္ထံ အာဝိကရောန္တော အာဟ "သံဃသုဋ္ဌုတာယာ" တိ။

(၄၊ ၁၈၉။ သာရတ္ထ၊ ဒု၊ ၃၃။ မဏိသာ၊ တ၊ ၉၀။ ဘာသာဋီ၊ ဒု၊ ၂၈၈။)

၁။ ဃ–ကို တတ္ထ– အစွဲသရာနည်းကျစေလျက် (င) ကို ထည့်သင့်သောပါဌ်များထည့်၍ ပမာ ပမေထင်ရှား အောင် အနက်ပေးပါ။

၂။ င– ဝါကျကို အနုသန္ဓေတက်၍၊ (စ) ဝါကျကို သာဘောဂပုစ္ဆာ တက်ပြပါ။

၃။ ခ– စသော ဝါကျများကို အကြောင်းပြ အမည်ပေးပါ။

၄။ (စ) ဝါကျပါ ဒီဃရတ္တ–ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာဏ်ကောက်ပြပါ။

၅။ ပညတ္တိ၊ ဟိတ၊ ဝိသေသ၊ ပဋိစ္စ၊ အာရဗ္ဘ၊ သမ္ပဋိစ္ဆန–တို့ကို ဓာတု ပစ္စယ ဝေဘန်ပြပါ။

၆။ (က–ဃ–င) ဝါကျတို့ကို အာဘော်ဖော်၍၊ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ခ) ဝါကျ၌ နိပ္ဖတ္တိံ သမ္ပဿမာနော–ဟု လည်းကောင်း၊ နိပ္ဖတ္တိသမ္ပဿမာနော–ဟု လည်းကောင်း ဝါကျ သမာသ် နှစ်မျိုးတွင် မည်သည့်ပါဌ် မှန်ကြောင်း ယုတ္တိပြ၍ဆုံးဖြတ်ပါ။

၈။ (စ) ဝါကျ ဒီဃရတ္တံ–၌ ရသင့်သော နယ္ပပစာကိုပြေဆိုပါ။

၁၀။ (စ) ဝါကျ ဝစနသမ္ပဋိစ္ဆနဘာဝေါ–၌ ဝစနသမ္ပဋိစ္ဆန–အရတရားကို ဒေသနာဟာရနေတ္တိနည်းထုတ်ပါ။

==========================

၁။ (ဃ) တတ္ထ–အစွဲကို ဒဿေန္တော အာဟ၊ ပြသည့်ပုဒ်နောက်၊ စသော နိယံနှင့် အညီစွဲ။

### (င) ထည့်ပါဌ်နှင့်တကွ ပမာ ပမေထင်ရှားအောင်ပေးပုံ

'သုဋ္ဌုဒေဝါ'တိ–ကောင်းပါပြီ မင်းမြတ်ဟူ၍၊ ရာဇန္တေပုရပဝေသနသိက္ခာပဒေ–၌၊ အာဂတဋ္ဌာနေ–၌၊ ဥပါသကဿ–၏၊ ပသေနဒိကောသလရညော–၏၊ ဝစနသမ္ပဋိစ္ဆနဘာဝေါဝိယ–ကဲ့သို့၊ သုဋ္ဌုဘန္တေတိ–ကောင်းပါပြီဘုရားဟူ၍၊ သံဃဿ–၏၊ တထာဂတဿ–၏၊ ဝစနသမ္ပဋိစ္ဆနဘာဝေါ–တည်း။

http://www.dhammadownload.com



၂။ **(ခ) အနုသန္ဓေ**

ဤသို့ (က) ဖြင့် ဒသ အတ္ထဝသေ ပဋိစ္စ-၌ အတ္ထ-ကား ကာရဏ၏ ပရိယာယ်ဖြစ်၏၊ ဝသ-ကား ဝိသေသ အနက်၌ဖြစ်၏၊ ပဋိရွေး + ဣ-ဓာတ်သည် ဂတိ-အနက်၌ဖြစ်၏-ဟုပြပြီး၍၊ ယခုအခါ၌ ပဒပိဏ္ဍတ္ထကို ပြလိုသောဆရာသည် (ခ) မိန့်။

**(ဂ) အနုသန္ဓေ**

ဤသို့ (က) (ခ) နှစ်ဝါကျဖြင့် ဒသ အတ္ထဝသေ ပဋိစ္စ-ပုဒ်တို့၏ သဒ္ဒတ္ထအဓိပ္ပါယတ္ထကိုဖွင့်ပြပြီး၍၊ ယခုအခါ၌ သံဃသုဋ္ဌုတာယ-စသော ပုဒ်တို့၏ အဖွင့် သံဝဏ္ဏနာကို ပြလိုသောဆရာသည်-မပြမီ ရှေးဦးစွာ ယင်းပုဒ်တို့၏ အနုသန္ဓေသမ္ဗန္ဓ သမုဒါယတ္ထကိုပြလိုရကား ဣဒါနိ-စသော (ဂ) မိန့်။

**(င) အနုသန္ဓေ**

ဤသို့ (ဃ)ဖြင့် သံဃသုဋ္ဌုတာ-ကို သံဃဿ သုဋ္ဌုဘာဝေါ- ဟုဖွင့်ပြပြီး၍၊ ယခုအခါ၌ သုဋ္ဌုဘာဝေါ- ပုဒ်၏အနက်ကို ဥပမာဖြင့် ထင်စွာ ပြလိုသော (ဝါ) ချဲ့ပြလိုသော ဆရာသည် (င) မိန့်။

**(စ) ပုစ္ဆာတက်ပုံ**

ဆရာ-သည် (ဃ-င) နှစ်ဝါကျဖြင့် အရှင်ဘုရားကောင်းပါပြီ-ဟူ၍ ဘုရားရှင်၏ စကားတော်ကို ဝန်ခံသည်၏အဖြစ်သည် သုဋ္ဌုဘာဝ-မည်၏- ဟုပြဆိုတော်မူ၏။ ယင်းသို့ ဘုရားရှင်၏စကားတော်ကို ဝန်ခံခြင်းကြောင့် အဘယ်အကျိုးရှိပါသနည်း။ (မဒူနီသျ။ ဂဏ္ဌိသစ်) အနုတ္တက အကျိုးမဲ့သာမှတ်ရပါမည်လော- စုဒ်ကြောင့်- (စ) မိန့်။

၃။ (ခ) ဝိတ္ထာရ။ (ဂ) ပကဇ္ဈနရ။ (ဃ) ပကဇ္ဈနရ။ (တနည်း) ဝိတ္ထာရ။

(င) ဝိတ္ထာရ။ တပ္ပါကဋိကရဏ (တနည်း) ဝါကျာရမ္ဘ။

(စ) သည် ဃ-င-နှစ်ဝါကျ၏ အကျိုးပြဖလဝါကျ။ (ဂဏ္ဌိသစ်။ မဒူနီသျ)

**(တနည်း)** စကားတော်ကိုလက်ခံမှုသည် အဘယ်နည်းဖြင့် ဟိတဝိသေသ ဖြစ်ပါသနည်းဟု မေးဘွယ်ရှိ၍ ဆက်--ဝါကျာရမ္ဘ။ (ဘာသာဋီကာ။)

(ဆ) လဒ္ဓဂုဏဝါကျ။ ထိုတွင်-သံဃဿ။ ပ။ ဒသေတွာ-ကား အနွယဝါကျ။ နှ ဗလက္ကာရေန အဘိဘဝိတွာ- ကား ဗျတိရေကဝါကျ။

၄။ ဒီယတိ ခီယတိ အန္ဓကာရော ဧတေနာတိ ဒီဝါ။ (ဒီ-ခယေ၊ ဝါဂမော)

ဒိဗ္ဗတိ ဩဘာသတီတိ ဝါ ဒိဝါ။ (ဒိဝု-ကီဠာယံ။)

ရာတိ ဂဏှာတိ အဗ္ဘာပါရဋ္ဌိတိန္တိ ရတ္တိ။ (ရာ-အာဒါနေ-တိ) ရဉ္ဇန္တိ ဧတ္ထာတိ ရတ္တိ။ (ရဉ္ဇ-ရာဂေ။)

ဒိဝါစ+ရတ္တိစ ရတ္တိ။ ဒီဃာ+ရတ္တိယော ဒီဃရတ္တံ။ (နိရုတ္တိဒီပနီ။ ၃၇၃။)

ဒီဃ-အရ ရှည်လျားသော ဂုဏ်သည်-မှချ။

ထို၏ + နေ့ညဉ့်တို့နှင့် ဂုဏ် + ဂုဏေးစပ် - ဌာန။

ဒီဃရတ္တ - အရကား ရှည်လျားသော နေ့ညဉ့်တို့ရ၏။

(မဒူသျ - ၌ ဒိဝေါစ ရတ္တိစ။ ဒီဃဥ္စ တံ ရတ္တဥ္စာတိ - ဟု ဝိဂ္ဂဟပြုသည်။)

**ဝစနတ္ထမှတ်ဖွယ်**

အာဘုသော + နိဟရိတွာ သံသတီတိ အာနိသံသော။ (ဓာတုပစ္စယဒီပနီ)

အာ-ဥပသာရအရ ဘုသတ္ထဘောဂုဏ်ရ၏။ နိဥပသာရအရ နိဟရဏဘောဂုဏ် ရ၏။

သံသ-ဓာတ်အရ လွန်စွာထုတ် ဆောင်၍ ညွှန်းဆဲတတ်သော အကျိုးတရားတို့၏ ဥပါဒ်ရ၏။

http://www.dhammadownload.com



ပစ္စည်းအရ ဥပ္ပါဒဝန္တဖြစ်သော အကျိုး တရားတို့ရ၏။
အတ္ထာစ + တေ+ ဝသာစာတိ အတ္ထဝသာ။ (ဝိသေသနပရနိပါတကမ္မဓာရယ်)
ဝသ- အရကား ထူးသည်၏အဖြစ်တည်းဟူသော ဝိသေသဘောဂုဏ်သည် မုချ။
ထို၏ + ကြီးပွားခြင်း အကျိုးအာနိသင်နှင့် ဂုဏ် + ဂုဏေးစပ် ဌာန္။
အတ္ထဝသ ပုဒ်လုံးအရကား ထူးသောကြီးပွားခြင်း အကျိုးအာနိသင် ရ၏။

❖ **အတ္ထဝသေတိ ဝုဒ္ဓိဝိသေသေ အာနိသံသဝိသေသေ၊ (သာရတ္ထ)**

**(တနည်း)** အတ္ထောယေဝ အတ္ထဝသော။ (တဗ္ဘာဝဝုတ္တိကမ္မဓာရယ်။)
တဗ္ဘာဝဝုတ္တိကမ္မဓာရယ် သမာသ်၏ သဘောသည် နောက်ပုဒ်၏ အနက်အထူးမရှိသောကြောင့် အတ္ထဝသ-ဟူသော-သမာသ်ပုဒ်၏အရကား ဆယ်ပါးသော အကြောင်းတရားတို့ရ၏။

❖ **အတ္ထောယေဝ ဝါ အတ္ထဝသော၊ ဒသ အတ္ထေ ဒသကာရဏာနီတိ ဝုတ္တံ ဟောတိ၊ (သာရတ္ထ) (တနည်း၊) အတ္ထော (ဖလံ) ဝသော ဧတဿာတိ အတ္ထဝသော၊**

အတ္ထဝသ-အရကား မိမိနှင့်စပ်သော အကျိုးသည် မုချ။
ထို၏ + အကြောင်းနှင့် အကျိုး +အကြောင်း၊ ဧည + ဧနကစပ် ဌာန္။
ဧတအရကား မိမိနှင့်စပ်သော အကျိုးရှိသော အကြောင်းတရားရ၏။

❖ **အထဝါ အတ္ထော ဖလံ တဒဓိနဝုတ္တိတာယ ဝသော ဧတဿာတိ အတ္ထဝသော၊ ဟေတူတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော၊ (သာရတ္ထ)**

**ဒသအတ္ထဝသေ- ကို အထက်ပါသာရတ္ထဋီကာ သာကေနှင့်အညီအနက်ပေးပုံ**

ဒသ၊ ကုန်သော။ အတ္ထဝသေ၊ ထူးသောကြီးပွားခြင်း အကျိုးအာနိသင်တို့ကို။ (ဝါ) ကြီးပွားခြင်း အကျိုးအာနိသင် အထူးတို့ကို။ (ဋီကာ-ပဌမနည်း) (တနည်းကား) အတ္ထဝသေ၊ အကြောင်းတို့ကို။ (ဋီကာ-ဒုတိယနည်း) အတ္ထဝသေ၊ မိမိနှင့် စပ်သောအကျိုးရှိသော အကြောင်းတို့ကို။ (ဋီကာ-တတိယနည်း)။

ဒသအတ္ထဝသေ၊ ဆယ်ပါးသော အကြောင်းထူး အကျိုးစီးပွားနှင့် စပ်သည်တို့ကို။ (ပါဠိတော်နိဿယ။)
အဓိဂမိတဗ္ဗာတိ အဓိဂမနီယာ။ ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟိတံ။ (ဘာသာဋီကာ) ဟိတာနိစ + တာနိ+ ဝိသေသာစာတိ ဟိတဝိသေသာ။ သုဗ္ဗုတိ+ ဝစနသမ္ဗဋ္ဌိစ္ဆနဘာဝေါ သုဗ္ဗဘာဝေါ။ (မအူနိဿ။) အာဂစ္ဆတိ ဧတ္ထာတိ အာဂတံ။ အာဂတဥ္စ + တံ + ဌာနဥ္စာတိ အာဂတဌာနံ။
ဗလိနော + ကာရော ဗလက္ကာရော။ (အားရှိသူ၏ပြုခြင်း)
(တနည်း) ဗလေန+ ကာရော ဗလက္ကာရော။ (သူစိ)

၅။ **ပည်တ္တိ=** ပ+ ဥပ+ တိ။ **ဟိတ=** ဟိ+ တ။ **ဝိသေသ=** ဝိ+ သိသ+ဏ။
**ပဋိစ္စ=** ပတိ+ ဣ+ တွာ။ **အာရဗ္ဘ=** အာ+ ရဘ+ တွာ။ **သမဋ္ဌိစ္ဆန=** သံ+ ပဋိ+ ဣသု+ ယု။

၆။ (က) ဒသကာရဏဝသေ-ဖြင့် ဒသအတ္ထဝသေ-၌ ဆယ်ပါးသော အကျိုးစီးပွားအထူးတို့ဟူသည်-သိက္ခာပုဒ် ပညတ်ခြင်း၏ အကြောင်းပင်တည်းဟု သိစေပါသည်။
ဟိတဝိသေသေ-ဖြင့် အတ္ထဝသေ- ၌ အတ္ထ-သဒ္ဒါ၏ ဟိတ-အနက်ဟော--လည်းကောင်း၊ ဝသ-သဒ္ဒါ-၏ ဝိသေသအနက်ဟော-- လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



**သေမှာကား၊ ခွစ်းပြားစဝ်လို၊ အထူးကို၊ ဟောဆိုင်ါးအင်္ဂါ၊ (၅၅)**

**သေမှုကား၊ ခွစ်း ပြား ထူး စဝ်၊ စပ်ဖြစ် အလို၊ အနက်ကို၊ ဟောဆိုခြောက်မျိုးလား၊ (ဘာသာဋီကာ-၃-၂၈၈၊)**

သိက္ခာ ပဒပညတ္တိဟေတုအဓိဂမနီယေဖြင့်---- ဘာဝတ္ထ-- သိစေ။

အာဂမ္မ- ဖြင့် ပဋိစ္စ-၌ ပတိရှေး + ဣ- ဓာတ်သည် ဂတိအနက်ဟော၏ဟု သိစေပါသည်။

အာရဗ္ဘ- ဖြင့် အာဂမ္မ-၌ ရောက်၏ဟူသည် အကြောင်းပြုခြင်းပင်တည်းဟုသိ။

(ဃ) သံဃဿ သုဋ္ဌုဘာဝေါ-ဖြင့် သံဃသုဋ္ဌုတာ-၌ တာ-ပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌သက်-လည်းကောင်း၊ သုဋ္ဌု + ဘာဝေါ သုဋ္ဌုတာ-ဟုပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို သံဃဿ+သုဋ္ဌုတာ သံဃသုဋ္ဌုတာ-ဟု ဆဋ္ဌီတပ္ပုရိသ်ပြု---လည်းကောင်း သိစေပါသည်။

(င) သုဋ္ဌု ဘဒ္ဒေတိ ဝစနသမ္ပဋိစ္ဆနဘာဝေါ- ဖြင့် သုဋ္ဌုဘာဝ-ပုဒ်ကို သုဋ္ဌုတိ ဝစနသမ္ပဋိစ္ဆနဘာဝေါ သုဋ္ဌုဘာဝေါ-ဟု သုဋ္ဌု-ဟူသောရှေးပုဒ်၌ ဝစနသမ္ပဋိစ္ဆန-ဟူသော နောက်ပုဒ် ကျေသော သမ္ဘာဝနာကမ္မဓာရယ်-သမာသ်ဝစနတ္ထပြု-လည်းကောင်း၊ ကောင်းပါပြီဘုရားဟုစကားတော်ကို ဝန်ခံသည်၏အဖြစ်သည် သုဋ္ဌုဘာဝမည်၏- ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း- သိစေပါသည်။

သုဋ္ဌု ဒေဝါတိ အာဂတဋ္ဌာနေဝိယ- ဖြင့် ဘာဝတ္ထ-သိစေသည်။

(စ) ဝစနံ သမ္ပဋိစ္ဆတိ- ဖြင့် သမ္ပဋိစ္ဆနော-၌ သံ+ပတိ+ဣသု-ဓာတ်၏အဖြစ်ကို လည်းကောင်း ယု-ပစ္စည်း ကတ္တုသာဓနအနက်၌သက်-လည်းကောင်း၊သမ္ပဋိစ္ဆတီတိ သမ္ပဋိစ္ဆနော-ဟုပြု-လည်းကောင်း၊ ဝစနနှင့် သမ္ပဋိစ္ဆန-ကို ဝစနံသ + သမ္ပဋိစ္ဆနော ဝစနသမ္ပဋိစ္ဆနော ဟုကမ္မဒွဆဋ္ဌီတပ္ပုရိသ်ပြု-လည်းကောင်း-သိစေပါသည်။ (အကြွင်း ဘာဝတ္ထဖော်လေ။)

## ၇။ နိပ္ဖတ္တိ သမဿမ္ဗာနော၊ နိပ္ဖတ္တိသမ္ဘဿမာနော

တဝန္တုမာနန္တာဒိ ကိတန္တေဟိ ဝါကျမေဝ ဝတ္တိတဝိဘာသာဝိကာရတော။ ယထာ- ဩဒနံဘုတ္တဝါ၊ ဓမ္မံသုဏမာနော။ ဓမ္မံသုဏန္တော။ (ရူပသိဒ္ဓိ။ ၁၉၃။)

တဝန္တု- တာဝီ၊ တလီမာန၊ အန္တ- အာနာ၊ တုံတ္တာတုန၊ တွာန- သဒ္ဒါ၊ နောက်ပုဒ်ပါမူ၊ န- သဒ္ဒါမှ၊ ကြွင်းပဒနှင့်၊ ဝါကျသာမှတ်၊ သမာသ်မဖြစ်၊ ဆိုတုံလှစ်၏- ဟူသောသဒ္ဒစည်းကမ်းအရ နိပ္ဖတ္တိ သမ္ဘဿမာနော- ဟု ဝါကျနှင့်ရှိသောပါဌ်သာသင့်ပါသည်။

## (က) အဓိဂမနိယေ၊ အဓိဂမနိဓယ

အဓိဂမိတဗ္ဗာတိ အဓိဂမနီယာ။ (မအူနိသျ- ၉၀) အဓိ+ဂမု+ အနီယ-ပစ္စည်းဖြင့်ပြီးသောကြောင့် အဓိဂမနီယေ - ဟုရှိသော ပါဌ်သာသင့်ပါသည်။

## ဒီဃရတ္တ

အစိတ်ဖြစ်သော ရှည်စွာသော ညဉ့်တို့၏ "ဒီဃရတ္တံ"- ဟူသောအမည်ကို အပေါင်းဖြစ်သော ရှည်စွာသောနေ့ ညဉ့်တို့၌တင်- ကေဒေသူ- အဝယဝူပစာ။ ဥပလက္ခဏ-နိဒဿနနည်း။

ဒိဝေါစ + ရတ္တိစ ရတ္တိ-ဟူသော မအူနိသျအလို ကေသေသနည်းလည်းရသည်။

## သံဃသုဋ္ဌုတာယ

သံဃသုဋ္ဌုဝစနသမ္ပဋိစ္ဆနတာယ-ဟူလိုလျှက် ဝစနသမ္ပဋိစ္ဆန-ပုဒ်ကိုချေ ဝဏ္ဏလောပနိရုတ္တိနည်း။ အကြောင်းဖြစ်သော သံဃာတော်၏ ကောင်းပါပြီးဘုရားဟု ဘုရားရှင်၏ စကားတော်ကိုဝန်ခံခြင်း၏

http://www.dhammadownload.com



## ဒီဃရတ္တံ

၉။ အစိတ်ဖြစ်သော ရှည်စွာသော ညဉ့်တို့၏ **"ဒီဃရတ္တံ"**- ဟူသောအမည်ကို အပေါင်းဖြစ်သော ရှည်စွာသောနေ့ ညဉ့်တို့၌တင်- ကေဒေသူ- အဝယဝူပစာ။ ဥပလက္ခဏ နိဒဿနနည်း။ ဒီဃါစ + ရတ္တိစ ရတ္တိ-ဟူသော မအူနိသျှအလို ကေသေသနည်းလည်းရသည်။

## သံဃသုဋ္ဌုတာယ

သံဃသုဋ္ဌုဝစနသမ္ပဋိစ္ဆနတာယ-ဟူလိုလျက် ဝစနသမ္ပဋိစ္ဆန-ပုဒ်ကိုချေ ဝဏ္ဏလောပနိရုတ္တိနည်း။ အကြောင်းဖြစ်သော သံဃာတော်၏ ကောင်းပါပြီ ဘုရားဟု ဘုရားရှင်၏ စကားတော်ကိုဝန်ခံခြင်း၏ **"သံဃသုဋ္ဌုတာ"**-ဟူသောအမည်ကို အကျိုးဖြစ်သောရှည်စွာသောနေ့ ညဉ့်ပတ်လုံးအစီးအပွားချမ်းသာ၌ တင်- ကာရဏူပစာ။ နာနန္တရိကနည်း။ (စ) ဝါကျကို ထောက်၍တင်သည်ဟု မှတ်ပါ။

**အမှာ။** ဘာသာဋီကာ၌ကား- အဆက်ဆက်ဖြစ်လတ့်သော စီးပွား၏ **"ဟိတ-"** အမည်ကို အကြောင်းဖြစ်သော စကားတော်ကို နာခံမှုအပေါ်၌ တင်စားထားသောကြောင့်-သံဃသုဋ္ဌုတာ- ကို "ဖလူပစာရစကား" ဟု မှတ်ဟုဥပစာတင်သည်။

၁၀။ **ဝစနသမ္ပဋိစ္ဆနဘာဝေ-** ၌ **ဝစနသမ္ပဋိစ္ဆန-** အရ ဘုရားရှင်၏ စကားတော်ကို ခံယူသောပုဂ္ဂိုလ်၏ လောကီ ခန္ဓာငါးပါးကိုယူ၍ လောကောနင့် အတူထုတ်လေ။ (ယောစတထာဂတဿ ဝစနံ သမ္ပဋိစ္ဆတိ၊ တဿ- ဟူသော(စ) ဝါကျစကားရပ်ကိုထောက်၍ ပုဂ္ဂိုလ်ကိုအရကောက်သည်- ဟုမှတ်လေ။)

# ဝါကျဥယျာဉ် (၄၃)

(က) **ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာတိ** ဒုမ္မင်္ကူ နာမ ဒုဿီလပုဂ္ဂလာ၊
(ခ) ယေ မင်္ကုတံ အာပါဒိယမာနာပိ ဒုက္ခေန အာပဇ္ဇန္တိ၊ ဝီတိက္ကမံ ကရောန္တာ ဝါ ကတွာ ဝါ နလဇ္ဇန္တိ၊ တေသံ နိဂ္ဂဟတ္ထာယ။
(ဂ) တေ ဟိ သိက္ခာပဒေ အသတိ "ကိံ တုမှေဟိ ဒိဋ္ဌံ, ကိံ သုတံ, ကိံ အမှေဟိ ကတံ၊ ကတရသ္မိံ ဝတ္ထုသ္မိံ ကတမံ အာပတ္တိံ အာရောပေတွာ အမှေ နိဂ္ဂဏှထာ"တိ သံဃံ ဝိဟေဌေဿန္တိ၊
(ဃ) သိက္ခာပဒေ ပန သတိ တေ သံဃော သိက္ခာပဒံ ဒဿေတွာ ဓမ္မေန ဝိနယေန သတ္ထုသာသနေန နိဂ္ဂဟေဿတိ၊
(င) တေန ဝုတ္တံ "ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယာ" တိ။

(၃၊ ၁၈၉။ သာရတ္ထ၊ ဒု၊ ၃၄။ မအူသျှ၊ ၂၊ ၉၁။ ဘာသာဋီကာ၊ ဒု၊ ၂၉၁။ ဂဏ္ဌိသစ်၊ ဒု၊ ၄၅၆။)

၁။ ခ-ဂ-ဝါကျတို့ကို အနက်မှန်စွာသမ္ဗန်ပါ။
၂။ ခ-သာဘောဝုပ္ပတ္တာ၊ ဂ-ကို တောဒနာတက်ပြပါ။ (အဓိပ္ပါယ်ပြန်စရာမလို)
၃။ (ခ-ဂ-ဃ-င)ဝါကျတို့ကို အကြောင်းပြအမည်ပေး၍၊ (ဂ) ဝါကျပါ တေ, အသတိ တို့ကို သဒ္ဒနယ စာစပ်ပြပါ။

http://www.dhammadownload.com



၄။ (က) ဒုဿီလပုဂ္ဂလာ-၌ ဒုဿီလ-ကို အစိတ်အပေါင်းဝစနတ္တပြု၍၊ အပေါင်း ဝစနတ္တကိုသာ ဉာဉ်နည်း ကောက်ပြပါ။

၅။ သံယော သတ္တုဿာဆန် ပုဒ်တို့ကို ဓာတု ပစ္စယ ပစ္စယတ္တ လိင် ဂဏ-ဝေဘန်ပါ။

၆။ (က-၁) ဝါကျတို့ကို အာင်္ဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ဂ) ဝါကျ၌ အာပတ္တိ အာရောပေတွာ။ အာပတ္တိ ရောပေတွာ-ဟု ပါဠိနှစ်ထွေရှိခဲ့သော် သင်/ မသင့် အကြောင်းပြဆုံးဖြတ်ပါ။

၈။ ဒုမ္မင်္ကူနံ-၌ ရသင့်သော နယူပစာရတို့ကို အကြောင်းပြဖြေပါ။

၁၀။ ဒုမ္မင်္ကူ-အရကို လက္ခဏာဟာရနေတ္တိနည်းထုတ်ပြပါ။

=======================

၂။

## ခ-သာဘောဝဏ္ဏနာ

ဆရာ-သည်၊ (က)ဖြင့် ဒုမ္မင်္ကူအရ ဒုဿီလပုဂ္ဂိုလ်တို့ကို ယူရမည်ဟု ဆို၏။ ယင်းဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ-ပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အကျယ်ကို ဆရာမပြဆိုပြီလော။ ယင်းပုဒ်တို့၏ သဒ္ဒတ္ထ အဓိပ္ပါယတ္ထ အကျယ်ကား အဘယ်ပါနည်း။ စုဒ်ကြောင့်-(၁) မိန့်။

**(တနည်း)** ဋ္ဌပနာတူ၏။ ယင်းဒုဿီလ ပုဂ္ဂိုလ်တို့သည် မိမိ၏ဒုဿီလ၏အဖြစ်ဖြင့် ဦးလည်တောင်းပန်သူ တို့ ဖြစ်ကြပါသလော (ဂဏ္ဌိသစ်၊ ၄၅၆။)(တနည်း) ယင်းဒုဿီလပုဂ္ဂိုလ်တို့သည် သိက္ခာပုဒ်ကိုလွန်ကျူးဆဲ လွန်ကျူးပြီးခကဉ့် ရှက်တတ် ကြပါကုန်သလော။ အဘယ်သို့သဘောရှိကြပါကုန်သနည်း။ နိဂ္ဂဟာယ-၌ စတုတ္ထီ ဝိဘတ်သည် တုမတ္ထသမ္ပဒါန်အနက်၌ သက်ပါသလော။ အဘယ်အနက်၌ သက်ပါသနည်း။ စုဒ်ကြောင့်-(၁) မိန့်။

## (ဂ) စောဒနာ

ဆရာ-သည် (၁)ဖြင့် ဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်ခြင်းငှာ သိက္ခာပုဒ်ကို ပညတ်တော်မူသော-ဟုဆို၏။ သိက္ခာပုဒ်မရှိသော်လည်း သံဃာသည် ယင်းဒုဿီလပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်နိုင်ရာသည် မဟုတ်ပါလော၊ ၁-ဝါကျဖြင့် ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်နိုင်ရာအံ့နည်း၊ ဒဋ္ဌိယ + ဒဋ္ဌိ ကရက ဆန့် -- ဝိရောဓိ -- ၏။ စုဒ်ကြောင့် (ဂ) မိန့်။

## ဂ-ဃ-နှစ်ဝါကျသို့ ပေါင်း၍ တက်ပုံ

ဆရာ-သည် (၁)ဖြင့်-ဆို၏။ သိက္ခာပုဒ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သံဃာသည် ဒုဿီလ ပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်နိုင်ရာသည်မဟုတ်ပါလော၊ ၁-ဝါကျဖြင့် ပြဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်နိုင်ရာအံ့နည်း။ ဂုဒ်-ကြောင့် (ဂ-ဃ) မိန့်။ (ဤကား ဟိ-ကို ဒဋ္ဌီဇောတကကြံ၍ တက်ပုံတည်း။)

## ဟိ-ကို ဝိတ္ထာရဇောတကကြံ၍တက်ပုံ

ဋ္ဌပနာတူ၏။ ယင်း ဒုဿီလပုဂ္ဂိုလ်တို့ကို သိက္ခာပုဒ်ဖြင့် အဘယ်သို့နှိပ်ကွပ်ရသနည်း။ (ဂဏ္ဌိသစ်-ဒု၊ ၄၅၆) သိက္ခာပုဒ်ဖြင့် နှိပ်ကွပ်ပုံအခြင်းအရာကို မပြဆိုပြီလော၊ စုဒ်-ကြောင့် (ဂ-ဃ) မိန့်။

၃။ ၁-သည် က-ကို ချဲ့ ဝိတ္ထာရ။ (တနည်း) ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ-ဟူသော အစိတ်ပုဒ်၏အဖွင့်မှတပါး ဒုမ္မင်္ကူနံ ပုဂ္ဂလာနံ နိဂ္ဂဟာယ-ဟူသောအပေါင်းပုဒ်၏ အဖွင့်ပြ ပကာသရ။

ဂ-ဃ-သည် ၁-ကို ယုတ္တိ အားဖြင့်မြဲစေ-ယုတ္တိဒဋ္ဌီကရဏ။ (တနည်း) ချဲ့ပြ-ဝိတ္ထာရ။

ထိုတွင်-ဂ-သည် ဗျတိရေက။ ဃ-သည် အနွယ၊ (ဝါ) ပကာသရ။ င-သည် လဒ္ဓဂုဏ (ဝါ) နိဂမန။

http://www.dhammadownload.com



**စာစပ်** ဘေ ကား တို့သည်-ကြောင့် ဝိပဟေဋ္ဌေသ္ထိ-၌ ဝုတ္တကတ္တား / ဝုတ္တကတ္တား၏ကြိယာ။
**အသတိ-ကား** သော်-ကြောင့် ဝိပဟေဋ္ဌေသ္ထိ-၌ လက္ခဏ / လက္ခဏစပ်။

၄။ နတ္ထိ သီလံ ဧတေသန္တိ ဒုဿီလာ။ (သီလမရှိသောသူ (ဝါ) ပါရာဇိကကျပြီးပုဂ္ဂိုလ်ရ၏။
**(တနည်း၊)** ဒူသိတံ + သီလံ + ဧတေသန္တိ ဒုဿီလာ။ (ဖျက်ဆီးအပ်ပြီးသောသီလရှိသူ (ဝါ) ပါရာဇိကမှကြွင်းသော အာပတ် ခြောက်ပုံသင့်သူ (အလဇ္ဇီပုဂ္ဂိုလ်) ရ၏။)
ဒုဿီလာစ + ဒုဿီလာစ ဒုဿီလာ။
ဒုဿီလ ဟူသော ရှေးပုဒ်အရကား သီလမရှိသော ပုဂ္ဂိုလ်တို့ဖြစ်သည် မှချ။
ဒုဿီလ ဟူသော နောက်ပုဒ်အရကားဖျက်ဆီးအပ်ပြီးသော သီလရှိသော ပုဂ္ဂိုလ်တို့ဖြစ်သည် မှချ။
ထိုပုဂ္ဂိုလ် နှစ်ဦးတို့၏ နှိပ်ကွပ်ခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဘန်သည် ဌာနူ။
ဒုဿီလာ-ဟူသော ကေသေသတဒွိတ်ပုဒ်လုံးအရကား ထို-သော သီလမရှိသော ပုဂ္ဂိုလ်, ဖျက်ဆီးအပ်ပြီးသော သီလရှိသောပုဂ္ဂိုလ်တို့ရ၏။ (ဝိသေသနဆက်ကောက်)

❖ **ဒုဿီလပုဂ္ဂလာတိ နိဿီလာ, ဒုသိတသီလာစ၊ (ဝိမတိ-၁၀၅)**

## ဝစနတ္ထမှတ်တွယ်

မင်္ကုတိ ဧတေနာတိ မင်္ကု။ (မကိ + ဏု) (ဂဏ္ဍိသစ်)
မကိ-ဓာတ်အရ-ကတ္တုဌ ကြိယာကား တင့်တယ်သော အခြင်းအရာအားဖြင့်ဖြစ်သော ရုပ်နာမ်တရား တို့သည်--မှချ။
ဏရဏဌ အရကား တန်ခိုးအရှိန်အဝါ၏ (ဝါ) အသရေ၏ ပကတူပနိဿယသတ္တိသည် ဖလူ။
ဏု-ပစ္စည်း အရကား တန်ခိုးအရှိန်အဝါရ၏ (ဝါ) အသရေရ၏၊ (ဖလူပစာသဒ္ဒါ ဖြစ်သောကြောင့် တန်ခိုး အရှိန်အဝါ အသရေ၏ အကြောင်းဖြစ်သော သီလ-သည်သာ ပဓာနအားဖြင့်ရ၏။)
နတ္ထိ မင်္ကု ဧတေသန္တိ ဒုမ္မင်္ကူ။ (ဂဏ္ဍိသစ်)
ဒုမ္မင်္ကူ-သမာသ်ပုဒ်အရကား သီလတန်ခိုး အရှိန်အဝါ မရှိခြင်း ဂုဏ်သည် မှချ။
ထို၏ + ဒုဿီလ ပုဂ္ဂိုလ်တို့နှင့် ဂုဏ် + ဂုဏေးစပ် ဌာနူ - ၏။
တေ - အရကား ဒုဿီလပုဂ္ဂိုလ်တို့ရ၏။
**(တနည်း၊)** ဒူသိတံ + မင်္ကု ဧတေသန္တိ ဒုမ္မင်္ကူ။
ဒုမ္မင်္ကူ-ဟူသော သမာသ်ပုဒ်အရကား ဖျက်ဆီး အပ်ပြီးသော သီလတန်ခိုးအရှိန်အဝါသည် မှချ။
ထို၏ + ဒုဿီလပုဂ္ဂိုလ်တို့နှင့် ဂုဏ် + ဂုဏေးစပ် ဌာနူ။
တေ-အရကား ဒုဿီလပုဂ္ဂိုလ်တို့ရ၏။
ဒုမ္မင်္ကူစ + ဒုမ္မင်္ကူစ ဒုမ္မင်္ကူ။
ဒုမ္မင်္ကူ-ဟူသော ရှေးပုဒ်အရကား သီလတန်ခိုးအရှိန်အဝါမရှိသော ပုဂ္ဂိုလ်တို့သည် မှချ။
ဒုမ္မင်္ကူ-ဟူသော နောက်ပုဒ် အရကား ဖျက်ဆီးအပ်ပြီးသော သီလတန်ခိုးအရှိန်အဝါရှိသော ပုဂ္ဂိုလ်တို့သည် မှချ။
ထိုပုဂ္ဂိုလ် နှစ်ဦးတို့၏ + နှိပ်ကွပ်ခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခသမ္ဘန်သည် ဌာနူ။
ဒုမ္မင်္ကူ-ဟူသော ကေသေသတဒွိတ်ပုဒ်အရကား သီလတန်ခိုး အရှိန်အဝါ မရှိသော ပုဂ္ဂိုလ်, ဖျက်ဆီးအပ်ပြီးသော သီလတန်ခိုးအရှိန်အဝါရှိသော ပုဂ္ဂိုလ်တို့ရ၏။

http://www.dhammadownload.com



ဘာသာဋီကာ -ဒု-၂၉၂-၌-မင်္ဂီယန္တိ နိတ္တေဇတံ အာပါဒိယန္တီတိ မင်္ကု-ဟု ပြုပြီးလျှင် ဒုက္ခေန + မင်္ကု ဒုမ္မင်္ကု-ဆက်၍ ဒုဿီလ- ပုဂ္ဂိုလ်အရကောက်ပါ ဟု ဆိုသည်။

ယင်းအလို - မင်္ကု - စာတ်အရ ဟေတုကတ္တုဋ္ဌကား (ဒုဿီလပုဂ္ဂိုလ်တို့ကို တန်ခိုးအရှိန်အဝါ မရှိသည်၏ အဖြစ်သို့ရောက်စေတတ်ကုန်သော) ရဟန်းကောင်းတို့၏ သုခ္ခန္ဓကာဟု ကရုဏာ မေတ္တာပြဌာန်းသော စိတ္တာပွဲပါ်သည် -- မှု၍။

ဟေတုကမ္မဋ္ဌ ကြိယာအရကား ထိုအားတပ်သော ဒုဿီလပုဂ္ဂိုလ်တို့၏ အာရမ္မဏပစ္စယသတ္တိ-ဖလူ။

ဥ-ပစ္စည်းအရကား -- ဒုဿီလပုဂ္ဂိုလ်တို့ရ၏။

ဒုက္ခေန မင်္ကု ဒုမ္မင်္ကု။

(ဒု - အရ ဒုက္ခဋ္ဌဘောဂုဏ်၏ + မင်္ကု - အရ ဒုဿီလပုဂ္ဂိုလ်တို့နှင့် ဂုဏ် + ဂုဏေးစပ်)

၅။ **သံဃော** = သံ + ဟန + ရ။ ကတ္တုသာဓနတ္တ + ပုံလိင် + ပုရိသာဒိ။

**သတ္ထု** = သာသ + ရတ္ထု + ကတ္တုသာဓနတ္တ + ပုံလိင် + သတ္ထာဒိ။

**သာသန** = သာသ + ယု + ကရဏသာဓနတ္တ + အဓိကရဏသာဓနတ္တ + နပုံလိင် + စိတ္တာဒိ။

၆။ (က) ဒုဿီလပုဂ္ဂလာ-ဖြင့် ဒုမ္မင်္ကု-အရ ဒုဿီလပုဂ္ဂိုလ်တို့ကို ယူရမည်ကိုလည်းကောင်း၊ ဒုမ္မင်္ကု-၌ မင်္ကု-သဒ္ဒါ၏ (အကျိုးဖြစ်သော တန်ခိုးအရှိန်အဝါကို အကြောင်းဖြစ်သော သီလ၌ တင်စားထားသော) ဖလူပစာသဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း (ဂဏ္ဌိသစ်၊ ၄၅၆) သိစေပါသည်။

(ခ) ယေ မင်္ကုတံ အာပါဒိယမာနာပိ ဒုက္ခေန အာပဇ္ဇန္တိ-ဖြင့် ဒုမ္မင်္ကု-၌-မင်္ကု-ဝယ် ဥ-ပစ္စည်း၏ ဟေတုကမ္မသာဓနအနက်၌သက် -- လည်းကောင်း, မင်္ဂီယန္တိ နိတ္တေဇတံ အာပါဒိယန္တီတိ မင်္ကု-ဟု-ပြု-လည်းကောင်း, ဒု-သဒ္ဒါ၏ ဒုက္ခအနက်ဟော-လည်းကောင်း, ဒုက္ခေန မင်္ကု ဒုမ္မင်္ကု-ဟုတတိယာတပ္ပုရိသ်သမာသ်ဝဇနတ္ထပြု-လည်းကောင်း, (ဤကားဘာသာဋီကာအလို) (တနည်း) မင်္ကု-၌ ဥ-ပစ္စည်းကရဏသာဓနအနက်၌ သက်-လည်းကောင်း, မင်္ကတိ တေဇနာတိ မင်္ကု ဟု ပြု၍ မင်္ကု-အရ တေဇ (ဝါ) လင်္ကာကို ယူ - လည်းကောင်း, ဒု-သဒ္ဒါ၏ အဘာဝအနက်ဟော--လည်းကောင်း, နတ္ထိ မင်္ကု-တေသန္တိ ဒုမ္မင်္ကု-ဟု စတုတ္ထီဗဟုဗ္ဗီဟိ-ပြု-လည်းကောင်း, (ဤကား ဂဏ္ဌိသစ်အလို) ယင်းဒုဿီလပုဂ္ဂိုလ်တို့သည် အရှိန်အဝါမရှိသူ၏အဖြစ်သို့ ရောက်စေအပ်သော်လည်း ဆင်းရဲငြိုငြင်သဖြင့် ရောက်စေအပ်သူ၏ အဖြစ်ကိုလည်းကောင်း သိစေပါသည်။

ဝီတိက္ကမံ ကရောန္တာ ဝါ ကတ္တာ ဝါ န လဇ္ဇန္တိ-ဖြင့်-ဘာဝတ္ထ-သိစေ။

တေသံ နိဂ္ဂဟတ္ထာယ-ဖြင့် နိဂ္ဂဟာယ-၌ အာယ သည် စတုတ္ထီသဝိဘတ်၏ ကာရိယ အဖြစ်ကို လည်းကောင်း, ယင်း-သ ဝိဘတ်၏ တဒတ္ထသမ္ပဒါန်အနက်၌သက် -- လည်းကောင်း သိစေပါသည်။

## ၇။ (ဂ) ဝါကျ = အာပတ္တိ အာရောပေတွာ + အာပတ္တိ ရောပေတွာ

အာပတ္တိ ရောပေတဗ္ဗောတိ အနိဿဋ္ဌနပစ္စယာ အာပန္နပါစိတ္တိယာပတ္တိ ဥက္ခေပနီယကမ္မကရဏတ္ထံ အာရောပေတဗ္ဗောတိ အတ္ထော။ (သာရတ္ထ။ ဒု။ ၃၆၂။) ၌ ရောပေတဗ္ဗော-ကို အာရောပေတဗ္ဗော-ဟု ဥပသာရပါ / ဖပါအားဖြင့် ပရိယာယ်ဖွင့်ပြထားသောကြောင့်လည်းကောင်း၊ အာရောပေတွာ-ဟုရှိက အာ + ရုဟ + ဏာပေ + တွာ - ပစ္စည်း။ ရောပေတွာ ဟု ရှိက ရုဟ + ဏာပေ + တွာ ပစ္စည်း။ နှစ်ပါဌ်လုံး တင်ခြင်း အနက်ကို ဟောနိုင်သောကြောင့်လည်းကောင်း နှစ်ပါဌ်လုံးသင့်သည်။

http://www.dhammadownload.com



## (ခ) ဝါကျ-ဒုမ္မင်္ကုတံ + မင်္ကုတံ

ဂဏ္ဌိသစ် + မအူသျှတို့အလို-ဒုမ္မင်္ကူ-၌ ဒု-ပုဒ်+မင်္ကု-ပုဒ်ခွဲ၍၊ မင်္ကု-၌ မကိ-ဓာတ် + ဥ-ပစ္စည်း။ ယင်းမင်္ကု-အရ တေဇ (ဝါ) လက္ခ-ရ၏။ ဒု-နှင့် မင်္ကု သမာသ်တွဲစပ်မှ အရှိန်အဝါမရှိသော ဒုဿီလပုဂ္ဂိုလ်ရသည်။ ထို့ကြောင့် ဂဏ္ဌိသစ် + မအူသျှတို့အလို **ဒုမ္မင်္ကုတံ** ဟုရှိသော ပါဌ်သင့်သည်။

**ဘာသာဋီကာအလို** မင်္ကု-အရ အရှိန်အဝါမရှိသော ပုဂ္ဂိုလ်ရသည်။ ဒု-နှင့် မင်္ကု သမာသ်တွဲစပ်သည့် အခါ၌လည်း ခဲယဉ်းသဖြင့် အရှိန်အဝါမရှိသော ပုဂ္ဂိုလ်ကိုပင်ရသည်။ ဒု-ကို ဒုက္ခေန-ဟုဖွင့်၍ မင်္ကု-ကို မင်္ကုတံ-ဟုဖွင့်သည်ဟု ကြံသည်။ ထို့ကြောင့် ဘာသာဋီကာအလို **မင်္ကုတံ**ပါဌ်သင့်သည်။ (၄-နံပါတ်နှင့်ယှဉ်ကြည့်)

**သာရတ္ထဋီကာ၌ကား**-မင်္ကုတန္တိ နိတ္တေဇဘာဝံ-ဟုဖွင့်သည်။ ယင်း သာရတ္ထဋီကာ အလို မင်္ကုတံ-ပါဌ်သင့်သည်။

## ဝိဟေဌေဿန္တိ + ဝိဟေဌေဿန္တိ

ဌေ, ဟေဌ-ဝိဗာဓာယံ။ ဌေတိ၊ ဟေဌတိ၊ ဝိဟေဌတိ။ (နီတိ၊ဓာတု။ ၅၇။) ထောက် - ဝိ + ဟေဌ + ဧ + ဿန္တိ-ဖြင့်ပြီး၍ ဒွေဘော်ဌာနမဟုတ်သောကြောင့် ဝိဟေဌေဿန္တိ ပါဌ်သာသင့်သည်။

၈။ ## ဒုမ္မင်္ကူနံ

အကျိုးဖြစ်သော အရှိန်အဝါမရှိခြင်း၏ "**ဒုမ္မင်္ကူ**" ဟူသောအမည်ကို အကြောင်းဖြစ်သော သီလ မရှိခြင်း၌တင် ဖလူပစာ / အဝိနာဘာဝနည်း။

## မင်္ကု

အကျိုးဖြစ်သောတန်ခိုးအရှိန်အဝါ၏ "**မင်္ကု**"-ဟူသောအမည်ကို အကြောင်းဖြစ်သော သီလ၌ တင် ဖလူပစာ/ အဝိနာဘာဝနည်း။ (ဂဏ္ဌိသစ်။ ဒု။ ၄၅၆)

**(တနည်း)** နတ္ထိ မင်္ကု ဧတေသန္တိ ဒုမ္မင်္ကူ၊ ဒုသိတံ မင်္ကု ဧတေသန္တိ ဒုမ္မင်္ကူ။ ဒုမ္မင်္ကူစ ဒုမ္မင်္ကူစ ဒုမ္မင်္ကူ။ သီလမရှိသောပုဂ္ဂိုလ်၊ ဖျက်ဆီးအပ်ပြီးသော သီလရှိသောပုဂ္ဂိုလ်။ ဤသို့အနက်ပြားလျက် သဒ္ဒါချင်း တူသည်၏ အဖြစ်ဖြင့် တစ်ခုကြွင်း ပြုထားသောကြောင့် သာမညနိဒ္ဒေသနည်း။ ဧကသေသနည်း။

## ဒုဿီလပုဂ္ဂလာ

ဤ၌ ဒုဿီပုဂ္ဂလာကား နတ္ထိ သီလံ ဧတေသန္တိ ဒုဿီလာ၊ ဒူသိတံ သီလံ ဧတေသန္တိ ဒုဿီလာ။ ဒုဿီလာစ ဒုဿီလာစ ဒုဿီလာ။ သီလမရှိသော ပုဂ္ဂိုလ်, ဖျက်ဆီးအပ်ပြီးသော သီလရှိသောပုဂ္ဂိုလ် ဤသို့အနက်ပြားလျက်သဒ္ဒါတူတစ်ခုအကြွင်းပြုထားသောကြောင့် သာမညနိဒ္ဒေသနည်း/ဧကသေသနည်း။

၁၀။ **ဒုမ္မင်္ကူ**-အရ ဒုဿီလပုဂ္ဂိုလ်တို့၏ ခေါင်းပါးကိုယူ၍ လောကောနှင့်အတူထုတ်။

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၄၄)

(က) **ပေသလာနံ ဘိက္ခုနံ ဖာသုဝိဟာရာယာတိ** ပေသလာနံ ပိယသီလာနံ ဘိက္ခုနံ ဖာသုဝိဟာရတ္ထာယ၊
(ခ) ပိယသီလာ ဟိ ဘိက္ခူ ကတ္တဗ္ဗာကတ္တဗ္ဗံ သာဝဇ္ဇာနဝဇ္ဇံ ဝေလံ မရိယာဒံ အဇာနန္တာ သိက္ခတ္တယပါရိပူရိယာ ဃဋမာနာ ကိလမန္တိ, သန္ဒိဋ္ဌမာနာ ဥဗ္ဗာဠှာ ဟောန္တိ၊
(ဂ) ကတ္တဗ္ဗာကတ္တဗ္ဗံ ပန သာဝဇ္ဇာနဝဇ္ဇံ ဝေလံ မရိယာဒံ ဉတွာ သိက္ခတ္တယပါရိပူရိယာ ဃဋမာနာ န ကိလမန္တိ, သန္ဒိဋ္ဌမာနာ န ဥဗ္ဗာဠှာ ဟောန္တိ၊
(ဃ) တေန နေသံ သိက္ခာပဒပညာပနာ ဖာသုဝိဟာရာယ သံဝတ္တတိ။

(၄။ ၁၈၉။ သာရတ္ထ၊ ဒု၊ ၃၄။ မအူသျှ၊ တ၊ ၉၂။ ဘာဋီ၊ ဒု၊ ၂၉၃။ ဂဏ္ဌိသစ်၊ ဒု၊ ၄၅၇။)

၁။ ဥဗ္ဗာဠှာ-ကို သဒ္ဒတ္ထ, အဓိပ္ပါယတ္ထ ပေါ်လွင်စေလျက် (ခ) ဝါကျကို အနက်သမ္ဗန်ပါ။
၂။ ခ-ကို ဒေါသာရောပနစောဒနာတက်၍ ဃ-ကိုအနုသန္ဓေတက်ပါ။
၃။ ခ-ဂ-ဃ-တို့ကို အကြောင်းပြအမည်ပေးပါ။
၄။ ပေသလာနံ-ကို အစိတ် + အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပြပါ။
၅။ ဖာသု၊ ဥဗ္ဗာဠှ၊ မရိယာဒ၊ ဝေလာ-ပုဒ်တို့ကို ဓာတု, ပစ္စယ ဝေဘန်ပါ။
၆။ က- အမှတ်ပြဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဥဗ္ဗာဠှ၊ ဥဗ္ဗဠှ ပါဌ်နှစ်မျိုးတွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ ဖာသုဝိဟာရာယ-၌ ရသင့်သော နယပုစ္ဆာတို့ကို ဆိုရိုးကျဖြေဆိုပါ။
၁၀။ ကိလမန္တိ-ကို ယုတ္တိဟာရစိစစ်ပြပါ။

= = = = = = = = = = = = = = = = = = = = = = =

၁။ ဥဗ္ဗာဠှာ=သံဃာမှ ထွက်သွားစေအပ်ကုန်သည်။ (သဒ္ဒတ္ထ) (ဝါ) နှိပ်စက်အပ်ကုန်သည်။ (အဓိပ္ပါယတ္ထ) (ဘာသာဋီကာ)

၂။ **ခ-ဒေါသာရောပနစောဒနာ**

(စ) ဝါကျဖြင့် အဓိသီလအရ (မုချအားဖြင့်) မဂ်ဖိုလ်နှင့်ယှဉ်သောသီလကို ယူ-သိစေ။

၇။ **သုရိယော၊ သူရိယော၊ သူရော**

သု-ဟိံသာယံ၊ အန္ဓကာရဝိဓမနေန သတ္တာနံ ဘယံ ဟိံသတီတိ သုရိယော။ ရ-ကာရာဂမော၊ သကာရဿ ယတ္တဥ္စ။ (ရူပသိဒ္ဓိ၊ ၄၂၁။)

သရ-ဂတိယံ။ ယော။ သရတိဿ သုရိအာဒေသော။ သရတိ ဂစ္ဆတီတိ သုရိယော။ သု-ဟိံသာယံဝါ။ ဏျယော။ ရ-ကာရာဂမော၊ သ-ကာရဿ ယတ္တဥ္စ။ အန္ဓကာရဝိဓမနေန သတ္တာနံ ဘယံ ဟိံသတီတိ သုရိယော။ (သူစိ)

အထက်ပါ ရူပသိဒ္ဓိနှင့် သူစိတို့အလို **သုရိယ**ဟု ရဿနှင့် ပါဌ်သင့်။

အာဒိစ္စော သူရိယော သူရော။ (ဓာန်။ ၆၂။) လောကာနံ သူရဘာဝံ ဇနေတီတိ သူရိယော။ တထာ သူရော။ (ဓာန်ဋီ) သူရိယဿ သူရ။ သူရော သူရိယော ဝါ ။(နီတိ။ သုတ္တ။ ၅၀၄။)

အထက်ပါ-ဓာန်။ ဓာန်ဋီ။ နီတိသုတ္တတို့အလို **သူရိယော။ သူရော**နှစ်ပါဌ်သင့်သည်။ ထို့ကြောင့် ၃-ပါဌ်သင့် ဟုဆုံးဖြတ်။

၈။ **(က) အဓိသီလံ**

အကျိုးဖြစ်သော မဂ်ဖိုလ်နှင့်ယှဉ်သောသီလ၏ **"အဓိသီလ"**ဟူသော အမည်ကိုအကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ၌ တင် ဖလူပစာ။ အဝိနာဘာဝနည်း။ (သာရတ္ထ။)

**(ဂ) ဝါကျ၌ တဗ္ဗဟုလ္လနည်း**

ဗုဒ္ဓုပ္ပါဒကာလတည်းဟူသော ဌာနဖြင့် ပါတိမောက္ခသံဝရသီလတည်းဟူသော ဌာနီကို မှတ်၍ ဗုဒ္ဓုပ္ပါဒကာလ၌ ပါတိမောက္ခသံဝရသီလ ဖြစ်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် ပစ္စေကဗုဒ္ဓကာလ၌ ပါတိမောက္ခသံဝရသီလ ဖြစ်ခြင်းတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလ္လနည်း။

http://www.dhammadownload.com



## (ခ) သူရိယော

ဌာန-နေဒြပ်၏ "သူရိယ"အမည်ကို ဌာနီနေရောင်၌ တင် ဌာနူပစာ။ နာနတ္တရိကနည်း (ပဇ္ဇောတာန်-ကို ထောက်)

## (ဆ) တံ ဣဒ္ဓ အနဓိပ္ပေတံ

အဓိသီလနှင့် မကင်းရာသည်ဖြစ်၍ ပါတိမာက္ခသံဝရသီလတည်းဟူသော လောကီသီလကို ဤပဌမပါရာဇိကအရာ၌ အလိုရှိအပ်၏ဟု အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။ ဗျတိရေကနည်းလည်းရသည်။ (ဒေဝဒတ္တော ဒိဝါ န ဘုဉ္ဇတိ ထုလော-ကဲ့သို့တည်း။)

## (ဇ) ဝါကျ၌လည်း

ကိလေသာနှင့် မကင်းရာသည်ဖြစ်၍ ပါတိမောက္ခသံဝရသီလဟု ဆိုအပ်သော လောကီသီလသို့ရောက်သော ပုထုဇဉ်ရဟန်းသည်ကား မေထုန်အကျင့်ကို မှီဝဲသေး၏ဟု အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း/ ဗျတိရေကနည်း။။

## (ဃ) ဝါကျ

အလုံးစုံသော ပါတိမောက်ကို ဘုရားမှတပါး အခြားပုဂ္ဂိုလ်တို့ထားခြင်းငှာ မတတ်ကောင်းဟု အလွန်အကဲအားဖြင့် ဆိုသောကြောင့် ဥက္ကဋ္ဌနည်း။

❖ **န ဟိ တံ ပညတ္တိံ ဌပေတုံ အာဒိ ပန ဥက္ကဋ္ဌဝသေန သဗ္ဗံ ပါတိမောက္ခံ သန္ဓာယ ဝုတ္တံ။ (ဝိမတိ၊)**

၁၀။ **အဓိသီလ**-အရ ပါတိမောက္ခသံဝရသီလဟု ဆိုအပ်သော ဝိရတိစေတနာတို့ကို လည်းကောင်း၊ ထိုနှင့် ယှဉ်ဘက်သမ္ပယုတ္တဓမ္မကို လည်းကောင်း၊ ထိုကြောင့်ဖြစ်သော ရုပ်တရားများကို လည်းကောင်း ယူ၍ လောကောနှင့် အတူ ထုတ်လေ။

# ဝါကျဥယျာဉ်(၆၄)

## (၄၇ –အစိုးရ –မေးမြီး၊)

(က) ကာမာဝစရာနိ ပန အဋ္ဌ ကုသလစိတ္တာနိ, လောကိယအဋ္ဌသမာပတ္တိစိတ္တာနိ စ ကေဿံ ကတ္ထာ စိတ္တမေဝါတိ ဝေဒိတဗ္ဗာနိ။

(ခ) ဗုဒ္ဓုပ္ပါဒါနုပ္ပါဒေ စဿ ပဝတ္တိ၊ သမာဒပနံ, သမာဒါနဉ္စ သီလေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

(ဂ) ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ ပန "အဓိစိတ္တ"န္တိ ဝုစ္စတိ။

(ဃ) တတ္ထ အဓိသီလံ ဝိယ သီလာနံ သဗ္ဗလောကိယစိတ္တာနံ အဓိကတ္တေဝ ဥတ္တမဉ္စ၊

(င) ဗုဒ္ဓုပ္ပါဒေယေဝ စ ဟောတိ, န ဝိနာ ဗုဒ္ဓုပ္ပါဒါ။

(စ) တတောပိစ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တံ၊

(ဆ) တံ ပန ဣဓ အနဓိပ္ပေတံ။

(ဇ) န ဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ။

(၃၊၂၀၉။ သာရတ္ထ၊ဒု၊ ၆၁။ ဝိမတိ၊ ၁၃၁။ မအူသျှ၊တ၊ ၁၆၆။ ဘာသာဋီ၊ဒု၊ ၃၆၇။ ဂဏ္ဌိသစ်၊ဒု၊ ၄၉၃။)

http://www.dhammadownload.com



၁။ ဂ-ဃ-တို့ကို ပမာ၊ ပမေ ထင်ရှားစေလျက် ဝါကျပရိဝတ္တနနည်းဖြင့် အနက်သမ္ဗန်ပါ။
၂။ ခ-ဝါကျကို အနုသန္ဓေတက်၍ ဆ-ကို ဗျတိရေကစောဒနာ တက်ပြပါ။
၃။ က-စသော ဝါကျများကို အကြောင်းပြ အမည်ပေးပါ။
၄။ (က) ဝါကျကာမာဝစရာနိပုဒ်ကို အစိတ်, အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပြပါ။
၅။ ကာမ၊ ကုသလ၊ သမာဒပန၊ ဝိပဿနာ၊ ပါဒက-တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။
၆။ (က-ဂ-စ) ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ (က)၌ ကေစ္ဆ+ကေစ္ဆံဟု ပါဠ်နှစ်ထွေရှိရာ သင့်ရာပါဠ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ (က) ကာမာဝစရာနိ အဋ္ဌကုသလစိတ္တာနိ၊ လောကိယအဋ္ဌသမာပတ္တိစိတ္တာနိ-၌ နယူပစာထုတ်ပါ။
၁၀။ (က) ဝါကျဝေဒိတဗ္ဗာနိ၌ ဗာဟျတ္ထအရ တရားကို ကိုယ်ပြု၍ ဓာတောတရဏဟာရ နေတ္တိနည်း ထုတ်ပါ။

==========================

## ၁။ ဂ-ဃ။ ပမာ + ပမေထင်ရှားစေလျက် ဝါကျပရိဝတ္တနအနက်ပေးပုံ

ပန၊ စိတ္တမှတပါး အဓိစိတ္တကိုဆိုဦးအံ့။ ဝိပဿနာပါဒကာ၊ သော။ အဋ္ဌသမာပတ္တိစိတ္တံ၊ကို။ အဓိစိတ္တန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ကသ္မာ၊ ကြောင့်။ ဝိပဿနာပါဒကာ။ ပ။ ဝုစ္စတိ၊ နည်း။) ဟိ-ယသ္မာ၊ကြောင့်။ တံ အဋ္ဌသမာပတ္တိစိတ္တံ၊ သည်။ အဓိသီလံ၊ သည်။ သီလာနံ၊ အလုံးစုံကုန်သော လောကီဖြစ်ကုန်သော သီလတို့ထက်။ အဓိကံ ဝိယစေဝ၊ ကဲ့သို့လည်းကောင်း။ ဥတ္တမံ ဝိယစ၊ လည်းကောင်း။ သဗ္ဗလောကိယသီလာနံ၊ တို့ထက်။ အဓိကဥ္စေဝ၊ ၏။ ဥတ္တမဥ္စ၊ ၏။ (တသ္မာ၊ ကြောင့်။ ဝိပဿနာပါဒကာ။ ပ။ ဝုစ္စတိ။ ၏။)

## ၂။ ခ-အနုသန္ဓေ

ဤသို့(က)ဝါကျဖြင့် စိတ္တအရ ကာမာဝစရကုသိုလ်ရှစ်ပါး၊ မဟဂ္ဂုတ်ကုသိုလ်ကိုးပါး (ဝါ) လောကီသမာပတ်ရှစ်ပါးကို ယူရမည်ဟု ပြဆိုပြီး၍ ယခုအခါ၌ ဘုရားဖြစ်တော်မူရာအခါ, မဖြစ်တော်မူရာအခါတို့၌ ထိုစိတ်၏ ဖြစ်ပုံကိုလည်းကောင်း၊ သူတပါးတို့ကို ဆောက်တည်စေပုံကို လည်းကောင်း၊ မိမိကိုယ်တိုင် ဆောက်တည်ပုံကိုလည်းကောင်း သီလ၌ ဆိုအပ်ပြီးသောနည်းဖြင့် သိအပ်၏ဟု (ဂန္ထဂရုဒေါသကို ပယ်လို၍) ညွှန်းပြလိုသော ဆရာသည် (ခ)မိန့်၏။

## (ဆ) ဝါကျ ဗျတိရေကစောဒနာ

ဆရာ-သည် မဂ်ဖိုလ်နှင့်ယှဉ်သောစိတ်သည်သာ အဓိစိတ္တမည်၏ဟု ဆို၏။ အကယ်၍ မဂ်ဖိုလ်နှင့်ယှဉ်သောစိတ်သည်သာ အဓိစိတ္တမည်ငြားအံ့။ ယင်းသို့ဖြစ်သည်ရှိသော် ယင်းမဂ်ဖိုလ်နှင့် ယှဉ်သောစိတ်ကို ဤပဌမပါရာဇိကအရာ၌ အလိုရှိအပ်ပါသလော။ အဘယ့်သို့မှတ်ရပါမည်နည်း။ စုဒ်ကြောင့်။ (ဆ)မိန့်၏။

**အမှာ** ဤအဓိစိတ္တအဖွင့်ဖြစ်သော ဝါကျဥယျာဉ်အမှတ်(၆၄)သည် ဆိုခဲ့ပြီးအဓိသီလအဖွင့် ဝါကျဥယျာဉ်(၆၃)နှင့် ဝါကျအနေအကား စာသွားစာလာတူနေသည်ကို တွေ့ရမည်။ ဝါကျဥယျာဉ် အမှတ်(၆၃)ကို ကျနစွာလေ့လာ ကျက်မှတ်လိုက်လျှင် ဤဝါကျဥယျာဉ်အမှတ် (၆၄) ဝါကျယူဆပုံ၊ ကျမ်းတက်ပုံမှာ အလိုအလျောက် နားလည်ပြီးဖြစ်သည်။

http://www.dhammadownload.com



၃။ က-စသည် ပက္ခန္တရ။ ခ-ပက္ခန္တရ။ ဝါကျာရမ္ဘ။ ဝိတ္ထာရ။
ဂ-သည် စိတ္တအရမှတပါး အဓိစိတ္တအရပြ ပက္ခန္တရ။
ဃ-ယုတ္တိဒဠှီကရဏ။ (မအူ)ကာရက (ရွှေဥမင်) တပ္ပါကဠီကရဏ။ (နိယံဆရာများအလို။)
င-သည် အဓိစိတ္တ ဖြစ်ရာအခါကို တဗ္ဗဟုလ္လနည်းအားဖြင့် ဆက်-ဝါကျရမ္ဘ။
စ-သည် အဓိစိတ္တ အရ ပရိယာယ်ဥပစာ အဖွင့်မှတပါး မုချအဖွင့်ပြ ပက္ခန္တရ။
ဆ-ဝါကျာရမ္ဘ။ ဇ-ယုတ္တိဒဠှီကရဏ(ဝါ) ကာရက။

၄။ ကာမေတီတိ ကာမော။ အဝစရတိ ဧတ္ထာတိ အဝစရာနိ၊
ကာမဿ + အဝစရာနိ ကာမာဝစရာနိ။
ကာမ-အရကား ကာမတဏှာသည် မုချ။
ထို၏ + မဟာကုသိုလ်စိတ်နှင့် အာရမ္မဏိက + အာရုံ-စပ် ဌာန။
ကာမာဝစရာနိ-ပုဒ်လုံး အရကား မဟာကုသိုလ်စိတ်ရ၏။ (ဝိသေသနဆက်ကောက်။)
**(တနည်း)** ကာမီယတီတိ ကာမော။ (ဘုံရ၏။) အဝစရန္တိတိ အဝစရာနိ။ (စိတ်ရ၏။)
ကာမေ+အဝစရာနိ ကာမာဝစရာနိ။
(ကာမဆယ့်တစ်ဘုံ၏ + အဝစရအရ မဟာကုသိုလ် စိတ်နှင့် ဌာန + ဌာနီစပ်။)
**(တနည်း)** ကာမေတီတိ ကာမော။ (ကိလေသကာမရ၏။)
ကိလေသေဟိ + ကာမီယတီတိ ကာမော။ (ဝတ္ထုကာမရ၏။)
အဝစရန္တိ ဧတ္ထာတိ အဝစရာနိ။ (စိတ်ရ၏။) ကာမောစ ကာမောစ ကာမာ။
ကာမာနံ + အဝစရာနိ ကာမာဝစရာနိ။ (အာရုံ + အာရမ္မဏိက + ဌာနီ + ဌာနစပ်)

**ဝစနတ္ထမှတ်ဘွယ်**

လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော။ လောကေ+နိယုတ္တာနိ လောကိယာနိ။ (စိတ်ရ၏။)
(တနည်း) လောကေ + နိယုတ္တာ လောကိယာ။ (ပုဂ္ဂိုလ်ရ၏။)
သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိယော။ (သံ + အာ + ပဒ + တိ။) အာရမ္မဏံ စိန္တေန္တီတိ စိတ္တာနိ။
သမာပတ္တိသဒိါတာနိ + စိတ္တာနိ သမာပတ္တိစိတ္တာနိ။
အဋ္ဌစ+တာနိ+သမာပတ္တိစိတ္တာနိစာတိ အဋ္ဌသမာပတ္တိစိတ္တာနိ။
လောကိယာနိစ + တာနိ + အဋ္ဌသမာပတ္တိစိတ္တာနိစာတိ လောကိယအဋ္ဌသမာပတ္တိစိတ္တာနိ။
**(တနည်း)** လောကိယေဟိ+အဋ္ဌသမာပတ္တိစိတ္တာနိ လောကိယအဋ္ဌသမာတ္တိစိတ္တာနိ။
လောကိယ အရကား သာသနာတော်၏ သဘောကို မသိကြကုန်သော လောကီလူတို့သည်မုချ။
ထို၏ + ဝင်စားအပ်ကုန်သော သမာပတ် ရှစ်ပါးစိတ်တို့နှင့် အာရမ္မဏိက + အာရုံစပ် ဌာန။
ပုဒ်လုံး အရကား လောကီလူသားတို့ ဝင်စားအပ်ကုန်သော သမာပတ်ရှစ်ပါးစိတ်တို့ရ၏။

**မှတ်ချက်** ပဌမနည်းကား--မအူနိဿျအလို၊ ဒုတိယနည်းကား-ဝိမတိအလို ဖြစ်သည်။
အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။ (ပညာရ၏)
ပစ္စတိ ပါပုဏီယတီ စေတနာတီ ပါဒေါ။
ပါဒေါဝ ပါဒကံ။ (ရှစ်ပါးသော ဝိပဿနာစိတ်ရ၏။)
ဝိပဿနာယ ပါဒကံ ဝိပဿနာ ပါဒကံ။

http://www.dhammadownload.com



၅။ **ကာမ** = ကမု+ဏ။ **အဝစရ** = အဝ+စရ+ဏ။
**ကုသလ** = ကု+သလ+ဏ။ (ဝါ) ကုသ+လာ+ကွိ။ (ဝါ) ကုသ+လု+ကွိ။
**သမာဒပန**=သံ+အာ+ဒါ+ဏာပေ+ယု။ **ဝိပဿနာ** = ဝိ+ဒိသ+ယု။
**ပါဒက** = ပဒ+ဏ။ သွတ္ထ-က။ **စိတ္တ** = စိတီ+တ။

၆။ (က) ဝါကျဖြင့် အာရမ္မဏံ စိန္တေတီတိ စိတ္တံ-ဟု ပြု၍ စိတ္တ-အရ ကာမကုသိုလ်စိတ် ရှစ်ပါး,လောကီသမာပတ်စိတ် ရှစ်ပါးကို အရကောက်ယူရမည်ဟု သိစေ။

(ဂ) ဝါကျဖြင့် အဓိကံ စိတ္တံ အဓိစိတ္တံ-ဟု ဝစနတ္ထပြု၍ အဓိစိတ္တ-အရ ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်ကို (ပရိယာယ်) ဥပစာအားဖြင့် ယူရမည်ကို လည်းကောင်း, ယင်းအဓိစိတ္တ-သဒ္ဒါ၏ (အကျိုးမဂ်ဖိုလ်စိတ်၏ အဓိစိတ္တအမည်ကို အကြောင်း-ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်၌ တင်စားသော) ဖလူပစာသဒ္ဒါ၏ အဖြစ်ကို လည်းကောင်း သိစေ။

(စ)ဝါကျဖြင့် အဓိစိတ္တ-အရ မုချအားဖြင့် မဂ်ဖိုလ်နှင့်ယှဉ်သောစိတ်ကို ယူရမည်ဟုသိစေ။

၇။ **ကေဠျ + ကေဠိ**

ဝိဘာဂေဓာစ။ (ရူ။ ၄၂၀-သုတ်။) စ သဒ္ဒေန ကေဠိတော ဏျစ။ ဏျ-ပစ္စယေ ကေဓာ ဏူရေတီတိ ကေဠျံ။ (ရူ-၂၅၄)ကိုထောက်၍ ကေ-နောင် ကရောတိ-အနက်၌ ဏျပစ္စည်းသက်၍ လည်းကောင်း, ကေဠိဟိ ဠျော။ (နီတိ။ သုတ္တ။ ၈၇) သုတ်ဖြင့်ကရောတိအနက်၌ ဏျ-ပစ္စည်း သက်၍လည်းကောင်း ပြီးသောကြောင့် အသဒိသဒွေဘော်နှင့်ကေဠျ-ပါဌ်သာ သင့်သည်။ မအူသျှ-၌ ကောန်+ဘာဝေါ ကေဠျ-ဟု ဝိဂ္ဂဟပြုသည်။

**သမာဒပနံ + သမာဒါပနံ**

နီတိ။ သုတ္တ။ မတ္တာဘေဒအောက်း၌ သမာဒပနံ သမာဒါပနံ-နှစ်မျိုးလုံး ပြဆိုထား သောကြောင့် လည်းကောင်း။ သမာဒါပနံ သမာဒါနဋ္ဌာတိ အညေသံ သမာဒါပနံ သယံ သမာဒါနဥ-ဟု (သာရတ္ထဋီကာ-ဒု။ ၆၁) ဆိုသောကြောင့် လည်းကောင်း အာ-ကို-အ-ရဿ မပြုဘဲလည်းကောင်း, ပြု၍လည်းကောင်း ပြီးနိုင်ရကား နှစ်ပါဌ်လုံးသင့်သည်။

၈။ **(ဂ) ဝါကျ အဓိစိတ္တ**

အကျိုးဖြစ်သော မဂ်ဖိုလ်နှင့် ယှဉ်သောစိတ်၏ **"အဓိစိတ္တ"**ဟူသောအမည်ကို အကြောင်း ဖြစ်သော ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်၌ တင်-ဖလူပစာ, အဝိနာဘာဝနည်း။

**(င) ဝါကျ၌ တဗ္ဗ ဟုလ္လနည်း**

ဗုဒ္ဓုပ္ပါဒကာလတည်းဟူသော ဌာနဖြင့် ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်တည်း ဟူသော ဌာနီကိုမှတ်၍ ဗုဒ္ဓုပ္ပါဒကာလ၌ ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ် ဖြစ်ခြင်းတည်း ဟူသောအများကို ဆိုသဖြင့် ပစ္စေကဗုဒ္ဓကာလ၌ ဝိပဿနာပါဒကအဋ္ဌသမာပတ္တိစိတ်ဖြစ်ခြင်း တည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလ္လနည်း။

**(ဆ) တံ ဏ္ဏုစ အနုစိမ္ပတံ**

အဓိစိတ္တနှင့် မကင်းရာသည်ဖြစ်၍ ဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်တည်းဟူသော အဓိစိတ္တကို ဤပဋ္ဌမပါရာဇိကအရာ၌ အလိုရှိအပ်၏ဟု အနက်ရောက်ရာသောအားဖြင့်ယူရ သောကြောင့် အတ္ထာပန္နနည်း/ဗျတိရေကနည်း။

http://www.dhammadownload.com



## (ဓ) ဝါကျဒြိလည်း

ကိလေသာနှင့် မကင်းရာသည်ဖြစ်၍ ဝိပဿနာပါဒက အဠသမာပတ္တိစိတ်သို့ရောက်သော လောကီသမာပတ္တိလာဘီ ပုထုဇဉ်ရဟန်းတို့ကား တစုံတခုသောအကြောင်းကြောင့် မေထုန်အကျင့်သို့ ရောက်နိုင်သေး၏ဟု အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္တာပနနည်း/ ဗျတိရေကနည်း။

### (ကံ) ကာမာဝစရာနိ ပ။ အဠသမာပတ္တိစိတ္တာနိ

အပေါင်းဖြစ်သော သာသနိကပုဂ္ဂိုလ်တို့၏ ကာမာဝစရကုသိုလ်ရှစ်ပါး, သမာပတ်စိတ်ရှစ်ပါး။ အသာသနိကပုဂ္ဂိုလ်တို့၏ ကာမာဝစရကုသိုလ်ရှစ်ပါး, သမာပတ်စိတ်ရှစ်ပါးတို့၏ **"ကာမာဝစရာနိ။ ပ။ အဠသမာပတ္တိစိတ္တာနိ"**ဟူသောအမည်ကို အစိတ်ဖြစ်သော အသာသနိကပုဂ္ဂိုလ်တို့၏ ကာမာဝစရကုသိုလ်ရှစ်ပါး, သမာပတ်စိတ်ရှစ်ပါး၌ တင် ကေဒေသျူ/ရူဠိနည်း။

❖ **လောကိယအဠသမာပတ္တိစိတ္တာနီတိ သာသနသဘာဝံ အဇာနန္တေဟိ လောကိယဇနေဟိ သမာပဇ္ဇိတဗ္ဗာနိ အဠ ရူပါရူပဈာန သမ္ပယုတ္တစိတ္တာနိ သန္ဓာယ ဝုတ္တံ။ (ဝိမတိ-၁၃၁။)**

### ကာမာဝစရာနိ

ဌာနဖြင့် ဌာနီကိုမှတ်၍ ကာမဘုံ၌ အဖြစ်များသည်ကို ဆိုသဖြင့် ရူပဘုံ, အရူပဘုံ၌ ဖြစ်တတ်သော အနည်းကိုလည်းရသောကြောင့်တဗ္ဗဟုလ္လနည်း။

၁၀။ **ဝေဒိတဗ္ဗာ၌** တဗ္ဗ -ပစ္စည်းဟူသော ဗာဟုလ္လတ္ထအရ မဟာကုသိုလ်(၈)ပါး, လောကီအဠ သမာပတ်စိတ်(၈)ပါး။ (ဝါ) မဟဂ္ဂုတ်ကုသိုလ်စိတ်(၉)ပါး။ ထိုနှင့်ယှဉ်ဘက် သမ္ပယုတ္တဓမ္မတို့ကို ယူ၍ ထုတ်လေ။

# ဝါကျဥယျာဉ်(၆၅)

(က) "အတ္ထိ ဒိန္နံ, အတ္ထိ ယိဋ္ဌံ"န္တိ အာဒိနယပ္ပဝတ္တံ ပန ကမ္မဿကတဉာဏံ ပညာ၊
(ခ) သာ ဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။
(ဂ) ဥပ္ပန္နေ ဗုဒ္ဓေ တဿာ ပညာယ ဗုဒ္ဓါပိ ဗုဒ္ဓသာဝကာပိ မဟာဇနံ သမာဒပေန္တိ၊ အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါ စ ကမ္မဝါဒိနော စ ဓမ္မိကာ သမဏဗြာဟ္မဏာ စက္ကဝတ္တိ စ မဟာရာဇာနော မဟာဗောဓိသတ္တာ စ သမာဒပေန္တိ၊ သာမမ္ပိ ပဏ္ဍိတာ သတ္တာ သမာဒိယန္တိ။
(ဃ) တထာ ဟိ **အင်္ကုရော** ဒသဝဿသဟဿာနိ မဟာဒါနံ အဒါသိ၊ **ဝေလာမော, ဝေဿန္တရော,** အညေ စ ဗဟူ ပဏ္ဍိတမနုဿာ မဟာဒါနာနိ အဒံသု။
(င) တေ တံ ကုသလံ ဓမ္မံ ပရိပူရေတွာ ဒေဝေသု စ မနုဿေသု စ သမ္ပတ္တိံ အနုဘဝိံသု။

(၄ ၂၁၀။ သာရတ္ထ၊ ဒု၊ ၆၁။ ဝိမတိ၊ ၁၃၂။ မဇ္ဈူသျှတ၊ ၁၆၇။ ဘာသာဋီ၊ဒု၊ ၃၆၇၊ ဂဏ္ဌိသစ်၊ ၄၉၃။)

http://www.dhammadownload.com



၁။ ဒိန္နံ၊ ယိဋ္ဌံ-ကို မုချတ္ထ၊ ဥပစာရတ္ထထင်စေလျက် (က-ခ-ဂ)တို့ကို အနက်ပေးပါ။
၂။ ခ-ကို အာဘောဂါယုတ္တစောဒနာ၊ ဃ-ကို အနုသန္ဓေတက်ပြပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြအမည်ပေး၍ (ဂ)ဝါကျ တဿာပညာယ-ကို သဒ္ဒနယ စာစပ်ပါ။
၄။ ကမ္မဿကတဉာဏံ-ကို အစိတ်၊ အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဉာသ်နည်းကောက်ပါ။
၅။ ဒိန္နံ၊ ယိဋ္ဌ၊ အကုံရ၊ ဝေလာမ၊ ဝေဿန္တရ-တို့ကို ဓာတုပစ္စယ ဝေဘန်ပါ။
၆။ **အလန္တိ ပေါတု။ ပရိယတ္တန္တိအတ္ထော။ ကိံနုမေတိ ကိံ မယှံ ကိစ္စံ ကိံ ကရဏီယံ၊ ကိံ သာဓေတဗ္ဗန္တိ အတ္ထော။** (၄-၂၁၅)ကို အာဘော်သံဝဏ္ဏနာဖော်ပါ။
၇။ ကမ္မဿကတဉာဏံ။ ကမ္မဿကတာဉာဏံ။ ကမ္မဿကတဉာဏံ-ဟု ပါဌ်သုံးမျိုးတွင်သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ (က)ဝါကျ အတ္ထိဒိန္နံ,အတ္ထိယိဋ္ဌံ-၌ ဒိန္နံ၊ ယိဋ္ဌံ-ဝယ် နယူပစာရကို ထုတ်ဖော်ပြပါ။
၁၀။ ကမ္မဝါဒိနော-အရကို ကိုယ်ပြု၍ ဒေသနာဟာရ နေတ္တိနည်းထုတ်ပါ။

=========================

၁။ ဒိန္နံ၊ လှူအပ်သောလှူဘွယ်ဝတ္ထုသည် (မုချတ္ထ) (ဝါ) လှူအပ်သော လှူဘွယ်ဝတ္ထု ဟူသော အကြောင်းကြောင့် ဖြစ်သော အကျိုးသည်။ (ဥပစာရတ္ထ)

✧ **အတ္ထိဒိန္နန္တိ အာဒိသု ဒိန္နပစ္စယာ ဖလံ အတ္ထီတိ ဣမိနာ ဥပါယေန အတ္ထော ဝေဒိတဗ္ဗော၊ ဒိန္နန္တိ စ ဒေယျဓမ္မ သီသေန ဒါနံ ဝုတ္တံ။(သာရတ္ထ)**

**(တနည်း)** ဒိန္နံ = လှူကြောင်းဖြစ်သောဒါနစေတနာသည်။ (မုချတ္ထ) (ဝါ) လှူကြောင်းဖြစ်သော ဒါနစေတနာ၏ အကျိုးသည်။ (ဥပစာရတ္ထ)

✧ **အတ္ထိဒိန္နန္တိ ဧတ္ထ ဒိန္နန္တိဒါနစေတနာ အဓိပ္ပေတာ၊ တဿ ဒိန္နဿ ဖလံ အတ္ထီတိ အတ္ထော။ (ဝိမတိ)**

ယိဋ္ဌံ = ကြီးစွာလှူအပ်သော လှူဘွယ်ဝတ္ထုသည် (မုချတ္ထ) (ဝါ) ကြီးစွာလှူအပ်သော လှူဘွယ်ဝတ္ထု ဟူသော အကြောင်းကြောင့်ဖြစ်သောအကျိုးသည်။ (ဥပစာရတ္ထ)

**(တနည်း)** ယိဋ္ဌံ၊ ကြီးစွာလှူကြောင်းဖြစ်သော ဒါနစေတနာသည်။ (မုချတ္ထ) (ဝါ) ကြီးစွာ လှူကြောင်းဖြစ်သော ဒါနစေတနာ၏ အကျိုးသည်။ (ဥပစာရတ္ထ)

✧ **ဧသေဝ နယော အတ္ထိ ယိဋ္ဌန္တိ ဧတ္ထာပိ။ (ဝိမတိ)**

၂။ **(ခ) အာဘောဂါယုတ္တစောဒနာ**

ဆရာ-သည် (က)ဖြင့် ကမ္မဿကတဉာဏ်သည် ပညာ(သာမန်) မည်၏ဟု ဆို၏။ ယင်းကမ္မဿကတဉာဏ်သည် သုံးပါးသောသမ္ပတ္တိကို ဆောင်တတ်သည်ဖြစ်၍ အဓိပညာ မည်ကောင်းရာသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ကမ္မဿကတဉာဏ်သည် ပညာမည်၏ဟု ဆိုသော ဆရာစကားသည် အသို့လျှင်သင့်နိုင်ရာပါအံ့နည်း။ စုဒ်ကြောင့် (ခ)မိန့်။

http://www.dhammadownload.com



## (ဂ) အနုသန္ဓေ

ဤသို့ (ခ)ဖြင့် ကမ္မဿကတဉာဏ်သည် ဘုရားပွင့်သော်လည်းကောင်း၊ မပွင့်သော်လည်းကောင်း ဖြစ်၏၊ ရှိ၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းဆိုအပ်ပြီးသော အနက်ကို ဝေဘန်၍ အကျယ်ပြလိုသော ဆရာသည် (ဂ)မိန့်၏။

## (ဃ) အနုသန္ဓေ

ဤသို့ (ဂ)ဝါကျ သာမဂ္ဂိ ပဏ္ဍိတာ သတ္တာ သမာဒိယန္တိဖြင့် ကိုယ်တိုင်လည်း ပညာရှိတို့သည် ကမ္မဿကတဉာဏ်ပညာကို (ဝါ) ကမ္မဿကတဉာဏ်ပညာလျှင် အကြောင်းရှိသော ဒါနစသော ကုသိုလ်ကို ဆောက်တ ည်ကြကုန်၏ဟု ပြဆိုပြီး၍ ယခုအခါ၌ ယင်းစကားရပ်ကို သဘောအားဖြင့် ပြီးစေမြဲစေလိုသောဆရာသည် (ဝါ)ယင်းသို့ ကိုယ်တိုင် ဆောက်တည်ကြပုံကို အကျယ်ချဲ့ပြလိုသော ဆရာ သည် (ဃ)မိန့်၏။

※ **တထာဟိ -မှာ၊ ဉာပကာ၊ ရုံခါ-ချဲ့ မြဲစွဲ၊**

၃။ ခ-ယုတ္တိဒဠှီကရဏ(တနည်း)ကာရဏ။ ဂ-ဝိတ္ထာရ။

ထိုတွင် အနုပ္ပန္နေ ဗုဒ္ဓေ-စသော ဝါကျသည် ဗုဒ္ဓေ ဥပ္ပန္နေပိ၏ အကျယ်မှတပါး ဗုဒ္ဓေ အနုပ္ပန္နေပိ၏ အကျယ်ကိုပြသောကြောင့် ပက္ခန္တရ။

ဃ-သည် သာမဂ္ဂိ ပဏ္ဍိတာစသော ဝါကျကို သဘောအားဖြင့် မြဲစေ၊ သိစေတတ်သောကြောင့် ဉာပက၊ ဒဠှီကရဏဝါကျ။ (တနည်း)ဝိတ္ထာရ။ င-သည် ဖလ။

**စာစပ်** **တဿာပညာယကား-၌-ကြောင့် သမာဒပေန္တိ-၌ အာဓာရ+အာဓာရီစပ်။**
(တသ္မိံသီလေ-ဟူသော-ဝိ၊ ဌ။ ၂၀၉-နှင့်အညီတည်း)။
**(တနည်း) တဿာ ပညာယ-ကား-ကို-ကြောင့် သမာဒပေန္တိ-၌ ဆဋ္ဌီကံ/ကမ္မ။**
(တဿာ ပညာယာတိပဒံ သမာဒပေန္တီတိ ပဒေ ကမ္မံ။ ယောနောနှင့်အညီတည်း)

၄။ ကရီယတေတိ ကမ္မံ။ ကုသိုလ်ကံစေတနာရ၏။ (သာရတ္ထ) ကုသိုလ် အကုသိုလ် စေတနာရ၏။ (ဝိမတိ)

သသ ဣဒံ သကံ။ (မိမိဟု ဆိုအပ်သော ခန္ဓာပဥ္စက၏ + ကုသိုလ် စေတနာ (သာရတ္ထ) ကု-အကုသိုလ် စေတနာ (ဝိမတိ) နှင့် သာမိ + သံ-စပ်။)
ကမ္မမေဝ သကံ ဧတဿာတိ ကမ္မဿကော။
(ကမ္မသက-အရ မိမိ၏ ဥစ္စာဖြစ်သော ကုသိုလ်ကံ(ဝါ) ကု-အကုကံ၏+ဧတအရ ပုဂ္ဂိုလ်ဒြဗ်နှင့် ဂုဏ် + ဂုဏေး-စပ်၊)
ကမ္မဿကဿ ဘာဝေါ ကမ္မဿကတာ။ ကမ္မဿကတံ ဇာနာတီတိ ကမ္မဿကတဉာဏံ။
ကမ္မသကတာ-ဟူသော ဥပပဒပုဒ်၏အရကား ကံသာလျှင် မိမိဥစ္စာရှိသူ၏အဖြစ်ဟု ဆိုအပ်သော ကမ္မဿကဘာဝဘောဂုဏ်သည် မှချ။
ထို၏ + ဉာဏ်နှင့် ဂုဏ် + ဂုဏေး, ကမ္မ+ကမ္မီ, အာရုံ + အာရမ္မဏိကစပ် ဌာနျ။
ဉာ-ဓာတ်၏ အရကား--ဉာဏ်၏ သိတတ်သော သတ္တိသည် မှချ။
ယု-ပစ္စည်းအရလည်းဖြစ်သော, သမာသ်ပုဒ်လုံးအရကား ထို-သော သတ္တိမန္တဖြစ်သော ကမ္မဿကတဉာဏ်ရ၏။ (ဤကား မအူသျှုနှင့်ဂဏ္ဌိသစ်တို့အလို ကိတန္တသမာသ်ဝိဂ္ဂဟတည်း။)

http://www.dhammadownload.com



(တနည်း) ဇာနာတီတိ ဉာဏံ။ ကမ္မဿကတာယ ဉပ္ပဇ္ဇနကဉာဏံ ကမ္မဿကတဉာဏံ။ (ဉပ္ပဇ္ဇနကပုဒ်ကျေသော မဇ္ဈေလောပီ သတ္တမီတပ္ပုရိသ်) (ဤကား ဝိမတိအလို) (ကမ္မဿကဘာဝဘောဂုဏ်၏ + ဉာဏ်နှင့် ဂုဏ် + ဂုဏေးစပ်။)

## ဝစနတ္ထမှတ်ဘွယ်

ဝဿာနံ သဟဿာနိ ဝဿသဟဿာနိ။ ဒသဟိ ဂုဏိတာနိ ဝဿသဟဿာနိ ဒသဝဿသဟဿာနိ။ ပဏ္ဍိတာစ တေ မနုဿာစာတိ ပဏ္ဍိတမနုဿာ။

၅။ ဒိန္န = ဒါ+တ။ ယိဋ္ဌ = ယဇ+တ။ သတ္တ = သန္ဓ+တ။ အင်္ဂုရ = အင် (ဝါ) အင်္ဂ+ဥရ။ ဝေလာမ = ဝေလာ-သဒ္ဒူပပဒ-အမ+ဏ။ ဝေဿန္တရ = ဝေဿ+တရ+ဏ။

✤ **ဝေလာ မရိယာဒါ အမတိ ဩဿာနံ ဂစ္ဆတိ တေသ္ဝိန္တိ ဝေလာမော။ ဝေလံ ဝါ မရိယာဒံ အမတိ ဂစ္ဆတိ အတိက္ကမတီတိ ဝေလာမော။**

၆။ ဟောတု-ဖြင့် အလံကို "အလံ-ဟောတု" ဖြစ်ပါစေဟု အနက်ယောဇနာရမည်ကို သိစေ။

ပရိယတ္တံ-ဖြင့်အလံ-သဒ္ဒါ ဘူသန, နိဝရဏ အနက်တို့ကို မဟော၊ ပရိယတ္တိ အနက်ဟော၏ဟု သိစေ။ (နိပါတလိင်္ဂတ္ထ။)

မယှံ-ဖြင့် ကိံနမေ-၌ မေ သဒ္ဒါသည် ဆဋ္ဌီ သ-ဝိဘတ်နှင့် တကွ အမှ-သဒ္ဒါ၏ ကာရိယ မဟုတ်၊ စတုတ္ထီ-သ-ဝိဘတ်(ဝါ)တတိယာ နာ-ဝိဘတ်နှင့်တကွ အမှသဒ္ဒါ၏ ကာရိယတည်းဟု သိစေ။ (ဝိဘတ္တိပဒ)

ကိံ-ဖြင့် ကိံန-၌ န သဒ္ဒါကား အနတ္ထကတည်းဟု သိစေ။ (နိပါတလိင်္ဂတ္ထ)

ကိစ္စံ-ဖြင့် ကိံ-သဒ္ဒါကို ကိစ္စံ-ဟူသော ပါဌသေသ၌ စပ်ရမည်ကို လည်းကောင်း၊ ကိံ-၌ ပဌမာဝိဘတ်၏အဖြစ်ကို လည်းကောင်း၊ ယင်းပဌမာဝိဘတ်၏ ဝုတ္တကံ အနက်၌ သက်သည်ကို လည်းကောင်း သိစေ။

ကရဏီယံ-ဖြင့် ကိစ္စံ-၌ ကရဓာတ်၏ အဖြစ်ကိုလည်းကောင်း၊ ရိစ္စ-ပစ္စည်း ကမ္မသာဓနအနက်၌ သက်-လည်းကောင်း၊ ကရဏီယန္တိ ကိစ္စံဟု ပြု-လည်းကောင်း သိစေ။

ကိံ သာဓေတဗ္ဗံ-ဖြင့် ကရဏီယံ-၌ အနီယ ပစ္စည်း၏ ကမ္မ သာဓနအနက်၌သက်-လည်းကောင်း၊ ကတ္တဗ္ဗံ သာဓေတဗ္ဗန္တိ ကရဏီယံ-ဟု ပြု-လည်းကောင်း၊ ကရဓာတ်၏ သာဓန (အဘိနိပ္ဖါဒန) အနက် ဟော-လည်းကောင်း သိစေ။

၇။ **ကမ္မဿကတဉာဏံ + ကမ္မဿကတဉာဏံ + ကမ္မဿကတာဉာဏံ**

သံယောဂေ ပရေ ရဿတ္တံ-ဟူရကား ဉ-သံယုဂ်ကြောင့် တ-၌ ရဿ။ ဤသို့ ပါရာဇိကဏ် ဂဏ္ဌိသစ် ဆိုသည်ဖြစ်၍ အာ-အက္ခရာနောင် ဉာ-ဓာတ်ကို ဒွေဘော်ပြု၊ ဉ-သံယုဂ်ကြောင့် တာ-၌ အာ-ကိုအရဿပြု၍ ရုပ်ပြီးသောကြောင့် **"ကမ္မဿကတဉာဏံ"**-ဟုရှိသော ပါဌ်သာသင့်သည်။ (ဂဏ္ဌိသစ်။ ၄၉၄။ ၅။) သဗ္ဗညုတဉာဏံ-ပုဒ်ကဲ့သို့တည်း၊ သဗ္ဗညုတဉာဏံ-ပုဒ်၏ ရုပ်ပြီးပုံကို စူဠနိဒ္ဒေသအဋ္ဌကထာ-၅ဝ-၌ လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ။၁။ ၅၄-၌လည်းကောင်း၊ သမ္မာသမ္ဗုဒ္ဓ-အဖွင့် မဏိသာရမဉ္ဇူသာဋီကာ။ ၁။ ၆ဝ-၌ လည်းကောင်း ရှု။ ကမ္မဿကတဉာဏံ-ပုဒ်ကား ဆဋ္ဌသံဂါယနာတင်ခေတ်မှ ပေါ်လာသော ပုဒ်တည်း။ (နယား-အဘိဓေဆရာတော်)

http://www.dhammadownload.com



၈။ **အတ္ထိ ဒိန္နံ**

အကြောင်းဖြစ်သော လှူဘွယ်ဝတ္ထု၏ "**ဒိန္န**"ဟူသောအမည်ကို အကျိုးဖြစ်သော ဒိန္နဖလ၌တင် ကာရကူပစာ/နာနန္တရိကနည်း။ **(တနည်း)**အကြောင်းဖြစ်သော ဒါနစေတနာ၏ "**ဒိန္န**"ဟူသော အမည်ကို အကျိုးဖြစ်သော ဒိန္နဖလ၌တင် ကာရကူ / နာနန္တရိကနည်း။ (ပထမနည်းကား--သာရတ္ထ၊ ဒုတိယနည်းကား--ဝိမတိအလို။ သာကေပါဠိ-၁-နံပါတ်ရှု။)

**အတ္ထိယိဋ္ဌံ**-၌လည်း အထက်ပါအတိုင်း နှစ်နည်းစီတင်လေ။ (၁-နံပါတ်ပြန်ကြည့်)

**အမှာ** ပါရာဇိကဏ်ဋ္ဌကထာ၊ ၄၉၃-၌ " **ဒိန္န**ကား ဒေယျဓမ္မဝါစက။ ဒါနစေတနာကို ကာရဏူပစာ။ နောက် (ယိဋ္ဌံ) ပုဒ်၌လည်း ဤနည်း။ "ဟု ဆိုရကား-ယင်းအလို အကြောင်း ဒေယျဓမ္မ၏ "**ဒိန္န**"ဟူသောအမည်ကို အကျိုးဖြစ်သော ဒါနစေတနာ၌တင် ကာရဏူပစာ။ အကြောင်းဖြစ်သော ဒါနစေတနာ၏ "**ဒိန္န**"ဟူသော အမည်ကို အကျိုးဖြစ်သော ဒါနစေတနာ၏ အကျိုး၌တင် ကာရဏူပစာ။ ဤသို့နှစ်ဆင့်တင်ရမည်။

**ကမ္မဿကတဉာဏံ**

အစိတ်ဖြစ်သော အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံ-စသောနည်းဖြင့်ဖြစ်သော ကမ္မဿကတ ဉာဏ်ပညာ၏ "**ကမ္မဿကတဉာဏံ**" ဟူသောအမည်ကို အပေါင်းဖြစ်သော အတ္ထိဒိန္နံ အတ္ထိယိဋ္ဌံ စသောနည်းဖြင့်ဖြစ်သော ကမ္မဿကတဉာဏ်ပညာ, သာသနာကိုမှီသော အလုံးစုံသော ဝဋ္ဋ ဂါမိနီကုသိုလ်ပညာတို့၌ တင်စား၍ဆိုသောကြောင့် ဧကဒေသူပစာ (အဝယဝူပစာ) ဥပလက္ခဏ နိဒဿနနည်း။

✤ **ဥပလက္ခဏမတ္တမေွတံ၊ သာသနိကသိတာ ပန သဗ္ဗာ ဝိဝဋ္ဋဂါမိနီ ကုသလပညာ ကမ္မဿကတဉာဏေ ပဝိဋ္ဌာ၊ (ဝိမတိ၊၁၃၂။)**

**(င)ဝါကျ၌ ဧဒေဝေသုစ။ ပ။ အနုဘဝိသု**

အစိတ် ဒေဝသမ္ပတ္တိ၊ မနုဿသမ္ပတ္တိတို့၏ အမည်ကို အပေါင်း ဒေဝသမ္ပတ္တိ၊ မနုဿသမ္ပတ္တိ၊ နိဗ္ဗာနသမ္ပတ္တိ ၌တင် ဧကဒေသူ/ဥပလက္ခဏ/နိဒဿန။

**ပဏ္ဍိတမနုဿာ**

အစိတ်ဖြစ်သော လူပညာရှိ ပုဂ္ဂိုလ်၏ "**ပဏ္ဍိတ**"ဟူသော အမည်ကို အပေါင်းဖြစ်သော လူပညာရှိ၊ နတ်ပညာရှိ၊ ဗြဟ္မာပညာရှိတို့၌ တင် ဧကဒေသူ -ဥပလက္ခဏ၊ နိဒဿနနည်း။

၁၀။ **ကမ္မဝါဒိနော-အရ--လောကီဝဋ္ဋဂါးပါးကို ယူ၍ထုတ်လေ။**

http://www.dhammadownload.com



# ဝါကျဉယျာဉ် (၆၆)

(က) တီလက္ခဏာကာရပရိစ္ဆေဒကံ ပန ဝိပဿနာဉာဏံ "အဓိပညာ"တိ ဝုစ္စတိ၊
(ခ) သာ ဟိ အဓိသီလအဓိစိတ္တာနိ ဝိယ သီလစိတ္တာနံ သဗ္ဗလောကိယပညာနံ ာဓိကာစေဝ ဥတ္တမာ စ၊
(ဂ) န စ ဝိနာ ဗုဒ္ဓုပ္ပါဒါ လောကေ ပဝတ္တတိ။
(ဃ) တတောပိ စ မဂ္ဂဖလပညာဝ အဓိပညာ၊
(င) သာ ပန ဣဓ အနဓိပ္ပေတာ။
(စ) န ယိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတီတိ။
(ဆ) ဓာစြာတိ တာသု တီသု သိက္ခာသု။ ယာယံ အဓိသီလသိက္ခာတိ ယာ အယံ ပါတိမောက္ခသီလ သင်္ခါတာ အဓိသီလသိက္ခာ။
(ဌ၊ ၂၁၀။ သာရတ္ထ။ ဒု။ ၆၃။ ဝိမတိ။၁၃၂။ မဏ္ဍူသျ။တ၊ ၁၆၈။ ဘာဋ္ဋီ။ဒု၊ ၃၆၈။ ဂဏ္ဌိသစ်။ဒု၊ ၄၉၄။)

၁။ က-ဝါကျကိုသာ သဒ္ဒတ္ထ ထင်စေလျက် ကျနစွာ အနက်ပေးပါ။
၂။ ဃ-အနုသန္ဓေတက်၍၊ စ-ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ ခ-စသော ဝါကျများကို အကြောင်းပြ အမည်ပေး၍ ခ-၌ သာ-ကို သဒ္ဒနယ စာစပ်ပြပါ။
၄။ က-ဝါကျ တီလက္ခဏာကာရပရိစ္ဆေဒကံ-ကို အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဉာသ်နည်း ကောက်ပြပါ။
၅။ ခ-သီလစိတ္တာနံ၊ ဂ-ဗုဒ္ဓုပ္ပါဒါ-တို့၌ ဝိဘတ္တိ၊ ဝိဘတျတ္ထနှင့် အဓိကာ-၌ ဓာတု၊ ဓာတွတ္ထ၊ ပစ္စယ၊ ပစ္စယတ္ထ-တို့ကို ဖော်ပြပါ။
၆။ ဆ-ဝါကျကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာနံ-ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ (က) ဝါကျ အဓိပညာ-၌ ရနိုင်သမျှ နယူပစာရ ထုတ်ပြပါ။
၁၀။ (က) ဝါကျ၌ ဝုစ္စတိ-ကို ယုတ္တိဟာရ နေတ္တိ စိစစ်ပြပါ။

===========================

၁။ **(က) သဒ္ဒတ္ထထင်စေလျက် အနက်ပေးပုံ**

ပန၊ ပညာမှတပါး အဓိပညာကိုဆိုအံ့။ တီလက္ခဏာကာရပရိစ္ဆေဒကံ = အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့၏အစွမ်းဖြင့် သုံးပါးသောအမှတ်လက္ခဏာ၏ ဟုတ္တာအဘာဝစရှိသော အခြင်းအရာကို ပိုင်းခြားတတ်သော။ (သာရတ္ထ) (ဝါ) အနိစ္စ။ ပ။ အမှတ်လက္ခဏာဟု ဆိုအပ်သော အခြင်းအရာကို ပိုင်းခြားတတ်သော။ (ယောဇနာ) ဝိပဿနာဉာဏံ၊ အထူးထူးအပြားပြားအားဖြင့် ရှုတတ်သော ဉာဏ်ကို။ အဓိပညာတိ၊ အလုံးစုံသော လောကီပညာတို့ထက် လွန်ကဲထူးမြတ် အပြားအားဖြင့် သိတတ်သော (ဝါ) သိစေတတ်သော အဓိပညာဟူ၍၊ ဝုစ္စတိ၊ ဥပစာအားဖြင့် ဆိုအပ်၏။

http://www.dhammadownload.com



၂။

## (ဂ) အနုသန္ဓေ

ဤသို့ (က-ခ)ဝါကျတို့ဖြင့် တိလက္ခဏာကာရပရိဇ္ဇေဒကဖြစ်သော ဝိပဿနာဉာဏ်ကို အဓိပညာဟု ဆိုအပ်သည်ကို ဥပမာဖြင့် ထင်ရှားစွာ ပြဆိုပြီး၍၊ (ဝါ)ယုတ္တိနှင့်တကွ ပြဆိုပြီး၍၊ ယခုအခါ၌ ဘုရားဖြစ်သောအခါကို ကြည့်၍ လောက၌ ဝိပဿနာဉာဏ်ပညာမဖြစ်ဟု စကားကြွင်းကို ဆက်၍ ပြခြင်းငှာ (ဂ)မိန့်။

## (ဃ) အနုသန္ဓေ

ဤသို့ (က)ဝါကျဖြင့် တိလက္ခဏာကာရပရိစ္ဆေဒကဖြစ်သော ဝိပဿနာဉာဏ်ကို အဓိပညာဟု ဆိုအပ်သောဟု ပြဆိုပြီး၍ ယခုအခါ၌ လောကီပညာ၏ အဓိပညာ၏အဖြစ်သည် ပရိယာယ်အားဖြင့် ဖြစ်သောကြောင့် နိပ္ပရိယာယအားဖြင့်ဖြစ်သော ထိုအဓိပညာကို ပြခြင်းငှာ (ဃ)မိန့်။ (မအူ)

## (စ) ပုစ္ဆာ

ဆရာ-သည် (င)ဖြင့် မဂ္ဂဖလပညာဖြစ်သော အဓိပညာကို ဤ၌ မလိုအပ်ဟုဆို၏။ မဂ်ဖိုလ် ပညာသည် ဝိပဿနာဉာဏ်ပညာထက် လွန်ကဲထူးမြတ်သော အဓိပညာမည်သည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် မဂ္ဂဖလပညာဖြစ်သော အဓိပညာကို ဤ၌ မလိုအပ်သနည်း-စုဒ်ကြောင့် (စ)မိန့်။

၃။ ခ-သည် ဝိပဿနာဉာဏ်၏ အဓိပညာမည်ပုံကို ယုတ္တိအားဖြင့် မြဲစေ-ယုတ္တိဒဠှီကရဏ။ (တနည်း) ဥပမာအားဖြင့် ထင်ရှားအောင်ပြ တပ္ပါကဋီကရဏ။ (တနည်း)ကာရဏ။

ဂ-ဝါကျာရမ္ဘ။ ဃ-ဥပစာအဓိပညာမှတပါး မုချအဓိပညာကိုပြ ပက္ခန္တရ။

င-ဝါကျာရမ္ဘ။ စ-ကာရဏ (တနည်း) ယုတ္တိဒဠှီကရဏ။

**စာစပ်** သာ-ကား-သည်-ကြောင့် အဓိကာ၊ ဥတ္တမာ-တို့၌တုလျတ်၊ လိင်္ဂတ်။

**(တနည်း)** ဟောတိ-ဟူသော ပါဌသေသ-၌ ပကတိကတ္တား/-ကြိယာဝိစကစပ်။

၄။ လက္ခီယတေ တေဟီတိ လက္ခဏာနိ။ တီဏိ+လက္ခဏာနိ တိလက္ခဏာနိ။

အာကရဏံ အာကာရော။ အာကရီယတိ ဧတေနာတိ ဝါ အာကာရော။

တိလက္ခဏာသ အာကာရော တိလက္ခဏာ ကာရော။ (သာရတ္ထ)

**(တနည်း)** တိလက္ခဏသင်္ခါတော + အာကာရော တိလက္ခဏာကာရော။ (ယောဇနာ)

တိလက္ခဏာကာရံ ပရိစ္ဆိန္ဒတီတိ တိလက္ခဏာကာရပရိစ္ဆေဒကံ။

တိလက္ခဏာကာရ ပုဒ်အရကား-လက္ခဏာယာဉ် သုံးပါးတို့၏ ဟုတ္တာအဘာဝ အစရှိသော အခြင်းအရာသည် မုချ-(သာရတ္ထ) (ဝါ) လက္ခဏာယာဉ်သုံးပါးဟု ဆိုအပ်သော အခြင်းအရာ သည်-မုချ။ (ယောဇနာ)

ထို၏ + ဝိပဿနာဉာဏ်နှင့် ကမ္မ+ကမ္မိစပ် ဌာနူ-၏။

ပရိ-အရကား စတ္တတ္ထာနုဝတ္တကသော ဂုဏ်ရ၏။

ဆိဒိ-ဓာတ် အရကား ဝိပဿနာဉာဏ်၏ သတ္တိလက္ခဏ သဘာဝရ၏။

ဏွု-ပစ္စည်းအရလည်းဖြစ်သော,တိလက္ခဏာကာရပရိစ္ဆေဒက-ဟူသော သမာသ်ပုဒ်လုံးအရကား-ထို-သော သတ္တိမန္တဖြစ်သော ဝိပဿနာဉာဏ်ရ၏။ (ဝိသေသနဆက်ကောက်)

http://www.dhammadownload.com



**အမှာ** ပရိစ္ဆိန္ဒတီတိ ပရိစ္ဆေဒကံ။ တီလက္ခဏာကာရဿ+ပရိစ္ဆေဒကံ တီလက္ခဏာကာရပရိစ္ဆေဒကံ -ဟု ကမ္မဋ္ဌဆဋ္ဌီလည်း ပြုနိုင်သည်။

၅။ **ဗုဒ္ဓုပ္ပါဒါ**-ကား သွာ-ဝိဘတ်။ ကံ-အနက်၊ အပါဒါန်အနက် ဖြစ်သည်။

**သီလစိတ္တာနံ**-ကား နံ-ဝိဘတ်။ အပါဒါန်အနက်။

**အဓိက**-ကား အဓိ+ဣ-ဓာတ်။ ဂတျတ္ထ။ က-ပစ္စည်း။ ကတ္တုတ္ထ။

၆။ (ဆ) တာသု တီသု သိက္ခာသု-ဖြင့် တတြ-၌ တ-သည် သိက္ခာသုံးပါးကို စွဲယူ-လည်းကောင်း၊ တြ-ပစ္စည်း၏ သတ္တမျတ္ထ၊ ဗဟုဝစနတ္ထ-၌သက်-လည်းကောင်း သိစေပါသည်။

ယာ အယံ-ဖြင့် ယာယံ-ကို ယာ+အယံ-ဟုပဒစ္ဆေဒပြု-သိစေပါသည်။

ပါတိမောက္ခသီလသင်္ခါတာ-ဖြင့် အဓိသီလသိက္ခာအရ ပါတိမောက္ခသံဝရသီလကို ယူ--သိစေ။

(က)-ဖြင့် အဓိကာ ပညာ အဓိပညာ-ဟု ဝစနတ္ထပြု၍ အဓိပညာ-အရ ဝိပဿနာ ပညာကို ယူ--လည်းကောင်း၊ ယင်းအဓိပညာ-သဒ္ဒါ၏ (အကျိုးမဂ်ဖိုလ်ပညာကို အကြောင်း ဝိပဿနာဉာဏ်၌ တင်စားထားသော) ဖလူပစာသဒ္ဒါ၏ အဖြစ်ကိုလည်းကောင်း၊ ယင်း ဝိပဿနာ ဉာဏ်၏ တီလက္ခဏာကာရပရိစ္ဆေဒ သဘောရှိသည်၏အဖြစ်ကို လည်းကောင်း သိစေပါသည်။

(ခ) အဓိကာစေဝ ဥတ္တမာစ-ဖြင့် အဓိပညာ၌ အဓိ-၏ အဓိက-အနက်၊ ဥတ္တမ-အနက်-ဟော-လည်းကောင်း၊ အဓိကာ+ပညာ အဓိပညာ-ဟု ကမ္မဓာရယ်ပြု-လည်းကောင်း သိစေ။

ခ-အပေါင်းဖြင့်-ဘာဝတ္ထ-ဖော်လေဦး။

၇။ **ဝိပဿနာဉာဏံ။ ဝိပဿနာဉာနံ**

အာဒိသဒ္ဒေန ရမု အပ ဉာ တာဒိတောပိ။ (ရူ။ ၅၅၁) နှင့်အညီ ဉာဓာတ်နောင် ယု-ပစ္စည်း၏ ကာရိယ အန-မှ န-ကို ဏ-ပြု၍ ပြီးသောကြောင့် ဝိပဿနာဉာဏံ-ဟု မုဒ္ဓဇ ဏ-ဖြင့်ရှိသော ပါဌ်သာ သင့်သည်။

**ဝိပဿနာဉာဏံ။ ဝိပဿနဉာဏံ**

သမာသ်လယ်မှာ၊ ထီမြဲအာ၊ ရဿာမပြုရ။ --ကြောင့် ဝိပဿနာဉာဏံ-ပါဌ်သာသင့်သည်။

၈။ **အဓိပညာ**

အကျိုး-မဂ္ဂဖလပညာ၏ **"အဓိပညာ"**ဟူသောအမည်ကို အကြောင်းဖြစ်သော ဝိပဿနာ ပညာ၌တင် ဖလူပစာ/အဝိနာဘာဝနည်း။ (သာရတ္ထ/ဝိမတိ)-

**(တနည်း)** က-သည် ဝိပဿနာဉာဏ်ကိုသာ အဓိပညာမည်၏ဟု အလွန်အကဲအားဖြင့် ဆိုသောကြောင့် ဥက္ကဋ္ဌနည်း။

**(တနည်း)** အဓိပညာအရ ဝိပဿနာဉာဏ်တည်းဟူသော ပြဓာန်းသည်ကို ဆိုသဖြင့် ဝိပဿနာ ဉာဏ်, ရတနတ္တယာနုဿရဏာဒိပညာဉာဏ်တို့ကိုလည်းရသောကြောင့် ပဓာန/ဥပလက္ခဏ/ နိဒဿန/ကေဒေသူပစာ၊ အဝယဝူပစာ။ (ဝိမတိ။)

**(ဂ)ဝါကျ**

ဌာနဖြင့် ဌာနီကိုမှတ်၍ ဗုဒ္ဓုပ္ပါဒကာလ၌ ဝိပဿနာ အဓိပညာဖြစ်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် ပစ္စေကဗုဒ္ဓုပ္ပါဒကာလ၌ ဝိပဿနာ အဓိပညာ ဖြစ်ခြင်းတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗ္ဗဟုလ္လနည်း။

http://www.dhammadownload.com



(င) ဝါကျ

ဤဌ မဂ်ဖိုလ် အဓိပညာကို မလိုအပ်ဟု ဆိုသဖြင့် အဓိပညာနှင့် မကင်းရာသည်ဖြစ်၍ ဝိပဿနာ အဓိပညာကို ဤဌ လိုအပ်၏ဟု အနက်ရောက်ရာသောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း/ဇျာတိရေကနည်း။

(စ) ဝါကျ

ဤဌ မဂ်ဖိုလ်အဓိပညာသို့ ရောက်သော ရဟန်းကား မေထုပဋိသေဝနအမှုကို မပြုဟု ဆိုသဖြင့် ကိလေသာနှင့် မကင်းရာသည်ဖြစ်၍ လောကီအဓိပညာသို့ ရောက်သော ရဟန်းကား တစ်စုံတခုသော အကြောင်းဖြင့် မေထုနပဋိသေဝနအမှုကို ပြုသေး၏ဟု အနက်ရောက်ရာ သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း/ဇျာတိရေကနည်း။

၁၀။ ဝုစ္စတိ-ယုတ္တိဟာရနေတ္တိထုတ်ပုံ ပူဇယတေ-ကို နည်းမှီ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၆၇)

(က) **တေ သာဓိဝံနာမာတိ** တေ သဗ္ဗမ္ပိ ဘဂဝတော ဝိနယေ ဥပိတံ သိက္ခာပဒံ, ယသ္မာ တွေ နာနာဒေသဇာတိဂေါတ္တာဒိဘေဒဘိန္နာ ဘိက္ခူ သဟ ဇီဝန္တိ ကေဇီဝိကာ သဘာဂဇီဝိကာ သဘာဂဝုတ္တိနော ဟောန္တိ၊ တသ္မာ "သာဇီဝ"န္တိ ဝုစ္စတိ။

(ခ) **တသ္မိံ သိက္ခတီတိ** တံ သိက္ခာပဒံ စိတ္တဿ အဓိကရဏံ ကတွာ ယထာသိက္ခာပဒံ န ခေါ သိက္ခာမိ, န သိက္ခာမီတိ စိတ္တေန ဩလောကေန္တော သိက္ခတိ။

(ဂ) န ကေဝလဉ္စာယမေတသ္မိံ သာဇီဝသဉ္ဇိတေ သိက္ခာပဒေယေဝ သိက္ခတိ၊ သိက္ခာယပိ သိက္ခတိ၊ "တေ သာဇီဝံ နာမာ"တိ ဣမဿ ပဒ အနန္တရဿ ပဒဿ ဝသေန "တသ္မိံ သိက္ခတီ"တိ ဝုတ္တံ။

(ဠ ၂၁၀။ သာရတ္ထ၊ ဒု၊ ၆၃။ မအူသျ၊ တ၊ ၁၆၉။ ဘာသာဋီ၊ ဒု၊ ၃၆၉။ ဂဏ္ဌိသစ်၊ ဒု၊ ၄၉၄။)

၁။ က-ကိုသာ ဝါကျပရိဝတ္တနည်းဖြင့် အနက်ယောဇနာပါ။
၂။ က-ကိုလျှင်းပါးပုစ္ဆာ၊ (ဂ)ကို လီနတ္ထရစောဒနာတက်ပြပါ။
၃။ ဂ-ဝါကျကို အကြောင်းပြ အမည်ပေး၍ (က)ဝါကျဌ သိက္ခာပဒံ-ကို သဒ္ဒနယစာစပ်ပါ။
၄။ ခ-ဝါကျ အဓိကရဏံ-ကို ဝစနတ္ထပြု၍ ဉာဉ်နည်းကောက်ပြပါ။
၅။ ဂေါတ္တ၊ ဇီဝိက၊ ဝုတ္တိ၊ ကေဝလ၊ အန္တရ-တို့ကို ဓာတ်၊ ပစ္စယ ဝေဘန်ပါ။
၆။ (က-ခ) တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ (က)ဌ ကေဇီဝိကာ သဘာဂဇီဝိကာ-ဟုလည်းကောင်း၊ ကေဇီဝိတာ သဘာဂဇီဝိတာ-ဟု လည်းကောင်း ပါဌ်နှစ်တွေ့ရှိရာ သင့်ရာပါဌ်ကို သာဓက အကြောင်းပြ၍ ဆုံးဖြတ်ပါ။
၈။ ခ-ဝါကျ တသ္မိံ သိက္ခတိ-ဌ နယူပစာရ ထုတ်ပြပါ။
၁၀။ သဘာဂဝုတ္တိနော-ကို လက္ခဏဟာရ နေတ္တိနည်း ထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = =

http://www.dhammadownload.com



၁။ **(က) ဝါကျပရိစ္ဆေဒ**

တေ် သာဇီဝံနာမာတိ၊ ကား၊ သမ္ဗန္ဓိ၊ သော။ ဘဂဝတာ၊ သည်။ ဝိနယေ၊ ၌။ ဥပိတံ။ သော။ တေ် သိက္ခာပဒံ၊ ကို။ သာဇီဝန္တိ၊ ဟူ၍၊ ဝုစ္စတိ၊ ၏။ (ဖလ)ကသ္မာ၊ ကြောင့်။ သမ္ဗန္ဓိ။ သော။ပ။ သာဇီဝန္တိ၊ ဟူ၍။ ဝုစ္စတိ၊ နည်း။ (ပုစ္ဆာ)ယသ္မာ၊ ကြောင့်။ တေ္တ၊ ဤသိက္ခာပုဒ်၌။ ပ ။ သဘာဂဝုတ္တိနော၊ ကုန်သည်။ ဟောန္တိ။ (ကာရက) တသ္မာ၊ ကြောင့်၊ သမ္ဗန္ဓိ၊ သော။ ပ ။ သာဇီဝန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ (ပရိဟာရ။)

၂။ **(က) လျှင်းပါးပုစ္ဆာ**

ဆရာ-မြတ်စွာဘုရားသည် တေ် သာဇီဝံနာမ-ဟု ဟောတော်မူ၏။ ယင်း၌ သာဇီဝကို မည်သို့ ဝစနတ္ထပြုရမည်နည်း။ ကတ္တုသာဓန ဝစနတ္ထပြုရမည်လော။ သာဇီဝ-၌ သ-သည် အဘယ်၏ ကာရိယဖြစ်ပါသနည်း။ လူဝတ်ကြောင်း ပုဂ္ဂိုလ်တို့၏ အသက်မွေးရာဖြစ်သောကြောင့် သိက္ခာပုဒ်ကို သာဇီဝ-ဟူ၍ ဆိုအပ်ပါသလော။ တေ-သဗ္ဗနာမ်ပုဒ်သည် အဘယ်ကို စွဲယူသုံးသပ် ပါသနည်း။ ပုဂ္ဂိုလ်ကိုပင် စွဲယူသုံးသပ်ပါသလော။ စုဒ်ကြောင့် (က)မိန့်။

**(ခ)ပုစ္ဆာ**

ဆရာ-မြတ်စွာဘုရားသည် တသ္မိံသိက္ခတိ-၌ တသ္မိံ-ဟု အဓိကရဏ အာဓာရကို ညွှန်းပြတော်မူ၏။ အဓိကရဏအာဓာရသည် အာဓေယျကိုင်ခဲ့သည် မဟုတ်ပါလော။ တသ္မိံဟူသော အဓိကရဏအာဓာရ၏ အာဓေယျကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ခ)မိန့်။ (ဂဏ္ဌိသစ်-၄၉၄။)

✧ **တသ္မိံသိက္ခတီတိ ဧတ္ထ အာဓေယျာပေက္ခတ္တာ အဓိကရဏဿ ကိမာဓေယျမပေက္ခိတွာ "တသ္မိံ" န္တိ အဓိကရဏံနိဒ္ဒိဋ္ဌန္တိအာဟ "တံ သိက္ခာပဒံ စိတ္တေဿ အဓိကရဏံ ကတွာ" တိ။ (သာရတ္ထ)**

**(ဂ) လီနတ္ထ စောဒနာတက်ပုံ**

ဆရာ-မြတ်စွာဘုရားသည် တသ္မိံ သိက္ခတိ (တေန ဝုစ္စတိ သိက္ခာသာဇီဝသမာပန္နော) ဟုဟောတော်မူ၏။ သိက္ခာသာဇီဝသမာပန္နော-ပုဒ်၏ ပဒဘာဇနီဝိဘင်းဖြစ်၍ သိက္ခာနှင့် သာဇီဝ၏လည်း ဘိန္နာဓိကရဏ ဖြစ်ရသောကြောင့် တေသု သိက္ခတိ (တေန ဝုစ္စတိ သိက္ခာသာဇီဝသမာပန္နော)ဟု ဟောတော်မူသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် တသ္မိံ သိက္ခတိ (တေန ဝုစ္စတိ သိက္ခာသာဇီဝသမာပန္နော)ဟု ဤမျှကိုသာ ဟောတော်မူပါသနည်း-စုဒ်ကြောင့် (ဂ)မိန့်။ (ဂဏ္ဌိသစ်-၄၉၄။ သာရတ္ထ၊ဒု၊ ၆၃/၆၄။)

**မှတ်ချက်** ဤကား သာရတ္ထ၊ ဂဏ္ဌိသစ်တို့နှင့်အညီ ကျမ်းတက်ပုံဖြစ်သည်။ န ကေဝလံ-မှ သိက္ခတိ တိုင်အောင် အဘော်ထား၍လည်း တနည်းကျမ်းတက်နိုင်သည်မှတ်။

၃။ ဂ-သည် ပါဠိတော်၌ စော၊ ပယ်၊ ဆက်-ဝါကျာရမ္ဘ။

ထိုတွင် နကေဝလဥ္စမှ သိက္ခာယပိ သိက္ခတိ-တိုင်အောင် စောဒကာဘောဂဝါကျ။ တေ် သာဇီဝံနာမာတိ စသည်ကား ပရိဟာရဘောဂ၊ ပရိဟာရဝါကျ။

ယင်း စောဒကာဘောဂဝါကျ၌ နကေဝလဥ္စမှ သိက္ခတိ-တိုင်အောင် ဗျတိရေက ဝါကျ။ သိက္ခာယပိ သိက္ခတိ-ကား အန္ဝယဝါကျ။

**စာစပ်** က-၌ **သိက္ခာပဒံ**-ကား ကို-ကြောင့်--ဝုစ္စတိ-၌ ဝုတ္တကံ/ဝုတ္တကံ၏ ကြိယာစပ်။

http://www.dhammadownload.com



၄။ အဓိကရောတိ (အဓိကရိယတိ) စိတ္တံ ပတိဋ္ဌာတိ ဧတ္ထ သိက္ခာပဒေတိ အဓိကရဏံ။
အဓိ-အရ ဓာတွတ္ထာဝိသေသကဘောဂုဏ်ရ၏။
ကရဓာတ်အရ ကတ္တုဋ္ဌကား-(သိက္ခာပုဒ်ကို အာရုံပြု၍ ဖြစ်သော) ကုသိုလ်စိတ္တုပ္ပါဒ်သည် မှုချ။
အဓိကရဏဋ္ဌကြိယာ အရကား-ထိုအားတပ်သော သိက္ခာပုဒ်၏ အာရမ္မဏ၊ ပကတူပ--ဖလူ။
ယု-အရကား-အလုံးစုံသော သိက္ခာပုဒ်ရ၏။

## ဝစနတ္ထမှတ်ဘွယ်

ဩလောကေတီတိ ဩလောကေန္တော။
အဝ-အရကား-ဓာတွတ္ထာနုဝတ္တဘောဂုဏ်ရ၏။
လောက-ဓာတ်အရ--ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မှုချ။
(ရှေးရှေး--ယောနိသော-ဖလူ. နောက်နောက်--ကုသိုလ်စိတ္တုပ္ပါဒ်--ကာရကူ)
ဏေ-အရကား--ရူပသိဒ္ဓိမတ္တပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။ အန္တ-အရကား ရဟန်းဒြဗ်ရ၏။
သဟ ဇီဝန္တိ ဧတ္ထာတိ သာဇီဝံ။
သဟ-အရကား--တုလျဘောဂုဏ် ရ၏။ အာ--အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။
ဇီဝ - ဓာတ်အရ - ကတ္တုဋ္ဌကား-ရဟန်းတို့၏သန္တာန်၌ ဝိရတီစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မှုချ။
အဓိကရဏဋ္ဌ-ကား-ထိုအားတပ်သော သိက္ခာပုဒ်၏ အာရမ္မဏ၊ ပကတူပ--ဖလူ။
အ-ပစ္စည်းအရကား ---- သိက္ခာပုဒ်ရ၏။
ကော ဇီဝိကာ ဧတေသန္တိ ကေဇီဝိကာ။ သဘာဂါ ဇီဝိကာ ဧတေသန္တိ သဘာဂဇီဝိကာ-ဟုပြု။
(ဇီဝနံ ဝုတ္တိ ဇီဝိကာ။ အဘိဓာန်ထောက်။ ဇီဝိကာ-ကား ဣတ္ထိလိင်)

**အမှာ** မအူ-သျှ-၌ ကေံ သမာနံ ဇီဝံ ဧတေသန္တိ ကေဇီဝိကာ။ သမာနော ဘာဂေါ ဧတဿာတိ သဘာဂံ။ သဘာဂံ ဇီဝံ ဧတေသန္တိ သဘာဂဇီဝိကာ-ဟု ပြုသည်။
သမာနော ဘာဂေါ ဧတိဿာတိ သဘာဂါ။ သဘာဂါ ဝုတ္တိ ဧတေသန္တိ သဘာဂဝုတ္တိနော။
(တူသော အဘို့ရှိသော အသက်မွေးခြင်း၏ + ရဟန်းတို့နှင့် ဂုဏ် + ဂုဏေးစပ်ကောက်)
သိက္ခာပဒဿ + အနုရူပံ ယထာသိက္ခာပဒံ။ သာဇီဝံ ဣတိ သဒ္ဒါတံ ကထိတံ သာဇီဝသဒ္ဒါတံ။
နတ္ထိ အန္တရံ ဣမဿ တေသာဇီဝံနာမာတိ ပဒဿာတိ အနန္တရံ။

၅။ **ဓေါတ္တ** = ဓေါ + တ + တ (ဝါ) ဂုပ + တ။ **ဇီဝိက** = ဇီဝ + ဏွ။ ထိ-အာ။
**ဝုတ္တိ** = ဝတု + တိ။ (ဝတ္တနံ ဝုတ္တိ။ ဝတု-ဝတ္တနေ၊ တိ-အဿ)
**ကေဝလံ** = ကေဝ + အလ။ **အန္တရ** = အတိ + အရ။

၆။ (ယံ ဘဂဝတာ ပညတ္တံ သိက္ခာပဒံ၊ တေံ သာဇီဝနာမ။ ပါဠိတော်။)
(က) တေံ သဗ္ဗမ္ပိ ဘဂဝတာ ဝိနယေ ဌပိတံ သိက္ခာပဒံ သာဇီဝန္တိ ဝုစ္စတိဖြင့် တေံ သာဇီဝံနာမဉ္စ တေ-သဒ္ဒါ၏ အနိယတ် ယ-သဒ္ဒါဖြင့် ဆိုခဲ့ပြီးသော သိက္ခာပုဒ်ကို စွဲယူသုံးသပ်သော ပဋ္ဌိဝိသယတ၏ အဖြစ်ကိုလည်းကောင်း (သဗ္ဗနာမလိင်္ဂတ္တာ) ပညတ္တံ-၌ ပ-ပုဗ္ဗ ဉပဓာတ်၏ ဌပန-အနက်ဟော-လည်းကောင်း၊ ဘုရားရှင် သိက္ခာပုဒ်ကို ပညတ်ဟူသည် ဝိနည်းပါဠိတော်၌ အလုံးစုံသော သိက္ခာပုဒ်ကို ထားခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း၊ သာဇီဝ-အရ အလုံးစုံသော သိက္ခာပုဒ်ကို ယူ-လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



ဓေတ္တ သဟ ဇီဝန္တိ-ဖြင့် သာဇီဝံ-၌ သ-သဒ္ဒါ၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ အာ-၏ ဓာတွတ္ထာနုဝတ္တက၏အဖြစ်ကို လည်းကောင်း၊ အ-ပစ္စည်း၏ အဓိကရဏသာဓန အနက်၌ သက်-လည်းကောင်း၊ 'သဟ ဇီဝန္တိ ဧတ္ထာတိ သာဇီဝံဟု ပြု-လည်းကောင်း သိစေပါသည်။

နာနာဒေသ။ ပ ။ ဘိက္ခူ-ဖြင့် ဘာဝတ္ထ--သိစေ။

ဧကဇီဝိကာ-ဖြင့် တကွအသက်မွေးကြကုန်၏ဟူသည် တူသောအသက်မွေးခြင်း ရှိကုန်သည်၏ အဖြစ်ပင်တည်းဟု သိစေပါသည်။

ဘဘာဂဇီဝိကာ-ဖြင့် ဧကဇီဝိကာ-၌ ဧက-သဒ္ဒါ သဘာဂ အနက်ဟောဟု သိစေ။

သဘာဂဝုတ္တိနော-ဖြင့် သဘာဂဇီဝိကာသည် သဘာဂဝုတ္တိ၏ ပရိယာယ်တည်းဟု သိစေ။

(၁) တံ သိက္ခာပဒံ စိတ္တဿ အဓိကရဏံ ကတွာဖြင့် တသ္မိံ သိက္ခ-တိ-၌ တသ္မိံ ဟူသော အာဓာရသည် အာဓေယျကိုငဲ့သောကြောင့် ယင်း တသ္မိံ-၏ အာဓေယျကား စိတ္တံ-ပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း (သာရတ္ထ) တသ္မိံ-၌ တ-သဒ္ဒါ၏ သိက္ခာပဒ-ဟု ဆိုအပ်သော သာဇီဝ-ကို စွဲယူ-လည်းကောင်း၊ သ္မိံဝိဘတ်၏ အာဓာရအဓိကရဏအနက်၌ သက်သည်ကို · လည်းကောင်း၊ သိက္ခာပုဒ်၌ ကျင့်၏ဟူသည် ထိုသိက္ခာပုဒ်ကို (အာဓေယျ ဖြစ်သော) စိတ်၏တည်ရာပြု၍ ကျင့်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကိုလည်းကောင်း သိစေ။

(၁) ဝါကျ ကျန့်ပါဠိဖြင့် **အာဝတ္ထပြ**သည်။

၇။ **(က) ဧကဇီဝိကာ သဘာဂဇီဝိကာ။ ဧကဇီဝိတာ သဘာဂဇီဝိတာ**

ဧကံ သမာနံ ဇီဝိတံ ပဝတ္တနံ ဧတေသန္တိ ဧကဇီဝိကာ။ သဘာဂ။ ပ။ ဝုတ္တိနောတိဣဒံ ပုရိမဿ ဝိဝရဏံ-ဟု ယောဇနာ(၁၂၉) ဆိုသောကြောင့်လည်းကောင်း၊ ဇီဝနံ ဝုတ္တိ ဇီဝိကာ-ဟု အဘိဓာန်(၄၄၅)ဆိုသောကြောင့် လည်းကောင်း၊ သဘာဂဝုတ္တိနော-ဟူသော နောက်သံဝဏ္ဏနာကို ထောက်၍ လည်းကောင်း၊ **ဧကဇီဝိကာ သဘာဂဇီဝိကာ**-ဟု ရှိသောပါဠ်သာ သင့်သည်။ ဧကဇီဝိတာ သဘာဂဇီဝိတာ-ကား မသင့်။

၈။ **တသ္မိံ သိက္ခတိ**

ဤ၌ တသ္မိံသိက္ခတိ-ဟူသော နည်းသည် တပုဒ်တည်းဖြစ်လျက် သာဇီဝ-ဟု ဆိုအပ်သော သိက္ခာပုဒ်ဟူသောအနက်ကို ဟောစွမ်းနိုင်သောသတ္တိ၊ အဓိသီလသိက္ခာဟု ဆိုအပ်သောအနက်ကို ဟောစွမ်းနိုင်သော သတ္တိပြားသဖြင့် တသ္မိံသိက္ခာပဒေစ၊ ထိုသာဇီဝဟု ဆိုအပ်သော သိက္ခာပုဒ်၌လည်း။ သိက္ခတိ၊ ၏။ ဟူ၍လည်းကောင်း၊ တသ္မိံတဿာ သိက္ခာယစ၊ ထိုအဓိသီလသိက္ခာ၌လည်း။ သိက္ခတိ၊ ၏။ ဟူ၍လည်းကောင်း။ ဤသို့နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိသမဝေတနည်း။ (သိလေသနည်း/ပဒီပနည်း/တန္တနည်းလည်းရသည်။)

၁၀။ **သဘာဂဝုတ္တိ**-အရ တူသောအဘို့ရှိသော အသက်မွေးခြင်းရှိသော ရဟန်းတို့၏ ခန္ဓပဉ္စကကို ယူ၍ လောကောနှင့်အတူ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ်(၆၈)

## ၄၂-စုံစေတီ၊ ၁၃၀၈-စုံအစိုးရ၊

(က) သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာတိ သိက္ခဥ္စ အပ္ပဋိက္ခိပိတွာ ဒုဗ္ဗလဘာဝဥ္စ အပ္ပကာသေတွာ။

(ခ) ယသ္မာ စ ဒုဗ္ဗလျေ အာဝိကတေပိ သိက္ခာ အပ္ပစ္စက္ခာတာဝ ဟောတိ၊ သိက္ခာယ ပန ပစ္စက္ခာတာယ ဒုဗ္ဗလျံ အာဝိကတမေဝ ဟောတိ၊ တသ္မာ "ဒုဗ္ဗလျံ အနာဝိကတွာ"တိ ဣမိနာ ပဒေန န ကောစိ ဝိသေသတ္ထော လဗ္ဘတိ။

(ဂ) ယထာ ပန "ဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေယျာ"တိ ဝုတ္တေ ဒိရတ္တဝစနေန နကောစိ ဝိသေသတ္ထော လဗ္ဘတိ၊ ကေဝလံ လောကဝေါဟာရဝသေန ဗျဥ္ဇနသိလိဋ္ဌတာယ မုခါရုဠှတာယ စေတံ ဝုတ္တံ။

(ဃ) ဧဝမိဒမ္ပိ ဝေါဟာရဝသေန ဗျဥ္ဇနသိလိဋ္ဌတာယ မုခါရုဠှတာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။

(၄ ၂၁၁။ သာရတ္ထ၊ ဒု၊ ၆၄။ ဝိမတိ၊ ၁၃၃။ မဏ္ဍူသ၊ တ၊ ၁၇၁။ ဘာသာဋီ၊ ဒု၊ ၃၇၂။ ဂဏ္ဌိသစ်။ ဒု၊ ၄၉၅။

၁။ က-ခ-တို့ကို အနက်မှန်မှန် သမွန်ပါ။
၂။ ခ-ကို အာဘောဂါယုတ္တစောဒနာတက်၍၊ (ဂ)ကို အနာဘောဂပုစ္ဆာတက်ပါ။
၃။ ခ-ဂ-ဃတို့ကို အကြောင်းပြ အမည်ပေးပါ။
၄။ ဃ-ဝါကျ ဗျဥ္ဇနသိလိဋ္ဌတာယ-ကို အစိတ်ပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ ပစ္စက္ခာတ၊ ဝိသေသ၊ သေယျ၊ သိလိဋ္ဌ၊ မုခ၊ အာရုဠှတို့ကို ဓာတု၊ ပစ္စယ ဝေဘန်ပါ။
၆။ က-ကို အာဘော်ဖော်၍သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဂ-ဝါကျ၌ ဒိရတ္တတိရတ္တံ ဒွိရတ္တတိရတ္တံ ဒုရတ္တတိရတ္တံ-ဟု ပါဌ်သုံးထွေ ရှိရာတွင် မည်သည့်ပါဌ် သင့်ကြောင်း သဒ္ဒယုတ္တိ ပြ၍ ဆုံးဖြတ်ပါ။
၈။ သဟသေယျံ ကပ္ပေယျ-၌ နယူပစာရ ထုတ်ပါ။
၁၀။ ခ-ဝါကျ အာဝိကတေပိ-၌ ဓာတွတ္ထကို ကိုယ်ပြု၍ ပဒတ္ထာနုဟာရနေတ္တိနည်း ထုတ်ပြပါ။

==========================

## (ခ) အာဘောဂါယုတ္တစောဒနာ

၂။ ဆရာ-မြတ်စွာဘုရားသည် ဒုဗ္ဗလျံ အနာဝိကတွာ-ဟူသော ပါဌ်ကိုထပ်၍ ဟောတော်မူ၏။ ဒုဗ္ဗလျာဝိကမ္မဖြစ်သော် သိက္ခာပစ္စက္ခာနမဖြစ်၊ သိက္ခာပစ္စက္ခာနဖြစ်သော်ကား ဒုဗ္ဗလျာဝိကမ္မ ဖြစ်သည်သာဖြစ်ရကား သိက္ခံ အပစ္စက္ခာယနှင့် ဒုဗ္ဗလျံ အနာဝိကတွာ-သည်အနက်အားဖြင့် အထူးမရှိသည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဒုဗ္ဗလျံ အနာဝိကတွာ-ကို ဟောပြန်သနည်း။ စုဒ်ကြောင့် (၁)မိန့်။ (ဂဏ္ဌိသစ်။ ၄၉၅။)

**အစိမ့်ပွါယ်ကား** သိက္ခံ အပစ္စက္ခာယနှင့် ဒုဗ္ဗလျံ အနာဝိကတွာ-သည် အနက်အားဖြင့် မထူးသော်လည်း ဒိရတ္တတိရတ္တံ-စသည်၌ ဒိရတ္တ-သဒ္ဒါဖြင့် အနက်ထူးမရှိဘဲ နှစ်ညဉ့်-စသော လောကဝေါဟာရ၏ အစွမ်းဖြင့် ပုဒ်ပြေပြစ်သည်၏အဖြစ်၊ နှုတ်တက်သည်၏ အဖြစ်ကြောင့်

http://www.dhammadownload.com



အဖြစ်၊ နှုတ်တက်သည်၏ အဖြစ်ကြောင့် ဤဒုဗ္ဗလျံ အနာဝိကတ္ထာ-ပုဒ်ကို ဘုရားရှင်ထပ်၍ ဟောတော်မူပါ၏ ဟူလို။

**မှတ်ချက်** ခ-ဂ-ဃ-သုံးဝါကျလုံးကို ပေါင်း၍တက်သည်။

### (ခ) ဝါကျ သိက္ခာယ ပန-စသော ဝါကျသို့ အနုသန္ဓေ

ဤသို့ ဒုဗ္ဗလျေ အာဝိကတေပိ-စသော ဝါကျဖြင့် ဗျတိရေကအားဖြင့် သာဓိဝဉ္ဇ အားနည်းသည်၏အဖြစ်ကို ထင်စွာပြုအပ်သော်လည်း သိက္ခာကို မပယ်အပ်,မချအပ်သည်သာ-ဟု ပြဆိုပြီး၍၊ ယခုအခါ၌ အန္ဒယအားဖြင့် သိက္ခာကို ပယ်အပ်၊ ချအပ်သော်ကား သာဓိဝဉ္ဇ အားနည်းသည်၏ အဖြစ်ကို ထင်စွာပြုအပ်သည်သာဟု ပြခြင်းငှာ သိက္ခာယ ပန-စသည်မိန့်။

### (ဂ) အနာဘောဂပုစ္ဆာ

ဆရာ-သည် ခ-ဖြင့် ဒုဗ္ဗလျံ အနာဝိကတ္ထာပုဒ်ဖြင့် တစ်စုံတစ်ခုသော အနက်ထူးကို မရအပ်ဟု ဆို၏။ ယင်းသို့ မရအပ်သည်ရှိသော် အဘယ့်ကြောင့် ယင်းပုဒ်ကို ဟောတော်မူအပ်သနည်း။ စုဒ်ကြောင့် (ဂ)မိန့်။ (မအ္ဘူသျ)

၃။ ခ-ဂ-ဃ-တို့သည် ဒုဗ္ဗလျံ အနာဝိကတ္ထာ-ပုဒ်ကို ထပ်၍ဟောရာ၌ စော၊ ပယ်၊ ဆက် ဝါကျာရမ္ဘ။ ထိုတွင်ခ-သည် စောဒကပုဂ္ဂိုလ်၏ အာဘော်နှလုံးသွင်း အကြောင်းပြ စောဒကာ ဘောဂဟေ တု ဝါကျ။ ယင်း ခ-၌ ယသ္မာ။ ပ။ အာဝိကတမေဝဟောတိကား အနိယမဝါကျ။ တသ္မာ။ ပ။ လဗ္ဘတိ-ကား နိယမဝါကျ။

(**တနည်း**)ယသ္မာ။ပ။ တသ္မာ-ကား ကာရဏဝါကျ။ ဒုဗ္ဗလျံ အနာဝိကတ္ထာစသည်ကား ဖလဝါကျ။ ထိုတွင် အနိယမ၊ ကာရဏ ဝါကျ၌လည်း ဒုဗ္ဗလျေ အာဝိကတေပိ သိက္ခာ အပ္စစ္စက္ခာတာဝ ဟောတိ-ကား ဗျတိရေကဝါကျ။ သိက္ခာယ ပန။ ပ။ ဟောတိ-ကား အန္ဒယ ပက္ခန္တရ။
ဂ-ဃ-သည် ပရိဟာရဘောဂဟေတုဝါကျ။ (တနည်း) ဥပမာန၊ ဥပမေယျတို့ဖြင့် ဒုဗ္ဗလျံ အနာဝိကတ္ထာ-ပုဒ်ထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကို ထင်စွာပြသောကြောင့် တပ္ပါကဋီကရဏ။ ထိုတွင် ဂ-သည် ဥပမာန ဝါကျ။ ဃ-သည် ဥပမေယျဝါကျ။

၄။ ဗျဥ္ဇယတိ အတ္ထော ဧတေဟီတိ ဗျဥ္ဇနာနိ။ သိလိဿန္တီတိ သိလိဋ္ဌာ။
သိလိဋ္ဌာနံ ဘာဝေါ သိလိဋ္ဌတာ။ ဗျဥ္ဇနာနံ သိလိဋ္ဌတာ ဗျဥ္ဇနသိလိဋ္ဌတာ။
ဗျဥ္ဇန-အရကား သိက္ခံ အပစ္စက္ခာယဟူသော သဒ္ဒါ၊ ဒုဗ္ဗလျံ အနာဝိကတ္ထာဟူသော သဒ္ဒါတို့သည် မှုချ။
ထို၏ + ပြေပြစ်ကုန်သည်တို့၏အဖြစ်ဟု ဆိုအပ်သော သိလိဋ္ဌဘောဂုဏ်နှင့် ဂုဏေး + ဂုဏ် စပ်-ဌာနျ။
ပုဒ်လုံးအရကား-ထို--သော သိက္ခံ အပစ္စက္ခာယ-ဟူသောသဒ္ဒါ, ဒုဗ္ဗလျံ အနာဝိကတ္ထာ-ဟူသောသဒ္ဒါတို့၏ ပြေပြစ်ကုန်သည်တို့၏အဖြစ်ဟု ဆိုအပ်သော သိလိဋ္ဌဘောဂုဏ်ရ၏။

### ဝစနတ္ထမှတ်ဘွယ်

ဖလန္တိ ဇီဝိတံ ဂံပ္ပေန္တိ တေနာတိ ဖလံ၊ (နီတိ-ဓာတု)
နတ္ထိ ဖလံ တေသ ဘိက္ခုနောတိ ဒုဗ္ဗလော။ (ကင်္ခါယောဇနာ မဟာဋီကာ။ ၂၉၉)

http://www.dhammadownload.com



(ပညတ်တော်မူသော သိက္ခာပုဒ်တည်းဟူသော သာဇီဝ၌ အားမရှိခြင်း (ဝါ) အားနည်းခြင်း၏ ရဟန်းနှင့် ဂုဏ် + ဂုဏေး-စပ်။)
ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံ။
ဒုဗ္ဗလ-အရ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တည်းဟူသော သာဇီဝ၌ အားမရှိသော (ဝါ) အားနည်းသော ရဟန်းသည် မှချ။
ထို၏ + ဖြစ်ကြောင်းဖြစ်ရာ အားနည်းခြင်းနှင့် ဂုဏေး + ဂုဏ်-စပ်-ဌာန္။
ဏျ-အရကား--(ပ) ရဟန်း၏ ဖြစ်ကြောင်း၊ ဖြစ်ရာအားနည်းခြင်းရ၏။
ဒွိရတ္တံ ဣတိ ဝစနံ ဒွိရတ္တဝစနံ။ လောကေ ဝေါဟာရော လောကဝေါဟာရော။
လောက ဝေါဟာရဿ ဝသော လောကဝေါဟာရဝသော။
မုခံ အာရုဠံ မုခါရုဠံ။ မုခါရုဠဿ ဘာဝေါ မုခါရုဠတာ။

၅။ **ပစ္စက္ခာတ** = ပတိ အာရှေး + ခါ + တ။ **ဝိသေသ** = ဝိ + သိသ + ဏ။
**သေယျ** = သိ + ယ။ **သိလိဋ္ဌ** = သိလိသ + တ။
**မုခ** = မုခ + အ။ (ဝါ) မု + ခ ။ **အာရုဠ** = အာ + ရုဟ + တ ။

၆။ (က) ဝါကျ သိက္ခဥ္စ ဒုဗ္ဗလျဘာဝဥ္စ-၌ စသဒ္ဒါနှစ်လုံးဖြင့် သိက္ခံနှင့် ဒုဗ္ဗလျ ပုဒ်ကို သမုစ္စည်းအနက် ယောဇနာရမည်ဟု သိစေ။ (ဘာဝတ္ထ)
အပ္ပဋိက္ခိပိတ္တာ-ဖြင့် အပ္ပစ္စက္ခာယ-၌ န-ပုဒ်၊ ပစ္စက္ခာယ-ပုဒ်။ ပစ္စက္ခာယ-၌ ပတိ၏ ဓာတွတ္ထဝိသေသက၏-လည်းကောင်း, အာ ၏ ဓာတွတ္ထာနုဝတ္တက၏-လည်းကောင်း၊ ခါ-ဓာတ်၏ ပဋိက္ခေပနတ္ထ-ဟော-လည်းကောင်း၊ ယ-၏ တွာ-ပစ္စည်း၏ ကာရိယ-လည်းကောင်း သိစေ။
ဒုဗ္ဗလဘာဝံဖြင့် ဒုဗ္ဗလျံ-၌ (ဒုဗ္ဗလ ပုဒ် + ဏျ ပစ္စည်း) ဏျ-ပစ္စည်း၏ ဘာဝတဒ္ဓိတ် အနက်၌ သက်-လည်းကောင်း၊ ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံဟု-ပြု-လည်းကောင်း သိစေ။
အပ္ပကာသေတွာဖြင့် အနာဝိကတွာ-ဟူသည် အပ္ပကာသေတွာထင်ရှားမပြုခြင်းပင်တည်းဟု သိစေ။
**(တနည်း)** အပ္ပကာသေတွာ-ဖြင့် အနာဝိကတွာ-၌ ကရ-ဓာတ်သည် ထင်စွာပြုခြင်း-ပကာသန အနက်ဟော၏-ဟု သိစေ။

## ၇။ ဒွိရတ္တတိရတ္တံ / ဒိရတ္တတိရတ္တံ / ဒုရတ္တတိရတ္တံ

ဒွိသဒ္ဒ ဒုဒိဒေါ။ ဒုရတ္တံ ဒိရတ္တံ။ (နီတိ။ သုတ္တ။ ၈၁၁) ဒွေ ရတ္တိယော ဒွိရတ္တံ။ တိဿော ရတ္တိယော တိရတ္တံ။ (ရူ-၁၉၁)။ တိယေဒုတာပိစ။ (သုတ်။၄၁၀။) အပိဂ္ဂဟဏေန အညတ္ထာပိ ဒွိသဒ္ဒဿ ဒုအာဒေသော ဟောတိ၊ စ-သဒ္ဒေန ဒိစ။ ဒွေရတ္တိယော ဒုရတ္တံ။ ဒုဝိဓံ၊ ဒုဝင်္ဂ၊ဒိရတ္တံ။ (ရူပသိဒ္ဓိ။၂၄၆။) တို့ကို ထောက်၍ သုံးပါဌ်လုံးသင့်သည်။

## သိက္ခံ အပ္ပစ္စက္ခာယ/သိက္ခံ အပ္ပစ္စက္ခာတာယ

အပ္ပစ္စက္ခာယ, အပ္ပစ္စက္ခာတာယာတိ ဥဘယထာပိ ပါဌော တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တော။ (သာရတ္ထ-ဒု-၆၄။) ဆိုသောကြောင့် နှစ်ပါဌ်သင့်။

## (၈) ယထာပန။ ယထာစပန

ဝုတ္တမေဝတ္ထံ ဥပမာယသာဓေန္တော "ယထာစပနာ"တိအာဒိမာဟ။ ဟု ယောဇနာ ဆိုသောကြောင့် လည်းကောင်း၊ စ-သဒ္ဒါ မပါသော်လည်း အောက်၌ဖွင့်ဆိုအပ်သော ယသ္မာစ၊

http://www.dhammadownload.com



သိက္ခာယ ပန-စသော ပါဠိဝါကျတို့ကို ထောက်၍ ယင်း ပါဠိဝါကျတို့ကဲ့သို့ ဤ၌လည်း အနက်ပြည့်စုံသောကြောင့် လည်းကောင်း နှစ်ပါဌ်သင့်။

၈။ **သဟာသေယျံ ကပ္ပေယျံ**

သာမညနိဒ္ဒေသနည်း။ (တနည်း) ကေသေသနည်း။ (နည်းစစ်တိုက်ရိုက် ပါရှိသည်။) သေယျ-အရ ကျောင်းဖြစ်နှင့် အိပ်ခြင်း ကြိယာပြားသော်လည်း မပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် အဘေဒူပစာ သဒ္ဒါမည်၏။

**(တနည်း)** အစိတ်-အိပ်ပျော်ခြင်း၏ **"သေယျ"**ဟူသော အမည်ကို အပေါင်းဖြစ်သော အိပ်ပျော်ခြင်း, လျောင်းခြင်းတို့၌တင် ကေဒေသူ -အဝယဝူပစာ။ ဥပလက္ခဏ/ နိဒဿနနည်း။

❖ **ကာယပသာရဏသင်္ခါတံ သေယျံမ္ပိ။ (ဝိ-၃-၃၊ သဟာသေယျသိက္ခာပုဒ်အဖွင့်။)**

**သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ**

ဤ၌ ဒုဗ္ဗလျံ အနာဝိကတွာဟူသော နည်းသည် သိက္ခံ အပ္ပစ္စက္ခာယဟုဆိုက လိုအပ်သော အနက်ပြီးပြီးလျက် အလွန်အားဖြင့် ဒုဗ္ဗလျံ အနာဝိကတွာ-ဟု ဆိုသောကြောင့် ဥက္ကဋ္ဌနည်း။

ဤ သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ-သဒ္ဒါသည် အနက်မပြားဘဲ ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် အဘေဒဘေဒူပစာ။

၁၀။ **ဒုဗ္ဗလျေ အာဝိကတေ-၌ အာဝိကတ**-ဝယ် ကရ-ဓာတ်အရ အကုသိုလ်စိတ္တုပ္ပါဒ်ကို ယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၆၉)

(က) **ဥက္ကဋ္ဌိတောတိ** အနဘိရတိယာ ဠမသိ့ သာသနေ ကိစ္ဆဇီဝိကပ္ပတ္တော။

(ခ) အထဝါ အစ္စ ယာမိ, သွေ ယာမိ, ဠတော ယာမိ, ဧတ္ထ ယာမီတိ ဥဒ္ဓံ ကဏ္ဍံ ကတွာ ဝိဟရမာနော၊

(ဂ) ဝိက္ခိတ္တော အနေကဂ္ဂေါတိ ဝုတ္တံ ဟောတိ။

(ဃ) **အနဘိရတောတိ** သာသနေ အဘိရတိဝိရဟိတော။

(င) **သာမညာ စဝိတုကာမောတိ** သ မဏဘာဝတော အပဂန္တုကာမော။

(၃၊ ၂၁၂။ သာရတ္ထ။ ဒု၊ ၆၅။ ဝိမတိ၊ ၁၃၃။ မအူသျှ။ တ၊ ၁၇၄။ ဘာဋီ။ ဒု၊ ၃၇၇။)

၁။ က-ခ-ဂ-တို့ကို အနက်မှန်မှန်သမ္ဗန်ပါ။

၂။ ခ-ကို သာဓိပ္ပါယာနုသန္ဓေ ကျနစွာတက်ပါ။

၃။ ခ-စသောဝါကျများကို အကြောင်းပြအမည်ပေး၍၊ (ခ)ဝါကျ အနဘိရတိယာကို သဒ္ဒနယ စာစပ်ပြပါ။

၄။ ဥက္ကဏ္ဌိတော-ကို သံဝဏ္ဏနာ အားလျော်စွာ ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပါ။

http://www.dhammadownload.com



၆။ ကဏ္ဍ၊ ကိစ္စ၊ ဝိကပ္ပိတ္တ၊ အင်္ဂ-တို့ကို ဓာတု၊ ပစ္စယ၊ လိင်္ဂ ဝေဘန်ပြပါ။
၇။ က-ခ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၈။ ကိစ္စဇီဝိကပဗ္ဗတ္တော + ကိစ္စဇီဝိကပဗ္ဗတ္တော-ပါဌ်နှစ်ထွေတွင် သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၉။ ခ-သံဝဏ္ဏနာကို ထောက်၍ ဥက္ကဏ္ဍိတော-ဝယ် အန္တတ်ပုဒ်၌ နယ္မပစာရကို အကြောင်းပြဖြေပါ။
၁၀။ သာမညာ စဝိတုကာမော-၌ သာမညာ-ဝယ် အန္တတ္ထအရ တရားကို လက္ခဏာဟာရနေတ္တိနည်းထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = =

၂။

## (ခ) အနုသန္ဓေ

ဤသို့ (က)ဖြင့် ကဌ-ကိစ္စဇီဝနေ-ဟု ဓာတ်ကျမ်းလာသောကြောင့် ဥက္ကဏ္ဍိတော-၌ ဥ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကို လည်းကောင်း၊ ကဌ-ဓာတ်၏ ကိစ္စဇီဝနအနက်ဟော--လည်းကောင်း၊ ဥက္ကဏ္ဍနံ ဥက္ကဏ္ဍာ-ဟု ဘာဝသာဓ်ပြုရမည်ကို လည်းကောင်း၊ ဥက္ကဏ္ဍံ ဂ္ဂတော ပတ္တော ဥက္ကဏ္ဍိတော-ဟု ဒုတိယာတပ္ပုရိသ် တွဲစပ်ရမည်ကို လည်းကောင်း ပြပြီး၍၊ ယခုအခါ၌ ဥက္ကဏ္ဍိတော-၌ ဥ-သဒ္ဒါကား ဥဒ္ဓတ္ထ၊ ကဏ္ဍ-သဒ္ဒါကား-ဂီဝတ္ထ၊ ဂ္ဂတောနှင့် ဥက္ကဏ္ဍ-ပုဒ်ကို ပဥ္စမီတပ္ပုရိသ်သမာသ် ဝဇနတ္ထပြုရမည်ကို ပြလိုသော ဆရာသည် (ခ) မိန့်။ (မအူသျှ)

**(ဓာနည်း)** ဤသို့ (က)ဖြင့်--ပြပြီး၍၊ ယခုအခါ၌ ဥ-၏ ဥဒ္ဓတ္ထ၊ ကဏ္ဍ-သဒ္ဒါ-ဂီဝတ္ထ၊ ဥဒ္ဓံ ဂတော ကဏ္ဍော ဧတိဿာတိ ဥက္ကဏ္ဍာ၊ ဥက္ကဏ္ဍံ (အနဘိရတိံ) ဂ္ဂတော ဥက္ကဏ္ဍိတော-ဟု ဒုတိယာတပ္ပုရိသ် သမာသ် တွဲစပ်ရမည်ကို ပြလိုသော ဆရာသည် (ခ) မိန့်။

**အမှာ** ပဌမနည်းကား မအူသျှအလို။ ဒုတိယနည်းကား ဝိမတိအလိုတည်း။ ဘာသာဋီကာအလို အဿသဉ္ဇာတတဒ္ဓိတ်ကြံ၍ ကျမ်းတက်နိုင်သေးသည်ကို (၄) နံပါတ်၊ (၆) နံပါတ်တို့၌ ရှုပါ။

## (ဂ) အနုသန္ဓေ

ဤသို့ (ခ)ဖြင့် ယနေ့သွားအံ့ စသည်ဖြင့် အထက်၌ လည်ကိုပြု၍ နေခြင်းသည် ဥက္ကဏ္ဍိတ-မည်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်း စကားရပ်၏ ဥဇုကတ္ထကို ပြလိုသော ဆရာသည် (ဂ) မိန့်။

၃။ ခ-ပက္ခန္တရ။ ဂ-ဝိတ္ထာရ။ ဃ-ပက္ခန္တရ။ င-ပက္ခန္တရ။

**စာစပ်** **အနဘိရတိယာ**-ကား ဖြင့်-ကြောင့် ကိစ္စဇီဝိကပဗ္ဗတ္တော-ဝယ် ပတ္တော-၌ ကရိုက်း+ကရိုက်း၏ ကြိယာစပ်။ (မအူသျှ) **(ဓာနည်း)** ကြောင့်ဟူ၍ အနက်ပေးသောကြောင့် ကိစ္စဇီဝိကပဗ္ဗတ္တော-၌ ဟိတ်+ဟိတ်၏ဖိုလ်စပ်။ (ဘာသာဋီ)

## (က)နှင့်အညီ

ဥက္ကဏ္ဍနံ ဥက္ကဏ္ဍာ။ (ကိစ္စဇီဝိကာ) ဥက္ကဏ္ဍံ+ဂ္ဂတော ပတ္တောတိ ဥက္ကဏ္ဍိတော။
ဥက္ကဏ္ဍာ-အရကား မမွေ့လျော်ခြင်းဖြင့် ဤသာသနာတော်၌ ဆင်းရဲငြိုငြင်စွာ အသက်မွေးရခြင်းသည် မှတ်။
ထို၏ + ရောက်သော ရဟန်းနှင့် ဌာနီ + ဌာနစပ် ဌာနူ။
ဥက္ကဏ္ဍိတ-ပုဒ်လုံးအရကား ထို-သော မမွေ့လျော်ခြင်းဖြင့်--ရဟန်းရ၏။

http://www.dhammadownload.com



## (ခ) နှင့်အညီ

ဥဒ္ဓံ ဂတော ကဏ္ဍော ဧတိဿာတိ ဥက္ကဏ္ဍာ။ (အနဘိရတိရ၏)
ဥက္ကဏ္ဍံ (အနဘိရတိ) + ဣတော ဥက္ကဏ္ဍိတော။ (ဝိမတိ-၁၃၃။)
ဥက္ကဏ္ဍာ-အရကား အထက်၌ဖြစ်သော လည်ပင်းရှိသော မမွေ့လျော်ခြင်း=အနဘိရတိသည်မှချ။
ထို၏ + ရဟန်းဒြပ်နှင့် ဂုဏ် + ဂုဏေး/ဌာနီ + ဌာနစပ် ဌာနူ။
ဥက္ကဏ္ဍိတ-ပုဒ်လုံးအရကား မမွေ့လျော်ခြင်းသို့ ရောက်သော ရဟန်းရ၏။

❖ **ဥဒ္ဓံ ဂတော ကဏ္ဍော ဧတိဿာတိ ဥက္ကဏ္ဍာ၊ အနဘိရတိယာ ဝဓေ နိရုဒ္ဓဂေါဏော ဝိယ ဂမနမဂ္ဂံ ဂဝေသန္တော ပုဂ္ဂလော ဥက္ကဏ္ဍော ဟောတိ။ တံ ဥက္ကဏ္ဍံ၊ အနဘိရတိံ ဣတောတိပိ ဥက္ကဏ္ဍိတောတိ အတ္ထံ ဒဿေန္တော အာဟ "ဥဒ္ဓံ ကဏ္ဍံ ကတွာ ဝိဟရမာနော" တိ။ (ဝိမတိ-၁၃၃။)**
**(တနည်း)** ဥဒ္ဓံ ကဏ္ဍော ဥက္ကဏ္ဍော။ ဥက္ကဏ္ဍံ ကတွာ (ဣတော) ဂတော ဝိစရိတောတိ ဥက္ကဏ္ဍိတော။ (ဂဏ္ဌိသစ်)
**(တနည်း)** ဥဒ္ဓံ ကဏ္ဍော ဥက္ကဏ္ဍော။ ဥက္ကဏ္ဍော+သဉ္ဇာတော+အဿာတိ ဥက္ကဏ္ဍိတော။ (ဘာသာဋီ။)
(ဥက္ကဏ္ဍ-အရ အထက်၌ လည်ပင်း၏ + ဣတ-အရ ရဟန်းဒြပ်နှင့် ဂုဏ် + ဂုဏေး/ဌာနီ + ဌာနစပ်။)

## ဝစနတ္ထမှတ်ဘွယ်

ကိစ္စေန ဇီဝိကာ ကိစ္ဆဇီဝိကာ။ ကိစ္ဆဇီဝိကံ ပတ္တော ကိစ္ဆဇီဝိကပ္ပတ္တော။ န+ဧကံ အနေကံ။ အနေကံ + အဂ္ဂံ +ဧတဿာတိ အနေကဂ္ဂေါ။ (တနည်း) နတ္ထိ + ဧကဂ္ဂံ + ဧတဿာတိ အနေကဂ္ဂေါ။

**အနက်** အနေကဂ္ဂေါ၊ များသော အာရုံရှိသည်။ (ဝါ) တခုတည်းသော အာရုံမရှိသည်။ (မအူသျှ)
အဘိရတိယာ+ဝိရဟိတော အဘိရတိဝိရဟိတော။

၅။ **ကဏ္ဍ-ကား** ဂိဝတ္ထဝ်ဟောခိုက်-ကဏ (ဝါ) ကမု+ဍ။ ပုံလိုင်။ ကိစ္ဆဇီဝနတ္ထဟောခိုက်-ကဋ+က(ဝါ)အ။ **ကိစ္ဆ-ကား** ကိရ+ဆ။ နပုံလိုင်။

❖ **ကိရ-ဝိက္ခိပနေ၊ ကိရတိ သုခန္တိ ကိစ္ဆံ၊ ကတာ ဝါ+ပုညကရဏာ + ယေနာတိ ကိစ္ဆံ။ (သူစိ)**

**ဝိက္ခိတ္တ-ကား** ဝိ+ခိပ+တ။ ပုံလိုင်။ အနေကဂ္ဂေါ-၌ **အဂ္ဂ-ကား** အဇ+ဂ (ဝါ) ဏ။ နပုံ။

၆။ (က)ကိစ္ဆဇီဝိကပ္ပတ္တော-ဖြင့် ဥက္ကဏ္ဍိတော-၌ ဥ-၏ ဓာတွတ္ထာနုဝတ္တက၏ အဖြစ်ကိုလည်းကောင်း၊ ကဋ-ဓာတ်၏ ကိစ္ဆဇီဝန-အနက်ဟော-လည်းကောင်း၊ က-ပစ္စည်း (ဝါ) အ-ပစ္စည်းဘာဝသာဓနအနက်၌ သက်--လည်းကောင်း၊ ဥက္ကဏ္ဍနံ ဥက္ကဏ္ဍာ-ဟု ပြု---လည်းကောင်း၊ ဥက္ကဏ္ဍာ-အရ ဆင်းရဲငြိုငြင်သဖြင့် အသက်မွေးခြင်းကို ယူ-လည်းကောင်း၊ ဣတော-၌ ဣ-ဓာတ်၏ ပါပုဏနဂတိ အနက်ဟော-လည်းကောင်း၊ တ-ပစ္စည်း၏ ကတ္တုသာဓန အနက်၌သက်---လည်းကောင်း၊ ဧတိ ပုပါဏာတီတိ ဣတော-ဟု ပြု--လည်းကောင်း၊ အပေါင်းပုဒ်ကို ဥက္ကဏ္ဍံ+ဣတော ဥက္ကဏ္ဍိတော-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထ ပြုရမည်ကို လည်းကောင်း သိစေပါသည်။

ဣမသ္မိံ သာသနေ-ဖြင့် ဣဓ ဘိက္ခဝေ ဘိက္ခု ဥက္ကဏ္ဍိတော-ဟူသော ပါဠိတော်၌ ဣဓ-ပုဒ်ကို ဥက္ကဏ္ဍိတော-၌ အာဓာရ+အာဓာရီ-အဖြစ်ဖြင့် စာစပ်ရမည်ကို လည်းကောင်း၊ (သမ္ဗန္ဓ) ဣဓ-၌ ဣမ-သဗ္ဗနာမ်ပုဒ်၏ သာသနာတော်ကို စွဲယူသုံးသပ်သည်၏ အဖြစ်ကို လည်းကောင်း၊ ဓ-ပစ္စည်း၏ သတ္တမီ အနက်၌သက်--လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



**(တနည်း)** ဆင်းရဲပြိုငြင်စွာ အသက်မွေးခြင်းသို့ ရောက်၏-ဟူသည် ဤ သာသနာတော်၌--- ရောက်ခြင်း ပင်တည်းဟု သိစေပါသည်။

အနဘိရတိယာ-ဖြင့် (လာဘ်ပူဇော်သက္ကာရ နည်းပါးခြင်းကြောင့်) ဆင်းရဲပြိုငြင်စွာအသက်မွေးခြင်းသို့ ရောက်သည်မဟုတ်၊ မမွေ့လျော်ခြင်းဖြင့် (ဝါ) ကြောင့်---ရောက်၏ဟူသော အဓိပ္ပါယ်ကို သိစေပါသည်။ (ဂဏ္ဌိသစ်။)

(ခ) ဥဒ္ဓံ ကဏ္ဍံ ကတ္တာ ဝိဟရမာနော-ဖြင့် ဥက္ကဏ္ဍိတော-၌ ဥ-၏ ဥဒ္ဓံ-အနက်ဟော--- လည်းကောင်း၊ ကဏ္ဍ-သဒ္ဒါ၏ ဂီဝါ-လည်ပင်း ဟူသော အနက်ဟော---လည်းကောင်း၊ ဥဒ္ဓံ ဂတော ကဏ္ဍော ဝေါဿဘတိ ဥက္ကဏ္ဍာ-ဟု ဝစနတ္ထပြု၍ ဥက္ကဏ္ဍ-အရ အနဘိရတိ-ကို မှုချအားဖြင့်, ပုဂ္ဂိုလ်ကို ကာရကူပစာအားဖြင့် ယူရမည်ကို လည်းကောင်း၊ အပေါင်းပုဒ်ကို ဥက္ကဏ္ဍံ ဣတော ဥက္ကဏ္ဍိတော-ဟု ဒုတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း သိစေ။ (ဝိမတိ-သာကေ-၄-နံပါတ်မှာရှု)

**(တနည်း)** ဥဒ္ဓံ ကဏ္ဍံ ကတ္တာ ဝိဟရမာနော-ဖြင့် ဥ-၏ ဥဒ္ဓံအနက်ဟော-လည်းကောင်း၊ ဥဒ္ဓံ ကဏ္ဍော ဥက္ကဏ္ဍော-ဟု ဒုတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--လည်းကောင်း၊ ဣတ-ပစ္စည်း၏ အဿသဉ္ဇာတ တဒ္ဓိတ်အနက်၌သက်---လည်းကောင်း၊ ဥက္ကဏ္ဍော သဉ္ဇာတော အဿာတိ ဥက္ကဏ္ဍိတော-ဟု ပြု-- လည်းကောင်း သိစေ။ (ဤကား ဘာသာဋီကာ။ ၃၇၇-အလို)

**(တနည်း)** ဥ-၏ ဥဒ္ဓံ-အနက်ဟော--လည်းကောင်း၊ ကဏ္ဍ-သဒ္ဒါ၏ ဂီဝါ-လည်ဟူသော အနက်ဟော- လည်းကောင်း၊ ဣတော-ကား ကိတ် နာမ်ပုဒ် မဟုတ်၊ ဣမ-ပုဒ်+တော-ပစ္စည်းဖြင့် ပြီးသော နာမ်ပုဒ်၏ အဖြစ်ကို လည်းကောင်း၊ ယင်း ဣတော-နှင့် ဥက္ကဏ္ဍ-ပုဒ်ကို ဣတော + ဥက္ကဏ္ဍော ဥက္ကဏ္ဍိတော-ဟု ပဉ္စမီတပ္ပုရိသ် ဝစနတ္ထပြု-လည်းကောင်း၊ ဥက္ကဏ္ဍိတ-ဟူသည် ထိုမှ ဤမှ အထက်၌ လည်ကိုပြု၍ နေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေ။ (မအူသျှ။ တ။ ၁၇၄-အလိုတည်း)

အဇ္ဇ ယာမိ။ ပ။ ဗွေ ယာမိ-ဖြင့် ဥက္ကဏ္ဍိတ ဖြစ်ပုံ အခြင်းအရာကို သိစေ။ (ဘာဝတ္ထ)

(ဃ) အဘိရတိ ဝိရဟိတော-ဖြင့် အနဘိရတော-၌ န-ပုဒ်+အဘိရတ-ပုဒ်။ အဘိရတ-၌ တ- ပစ္စည်း ဘာဝသာဓနေ အနက်၌သက်--လည်းကောင်း၊ အဘိရမနံ အဘိရတော-ဟု ပြု--လည်းကောင်း၊ နတ္ထိ အဘိရတော တေဿာတိ အနဘိရတော-ဟု စတုတ္ထီဗဟုဗ္ဗီဟိ (တနည်း) အဘိရတတော ဝိရဟိတော အနဘိရတော-ဟု ပဉ္စမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--လည်းကောင်း၊ န-၏ ဝိရဟ အနက်ဟော--လည်းကောင်း သိစေ။

**အမှာ** ဥဒါန်း အဋ္ဌကထာ၌ အနဘိရတောတိ န အဘိရတော-ဟု ဖွင့်သည်။ ယင်းအလို န+အဘိရတော အနဘိရတော-ဟုလည်း ဝစနတ္ထပြုနိုင်သည်။

သာသနေ-ဖြင့် (ဘာဝတ္ထ) သိစေ။

(င) ဖြင့် သာမညာ-၌ သမဏ-ပုဒ်၊ ဏျ-ပစ္စည်း၊ ယင်း ဏျ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်-အနက်၌ သက်--လည်းကောင်း၊ သမဏဿ ဘာဝေါ သာမညံ-ဟု ဘာဝတဒ္ဓိတ် ဝစနတ္ထ-ပြု--လည်းကောင်း၊ သာမညာ-၌ အာ-၏ သွာ-ဝိဘတ်၏ ကာရိယ၏ အဖြစ်ကို လည်းကောင်း၊ ယင်း သွာ-ဝိဘတ်၏ ပဉ္စမီအနက်၌သက်--လည်းကောင်း၊ သမဏ-၌ ဏျ-ပစ္စည်းကြောင့် သ-အစိတ် အ-ကို အာ-ပြု၊ ယ- အက္ခရာရှိသော ဏ-ကို (ဝါ) ဏျ-ကို ဉ-ပြု။ ဒွေဘော်လာ၍ သာမညာ-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း သိစေ။

အပဂန္တုကာမော-ဖြင့် စဝိတုကာမော-၌ စု-ဓာတ်သည် အပဂမန အနက်ဟော၏ဟု သိစေ။

http://www.dhammadownload.com



၇။ **ကိစ္စဇိဝိကပ္ပတ္တော+ကိစ္စဇိဝိကပ္ပတ္တော**

ကဌ-ကိစ္စဇိဝနေတိ ဓာတူသု ပဌိတတ္တာ ဝုတ္တံ "ကိစ္စဇိဝိကပ္ပတ္တော" တိ။ (သာရတ္ထ။ ဒု။ ၆၅။ ဝိမတိ။ ၁၃၃။) ဆိုသောကြောင့် ကိစ္စဇိဝိကပ္ပတ္တော-သာ သင့်သည်။

**ဥက္ကဏ္ဍိတော+ဥက္ကဏ္ဍိတော**

ကဌ-ကိစ္စဇိဝနေ-ဟူသော ဓာတ်ကျမ်းနှင့်အညီ ကိစ္စဇိဝန-အနက်ဟော ဥ-ပုဗ္ဗ+ကဌ-ဓာတ်+က-ပစ္စည်းဖြင့် ဥက္ကဏ္ဍ-ပုဒ်နောင် ဣတ-ပုဒ်နှင့် တွဲ၍ ဥက္ကဏ္ဍိတော-ဟု ရုပ်ပြီးသောကြောင့် လည်းကောင်း၊ (တနည်း) ဥ-ပုဗ္ဗ+ကမု+ (ဝါ) ကဏ-ဓာတ် + ဍ-ပစ္စည်းဖြင့် ဥက္ကဏ္ဍ-ပုဒ်နောင် ဣတ-ပုဒ်နှင့် တွဲစပ်၍ ဥက္ကဏ္ဍိတ-ဟု ပြီးသောကြောင့် လည်းကောင်း ဥက္ကဏ္ဍိတော-ဟု ရှိသောပါဌ်သာ သင့်သည်။

၈။ **ဥက္ကဏ္ဌာ**

ဌာနဖြစ်သော ပုဂ္ဂိုလ်၏ "ဥက္ကဏ္ဌာ"အမည်ကို ဌာနီဖြစ်သော အနဘိရတိ၌တင် ဌာနူပစာ။ နာနုဋ္ဌရိကနည်း။ (ဝိမတိဋီကာသာကေ-၄-နံပါတ်ရှု)

၁၀။ **သာမဉ္ဉာ-၌ အန္တဏ္ဍ-ကား သမဏ-တည်း။** ဤ၌ အန္တဏ္ဍ-အရ လူထွက်လိုသော ရဟန်း၏ ခန္ဓာငါးပါး ကိုယူ၍ လောကောနှင့်အတူ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၇၀)

(က) **ဘိက္ခုဘာဝဿ** ဘိက္ခုဘာဝေန၊

(ခ) ကရဏတ္ထေ ဥပယောဂဝစနံ။

(ဂ) "ကဏ္ဌေ အာသတ္တေန အဋ္ဋိယေယျာ"တိအာဒီသု ပန ယထာလက္ခဏံ ကရဏဝစနေနေဝ ဝုတ္တံ။

(ဃ) **အဋ္ဋိယမာနောတိ** အဋ္ဋံ ပီဠိတံ ဒုက္ခိတံ ဝိယ အတ္တာနမာစရမာနော၊

(င) တေန ဝါ ဘိက္ခုဘာဝေန အဋ္ဋော ကရီယမာနော ပီဠိယမာနောတိ အတ္ထော။

(စ) **ဟရာယမာနောတိ** လဇ္ဇမာနော။ **ဇိဂုစ္ဆမာနောတိ** အသုစိံ ဝိယ တံ ဇိဂုစ္ဆန္တော။

(၄။ ၂၁၂။ သာရတ္ထ။ ဒု။ ၆၅။ ဝိမတိ။ ၁၃၃။ မဇ္ဈိမ္မ။ တ၊ ၁၇၅။ ဘာဋီ။ ဒု၊ ၃၇၇။)

၁။ သံဝဏ္ဏေတဗ္ဗ ပါဌ်တို့ကို သံဝဏ္ဏနာနှင့်အညီ အနက်သမ္ဗန်ပါ။
၂။ ခ-သာဘောဂပုစ္ဆာ။ င-အနုသန္ဓေတက်ပါ။
၃။ ခ-ဂ-င-စ-တို့ကို အကြောင်းပြ အမည်ပေးပါ။
၄။ ဂ-၌ ယထာလက္ခဏံ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာဏ်နည်းကောက်ပါ။
၅။ ကဏ္ဌေ၊ အာသတ္တေန၊ အဋ္ဋ၊ အတ္တာန။ အသုစိ-တို့ကို ဓာတု၊ ပစ္စယ၊ လိင်္ဂ ဝေဘန်ပါ။
၆။ က-ခ-ဃ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဃ-၌ အဋ္ဋိယမာနော၊ အဋ္ဋိယမာနော-ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ ဘိက္ခုဘာဝ-၌ ရသင့်သောနည်းတို့ကို အကြောင်းပြဖြေပါ။
၁၀။ အဋ္ဋိယမာနော-၌ အန္တဏ္ဍ-အရကို အာဝတ္တဟာရနေတ္တိနည်းထုတ်ပါ။

=========================

http://www.dhammadownload.com



## ၁။ သံဝဏ္ဏေနာနှင့် အညီ သံဝဏ္ဏေထမ္ဘပါဠိ အနက်ပေးပုံ

ဘိက္ခုဘာဝံ - (ဘိက္ခုဘာဝေန) ရဟန်း၏အဖြစ်ဖြင့်။ အဋ္ဋီယမာနော၊ နှိပ်စက်အပ်သကဲ့သို့ မိမိကိုယ်ကို ပြုကျင့်သည်ဖြစ်၍။ (တနည်း) ဘိက္ခုဘာဝံ - (ဘိက္ခုဘာဝေန) ရဟန်း၏အဖြစ်သည်။ အဋ္ဋီယမာနော၊ နှိပ်စက်ခြင်းကို ပြုကျင့်အပ်သည်ဖြစ်၍။ ဘိက္ခုဘာဝံ- (ဘိက္ခုဘာဝေန)ဖြင့်။ ဟရာယမာနော၊ ရှက်သည်ဖြစ်၍။ (ဘာသာဋီကာ-ဒု-၆၈၂) (တနည်း) ဟရာယမာနော၊ ရှက်နိုးသည် ဖြစ်၍။ (ဝါ) ရှက်သကဲ့သို့ မိမိကိုယ်ကို ပြုသည်ဖြစ်၍။ (ဝါ) ရှက်ခြင်းကို ပြုအပ်သည်ဖြစ်၍။ (မအူသျှ) ဘိက္ခုဘာဝံ၊ ကို။ ဇိဂုစ္ဆမာနော၊ မစင်ကဲ့သို့ စက်ဆုတ်သည်ဖြစ်၍။

**မှတ်ချက်** ဘိက္ခုဘာဝံ-၌ ဒုတိယာဝိဘတ်သည် အဋ္ဋီယမာနော-၌ စပ်ခိုက် တတိယာဝိဘတ်၏ ကရိုဏ်းအနက် (တနည်း) ကတ္တားအနက်၌ သက်၏။ ဟရာယမာနော-၌ စပ်ခိုက် ကရိုဏ်းအနက်။ ဇိဂုစ္ဆမာနော၌ စပ်ခိုက် ကံ-အနက်၌ သက်၏။ (ဘာသာဋီကာ-ဒု-၆၈၂။)

## ၂။ (ခ) သာဘောဝပုစ္ဆာ

ဆရာ-သည် (က)ဖြင့် ဘိက္ခုဘာဝံ-ကို ဘိက္ခုဘာဝေနဟု ဖွင့်ပြ၏။ ပါဠိ၌ ဘိက္ခုဘာဝံဟု ဒုတိယန္တနှင့်ရှိသည် မဟုတ်ပါလော။ (ကမ္ဘလွဲ ဒုတိယာဟု သဒ္ဒါဆရာတို့ ဆိုသည်ဖြစ်၍) ဘိက္ခုဘာဝေနဟု ဖွင့်ဆိုသော ဆရာစကားသည် အဘယ်သို့လျှင် သင့်ရာပါအံ့နည်း-စုဒ်ကြောင့် (ခ)မိန့်။

### (ဂ) အနုသန္ဓေ

ဤသို့ (က-ခ)နှစ်ဝါကျဖြင့် ဘိက္ခုဘာဝံ အဋ္ဋီယမာနော-စသော ပါဠိ၌ ဘိက္ခုဘာဝံ-ဝယ် ကရိုဏ်းအနက်၌ ဒုတိယာဝိဘတ်တည်းဟု ပြဆိုပြီး၍၊ ယခုအခါ၌ အဋ္ဋဟူသော နာမဓာတ်နှင့် ယှဉ်ရာဝယ် တစ်ပါးသော ဝိဘတ်ဖြင့်လည်း ယောတော်မူ၏ဟု ပြလိုသော ဆရာသည် (ဂ) မိန့်။

### (ဃ) အနုသန္ဓေ

ဤသို့ (က-ခ-ဂ-ဃ) ဝါကျတို့ဖြင့် ဘိက္ခုဘာဝံ-ဝယ် ကရိုဏ်းအနက်၌ ဒုတိယာဝိဘတ်၏ အဖြစ်ကိုလည်းကောင်း၊ အဋ္ဋီယမာနော၏ ကတ္တားဟောကြိယာ၏ အဖြစ်ကို လည်းကောင်း ဖွင့်ပြပြီး၍ ယခုအခါ၌ ဘိက္ခုဘာဝံ-ဝယ် ကတ္တားအနက်၌ ဒုတိယာဝိဘတ်၏အဖြစ်ကို လည်းကောင်း၊ အဋ္ဋီယမာနော ၏ ကံဟောကြိယာ၏ အဖြစ်ကိုလည်းကောင်း တနည်းဖွင့်ပြလိုသော ဆရာသည် (ဃ) မိန့်။ (သာရတ္ထ- ဒု-၆၅။ ၆၆။)

၃။ ခ-သည် ယုတ္တိဒဋ္ဌိကရေ။ ဂ-သည် ပက္ခန္တရ။ (မအူ) (ဝါ) ဝါကျာရမ္ဘ။ (ဘာသာဋီကာ) ဃ-ပက္ခန္တရ။ င-ပက္ခန္တရ။ စ-ပက္ခန္တရ။

၄။ လက္ခီယတိ အနေနာတိ လက္ခဏံ။ လက္ခဏသဒ္ဒ+အနုရူပံ ယထာလက္ခဏံ။
လက္ခဏ-အရကား မှတ်ကြောင်းဖြစ်သော (ကရဏေ တတိယာ-ကဲ့သို့သော) သဒ္ဒါသုတ်သည် မှ၍။ ထို၏ + (ဥဒါဟရုဏ်ပုံစံ) လက္ခဖြစ်သော အာသဝေနသဒ္ဒါနှင့် အကြောင်း + အကျိုး / လက္ခဏ လက္ခစပ် ဌာနူ--၏။
ယထာလက္ခဏ်-ပုဒ်လုံးအရကား (ဥဒါဟရုဏ်ပုံစံ) လက္ခဖြစ်သော အာသဝေနသဒ္ဒါရ၏။

### ဝစနတ္ထမှတ်ဘွယ်

အဋ္ဋမိဝ အတ္တာနံ အာစရတီတိ အဋ္ဋီယမာနော (အဋ္ဋ+ဤယ+မာန)

http://www.dhammadownload.com



အဋ္ဌစာတ်အရကား ရဟန်း၏ အနဘိရတိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။
ရှေးရှေး-အယောနိသောမနသိကာရစသည်-ဖလူ။
နောက်နောက်ဖြစ်သော ဒုဗ္ဗလျ သိက္ခာပစ္စက္ခာန စသည် ကာရဏူ။
ဤယ-ပစ္စည်းအရကား ရူပသိဒ္ဓိမတ္တ ပဒသိလိဋ္ဌတာဘောဂုဏ်ရ၏။
မာန-အရကား ထို--သော ရဟန်းရ၏။

**(တနည်း)** အဋ္ဋီယတီတိ အဋ္ဋီယမာနော။ (ဉာသ်ကောက်ပုံတူ၏။)
ဥပယောဂဝစနံ+တေသာတိ ဥပယောဂဝစနံ။ (ဘိက္ခုဘာဝံ-ပုဒ်ရ၏။)

(ဃ) အဋ္ဋီယတေတိ အဋ္ဋော။ အဋ္ဋ+အ။ နှိပ်စက်အပ်သူရ၏။
ပီဠီယတေတိ ပီဠိတော။ ပီဠ+တ။
ဒုက္ခံ+သဉ္ဇာတံ+အဿာတိ ဒုက္ခိတော။ (ဒုက္ခ+ဣတ)
**(တနည်း)** ဒုက္ခေန+ဣတော ပဝတ္တောတိ ဒုက္ခိတော။ (နီတိဓာတု။ ၂၀။ ၂၁)

၅။ **ကဏ္ဍော-**ကား ကဏ (ဝါ) ကမု+ဍ။ ပုံလိင်။ **အာသဇ္ဇေန-**ကား အာ+သဒ္ဒ (ဝါ) သဥ္ဓ+တ။ ဤ၌ **အာသဇ္ဇေန-**ကား မနုဿကုဏပေန-စသည်တို့၏ ဝိသေသနဖြစ်၍ နိတ္တိယံ ကုဏပေါ် သဝေါ။ အဘိဓာန်။ ၄၀၅-ကိုထောက်၍ ပုံ/နပုံ-တည်း။

**အဋ္ဋ-**ကား အဋ္ဋ+အ။ ပုံ။ **အဇ္ဇ-**ကား အဒ+မန် (ဝါ) အတ+တ (ဝါ) အာ+ဒါ+တ။ ပုံလိင်။
**အသုစိ-**ကား နှ+သုစ+ဣ။ နပုံ။

၆။ (က) ဘိက္ခုဘာဝေန-ဖြင့် ဘိက္ခုဘာဝံ-၌ ဒုတိယာဝိဘတ်သည် ကရိုဏ်းအနက်၌ သက်၏-ဟု သိစေပါသည်။

(ခ) ဖြင့် ဘိက္ခုဘာဝံ-၌ အံ-သည် ပဌမာဝိဘတ်၏ ကာရိယ မဟုတ်။ ဒုတိယာဝိဘတ်၏ အဖြစ်ကို လည်းကောင်း၊ (ဝိဘတ္တိပဒ) ယင်း ဒုတိယာဝိဘတ်၏ ကရိုဏ်းအနက်၌ သက်--လည်းကောင်း သိစေပါသည်။ (ဝိဘတျတ္ထ)

(ဂ) ဖြင့် အာသဇ္ဇေန၌ တတိယာဝိဘတ်၏ (ကရဏေတတိယာ-ဟူသော သဒ္ဒါသုတ်အားလျော်စွာ) ကရိုဏ်း အနက်၌သက်သည်၏ အဖြစ်ကိုလည်းကောင်း၊ (ဝိဘတျတ္ထ) ဘိက္ခုဘာဝံ အဋ္ဋီယမာနောဟု ဒုတိယာဝိဘတ်ဖြင့် ဟောပုံမှတပါး အာသဇ္ဇေန အဋ္ဋီယေယျ-ဟု တတိယာဝိဘတ်ဖြင့် ပုံစံပြောင်း၍ ဘုရားရှင်ဟောပုံအဓိပ္ပါယ်ကို လည်းကောင်း သိစေသည်။

(ဃ) ပီဠိတံ-ဖြင့် အဋ္ဋ-ဟူသော နာမ်ပုဒ်၏ ပီဠန-အနက်ဟော၏ဟု သိစေ။
**(တနည်း)** ပီဠိတံ-ဖြင့် အဋ္ဋ-၌ အဋ္ဋ-ဓာတ်၏ ပီဠန-အနက်ဟော--လည်းကောင်း၊ အ-ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်-လည်းကောင်း၊ အဋ္ဋီယတီတိ အဋ္ဋောဟု ကမ္မသာဓန-ပြု-လည်းကောင်း-သိစေ၏။

ဒုက္ခိတံ-ဖြင့် နှိပ်စက်အပ်၏ဟူသည် ဆင်းရဲခြင်းသို့ ရောက်ခြင်းပင်တည်းဟု သိစေ။

(ဃ) တဝါကျလုံးဖြင့် အဋ္ဋီယမာနောပုဒ်ကို အဋ္ဋဝိယ အတ္တာန-မာစရတီတိ အဋ္ဋီယမာနော-ဟု ကတ္တုသာဓန ဝစနတ္ထပြု-လည်းကောင်း၊ ကမ္မူပမာန-အဋ္ဋသဒ္ဒါနောင် အာစရတိ-အနက်၌ ဤယ-ပစ္စည်း သက်သည်၏အဖြစ်ကို လည်းကောင်း၊ မာန-ပစ္စည်း၏ ကတ္တုသာဓန အနက်၌ သက်--လည်းကောင်း၊ အဋ္ဋ-သဒ္ဒါ၏ နာမ-ဓာတ်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

http://www.dhammadownload.com



(င) တေန ဝါ ဘိက္ခုဘာဝေန-ဖြင့် ဘိက္ခုဘာဝ-၌ ဒုတိယာဝိဘတ်၏ အဝုတ္တကတ္တား အနက်၌ သက်---လည်းကောင်း။ ဘိက္ခုဘာဝ-ကို အဋ္ဌိယမာနော-၌ အဝုတ္တကတ္တား + အဝုတ္တကတ္တား၏ ကြိယာအဖြစ်ဖြင့် စာစပ်ရမည်ကို လည်းကောင်း သိစေပါသည်။

အဋ္ဋော ကရိယမာနော-ဖြင့် အဋ္ဋ-ဟူသော ဒုတိယန္တ (ဥပမာနလည်း မဟုတ်သော) ရိုးရိုး နာမ်ပုဒ်နောင် အာစရတိအနက်၌ ဤယ-ပစ္စည်း သက်ထားသည်၏ အဖြစ်ကိုလည်းကောင်း။ မာန-ပစ္စည်း၏ ကမ္မသာဓနအနက်၌ သက်--လည်းကောင်း။ အဋ္ဋီယတီတိ အဋ္ဋီယမာနော-ဟု ကမ္မသာဓန ဝစနတ္ထပြု--လည်းကောင်း-သိစေ။ (ဘာသာဋီ-၃၁၇)

ပီဠိယမာနော-ဖြင့် ဘာဝတ္ထ-သိစေပါသည်။

(စ) လဇ္ဇမာနော-ဖြင့် ဟရာယမာနော-၌ ဟရေ-ဓာတ်သည် ရှက်ခြင်း=လဇ္ဇာ အနက်ဟော၏ဟု သိစေပါသည်။

◆ **ဟရေ လဇ္ဇာယံ။ အလုတ္တန္တော်ယမေကာရန္တော ဓာတု။ (နိတိဓာတု)**

ဇိဂုစ္ဆန္တော-ဖြင့် ဇိဂုစ္ဆမာနော-၌ မာန-ပစ္စည်း၏ ကတ္တားအနက်၌ သက်--ကိုလည်းကောင်း။ ဇိဂုစ္ဆတီတိ ဇိဂုစ္ဆမာနော-ဟု ကတ္တုသာဓန ဝစနတ္ထပြု--လည်းကောင်း သိစေပါသည်။

◆ **အန္တော ကတ္တရိ မာနော တု၊ ဘာဝေ ကတ္တရိ ကမ္မနိ။ (ဘေဒစိန္တာ)**

တံ-ဖြင့် ပါဠိတော်၌ ဘိက္ခုဘာဝံကို ဇိဂုစ္ဆမာနော-၌ စာစပ်ရမည်ကို လည်းကောင်း။ ဇိဂုစ္ဆမာနော၌ စပ်ခိုက် ဘိက္ခုဘာဝ-၌ ဒုတိယာဝိဘတ်၏ ကံ-အနက်၌သက်--လည်းကောင်း သိစေ။

အသုစိံဝိယ-ဖြင့် စက်ဆုတ်၏-ဟူသည် မစင်ကဲ့သို့ စက်ဆုတ်သည်၏ အဖြစ်ကို သိစေ။

## ၇။ အဋ္ဋီယမာနော။ အဋ္ဋီယမာနော

(ယ) ဝါကျ သံဝဏ္ဏနာကိုထောက်လျှင် အဋ္ဋီယမာနောဝယ် ကမ္မူပမာန၌ ဤယူပမာနာစ-သုတ်ဖြင့် အာစာရအနက်၌ ဤယ-ပစ္စည်းသက်၍ ရုပ်ပြီးကြောင်း ထင်ရှား၏။

(င) ဝါကျ သံဝဏ္ဏနာကို ထောက်လျှင်လည်း အဋ္ဌ-ဟူသော ရိုးရိုးနာမ်ပုဒ်နောင် ဤယ-ပစ္စည်း သက်၍ အဋ္ဋီယဟု နာမဓာတ်ပြီးပြီးနောက် ကံ-အနက်၌ မာန-ပစ္စည်းသက်၍ အဋ္ဋီယမာနောဟု ရုပ်ပြီးကြောင်း ထင်ရှားသည်။ ထို့ကြောင့် **အဋ္ဋီယမာနော**ဟု ရှိသောပါဠ်ဟ သင့်သည်။

## ၈။ ဘိက္ခုဘာဝံ

ဤ၌ ဘိက္ခုဘာဝံ-ဟူသောသဒ္ဒါသည် တပုဒ်တည်းဖြစ်လျက် ဘိက္ခုဘာဝံ၊ ရဟန်း၏အဖြစ်ဖြင့်။ အဋ္ဋီယမာနော၊ နှိပ်စက်အပ်သကဲ့သို့ မိမိကိုယ်ကို ပြုကျင့်သည်ဖြစ်၍။ ဘိက္ခုဘာဝံ၊ သည်။ အဋ္ဋီယမာနော၊ နှိပ်စက်ခြင်းကို ပြုကျင့်အပ်သည်ဖြစ်၍။ ဘိက္ခုဘာဝံ၊ ဖြင့်။ ဟရာယမာနော၊ ရှက်သကဲ့သို့ မိမိကိုယ်ကို ပြုသည်ဖြစ်၍။ (ဝါ) ရှက်ခြင်းကို ပြုအပ်သည်ဖြစ်၍။ ဘိက္ခုဘာဝံ၊ ကို။ ဇိဂုစ္ဆမာနော။ မစင်ကဲ့သို့ စက်ဆုတ်သည်ဖြစ်၍။ ဤသို့ သတ္တိပြားသဖြင့် (ဝါ) အချင်းချင်းစပ်သဖြင့် များစွာသော အနက်ကို ဟောစွမ်းနိုင်သောကြောင့်-ဘိန္နသတ္တိသမဝေတနည်း/သိလေသနည်း။ (ကာကောလောကန-နည်းလည်းရသည်။)

http://www.dhammadownload.com



**ကရဏဏတ္ထေ**

အကြောင်းဖြစ်သော ကရိုက်းအနက်၌ **"ကရဏတ္ထေ"** ဟူသော အမည်ကို အကျိုးဖြစ်သော ဘိက္ခုဘာဝသဒ္ဒါ၌ တင် ကာရကပူပစာ/နာနတ္တရိကနည်း။

**မှတ်ချက်** လိင်္ဂတ္ထေ ပဌမာ=လိင်အနက်၌ ပဌမာဝိဘတ် သက်သည်ဟု ဆိုရာ၌ အနက်၌ မသက်၊ ပုရိသ-စသော သဒ္ဒါ၌သာ သက်သည်ကို လိင်္ဂတ္ထေဟုဆိုသည်။ အနက်ကား အကြောင်း/ သဒ္ဒါကား အကျိုးဖြစ်၍ ကာရကူပစာတင်သည်။

၁၀။ **အင်္ဂုယမာနော-**၌ **အန္တတ္ထ**-အရ အနဘိရတိပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၇၁)

(က) **တေဟိ အာကာရေဟိ တေဟိ လိင်္ဂေဟိ တေဟိ နိမိတ္တေဟီ**တိ တေတိ "ဗုဒ္ဓံ ပစ္စက္ခာမိ ဝါ"တိအာဒိနာ နယေန ဝုတ္တေဟိ ဗုဒ္ဓါဒီနံ ဝေဝစနေဟိ။

(ခ) ဝေဝစနာနိ ဟိ သိက္ခာပစ္စက္ခာနဿ ကာရဏတ္တာ **အာကာရာနိ,** ဗုဒ္ဓါဒီနံ သဏ္ဌာနဒီပနတ္တာ, သိက္ခာပစ္စက္ခာနသဏ္ဌာနတ္တာ ဝေ ဝါ **လိင်္ဂါနိ,** သိက္ခာပစ္စက္ခာနဿ သဉ္ဇာနနဟေတုတော မနုဿာနံ တိလကာဒီနိ ဝိယ **နိမိတ္တာနီ**တိ ဝုစ္စန္တိ။

(ဂ) **ဧဝံ ခေါ ဘိက္ခဝေတိ** ဧတ္ထ ဧဝံ အညဿ သိက္ခာပစ္စက္ခာနကာရဏဿ အဘာဝတော နိယမေန္တော အာဟ။

(ဃ) အယံ ဟေတ္ထအဓိပ္ပါယော၊ ဧဝမေဝ ဒုဗ္ဗလျာဝိကမ္မဉ္စေဝ ဟောတိ သိက္ခာပစ္စက္ခာနဉ္စ၊ န အညထာ ပန ကာရဏမတ္တီတိ။

(၃၊ ၂၁၉။ သာရတ္ထ။ ဒု၊ ၈၀။ မဇ္ဈ။ တ၊ ၁၆၉။ ဘာဋီ။ ဒု၊ ၄၀၀။)

၁။ ခ-ကို ဟိတ်ပုဒ်များ၏ သမ္ဗန်ထည့်စွက်၍ လည်းကောင်း၊ ဒီပကနည်း ပါဝင်စေလျက် လည်းကောင်း ကျနစွာ အနက်သမ္ဗန်ပါ။

၂။ (က) ကို လီနတ္ထရစေတနာ၊ (ဃ) အာသောဂါယုတ္တစောဒနာတက်ပြပါ။

၃။ ခ-ဂ-ဃ-တို့ကို အကြောင်းပြ အမည်ပေး၍ (ခ) ဝါကျ ဝေဝစနာနိကို သဒ္ဒနယ စာစပ်ပါ။

၄။ တေဟိ အာကာရေဟိ-၌ အာကာရေဟိကို ဝစနတ္ထပြု၍ ဥာသ်နည်းကောက်ပါ။

၅။ အာဒိကို ဓာတု၊ ပစ္စယ၊ လိင်-ဝေဘန်၍ (ဂ) ပရံ-ကို ပဒ၊ ပဒတ္ထ၊ ဝိဘတ္တိ၊ ဝိဘတျတ္ထ စီစစ်ပြပါ။

၆။ ခ-ကိုသာ အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။

၇။ (ခ)၌ ကာရဏတ္တာ+ကရဏတ္တာ-ဟူ၍ လည်းကောင်း၊ တိလကာဒီနိ ဝိယ+ တိလကာဠကာဒီနိဝိယ-ဟူ၍ လည်းကောင်း၊ ပါဌ်နှစ်ထွေစီရှိရာ သင့်ရာပါဌ်ကို သာကေပြ ဆုံးဖြတ်ပါ။

၈။ ခ-ဝါကျ၌ လိင်္ဂါနိ-ကို နယူပစာရတင်ပြပါ။

၁၀။ တိလကာဒီနိ-၌ တိလက-ကို သဒ္ဒယုတ္တိဟာရနေတ္တိ စီစစ်ပြပါ။

================================

http://www.dhammadownload.com



၁။ (ခ) ၌ ဟိတ်ပုဒ်များ၏ သမ္ဗန်ကို--ဝေဝစနာနံ၊ ပရိယာယ်ဖြစ်ကုန်သော အမည်တို့၏။ (ဝါ) တို့သည်-ဟု ထည့်။ (မအူသျှ) ခ-ဝါကျ အဆုံး၌ရှိသော ဣတိ ဝုစ္စန္တိ-ကို အာကာရာနီတိ ဝုစ္စန္တိ၊ လိင်္ဂါနီတိ ဝုစ္စန္တိ၊ နိမိတ္တာနီတိ ဝုစ္စန္တိ-ဟု အန္တဒီပကနည်းဖြင့် စပ်၍ ပေး။

## ၂။ (က) လီနတ္ထရစောဒနာ

ဆရာ-မြတ်စွာဘုရားသည် တေဟိ အာကာရေဟိ တေဟိ လိင်္ဂေဟိ တေဟိ နိမိတ္တေဟိ-ဟု ဟောတော်မူ၏။ ယာနိဝါ ပနညာနိပိ ဗုဒ္ဓဝေဝစနာနိဝါ-စသော ပါရာဇိကဏ် ပါဠိတော် (စာပိုဒ်၊ ၅၃) ၌ ယ-သဒ္ဒါသည် ဝေဝစနတို့ကိုသာ စွဲယူသကဲ့သို့ တေဟိ အာကာရေဟိ-စသည်၌ တ-သဒ္ဒါသည်လည်း ဝေဝစနတို့ကိုပင် စွဲယူသင့်သည် မဟုတ်ပါလော။ အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့ကို မစွဲယူသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် တေဟိ အာကာရေဟိ-စသည်ဖြင့် အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့ကို စွဲယူ၍ ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (က) မိန့်။

**အစိပ္ပါယ်ကား**---ဝေဝစနနှင့် အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့သည် သဒ္ဒါအားဖြင့် မတူကုန်သော်လည်း အနက်အားဖြင့် အတူတူပင်ဖြစ်သောကြောင့် တေဟိ အာကာရေဟိ-စသည်ဖြင့် ဟောတော်မူပါ၏ဟူလို။

## (ခ) ပုစ္ဆာ

ဆရာ-သည် (က)ဖြင့် အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့ကို ဝေဝစန-ဟု ဖွင့်ဆို၏။ (ဝါ) ဝေဝစနနှင့် အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့သည် သဒ္ဒါအားဖြင့် မတူကုန်သော်လည်း အနက်အားဖြင့် တူကြကုန်၏ဟု ဖွင့်ဆို၏။ (မအူသျှ) အဘယ်သို့လျှင် ဝေဝစန-တို့ကို အာကာရ၊ လိင်္ဂ၊ နိမိတ္တ-သဒ္ဒါတို့ဖြင့် ခေါ်ဝေါ်အပ်ပါကုန်သနည်း။ (သာရတ္ထ) (ဝါ) အဘယ်ကြောင့် ဝေဝစနတို့ကို အာကာရ၊ လိင်္ဂ၊ နိမိတ္တ-တို့ဟူ၍ ခေါ်ဆိုအပ်ပါသနည်း။ အာကာရ-စသော သဒ္ဒါတို့သည် ကာရဏ-စသော အနက်ကို ယထာရဟ ဟောကြသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ခ) မိန့်။

◆ **ကထံ ပန တာနိ အာကာရာဒိသဒ္ဒေဟိ ဝေါဟရိယန္တီတိ အာဟ "ဝေဝစနာနိဟိ" တိ အာဒိ။ (သာရတ္ထ)**

## (ဂ) ဝါကျ သိက္ခာပစ္စက္ခာန သဏ္ဌာနတ္တာ ဝေဝါ-သို့---

ဆရာ-သည် ဗုဒ္ဓါဒီနံ သဏ္ဌာနဒီပနတ္တာ-ဖြင့် ဝေဝုစ်တို့သည် ဘုရားစသည်တို့၏သဏ္ဌာန်ကို ပြတတ်သောကြောင့် လိင်္ဂမည်၏-ဟု ဆိုကုန်၏။ သဏ္ဌာန်ရှိကုန်သော ဘုရားစသည်တို့၏သဏ္ဌာန်ကို ပြခြင်းသည် သင့်တန်စေ၊ သဏ္ဌာန်မှကင်းသော ဓမ္မသိက္ခာ စသည်တို့၏သဏ္ဌာန်ကို ပြခြင်းသည်ကား အဘယ်သို့ ဖြစ် (သင့်) နိုင်ပါအံ့နည်း။ စုဒ်ကြောင့် သိက္ခာ-အစမိန့်။ (မအူသျှ)

◆ **သဏ္ဌာနဝန္တာနံ ဗုဒ္ဓါဒီနံ သဏ္ဌာနဒီပနံ တာဝ ယောဇတု၊ သဏ္ဌာန ရဟိတာနံ ပန ဓမ္မသိက္ခာဒီနံ ကထန္တိ အာဟ "သိက္ခာ ပစ္စက္ခာန သဏ္ဌာနတ္တာ ဝေဝါ" တိ။ (သာရတ္ထ)**

## (ဃ) အာဒေသာဝါယုတ္တစောဒနာ

ဆရာ-သည် (ဂ) ဖြင့် (မြန်မာပြန်)--ဆို၏။ ပါဠိတော်၌ ဝံ ခေါ ဘိက္ခဝေ-စသောဝါကျသည် ဆိုအပ်ပြီးသောအနက်ကို အကျဉ်းချုံး၍ပြရာ နိဂမန ဝါကျဖြစ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် (ဂ) ဖြင့်---ဆိုသော ဆရာစကားသည် အသို့လျှင် သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

http://www.dhammadownload.com



၁-သည် ယုတ္တိဒဋ္ဌိကရဏ။ (ဘာသာဋီကာ) ကာရဏ (မအ္ဂု) ဝိတ္ထာရ (ရွှေဥမင်) ထိုဟွင် အစိတ်အစိတ် ပက္ခ၊ ပက္ခန္တရခွဲ။ ဂ-ပက္ခန္တရ။ ဃ=ဒဋ္ဌိကရဏ။ (မအ္ဂု) ဝါကျာရမ္ဘ။ (ဘာသာဋီကာ)

**စာစပ်** (က) **ဝေဝစနေဟိ**=ကား တို့ဖြင့်-ကြောင့် ဝဒတိ-ဝိညာပေတိ (ပါဠိတော်)တို့၌ ကရိုက်း/ကရိုက်း၏ ကြိယာစပ်။

(ခ) **ဝေဝစနာနိ**=ကား တို့ကို--ကြောင့် ဝုစ္စန္တိ-၌ ဝုတ္တကံ/ဝုတ္တကမ္မိစပ်။

(ဂ) **ဧဝံ ခေါ ဘိက္ခဝေတိ**-၌ **ဣတိ**-ကား အာဒျတ္ထ။

၄။ အာကရောတိ ဧတေဟီတိ အာကာရာနိ။ (မအ္ဂုသျ)

အာ-အရကား ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

ကရ-အရကတ္တုဋ္ဌကြိယာကား သိက္ခာချခြင်းကို ပြုတတ်သောရဟန်း၏ အနဘိရတိ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

ကရဏဋ္ဌ-ကား ထိုအားတပ်သော ဗုဒ္ဓ-စသော ဝေဝုစ်သဒ္ဒါတို့၏ အာရမ္မဏ၊ ပကတူပ---ဖလူ။

ဏ-အရကား---ဗုဒ္ဓ-အစရှိသော ဝေဝုစ်သဒ္ဒါတို့ရ၏။

နိမိနာတိ သဥ္ဇာနာတိ ဧတေဟီတိ နိမိတ္တာနိ။

နိ-အရကား---ဓာတွတ္ထာနုဝတ္တကဘောဂုဏ်ရ၏။

မိ-ဓာတ် (ဝါ) မာ-ဓာတ်အရ ကတ္တုဋ္ဌကား--သိက္ခာချသူဟု သိမှတ်တတ်သောပုဂ္ဂိုလ်၏ သန္တာန်၌ သညာ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။

ကရဏဋ္ဌ-ကား---ထိုအားတပ်သော ဗုဒ္ဓစသော ဝေဝုစ်သဒ္ဒါတို့၏ အာရမ္မဏ၊ ပကတူပ---ဖလူ။

တ-ပစ္စည်းအရကား---ဗုဒ္ဓ-စသော ဝေဝုစ်သဒ္ဒါတို့ရ၏။

ကရောတိ ဧတေဟီတိ ကာရဏာနိ။ (အာကာရာနိနှင့်အတူ ကောက်) တေသံ+ဘာဝေါ ကာရဏတ္တံ။

## ဝစနတ္ထမှတ်ဘွယ်

ဒီပေန္တီတိ ဒီပနာနိ။ သဏ္ဌာနံ ဒီပနာနိ သဏ္ဌာနဒီပနာနိ။ တေသံ+ဘာဝေါ သဏ္ဌာနဒီပနတ္တံ။ သဏ္ဌာတိ ဧတေသူတိ သဏ္ဌာနာနိ။ သိက္ခာပစ္စက္ခာနဿ + သဏ္ဌာနာနိ သိက္ခာပစ္စက္ခာနသဏ္ဌာနာနိ။ တေသံ+ ဘာဝေါ။ သဥ္ဇာနနဿ+ဟေတု သဥ္ဇာနနဟေတု။ (ဘာဝပ္ပဓာန)

တိလသဏ္ဌာနံ ဝိယ ဇာယတီတိ တိလကော။ တိလကော အာဒိ ဧတေသန္တိ တိလကာဒီနိ။ (မအ္ဂုသျ)

၅။ **အာဒိ** = အာ+ဒါ+ဣ+ပုံလိင်။

(ဂ) ဝါကျ၌ **ပရံ**-ကား ယောဇနာအလို နိပါတ်ပုဒ်။ အဓိကတ္ထ။ ဆဋ္ဌီ-သ ဝိဘတ်။ တုလျာဓိကရဏဝိသေသနတ္ထ။ နိသျတို့အလို နာမ်ပုဒ်၊ ပဌာဘာဂတ္ထ။ သတ္တမီ သ္မိံ-ဝိဘတ်၊ သတ္တမျတ္ထ။

✤ **ပရန္တိ အဓိကဿ၊ သမ္ဗာသမာဝုသောတိ အာဒိနာ သုတ္တေန ပရံ သဒ္ဒတော ဆဋ္ဌီဝိဘတ္တိ လောပေါ။ (ယောဇနာ။)**

၆။ (က) တေဟိ ဝေဝစနေဟိ-ဖြင့် တေဟိ အာကာရေဟိ-စသော ပါဠိတော်၌ အာကာရ၊ လိင်၊ နိမိတ္တ သုံးပုဒ်သည် ဝေဝစနနှင့် သဒ္ဒါမတူသော်လည်း အနက်အားဖြင့် တူ၏ဟု သိ။ (မအ္ဂု)

**(တနည်း)** အာကာရ၊ လိင်၊ နိမိတ္တ-တို့သည် ဝေဝစန အနက်ဟော၏ဟု သိစေ။ (နာမလိင်္ဂတ္ထ။)

**(တနည်း)** က-တဝါကျလုံးဖြင့် ယာနိ ဝါ ပနညာနိပိ အတ္ထိ ဗုဒ္ဓဝေဝစနာနိဝါ-စသည်ဖြင့် ယံ-သဒ္ဒါဖြင့် သုံးသပ်အပ်ကုန်သော ဗုဒ္ဓ-အစရှိကုန်သော ဝေဝုစ်တို့ကိုသာလျှင် တေဟိ-၌ တ-သဒ္ဒါဖြင့် သုံးသပ်သတည်းဟု သိစေပါသည်။

http://www.dhammadownload.com



**"ယာနိ ဝါ ပနညာနိပိ အတ္ထိ ဗုဒ္ဓဝေဝစနာနိဝါ" တိ အာဒိနာ ယံသဒ္ဒပရာမဋ္ဌာနံ ဗုဒ္ဓါဒိဝေဝစနာနံ ယေဝ တံသဒ္ဒေန ပရာမသနံ ဟောတီတိအာဟ "တေဟိအာကာရေဟိ၊ ပ၊ ဗုဒ္ဓါဒိနံ ဝေဝစနေဟိ"တိ၊ (သာရတ္ထ)**

(ခ) ဝေဝစနာနိ-ဖြင့် အာကာရ-သဒ္ဒါ ဝစန အနက်ဟော၏ဟု သိစေပါသည်။

ကာရဏတ္ထာ-ဖြင့် အာကာရာနိ-၌ က-ပစ္စည်း၏ ကရဏသာဓန အနက်၌သက်--လည်းကောင်း၊ အာကရောတိ ဧတေဟီတိ အာကာရာနိ-ဟု ပြု--လည်းကောင်း၊ အာကာရ-သဒ္ဒါသည် ဤ၌ သဏ္ဌာန ဂုဏ်တအနက်တို့ကို မဟော၊ ကာရဏ အနက်ဟော--လည်းကောင်း သိစေပါသည်။

သိက္ခာပစ္စက္ခာနဿ-ဖြင့် ဘာဝတ္ထ သိစေပါသည်။

**မှတ်ချက်** ဘာသာဋီကာ၌ အာကရောန္တိ၊ သိက္ခာချခြင်းအကျိုးကို လွန်စွာပြုတတ်ပြီးစေတတ်ကုန်၏။ ဣတိ၊ အာကာရာ-ဟု ပြုသည်။

သဏ္ဌာနဒီပနတ္ထာ-ဖြင့် လိင်္ဂါနိ-၌ အ-ပစ္စည်း၏ ကရဏသာဓနအနက်၌ သက်--လည်းကောင်း၊ လိင်္ဂ-ဓာတ်၏ ဒီပန အနက်ဟော---လည်းကောင်း၊ လိင်္ဂတိ ဒီပေတိ ဧတေဟီတိ လိင်္ဂါနိ-ဟု ကရဏသာဓန ဝစနတ္ထပြု---လည်းကောင်း သိစေပါသည်။

ဗုဒ္ဓါဒီနံ-ဖြင့် ဘာဝတ္ထ သိစေပါသည်။

**မှတ်ချက်** ဘာသာဋီကာ၌ "လီနံ၊ လျှို့ဝှက်အပ်သော အနက်ကို+ဂမယန္တီတိ၊ သိစေတတ်ကုန်သောကြောင့်။ လိင်္ဂါနိဟု ဝစနတ္ထပြု၍ လိင်္ဂ-သဒ္ဒါ ပုံသဏ္ဌာန်-ဟူသောအနက်ကို ဟော၏။ ထိုပုံသဏ္ဌာန်ကို ပြတတ်သော ဗုဒ္ဓါဒိဝေဝစန-သဒ္ဒါကိုကား အနက်ကို အကြောင်းပြု၍ ကာရဏူပစာအားဖြင့် လိင်္ဂဟု ခေါ်သည်။ ထို့ကြောင့် "ဗုဒ္ဓါဒိသဏ္ဌာနဒီပနတ္ထာ လိင်္ဂါနိ" ဟု ဖွင့်သည်"ဟု ယူသည်။

## ယင်း ဘာသာဋီကာအလို ဉာသ်နည်းကောက်ပုံ

လီနံ+ဂမယန္တီတိ လိင်္ဂါနိ။

လီန-အရ လျှို့ဝှက်အပ်သောအနက်သည်-မှချ။

ထို၏ + ဗုဒ္ဓ-စသော ဝေဝုစ် သဒ္ဒါတို့ နှင့် ဝါစ္စ + ဝါစက စပ် ဌာနူ-၏။

ဂမု-ဓာတ်အရ သုဒ္ဓကတ္တာ့ဌ-ကား လျှို့ဝှက်အပ်သော အနက်ကိုသိတတ်သော ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။

ဟေတုကတ္တာ့ဌကား---ထိုအားတပ်သော ဗုဒ္ဓ-စသော ဝေဝုစ်သဒ္ဒါတို့၏ အာရမ္မဏ---ဖလူ။

ဏွိ-ပစ္စည်း, သမာသ်ပုဒ်လုံး အရကား--လျှို့ဝှက်အပ်သော အနက်ကိုသိစေတတ်သော ဗုဒ္ဓ-စသော ဝေဝုစ် သဒ္ဒါတို့ရ၏။

သိက္ခာပစ္စက္ခာနသဏ္ဌာနတ္ထာ-ဖြင့် လိင်္ဂါနိ-၌ အ-ပစ္စည်း၏ အဓိကရဏသာဓန အနက်၌ သက်---လည်းကောင်း၊ လိင်္ဂ-ဓာတ်၏ တည်ခြင်းအနက်ဟော--လည်းကောင်း၊ လိင်္ဂတိ သဏ္ဌာတိ ဧတေသူတိ လိင်္ဂါနိဟု အဓိကရဏသာဓန ဝစနတ္ထပြုရမည်ကို လည်းကောင်း၊ တည်ရာဖြစ်၏-ဟူသည် သိက္ခာစွန့်ခြင်း၏ တည်ရာဖြစ်၏-ဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေ။

သညာနနဟေတုတော-ဖြင့် နိမိတ္တာနိ-၌ နိ-ပုဗ္ဗ+မာ-ဓာတ် (ဝါ) မိ-ဓာတ်၏ သညာနနအနက်ဟော--လည်းကောင်း၊ တ-ပစ္စည်း ကရဏသာဓန အနက်၌ သက်--လည်းကောင်း၊ နိမိနာတိ သညာနာတိ ဧတေဟီတိ နိမိတ္တာနိ-ဟု ပြု--လည်းကောင်း၊ နိမိတ္တ-သဒ္ဒါ၏ ဟေတု-သဒ္ဒါ၏ ပရိယာယ်---လည်းကောင်း သိစေ။

သိက္ခာပစ္စက္ခာနဿ မနုဿာနံ တိလက္ခဒိနိဝိယ-ဖြင့် ဘာဝတ္ထ သိစေ။

http://www.dhammadownload.com



(ဃ) ဝါကျ ဝေမေဝ-ဖြင့် ဝေ ဒေါ ဘိက္ခဝေ-၌ ဒေါ-သဒ္ဒါသည် အဝဓာရဏ-အနက်ဟော၏-ဟု သိစေ။ (သာရတ္ထ)

န ဟုတော ပရံ ကာရဏမတ္တိ-ဖြင့် ဒေါ-သဒ္ဒါ၏ ဝေတ္တဖလ (ဝါ) အဝဓာရဏဖလ (နိဝတ္တေတဗ္ဗတ္ထ) ကို သိစေ။

၇။ **(ခ) ကာရဏတ္ထာ+ကရဏတ္ထာ**

အာကာရော ကာရဏံ ဝုတ္တော၊ သဏ္ဌာနေ ဇာတိတေပိစ။ (ဓာန်။ ၇၆၄) ထောက်၍ ကာရဏတ္ထာ-ဟု ရှိသောပါဌ်သာ သင့်သည်။

**တိလကာဒိနိဒ်ဿ+တိလကာဠကာဒိနိဒ်ဿ**

စိတ္တကေ ရက္ခဘေဒေ၊ တိလကော တိလကာဠကေ။ (ဓာန်။ ၉၄၅) ထောက်၍ နှစ်ပါဌ်သင့်။

၈။ **လိင်္ဂနိ**

အကြောင်းဖြစ်သော ပုံသဏ္ဌာန်ဟူသော အနက်၏ "လိင်္ဂနိ" ဟူသောအမည်ကို အကျိုးဖြစ်သော ဗုဒ္ဓါဒိဝေဝစနဌ် တင် ကာရဏူပစာ။ နာနန္တရိကနည်း။ (ဘာသာဋီကာ။ ၄၀၀။)

**တိလက**

အတူဖြစ်သော နှမ်း၏ "တိလ"ဟူသော အမည်ကို အတူရှိသော မှည့်မည်း၌ တင် သဒိသူပစာ။

**အာကာရ**

အပေါင်းဖြစ်သော ကာရဏ၊ သဏ္ဌာန၊ ဇာတိတို့၏ "အာကာရ"ဟူသော အမည်ကို အစိတ်ဖြစ်သော ကာရဏ၌ တင် ကေဒေသူပစာ။

၁၀။ **တိလကာဒိနိဒ်၌ တိလက**-ကား ဇာယတိတဒ္ဓိတ်ပုဒ် ဖြစ်သည်။ ထို့ကြောင့် သျာဒျန္တ ယူသော် သင့်၏။ တျာဒန္တ ယူသော် မသင့်-စသည်ဖြင့် ထုတ်လေ။

# ဝါကျဥယျာဉ် (၇၂)

(က) ဝေ၊ သိက္ခာပစ္စက္ခာနလက္ခဏံ ဒဿေတွာ အပ္ပစ္စက္ခာနေ အသမ္မောဟတ္ထံ, တဿေဝ သိက္ခာပစ္စက္ခာနလက္ခဏဿ ပုဂ္ဂလာဒိဝသေန ဝိပတ္တိဒဿနတ္ထံ "ကထဉ္စ ဘိက္ခဝေ အပ္ပစ္စက္ခာတာ"တိ အာဒိမာဟ။

(ခ) တတ္ထ **ယေဟိ အာကာရေဟီ**တိ အာဒိ ဝုတ္တနယမေဝ။

(ဂ) **ဥမ္မတ္တကော**တိ ယက္ခုမ္မတ္တကော ဝါ ပိတ္တုမ္မတ္တကော ဝါ ယော ကောစိ ဝိပရီတသညော၊

(ဃ) သော သစေ ပစ္စက္ခာတိ၊ အပ္ပစ္စက္ခာတာ ဟောတိ သိက္ခာ။

(င) **ဥမ္မတ္တကဿာ**တိ တာဒိသဿေဝ ဥမ္မတ္တကဿ။

(စ) တာဒိသဿ ဟိ သန္တိကေ သစေ ပကတတ္တော သိက္ခံ ပစ္စက္ခာတိ၊ ဥမ္မတ္တကော န ဇာနာတိ။ အပ္ပစ္စက္ခာတာဝ ဟောတိ သိက္ခာ။

(ဆ) **ခိတ္တစိတ္တော**တိ ယက္ခုမ္မတ္တကော ဝုစ္စတိ။

http://www.dhammadownload.com



(၉) ပုရိမပဒဒေ ပန ဉမ္မကသာမညေန ဝုတ္တံ "ယက္ခုမ္မတ္တကော ဝါ ပိတ္တုမ္မတ္တကော ဝါ"တိ။
(၅၊ ၂၂၀။ မအူသျှ။ တ။ ၁၉၈။ ဘာဋီ။ ဒု။ ၄၀၁။)

၁။ (က) ကိုသာ တသေ၀စ-၌ စ-သဒ္ဒါ အဋ္ဌာနပယုဂ်ကြံ၍ အနက်ပေးပါ။
၂။ စ-အာဘောဂါယုတ္တ စောဒနာ။ ဧ-ဗျတိရေကာဘောဂ စောဒနာတက်ပါ။
၃။ ၁-စသော ဝါကျများကို အကြောင်းပြ အမည်ပေးပါ။
၄။ ယက္ခုမ္မတ္တကော-ကို အစိတ်အပေါင်း ဝဇနတ္ထပြု၍ အပေါင်း ဝဇနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ ပိတ္တ၊ ခိတ္တ၊ ဝိပရိတ၊ သညာ-တို့ကို ဓာတု၊ ပစ္စယ၊ လိင်-ဝေဘန်ပါ။
၆။ ဂ-င-ဆ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ (၉) ၌ ဉမ္မတ္တကသာမညေန+ဉမ္မတ္တကဘာဝသာမညေနဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ ဆ-ဝါကျ သံဝဏ္ဏေတဗ္ဗ-၌ နယူဝစာရကို ဆိုရိုးကျဖြေပါ။
၁၀။ (က) ဝါကျ အာဟ-၌ ဓာတွတ္ထကို ကိုယ်ပြု၍ ပဒဋ္ဌာနဟာရ နေတ္တိနည်း ထုတ်ပါ။

==========================

၁။ **စ-သဒ္ဒါ အဋ္ဌာနပယုတ်ကြံ**

အသမ္မောဟတ္တဥ္စ=မတွေဝေခြင်းငှာ လည်းကောင်း။ တသေ၀ သိက္ခာပစ္စက္ခာနလက္ခဏဿ=၏ သာလျှင်။ ပုဂ္ဂလာဒိ၀သေန=ဖြင့်။ ဝိပတ္တိဒဿနတ္ထဥ္စ=ပျက်ခြင်းကို ပြခြင်းငှာ လည်းကောင်း။ (မအူသျှ)

၂။ **(ဃ) အနုသန္ဓေ**

ဤသို့ (ဂ)ဝါကျဖြင့် အဘိဓေယျတ္ထ၊ ပဒတ္ထကိုပြပြီး၍၊ ယခုအခါ၌ ဝိနိစ္ဆယတ္ထကိုပြလိုသော ဆရာသည် (ဃ) မိန့်။

**(ဃ) ပုစ္ဆာ**

ဆရာ-သည် ဂ-ဖြင့် ဉမ္မတ္တက-အရ ယက္ခုမ္မတ္တကပင်ဖြစ်စေ၊ ပိတ္တုမ္မတ္တကပင်ဖြစ်စေ ဖောက်ပြန်သော သညာရှိသော ရဟန်းကို ယူရမည်ဟု ဆို၏။ ယင်း ဉမ္မတ္တကရဟန်းသည် သိက္ခာချ လျှင် သိက္ခာကျပါသလော။ အဘယ်သို့ မှတ်ရပါမည်နည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**(စ) အာဘောဂါယုတ္တ စောဒနာ**

ဆရာ-သည် င-ဝါကျဖြင့် ဉမ္မတ္တကဿ-အရ (ဂ-ဝါကျပါဉမ္မတ္တကော-နည်းတူ) ယက္ခုမ္မတ္တက ပိတ္တုမ္မတ္တက ရဟန်းကို ယူရမည် ဟုဆို၏။ ဉမ္မတ္တကော သိက္ခံ ပစ္စက္ခာတိ၊ ဉမ္မတ္တကဿ သိက္ခံ ပစ္စက္ခာတိ (ပါဠိတော်စာပိုဒ်-၅၄)၌ ဉမ္မတ္တကော၊ ဉမ္မတ္တကဿ-ပုဒ်နှစ်ခုအပေါင်းသည် သိက္ခာပစ္စက္ခာယက၊ သိက္ခာပစ္စက္ခာန-ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် မတူထူးခြားကွဲပြားကြသည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ဉမ္မတ္တက-ပုဒ်နှစ်ခု အဘိဓေယျတ္ထ-အရတူအဖြစ်ဆိုသော ဆရာ့စကားသည် အသို့လျှင် သင့်ရာပါအံ့ နည်း။ စုဒ်ကြောင့် (စ) မိန့်။

**(ဆ) ဗျတိရေကာဘောဂစောဒနာ**

ဆရာ-သည် ဆ-ဖြင့် ခိတ္တစိတ္တော-အရ ယက္ခုမ္မတ္တကကို ယူရမည်ဟု ဖွင့်ဆို၏။ ယင်းသို့ ခိတ္တစိတ္တော-အရ ယက္ခုမ္မတ္တကကို ယူသည်ရှိသော် ရှေး (ဂ-ဝါကျ) ၌ ဉမ္မတ္တကောတိ ပိတ္တုမ္မတ္တကော-

http://www.dhammadownload.com



ဟုသာ (ပါဠိသေသနည်းဖြင့်) ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ယက္ခုမ္မတ္တကောဝါ ပိတ္တုမ္မတ္တကောဝါဟု ဖွင့်ဆိုခဲ့ပါသနည်း။ စုဒ်ကြောင့် (၉) မိန့်။

## (တနည်း) မအူသျှ-ကျမ်းတက်

ရှေးပုဒ်၌လည်း ဥမ္မတ္တကောတိ ယက္ခုမ္မတ္တကောဝါ ဟူ၍ ဆိုအပ်ပြီး ဤပုဒ်၌လည်း ခိတ္တစိတ္တောတိ ယက္ခုမ္မတ္တကော-ဟူ၍ ဆိုအပ်ပြန်၏။ အထူးမရှိပြီလော။ စုဒ်ကြောင့်--ပုရိမပဒေ ပန-အစမိန့်ဟု တက်။

၃။ ခ-စသည် အဝယဝတ္ထုပြ ပက္ခန္တရ။ (တနည်း) ဝိတ္ထာရ။
ထိုတွင် ဂ-သည် အတိဒေသသံဝဏ္ဏနာမှတပါး ဥမ္မတ္တကော-ပုဒ်၏ ပစ္စက္ခသံဝဏ္ဏနာပြ ပက္ခန္တရ။
ဃ-ဝါကျာရမ္ဘ။ င-ပက္ခန္တရ။ စ-ယုတ္တိဒဠှီကရဏ။ ဆ-ပက္ခန္တရ။
ဇ-ဝါကျာရမ္ဘ။ (ဘာသာဋီကာ) ဝိသေသဝါကျ (မအူ)

၄။ ယက္ခိယတေ ပူဇီယတေတိ ယက္ခော။ မဒန် မဒေ။ (မဒ=ဥမ္မာဒေ)
ဥဂ္ဂတေဟိ ဝါတာဒိဒေါသေဟိ မဒေါ ဥမ္မာဒေါ။
ဥမ္မာဒေါ အဿ အတ္ထီတိ ဥမ္မတ္တော။ (ဥမ္မာဒ+ဏ) ဥမ္မတ္တော ဧဝ ဥမ္မတ္တကော။
ယက္ခေန ဂဟိတော ဟုတွာ ဥမ္မတ္တကော ယက္ခုမ္မတ္တကော။ (မအူသျှ)
ယက္ခ-အရ---ဘီလူးဖြစ်သည် မှချ။
ထို၏ + ဖမ်းယူအပ်သည် ဖြစ်၍ ရူးသောရဟန်းနှင့် ဂုဏ်+ဂုဏေး-စပ် ဌာန္။
ယက္ခုမ္မတ္တက-ဟူသော သမာသ်ပုဒ်လုံး အရကား---ဘီလူးဖမ်းခံရ၍ ရူးသောရဟန်း ရ၏။

## ဝစနတ္ထမှတ်ဘွယ်

အပိဒဓာတီတိ ပိတ္တံ။ (အပိ+ဓာ+တ။) ကုပ္ပန် ကောပေ။
ပိတ္တဿ + ကောပါ + ဥမ္မတ္တကော ပိတ္တုမ္မတ္တကော။ (သည်းခြေပျက်ခြင်းကြောင့် ရူးသောရဟန်း)
န သမ္မောဟော အသမ္မောဟော။ ဝိပတ္တိယာ ဒဿနံ ဝိပတ္တိဒဿနံ။
ဝိပရိတာ သညာ ယဿ ကဿစီတိ ဝိပရိတသညော။
သော ယက္ခုမ္မတ္တကော ဝိယဝါ ပိတ္တုမ္မတ္တကော ဝိယဝါ ဒိဿတီတိ တာဒိသော။
ပဋ္ဌမံ ကရီယတေတိ ပကတိ။ အာဇာခံ နိရုန္ဓံ အတတိ ပဝတ္တတီတိ အတ္တာ။ (ဏွာဒိ)
ပကတိ အတ္တာ သဘာဝေါ တေဿာတိ ပကတတ္တော။
ပကတတ္တ-အရ--မရူးခြင်းဟု ဆိုအပ်သော ပင်ကိုယ်သဘောသည် မှချ။
ထို၏ + ရဟန်းဖြစ်နှင့် ဂုဏ် + ဂုဏေး စပ် ဌာန္။
တေ-အရကား--မရူးခြင်းဟု ဆိုအပ်သော ပင်ကိုယ်သဘောရှိသော ရဟန်းဖြစ်ရ၏။
သမာနဿ+ဘာဝေါ သာမညံ။ ဥမ္မတ္တကဿ သာမညံ ဥမ္မတ္တကသာမညံ။

၅။ **ပိတ္တ** = အပိ+ဓာ+တ။ နပုံ။ **ခိတ္တ** = ခိပ+တ။ နပုံ။
**ဝိပရိတ** = ဝိ+ပရိ+ဣ+တ။ ဂုဏ္ဍလိင်။ **သညာ** = သံ+ ဉာ+ကွိ။ (ဝါ) အ။ ဂုဏ္ဍလိင်။

၆။ (ဂ)ဝါကျ ယက္ခုမ္မတ္တကောဝါ ပိတ္တုမ္မတ္တကောဝါ-ဖြင့် ဥမ္မတ္တက-အရ ယက္ခုမ္မတ္တကကိုဖြစ်စေ၊ ပိတ္တုမ္မတ္တကကို ဖြစ်စေ ယူရမည်ဟု သိစေ။
ယောကောစိ ဝိပရိတသညော-ဖြင့် ယက္ခုမ္မတ္တက ပိတ္တုမ္မတ္တက-အရ ဖောက်ပြန်သော သညာရှိသူကို ယူရမည်ဟု သိစေ။

http://www.dhammadownload.com



(င) ဝါကျဖြင့် ဥမ္မတ္တကဿ-အရ အထက်၌ ဆိုခဲ့ပြီးသော ယက္ခုမ္မတ္တက ပိတ္တုမ္မတ္တက-တို့ကို ယူရမည်ဟုသိစေ။

(ဆ)ဖြင့် ခိတ္တစိတ္တ-အရ ယက္ခုမ္မတ္တကကို ယူရမည်ဟု သိစေ။

၇။ **(ဇ) ၌ ဥမ္မတ္တကဿာမဧနေ + ဥမ္မတ္တကဘာဝဿာမဧနေ**

သမာနဿ ဘာဝေါ သာမညံ။ ဥမ္မတ္တကဿ သာမညံ ဥမ္မတ္တကသာမညံဟု မအူသျ ဆိုသောကြောင့်လည်းကောင်း၊ ဥမ္မတ္တကသာမညေန=ဥမ္မတ္တကသာမညကြောင့် (ဝါ) အရူးချင်း တူသည်၏ အဖြစ်ကြောင့် (ဥမ္မတ္တကဘာဝသာမညေနဟု ဆိုလိုလျက် ဘာဝ-ပုဒ်ကျေ) ဤသို့ဘာသာဋီကာ (ဒု။၄၀၂) ဆိုသောကြောင့် လည်းကောင်း။ **ဥမ္မတ္တကသာမညေန**ဟု ရှိသောပါဠ်သာ သင့်သည်။

၈။ **ခိတ္တစိတ္တ**

အပေါင်းဖြစ်သော ပျံ့လွင့်သောစိတ်ရှိသူ မှန်သမျှ၏ (ဝါ) ယက္ခုမ္မတ္တက၊ ပိတ္တုမ္မတ္တက-တို့၏ **"ခိတ္တစိတ္တ"** ဟူသော အမည်ကို အစိတ်ဖြစ်သော ယက္ခုမ္မတ္တက-၌သာ ကေဒေသျူ/ရှဋ္ဌိနည်း။

**ဥမ္မတ္တကသာမညေန**

ဥမ္မတ္တကဘာဝသာမညေန-ဟုဆိုလိုလျက် ဘာဝကို ချေထားသောကြောင့် ဝဏ္ဏလောပနိရုတ္တိနည်း။

၁၀။ (က) အာဟ-၌ မြူ-ဓာတ်အရ ဒေသနာဉာဏ် စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဉယျာဉ် (၇၃)

(က) **အဒဝတာယ သန္တိကေတိ** ဘုမ္မဒေဝတံ အာဒိံ ကတွာ ယာဝ အကနိဋ္ဌဒေဝတာယ သန္တိကေ ပစ္စက္ခာတာပိ အပ္ပစ္စက္ခာတာဝ ဟောတိ။

(ခ) **တိရစ္ဆာနဂတဿာတိ** နာဂမာဏဝကဿ ဝါ သုပဏ္ဏမာဏဝကဿ ဝါ ကိန္နရဟတ္ထိမက္ကဋာဒီနံ ဝါ ယဿ ကဿစိ သန္တိကေ ပစ္စက္ခာတာပိ အပ္ပစ္စက္ခာတာဝ ဟောတိ။

(ဂ) တတြ ဥမ္မတ္တကာဒီနံ သန္တိကေ အဇာနနဘာဝေန "အပ္ပစ္စက္ခာတာ"တိ အာဟ။

(ဃ) ဒေဝတာယ သန္တိကေ အတိခိပ္ပံ ဇာနနဘာဝေန။

(င) ဒေဝတာ နာမ မဟာပညာ တိဟေတုကပဋိသန္ဓိကာ အတိခိပ္ပံ ဇာနန္တိ။

(၄။ ၂၂၀။ သာရတ္ထ။ ဒု။ ၈၁။ ဝိမတိ။ ၁၃၅။ မအူသျ။ တ။ ၂၀၀။ ဘာဋီ။ ဒု။ ၄၀၃။)

၁။ ခ-ဂ-ဃ-တို့ကို အနက်မှန်မှန် သမ္ဗန်ပါ။

၂။ (ဂ) အာဘောဂါယုတ္တ စောဒနာတက်ပါ။

၃။ ဂ-ဃ-င-တို့ကို အကြောင်းပြ အမည်ပေး၍ (ဂ) ဝါကျ တတြ-ကို သဒ္ဒနယစာစပ်ပါ။

၄။ (က) ဝါကျ ဘုမ္မဒေဝတံကို အစိတ်အပေါင်း ဝစနတ္တပြု၍ အပေါင်း ဝစနတ္တကိုသာ ဉာဏ်နည်း ကောက်ပါ။

၅။ ကိန္နရဟတ္ထိမက္ကဋာဒီနံ-၌ ကိန္နရကို နာမပဒမာလာ၊ ယင်း၌ နောက်ပုဒ်ဝယ် ဓာတ်ကိုယူ၍ ဝတ္တမာန် ပရဿပုဒ်ဖြင့် အာချာတပဒမာလာ စဉ်ပါ။

http://www.dhammadownload.com



၆။ ဂ+ခ-ဝါကျနှင့် စေဒနာမွေ့ာတိ ဗလဂေတိယာ် ဒုက္ကဝေဒနာယ ဖုဋ္ဌော မုစ္ဆာပရေတောကို အာဘော ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ သုပဏ္ဏမာဏဝက၊ သုဝဏ္ဏမာဏဝက-နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။

၈။ င-ဝါကျ တိပေတုကပဋိသန္ဓိကာ-၌ နယူပစာရကို ဆိုရိုးကျဖြေဆိုပါ။

၁၀။ ကိန္နရ-ကို ဝေဝစနဟာရနေတ္တိ ထုတ်ပါ။

=============================

## (ဂ)ပုစ္ဆာ

၂။ ဆရာ-မြတ်စွာဘုရားသည် ဥမ္မတ္တကဿ သန္တိကေ သိက္ခံ ပစ္စက္ခာတိ၊ အပစ္စက္ခာတာ ဟောတိ သိက္ခာ-စသည်ဖြင့် ဥမ္မတ္တက-စသည်တို့၏အထံ၌ သိက္ခာချလျှင် မကျ-ဟု ဟောတော်မူ၏။ (တနည်း) ဆရာ-ဆရာသည် ဥမ္မတ္တကဿာတိ တာဒိသဿေဝ-အစရှိသော ဆိုခဲ့ပြီးသော ဝါကျတို့ဖြင့် ဥမ္မတ္တက-စသည်တို့၏အထံ၌ သိက္ခာချလျှင် မကျ-ဟု ဆို၏။ အဘယ်ကြောင့်မကျပါသနည်း။ ဥမ္မတ္တက-စသည်တို့၏အထံ၌ သိက္ခာမစွန့်ခြင်း၏ (ဝါ) သိက္ခာမကျခြင်း၏ အကြောင်းထူးကို ဆရာ မပြဆိုတော့ ပြီးလော။ စုဒ်ကြောင့် (ဂ) မိန့်။ (မအ္ဆသျှ။ ၂၀၀။)

**အဓိပ္ပါယ်ကား**---ဥမ္မတ္တက-စသည်တို့သည် သိက္ခာချမှန်း နားမလည်ကြသောကြောင့် လည်းကောင်း၊ နတ်တို့သည် အလွန်လျှင်မြန်စွာသိကြသောကြောင့် လည်းကောင်း၊ ယင်းတို့အထံ၌ သိက္ခာချသော်လည်း မကျဟူလို။

**မှတ်ချက်** ဂ-ဃ-နှစ်ဝါကျလုံးကို မျှော်တက်သည်။

## (င) ပုစ္ဆာ

ဆရာ-သည် (ဃ)ဖြင့် အလွန်လျှင်မြန်စွာ သိတတ်သောကြောင့် နတ်တို့၏အထံ၌သိက္ခာချလျှင် မကျဟု ဆို၏။ နတ်တို့သည် အဘယ်ကြောင့် အလွန်လျှင်မြန်စွာ သိကြပါသနည်း။ အလွန်လျှင်မြန်စွာ သိနိုင်ပုံကို ဆရာ မပြဆိုပြီလော။ စုဒ်ကြောင့် (င) မိန့်။

၃။ က-ပကွန္တရ။ ခ-ပကွန္တရ။ ဂ-သည် ပါဠိတော်၌ စုဒ်၊ ပယ်၊ ဆက် ဝါကျာရမ္ဘ။ (တနည်း) ဥမ္မတ္တက-စသည်တို့၏အထံ သိက္ခာချရာ၌ သိက္ခာမကျပုံကို အကြောင်းအသီးသီးဖြင့် ချဲ့ပြ ဝိတ္ထာရ။

ဃ-သည် ဥမ္မတ္တက-စသည်တို့ထံ သိက္ခာချရာ၌ သိက္ခာမကျခြင်း၏ အကြောင်းမှတပါး နတ်တို့ထံ သိက္ခာချရာ၌ သိက္ခာမကျခြင်း၏ အကြောင်းကိုပြ ပကွန္တရ။

င-သည် နတ်တို့၏အလွန်လျှင်မြန်စွာ သိနိုင်ပုံကိုချဲ့ပြ ဝိတ္ထာရ။

**စာစပ်** (ဂ) **တဗြ-ကား**--တို့တွင်--ကြောင့် ဥမ္မတ္တကာဒီနံ၊ ဒေဝတာယပဒ်တို့၌ နိဒ္ဒါရဏသမုဒါယ/ နိဒ္ဒါရဏီယ-စပ်။ (မအ္ဆသျှ)

**(တနည်း) တဗြ-ကား** ၌--ကြောင့် အာဟ-၌ အာဓာရ/အာဓာရီစပ်။ (ဘာသာဋီကာ)

၄။ ဘဝန္တိ ဧတ္ထာတိ ဘူမိ။ ဘူမိယံ အဓိဝတ္ထာ ဘုမ္မာ။ ဘုမ္မာစ+သာ+ဒေဝတာစာတိ ဘုမ္မဒေဝတာ။(တံ) ဘုမ္မ-အရ-မြေ၌ စွဲ၍နေသည်၏ အဖြစ်တည်းဟူသော ဂုဏ်သည် မုချ။

ထို၏+နတ်နှင့် ဂုဏ်+ဂုဏီစပ် ဌာနျူ။

ဘုမ္မဒေဝတာ-အရကား--မြေ၌ စွဲ၍နေသော နတ် (ဘုမ္မစိုဝ်းနတ်) ရ၏။

http://www.dhammadownload.com



## ဝစနတ္ထမှတ်ဘွယ်

မဟတီ ပညာ ဧတဿာတိ မဟာပညာ။ (နတ်တို့ရ၏)
တယော+ဟေတူ+ဧတိဿာတိ တိဟေတုကာ။
တိဟေတုကာ ပဋိသန္ဓိ ဧတဿာတိ တိဟေတုကပဋိသန္ဓိကာ။
သောဘနော ပဉ္စော ပဉ္စော ယဿာတိ သုပဉ္စော။

၅။ ကိန္နရော ကိန္နရာ-စသည်ဖြင့် ပုရိသာဒိဂိုဏ်းစဉ်။
နရ=ကား--နီ+အရ။ (တနည်း) နရ+အ။ ထို့ကြောင့် နေတိ၊ နယတိ၊ နယန္တိ-စသည်ဖြင့် လည်းကောင်း၊ နရတိ၊ နရန္တိ၊ စသည်ဖြင့် လည်းကောင်း စဉ်။

၆။ (က) ဘုမ္မဒေဝတာ။ ပါ။ အကနိဋ္ဌဒေဝတာယ-ဖြင့် ဒေဝတာယ-၌ ဒေဝတာ[illegible]အရ ဘုမ္မစိုးနတ်ကို အစပြု၍ အကနိဋ္ဌဗြဟ္မပြည်တိုင်အောင် နတ်ဗြဟ္မာများကို ယူရမည်ဟု သိစေ။
(ခ) နာဂမာဏဝကဿဝါ။ ပါ။ ယဿ ကဿစိ-ဖြင့် တိရစ္ဆာန-အရ သတ္တဝါ၏ အနက်ကို သိခြင်းငှာ စွမ်းနိုင်သော လူ့အသွင်ဖန်ဆင်းတတ်သော နဂါး၊ ဂဠုန်၊ ကိန္နရာ၊ သင်၊ မျောက်-စသည်တို့ကို ယူရမည်ဟု သိစေ။

✧ **ဝစနတ္ထဝိဇာနနသမတ္ထံ တိရစ္ဆာနဂတံ ဒဿေတုံ "နာဂမာဏဝကဿာ" တိ အာဒိ ဝုတ္တံ။ (သာရတ္ထ)**

ဒုက္ခဝေဒနာယ ဖုဋ္ဌော-ဖြင့် ဝေဒနာဋ္ဌောကို ဝေဒနာယ+အဋ္ဋော ဝေဒနာဋ္ဋော-ဟု တတိယာ တပ္ပုရိသ် သမာသ်ဝစနတ္ထပြု--လည်းကောင်း၊ အဋ္ဋ-ပုဒ်ကို အဋ္ဋီယတီတိ အဋ္ဋော-ဟု ကမ္မသာဓ်ပြု-- လည်းကောင်း၊ ဝေဒနာ-အရ ဒုက္ခဝေဒနာကို ယူ--လည်းကောင်း၊ ဒုက္ခဝေဒနာဖြင့် နှိပ်စက်အပ်၏ ဟူသည် ဒုက္ခဝေဒနာကို တွေ့ထိခံစားရခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေ။
မုစ္ဆာပရေတော-ဖြင့် ဒုက္ခဝေဒနာဖြင့် တွေ့ထိအပ်၏ဟူသည် တွေ့ဝေခြင်းသည် နှိပ်စက်အပ်သည် ၏ အဖြစ်ပင်တည်းဟု သိစေပါသည်။
(မုစ္ဆာယ+ပရေတော မုစ္ဆာပရေတော-ဟု ပြု။) (သာရတ္ထ)

၇။ **သုပဏ္ဏမာဏဝကော။ သုဝဏ္ဏမာဏဝက**

သုပဏ္ဏော ဝေနတေယျောစ၊ ဂရုဠော ဝိဟင်္ဂါဓိပေါ။ (ဓာန်။ ၆၃၃။)
သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠေ တထာ။ (ဓာန်။ ၁၀၉၉။) ထောက်၍ သုပဏ္ဏ၊ သုဝဏ္ဏ- နှစ်ပါဋ်လုံး ဂဠုန်အနက်ကို ဟောစွမ်းနိုင်သောကြောင့် သင့်ပါသည်။

၈။ **(ဂ) တိဟေတုကပဋိသန္ဓိကာ**

နတ်တည်းဟူသော ဌာနီဖြင့် နတ်ပြည်တည်းဟူသော ဌာနကိုမှတ်၍ တိဟိတ်ပဋိသန္ဓေနေသောနတ် တည်းဟူသော အများကို ဆိုသဖြင့် ဒွိဟိတ်ပဋိသန္ဓေနေသော နတ်တည်းဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်း။
အစိတ်ဖြစ်သော၊ တိဟိတ်ပဋိသန္ဓေနေသောနတ်တို့၏ **"တိဟေတုကပဋိသန္ဓိကာ"** ဟူသော အမည်ကို အပေါင်းဖြစ်သော တိဟိတ်ပဋိသန္ဓေနေသောနတ်၊ ဒွိဟိတ်ပဋိသန္ဓေနေသောနတ်တို့၌ တင် ကေဒေသူပစာ။ အဝယဝူပစာ။

http://www.dhammadownload.com



❖ **တိပေတုကပဋိသန္ဓိကာတိ ယေဘုယျဝသေန ဝုတ္တံ၊ န ဟိ သဗ္ဗာပိ ဒေဝတာ တိပေတုကပဋိသန္ဓိကာဝ ပေတာ္တိ၊ ဒွိပေတုကာနမ္ပိ သမ္ဘဝတော၊ (သာရတ္ထ၊ ၃၊ ၈၁၊)**

## (က) ဒေဝတာယ သန္တိကေ

အစိတ်ဖြစ်သောနတ်တို့၏ **"ဒေဝတာ"** ဟူသောအမည်ကို အပေါင်းဖြစ်သော နတ်ပြဟ္မာတို့၌တင် ဧကေသူပစာ/ဥပလက္ခဏ နိဒဿနနည်း။

## (ခ) တိရစ္ဆာနဂတဿ

အပေါင်းဖြစ်သော တိရစ္ဆာန်မှန်သမျှ၏ **"တိရစ္ဆာနဂတ"** ဟူသောအမည်ကို အစိတ်ဖြစ်သော သဒ္ဒါအနက်ကို သိစွမ်းနိုင်သော နဂါး၊ ဂဠုန်-စသော တိရစ္ဆာန်၌တင် ဧကဒေသူ/ရူဋ္ဌိနည်း။ (သာရတ္ထ-သာဓက-၆-နံပါတ်ရှု။)

၁၀။ **ကိန္နရ-၏ ဝဝဝစနဟာရကား- ကိံပုရိသော တု ကိန္နရော။ (ဓာန်။ ၄၄)**
တုရင်္ဂဝဒန၊ အဿမုခ-စသည် (ဓာန်ဋီ။ ၄၄) တို့ဖြစ်သည်။

# ဝါကျဥယျာဉ် (၇၄)

## ၁၉-စု။ အစိုးရ၊

(က) ဣဓါနိ **"မေထုနံ ဓမ္မံ ပဋိသေဝေယျာ"**တိအာဒီနံ အတ္ထဒဿနတ္ထံ **"မေထုနဓမ္မော နာမ"**တိအာဒိမာဟ။
(ခ) တတ္ထ **မေထုနဓမ္မော နာမာ**တိ ဣဒံ နိဒ္ဒိသိတဗ္ဗဿ မေထုနဓမ္မဿ ဥဒ္ဒေသပဒံ။
(ဂ) **အသဒ္ဓမ္မော**တိ အသတံ နီစဇနာနံ ဓမ္မော။
(ဃ) **ဂါမဓမ္မော**တိ ဂါမဝါသီနံ သေဝနဓမ္မော။
(၄။ ၂၂၁။ မအဋ္ဌ။ တ။ ၂၀၃။ ဘာဋီ။ ဒု။ ၄၀၆။ သာရတ္ထ။ ဒု။ ၈၂။)

၁။ အထက်ပါ ဝါကျတို့တွင် က-ခ-ဝါကျတို့ကို အနက်ယောနော့ခဲ့ပါ။
၂။ ခ-ကို ၄ပနာ၊ အာဘောဂ၊ စောဒနာတို့ဖြင့် တန်ဆာဆင်၍ စောဒနာ တက်ပြခဲ့ပါ။
၃။ ခ-ဂ-တို့ကို အကြောင်းပြ အမည်ပေးပါ။
၄။ ဂ-ဝါကျ သံဝဏ္ဏေတဗ္ဗ-ပုဒ်ကို အပေါင်း ဝစနတ္ထပြု၍ ဉာသ်နည်းအရ ကောက်ပါ။
၅။ ဂ-ဝါကျ၌ အသတံ-ဝယ် သတံ-ပုဒ်ကို ဓာတု၊ ပစ္စယ၊ လိင်၊ ဝိဘတ္တိ၊ ကာရကာ ကာရကတို့ဖြင့် ဝေဘန်ခဲ့ပါ။
၆။ ဒွယေန ဒွယေန သမာပဇ္ဇိတဗ္ဗတော ဒွယံဒွယသမာပတ္တိဝါကျ၌ အာဘောဂနှင့် သံဏ္ဌနာတို့ကိုဖော်ပြပါ။
၇။ ၆-နံပါတ်ပုစ္ဆာ၌ ဒွယံဒွယသမာပတ္တိ-ဟူ၍ လည်းကောင်း၊ ဒွယံဒွယံသမာပတ္တိ-ဟူ၍ လည်းကောင်း၊ ဒယံဒယံသမာပတ္တိ-ဟူ၍ လည်းကောင်း ပါဠ်သုံးထွေရှိတတ်ရာ သင့်သောပါဌ်ကို သဒ္ဒယုတ္တိပြ ဝိနိစ္ဆယချပြခဲ့ပါ။
၈။ ဃ-ဝါကျဝယ် သံဝဏ္ဏေတဗ္ဗ-ပုဒ်၌ သံဝဏ္ဏနာအားလျော်စွာ ဖြစ်သင့်သောနည်း ဥပစာတို့ကို ထုတ်ပြပါ။
၁၀။ ဃ-ဝါကျ၌ ဂါမဓမ္မ-အရ တရား ကိုယ်ကောက်၍ ဇုန္ဒြိယောတရကဟာရ နေတ္တိနည်းအရ ထုတ်ပြခဲ့ပါ။

http://www.dhammadownload.com



၂။ **(ခ) စောဒနာ**

ဆရာ-သည် (က)ဖြင့် မေထုနဓမ္မောနာမအစရှိသော ပါဠိတော်၏ အနုသန္ဓေသမ္ဗန္ဓ-သမုဒါယတ္ထကို ပြဆိုတော်မူ၏။ အနုသန္ဓေသမ္ဗန္ဓသမုဒါယတ္ထသာ ရှိပါသလော။ (ဝါ) သမုဒါယတ္ထသည် အဝယဝတ္ထနှင့် မကင်းကောင်းသည် မဟုတ်ပါလော။ အဝယဝတ္ထကား အဘယ်ပါနည်း-စုဒ်ကြောင့် (ခ)မိန့်။

၃။ ၁-သည် ပက္ခန္တရ။ (တနည်း) ဝိတ္ထာရ။ ဂ-ပက္ခန္တရ။

၄။ အသတံ + ဓမ္မော အသဒ္ဓမ္မော။
အသန္တ-အရကား ယုတ်မာသောလူတို့သည် မုချ။
ထို၏ + အကျင့်နှင့် သာမိ + သံ စပ် ဌာနျ-၏။
အသဒ္ဓမ္မ-ပုဒ်လုံး အရကား ယုတ်မာသောလူတို့၏ အကျင့်ရ၏။

**ဝစနတ္ထမှတ်ဘွယ်**

ဥဒ္ဒိသတိ ဣမိနာတိ ဥဒ္ဒေသော၊ ဥဒ္ဒေသောစ+သော+ပဒဥ္စာတိ ဥဒ္ဒေသပဒံ။
ဂါမေ+ဝသန္တိ သီလေနာတိ ဂါမဝါသိနော။
သေဝန္တိ တ္တောတိ သေဝနံ။ သေဝနဥ္စ+တံ+ဓမ္မောစာတိ သေဝနဓမ္မော။

၅။ သတံ=ကား သမု+တ။ ပုံလိင်။ ဆဋ္ဌီဗဟုဝုစ်နံ-ဝိဘတ်။ အကာရက ဖြစ်ပါသည်။

၆။ ဒွယေန ဒွယေန သမာပဇ္ဇိတဗ္ဗတော-ဖြင့် သမာပတ္တိ-၌ တိ-ပစ္စည်း၏ ကံ-အနက်၌ သက်လည်းကောင်း။ သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိဟု ကမ္မသာဓနဝစနတ္ထပြု-လည်းကောင်း။ ဒွယေနဒွယေန၊ သမာပတ္တိ ဒွယံဒွယသမာပတ္တိ-ဟု တတိယာတပ္ပုရိသ်သမာသ် ဝစနတ္ထပြု--လည်းကောင်း။ (တနည်း ဒွိဟိဒွိဟိ သမာပတ္တိ ဒွယံဒွယသမာပတ္တိဟု ဝစနတ္ထပြု---လည်းကောင်း သိစေပါသည်။

✦ **ဒွိဟိ ဒွိဟိ သမာပဇ္ဇိတဗ္ဗာ ဒွယံဒွယသမာပတ္တိတိ အာဟ "ဒွယေန ဒွယေန သမာပဇ္ဇိတဗ္ဗတော" တိ၊ (သာရတ္ထ၊ ၃-၈၂။)**

၇။ **ဒွယံဒွယ သမာပတ္တိ၊ ဒွယံဒွယံ သမာပတ္တိ၊ ဒယံဒယံ သမာပတ္တိ**

ဒွိတ္တံ ဝိစ္ဆာယမေကဿ၊ နေကတ္ထဿ နိပါတနာ။ (ဘေဒစိန္တာ-၂၈၆။) တခုတည်းသော အနက်ရှိသော ဂါမေစသော သဒ္ဒါကို နိပါတန-သုတ်ကြီးဖြင့် ဂါမေ ဂါမေ-စသည် ဒွေဘော်ပြုရမည်-ဟူသော သဒ္ဒါဆရာတို့ အဆိုအမိန့်နှင့်အညီ ဤ၌ ဒွယဒွယ-သဒ္ဒါသည် ဒွယ-သဒ္ဒါ တခုကို ဒွယဒွယဟု ဒွေဘော်ပြုထားသော ဝိစ္ဆာတဒ္ဒိတ်နာမ်ပုဒ်ဖြစ်ပါသည်။ ဒွယ-သဒ္ဒါ သင်္ချာဟောသဒ္ဒါဖြစ်၍ ဒွယဒွယသမာပတ္တိဟု ဆိုလိုလျှက် ရှေ့ဒွယ-သဒ္ဒါ၌ နိဂ္ဂဟိတ်လာ၍ ဒွယံဒွယသမာပတ္တိဟု လည်းကောင်း။ ဒွယ-သဒ္ဒါနှစ်ခုလုံး၌ နိဂ္ဂဟိတ်လာ၍ ဒွယံဒွယံသမာပတ္တိ-ဟု လည်းကောင်း ရုပ်ပြီးနိုင်သည်။ ဤ အဋ္ဌကထာ-နာ-၁၈၆-၌လည်း ဒွယံဒွယသမာပတ္တိန္တိ ဒွိဟိဒွိဟိ သမာပဇ္ဇိတဗ္ဗံ။ ဒွယံဒွယံ သမာပတ္တိန္တိပိ ပါဌော။ ဒယံဒယံ သမာပတ္တိန္တိပိ ပဌန္တိ၊ တံ နသုန္ဒရံဟု ဖွင့်ဆိုသည်။ ထို့ကြောင့် "ဒွယံဒွယသမာပတ္တိ" နှင့် "ဒွယံဒွယံသမာပတ္တိ" နှစ်ပါဌ်သာ သင့်သည်။ ဒယံဒယံသမာပတ္တိ-ကား မသင့်။

၈။ **(ဃ) ဂါမစဓမ္မော**

ဤ၌ ဂါမ-ဟူသောနည်းသည် ရွာနှင့် ရွာနေလူကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒနည်း။

http://www.dhammadownload.com



ဤ၌ ဂါမ-သဒ္ဒါသည် ရွာနှင့် ရွာနေလူ ပြားသော်လည်း မပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒူပစာ။ (သာရတ္ထ-၂။ ၂၃။)
(တနည်း) ဌာန-ရွာ၏ "ဂါမ"-ဟူသော အမည်ကို ဌာနီရွာနေလူ၌ တင် ဌာနူပစာ။ နာနတ္တရိက။

၁၀။ **ဂါမမွေ-အရ** မဂ္ဂေန မဂ္ဂပဋိပတ္တိသမုဋ္ဌာပိက စေတနာပြဌာန်းသော လောဘမူစိတ္တုပ္ပါဒ်ကိုယူ၍ ထိုတွင် လောဘမူစိတ်သည် မနိဋ္ဌမည်၏။ လောဘမူသောမနသနှင့် ယှဉ်သော ဝေဒနာ စေတသိက်သည် သောမနဿိန္ဒြေ မည်၏။ ပ။ ဥပေက္ခိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ---မည်၏။ ဤသို့ ဣန္ဒြေအားဖြင့် သွင်းခြင်းသည် ဣန္ဒြိယောတရဏဟာရ မည်၏။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဉယျာဉ် (၇၅)

(က) ဒုဋ္ဌုလ္လန္တိ ဒုဋ္ဌူ ကိလေသေဟိ ဒုဋ္ဌတ္တာ, ထူလဋ္ဌ အနိပုဏဘာဝတောတိ ဒုဋ္ဌုလ္လံ။
(ခ) ဣတော ပဋ္ဌာယ စ တိသု ပဒေသု "ယော သော"တိ ဣဒံ ပရိဝတ္တေတွာ "ယံ တ"န္တိ ကတွာ ယောဇေတဗ္ဗံ "ယံ တံ ဒုဋ္ဌုလ္လံ၊ ယံ တံ ဩဒကန္တိကံ၊ ယံ တံ ရဟဿ"န္တိ။
(ဂ) တတ္ထ စ ယသ္မာ တဿ ကမ္မဿ ပရိဝါရဘူတံ ဒဿနမ္ပိ ဂဟဏမ္ပိ အာမသနမ္ပိ ဖုသနမ္ပိ ဃဋ္ဋနမ္ပိ ဒုဋ္ဌုလ္လံ၊ တသ္မာပိ တံ ကမ္မံ ဒုဋ္ဌုလ္လံ။
(ဃ) ယံ တံ ဒုဋ္ဌုလ္လံ၊ သော မေထုနဓမ္မော။
(င) ဥဒကံ အဿ အန္တေ သုဒ္ဓတ္ထံ အာဒိယတီတိ ဥဒကန္တံ၊ ဥဒကန္တမေဝ **ဩဒကန္တိကံ**၊
(စ) ယံ တံ ဩဒကန္တိကံ၊ သော မေထုနဓမ္မော။
(ဆ) ရဟော ပဋိစ္ဆန္နေ ဩကာသေ ကတ္တဗ္ဗတာယ ရဟဿံ၊
(ဇ) ယံ တံ ရဟဿံ၊ သော မေထုနဓမ္မောတိ ဧဝံ ယောဇနာ ဝေဒိတဗ္ဗာ။
(ဌ၊ ၂၂၂။ သာရတ္ထ။ ဒု၊ ၈၂။ မအူသျ။ တ၊ ၂၀၃။ ဘာဋီ။ ဒု၊ ၄၀၆။)

၁။ ခ-ဂ-တို့ကို သမ္ဗန္ဓာမ်အစွဲ မလွဲစေဘဲ အနက်သမ္ဗန်ပါ။
၂။ ခ-ကို သာဘောဂပုစ္ဆာ။ ဂ-ကို အနုသန္ဓေတက်ပြပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍၊ (ဂ) ဝါကျ တတ္ထ-ကို သဒ္ဒနယ စာစပ်ပါ။
၄။ ဒုဋ္ဌုလ္လ-ကို ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပါ။
၅။ ထူလ၊ သုခုမ၊ နိပုဏ၊ ဥဒက၊ အန္တ၊ ပဋိစ္ဆန္န၊ ဩကာသ-တို့ကို ဓာတု၊ ပစ္စယ၊ လိင်္ဂ ဝေဘန်ပြပါ။
၆။ က-ဇ-ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ အနိပုဏဘာဝတော။ အနိပုနဘာဝတော-နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ ဩဒကန္တိကံ-၌ နယူပစာရ ထုတ်ပါ။
၁၀။ (က) ဝါကျ၌ ဒုဋ္ဌတ္တာ-ဝယ် ဒုဋ္ဌ-၌ ဓာတ်အရကို ကိုယ်ပြု၍ ပဒဋ္ဌာနဟာရ နေတ္တိနည်း ထုတ်ပါ။

========================

http://www.dhammadownload.com



## (ခ) ယာဒေ၀ ဝဓူပ္ပာ

၂။ ဆရာ-မြတ်စွာဘုရားသည် မေထုနဓမ္မောနာမ ယောသော အသဒ္ဓမ္မော ဂါမဓမ္မော ဝသလဓမ္မော ဒုဋ္ဌုလ္လံ ဩဒကန္တိကံ ရဟဿံ ဒွယံဒွယသမာပတ္တိ၊ ဧသော မေထုန ဓမ္မောနာမ (ပါဠိတော်-၃၄။) ဟု ဟောတော်မူ၏။ ယင်း ပါဠိတော်၌ ယောသော-ဟူသောပုဒ်ကို လိင်အားလျော်စွာ ရွေးသုံးပုဒ်၌သာ ယှဉ်စပ်ရမည်လော။ အဘယ်သို့ ယှဉ်စပ်ရပါမည်နည်း-စုဒ်ကြောင့် (ခ) မိန့်။

**အဓိပ္ပါယ်ကား** ယောသော-ဟူသော ပုဒ်ကို ရွေးသုံးပုဒ်၌သာ ယှဉ်စပ်ရမည်မဟုတ်၊ ယံတံဟု လိင်ပြန်၍ ယံတံ ဒုဋ္ဌုလ္လံ၊ ယံတံ ဩဒကန္တိကံ-စသည်ဖြင့် နောက်ပုဒ်များ၌လည်း ယှဉ်စပ်ရမည်ဟူလို။

**အမှာ** ဤ ဂ-ဝါကျကို မအူသျှ-၌ ဝစနတ္ထနှင့်တကွ ယောဇနာကို ပြလို၍ ဝွေဇ-အစမိန့်ဟု လည်းကောင်း၊ ဆင်တဲဂဏ္ဌိ၌ အဘယ်ကြောင့် မေထုနဓမ္မကို ဒုဋ္ဌုလ္လ-ဟုဟောသနည်း။ စုဒ်ကြောင့် ဝွေဇ-မိန့်ဟု လည်းကောင်း ကျမ်းတက်ကြသည်။

ထိုတွင် မအူသျှကား--ဂ-မှ ဧ-ဝါကျ ယောဇနာ ဝေဒိတဗ္ဗော-တိုင်အောင် မှတ်၍တက်သည်။ ဆင်တဲဂဏ္ဌိ ကား--ဂ-တဝါကျတည်းကိုသာ ကျမ်းတက်သည်။

## (ဂ) အနုသန္ဓေ

ဤသို့ (ခ)ဖြင့် မြန်မာပြန်--ယောဇနာအပ်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ဝစနတ္ထနှင့် ယောဇနာပုံ (အကျယ်ကို) ပြလိုသော ဆရာသည် (မအူသျှ) (ဝါ) မေထုနဓမ္မကို ဒုဋ္ဌုလ္လဟူ၍ ဟောတော်မူခြင်း၏ အကြောင်းကို ပြလိုသောဆရာသည် (ဆင်တဲဂဏ္ဌိ) (ဂ) မိန့်။

၃။ ခ-သည် ပါဠိတော်၌ စော၊ ပယ်၊ ဆက် ဝါကျာရမ္ဘ။

ဂ-သည် အဘယ်ကြောင့် မေထုနဓမ္မ-ကို ဒုဋ္ဌုလ္လဟု-ဟောတော်မူသနည်းဟု စော၊ ပယ်၊ ဆက်ဝါကျာရမ္ဘ။ (ဘာသာဋီကာ။ ဆင်တဲဂဏ္ဌိ)

(တနည်း) ဂ-စသော ဝါကျများသည် ဝစနတ္ထနှင့်တကွ ယောဇနာပုံ (အကျယ်) ကို ပြသောကြောင့် ဝိတ္ထာရ။

ထိုတွင် ဃ-သည် ဒုဋ္ဌုလ္လမည်ပုံ မှတပါး ဒုဋ္ဌုလ္လံ-ပုဒ်၌ ယောဇနာပုံကို ပြသောကြောင့် ပက္ခန္တရ။

င-စ-ဆ-ဝါကျ တို့ဖြင့် ဩဒကန္တိကံ-ပုဒ်၏ ဝစနတ္ထနှင့် ယောဇနာကို ပြသည်။

ထိုတွင် င-ကား ဥဒကန္တ-ဟူသော အစိတ်ပုဒ်၏ ဝစနတ္ထကို ပြသည်။

စ-ကား ဩဒကန္တိက-ဟူသော အပေါင်းပုဒ်၏ ဝစနတ္ထကို ပြသည်။

ဆ-ကား ဝစနတ္ထမှ ယောဇနာကို ပြသည်။

ဧ-သည် ဩဒကန္တိကံ-ပုဒ်၏ ဝစနတ္ထနှင့် ယောဇနာ မှတပါး ရဟဿံ-ပုဒ်၏ ဝစနတ္ထနှင့် ယောဇနာပုံကို ပြသည်။ ထို့ကြောင့် ရှေ့+နောက် ထောက်ဆ ပက္ခ၊ ပက္ခန္တရချည်းမှတ်။

**စာစပ်** ဝွေဇ-ကား တို့တွင်---ကြောင့် ဒုဋ္ဌုလ္လံ-၌ နိဒ္ဒါရဏသမုဒါယ + ဒုဋ္ဌုလ္လံ-ကား---နိဒ္ဒါရဏီယ။ **(တနည်း)** တို့၌---ကြောင့်---ဝေဒိတဗ္ဗော-၌ အာဓာရ + အာဓာရီစပ်။

၄။ ဒုဋ္ဌဉ္စ တံ ထူလဉ္စာတိ ဒုဋ္ဌုလ္လံ။ (မအူသျှ။ တ။ ၂၀၄။) ဒုဋ္ဌဉ္စ သော ထူလောစာတိ ဒုဋ္ဌုလ္လော။ (ဒွေသော်နှင့်တကွ ဒန္တဇ-တ္ထ-ကို မုဒ္ဓဇ-ဋ္ဌ-ပြု။ မအူသျှ။ တ။ ၇၉)

ဒု-ဟူသော ဝိသေသနပုဒ်၏ အရကား---ဒုဋ္ဌဘောဂုဏ်သည် မှ၁။

ထူလ-ဟူသော ဝိသေသနပုဒ်၏ အရကား---ထူလဘောဂုဏ်သည် မှ၁။

ထိုဂုဏ်နှစ်ပါးတို့၏ + မေထုန်အကျင့်နှင့် ဂုဏ် + ဂုဏေး စပ် ဌာနူ။

http://www.dhammadownload.com



ဒုဠ္ဟုလ္လ-ဟူသော သမာသ်ပုဒ်လုံး၏ အရကား---ထို---သော မေထုန်အကျင့်ရ၏။

## ဝိသေသနောဘယပဒကမ္မဓာရယ် ဉာသ်ကောက်ပုံ ဝါဒန္တရ

ဒု-ဝိသေသနပုဒ် အရကား---ဒုဠ္ဟုဘောဂုဏ်သည် မှချ။
ထို ဂုဏ်၏ + မေထုန်အကျင့်နှင့် ဂုဏ် + ဂုဏေး စပ် ဌာနူ။
ထူလ-ဝိသေသနပုဒ် အရကား---ထူလဘောဂုဏ်သည် မှချ။
ထို ဂုဏ်၏ + မေထုန်အကျင့်နှင့် ဂုဏ် + ဂုဏေး--စပ် ဌာနူ။
သော--ပုဒ်၏ အရကား---ထို-သော-မေထုန်အကျင့်ရ၏။ (ဤကား--ပြည်ဆရာတော်နည်းတည်း။)
**(တနည်း)** ဒု-ရှေးပုဒ်အရကား--ဒုဠ္ဟုဘောဂုဏ်သည် မှချ။
ထိုဂုဏ်၏ + ထူလဘောဂုဏ်နှင့် ဂုဏ်၏အဖြစ်ဖြင့် အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဌာနူ--၏။
ဒုဠ္ဟုလ္လ-ပုဒ်လုံး အရကား--ထို-သော-ဒုဠ္ဟုဘောဂုဏ်၊ ထူလဘောဂုဏ်ဟု ဆိုအပ်သော ဂုဏ်နှစ်ပါး ရ၏။ (ဤကား စံကျောင်းဆရာတော်နည်းတည်း။)

## ဝစနတ္ထမှတ်ဘွယ်

ကိလေသေဟိ ဒူသိယတေတိ ဒုဋ္ဌော။ (ကိလေသာတို့သည် ဖျက်ဆီးအပ်သော မေထုနဓမ္မရ၏။)
**(တနည်း)** ကိလေသေဟိ ဒုဿတီတိ ဒုဋ္ဌော။ (ကိလေသာတို့ဖြင့် ပျက်စီးတတ်သော မေထုနဓမ္မရ၏။)

၅။ **ထူလ** = ထူလ+အ။ ပုံလိင်။ **သုခုမ** = သုခ+ဥမ+ပုံလိင်။
**နိပုဏ** = နိ+ပုဏ+အ။ (တနည်း) နိ+ပု+ဥဏ+ ပုံလိင်။ **ဥဒက** = ဥဒိ+ (ဝါ) ဥန္ဒ+ဏွု။ နပုံ။
**အန္တ** = အမ+တ။ နပုံ။ **ပဋိစ္ဆန္န** = ပဋိ+ ဆဒ+တ+ပုံ။ **ဩကာသ** = အဝ+ကာသ+ဏ။ ပုံလိင်။

၆။ (က) ဒုဋ္ဌုစ ထူလဥ္စ-ဖြင့် ဒုဠ္ဟုလ္လ-ပုဒ်ကို ဒုဋ္ဌုစ တံ ထူလဥ္စာတိ ဒုဠ္ဟုလ္လံ-ဟု ကမ္မဓာရယ် သမာသ်ဝစနတ္ထ ပြု--လည်းကောင်း၊ ဒုထူလံ-ဟူလိုလျက် ဒန္တဇ ထ-ကို မုဒ္ဓဇ ဌ-ပြု၊ ဒု-ဥပသာရပုဒ်နောက်၌ အသဒိသ ဒွေဘော်လာ။ လ-ဒွေဘော်လည်းလာ။ ဦ-ကို ဥ-ရဿပြု၍ ဒုဠ္ဟုလ္လံ-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း၊ ဒု-ဥပသာရ၏ ဒုဋ္ဌ-အနက်ဟော--လည်းကောင်း သိစေ။
ကိလေသေဟိ ဒုဋ္ဌတ္တာ-ဖြင့် ကိလေသာတို့သည် ဖျက်ဆီးအပ်သည်၏အဖြစ်ကြောင့် ဒုဋ္ဌ-မည်၏ဟု သိစေ။
အနိပုဏဘာဝတော-ဖြင့် မသိမ်မွေ့သည်၏ အဖြစ်ကြောင့် ထူလမည်သည်၏ အဖြစ်ကို သိစေ။
(င) ဥဒကံ အဿ အန္တေ-ဖြင့် ဩဒကန္တိကံ-၌ ဥဒကန္တ-ဟူသော အစိတ်ပုဒ်ကို ဥဒကံ အဿ အန္တေတိ ဥဒကန္တံ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြုရမည်ဟုသိစေ။
အာဒိယတိ-ဖြင့် ဗဟုဗ္ဗီဟိသမာသ်ဝါကျအဆိုက် ဥဒကံကို အာဒိယတိ၌ စာစပ်ရမည်ကို သိစေ။
သုဒ္ဓတ္တံ-ဖြင့်--ဘာဝတ္ထ--သိစေ။
စ-ဖြင့် ဩဒကန္တိကံ၌ ဏိကပစ္စည်း သွတ္ထ၌ သက်--လည်းကောင်း၊ ဥဒကန္တမေဝ ဩဒကန္တိကံဟု ပြု--လည်းကောင်း သိစေ။
(စ) ဝါကျ ရဟော ကတ္တဗ္ဗတာယ-ဖြင့် ရဟဿံ-ပုဒ်ကို ရဟော (ဝါ) ရဟသိ+ကတ္တဗ္ဗံ ရဟဿံဟု ကတ္တဗ္ဗ တဒ္ဓိတ်ပြု--လည်းကောင်း၊ ဏျ-ပစ္စည်း ကတ္တဗ္ဗတဒ္ဓိတ်အနက်၌ သက်--လည်းကောင်း သိစေ။
ပဋိစ္ဆန္နေ ဩကာသေ-ဖြင့် ရဟော-ပုဒ်နောင် သတ္တမီ ဝိဘတ်ကျေနေသည်၏ အဖြစ်ကို လည်းကောင်း၊ (ဝိဘတ္တိပဒ) ရဟော-အရ ပဋိစ္ဆန္န ဩကာသကို ယူ--လည်းကောင်း သိစေ။

http://www.dhammadownload.com



၇။ **အနိပုဏဘာဝတော+အနိပုနဘာဝတော**

နိ+ပုဓာတ်+ဥဏ-ပစ္စည်း။ (တနည်း) နိ+ပုဏ+အ-ပစ္စည်းဖြင့် ပြီးသောကြောင့် အနိပုဏဘာဝတော ပါဌ်သာ သင့်ပါသည်။

✧ **ပုဏ-နိပုဏေ၊ ပုဏာတိ၊ နိပုဏာတိ၊ နိပုဏာဓမ္မော၊ ဧတ္ထ စ နိပုဏာသဏှသုခုမသဒ္ဒါ ဝေဝစနသဒ္ဒါ၊ ကုသလ ဆေကာဒကွသဒ္ဒါပိယ။ (နီတိ၊ ဓာတု၊ ဖြဲ၊)**

**ထူလဋ္ဌ+ထုလ္လဋ္ဌ+ထုလဋ္ဌ**

ထူလ-ပရိဗြူဟနေ-အ။ လ-ပစ္စယေ ထုလ္လံ။ ရဿာဒိ။ (ဓာန်-ဋီ။ ၇၀၁) ထောက်၍ ထူလ+အ-ပစ္စည်းဖြင့် ထူလ-ဟု ပြီးသည်။ (တနည်း) ထူလ+ လ-ပစ္စည်း။ ထူ-၌ ဦ-ကို ဥရဿပြု၍ ထုလ္လ-ဟု ပြီးသည်။ ထိုကြောင့် ထူလဋ္ဌ၊ ထုလ္လဋ္ဌ။ ၂-ပါဌ် သင့်သည်။ ထုလဋ္ဌ-ကား မသင့်။

၈။ **ဩဒကန္တိကံ**

အကျိုးဖြစ်သော ရေဆေးခြင်းကိစ္စဟူသောအဆုံး၏ "**ဩဒကန္တိက**"ဟူသောအမည်ကို အကြောင်း ဖြစ်သော မေထုန်အကျင့်၌ တင် ဖလူပစာ၊ အဝိနာဘာဝနည်း။

၁၀။ (က) ခုဒ္ဒဏ္ဏာ-၌ ခုဒ္ဒ-ဝယ် ဒုသဓာတ်အရ ကိလေသာတည်းဟူသော အကုသိုလ်ဓမ္မကိုယူ၍ သုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၇၆)

(က) ဒွယေန ဒွယေန သမာပဇ္ဇိတဗ္ဗတော ဒွယံဒွယသမာပတ္တိ။
(ခ) တတ္ထ ယောနော "ယာ သာ ဒွယံဒွယသမာပတ္တိ၊ သော မေထုနဓမ္မော နာမာ"တိ။
(ဂ) ဣဓ ပန တံ သဗ္ဗံ ဓေဏ္ဍ နိဂမေန္တော အာဟ "**ဧသော မေထုနဓမ္မော နာမာ**"တိ။
(ဃ) ကိံ ကာရဏာ ဝုစ္စတိ မေထုနဓမ္မောတိ?
(င) ဥဘိန္နံ ရတ္တာနံ သာရတ္တာနံ အဝဿုတာနံ ပရိယုဋ္ဌိတာနံ ဥဘိန္နံ သဒိသာနံ ဓမ္မောတိ တံ ကာရဏာ ဝုစ္စတိ မေထုနဓမ္မောတိ။
(စ) **ပဋိသေဝတိ နာမာတိ** ဣဒံ "ပဋိသေဝေယျာ"တိ ဧတ္ထ ယေနာကာရေန ပဋိသေဝေယျာတိ ဝုစ္စတိ၊ တဿာကာရဿ ဒဿနတ္ထံ မာတိကာပဒံ။

(၄။ ၂၂။ သာရတ္ထ။ ဒု။ ၈၂။ ဝိမတိ။ ၁၃၈။ မအူသျ။ တ။ ၂၀၅။ ဘာဋီ။ ဒု။ ၄၀၈။)

၁။ ဂ-ဃ-င-စ-တို့ကို ကျနစွာ အနက်သမ္ဗန်ပါ။
၂။ ဂ-ဝါကျကို အနုသန္ဓေတက်၍၊ စ-ဝါကျကို လိနတ္ထရ စောဒနာတက်ပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြ အမည်ပေး၍၊ စ-ဝါကျ၌ ပဋိသေဝတိ နာမာတိ ဣဒံ-ကို သဒ္ဒနယ စာစပ်ပါ။
၄။ င-ဝါကျ ဥဘိန္နံ ရတ္တာနံ-၌ ရတ္တာနံ-ကို ဝဓနတ္တပြု၍ ဉာဏ်နည်းကောက်ပါ။
၅။ ဂ-ဝါကျလာ ပုဒ်တို့ကို ပဒ၊ လိင်၊ ဂဏ၊ ကာရန္တ စီစစ်ပြပါ။

http://www.dhammadownload.com



၆။ က-င-ဝါကျတို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည် ပေးပါ။
၇။ မေထုနဓမ္မော+မေထုနဓမ္မော-ဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ မေထုနဓမ္မော-၌ နယ္ပပစာရကို အကြောင်းပြ ဖြေပါ။
၁၀။ သဒ္ဒိသာန်-ပုဒ်၏ ဝေဝစနဟာရ နေရှိနည်းထုတ်ပါ။

==========================

## (ခ) အနုသန္ဓိ

၂။ ဤသို့ (က) ဖြင့် ဒွယံဒွယသမာပတ္တိ-ပုဒ်၏ ဝစနတ္ထကို ပြပြီး၍၊ ယခုအခါ၌ ယောဇနာကို ပြလိုသော ဆရာသည် (ခ) မိန့်။

## (ဂ)အနုသန္ဓိ

ဤသို့ (က-ခ) ဖြင့် ဒွယံဒွယသမာပတ္တိ-ပုဒ်၏ ဝစနတ္ထနှင့် ယောဇနာကို ပြပြီး၍၊ ယခုအခါ၌ ဧသော မေထုနဓမ္မော နာမ-ဟူသော ပါဠိတော်၏ အနုသန္ဓိသမ္ဗန္ဓကို ပြလိုသောဆရာသည် (ဂ) မိန့်။ (မအူသျှ)

## နိဂမေန္တော-ရှု၍၊ ဂ-သို့ ပုစ္ဆာ

ဆရာ-မြတ်စွာဘုရားသည် ဧသော မေထုနဓမ္မော နာမဟု ဟောတော်မူ၏။ ရှေး၌ မေထုနဓမ္မော နာမဟု ဟောပြီးပြီ မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ဤ၌ ထပ်မံ၍ ဟောတော်မူပြန်သနည်း။ စုဒ်ကြောင့် ဂ္ဂစ ပန-အစရှိသော (ဂ) မိန့်။
**အဓိပ္ပါယ်ကား** ထိုအလုံးစုံကို ပေါင်း၍ နိဂုံးအုပ်လိုသောကြောင့် ဧသော မေထုနဓမ္မောဟု ဟောတော်မူပါ၏-ဟူလို။

## (စ) လီနတ္ထရဓောဒနာ

ဆရာ-မြတ်စွာဘုရားသည် ပဒဘာဇနီ၌ "ပဋိသေဝတိ နာမ"ဟု ဟောတော်မူ၏။ (မာတိကာ-၌ ပဋိသေဝေယျ-ဟုသာရှိ၍ ပဋိသေဝတိ-ဟု မရှိသောကြောင့်) မာတိကာ-၌ မရှိသော ပဋိသေဝတိ-ဟူသောပုဒ်ကို ပဒဘာဇနီ၌ မထုတ်ဆောင်သင့်, မဟောသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် အဘယ်အကျိုးငှာ-မာတိကာ-၌ မရှိသော ပဋိသေဝတိနာမ-ဟူသော ပုဒ်ကို ပဒဘာဇနီ၌ ထုတ်ဆောင် ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။ (မအူသျှ။ ၂၀၅။)

✤ **ယသ္မာ "ပဋိသေဝတိ နာမာ" တိ ပဒံ မာတိကာယ နတ္ထိ၊ တသ္မာ ပဋိသေဝတိ နာမာတိ ကသ္မာ ဥဒ္ဓရန္တိ ယော မညတိ၊ တဿ ကာရဏံ ဒဿေန္တော "ပဋိသေဝေယျာ တိ ဧတ္ထ ပ၊ မာတိကာပဒ" န္တိ အာဟ။ (သာရတ္ထ၊ ၃၊ ၈၂)**

၃။ ၁-ပက္ခန္တရ။ ဂ-ဝါကျာရမ္ဘ။
ဃ-င-နှစ်ဝါကျသည် အနုသန္ဓိသမ္ဗန္ဓမှ အဝယဝတ္ထကို ပြ-ပက္ခန္တရ။ (ဝါ) ဝိတ္ထာရ။
ထိုတွင် ဃ-ကား စောဒနာ။ င-ကား ပရိဟာရ။ စ-ကား ဝါကျာရမ္ဘ။ (တနည်း) ပက္ခန္တရ။

**စာစပ်** ပဋိသေဝတိ **နာမာ**တိ ဂ္ဂဒံ-ကား သည်---ကြောင့် ဒဿနတ္ထံ-၌ တုလျတ် + လိင်တ်စပ်။ (မအူ) **ယောဇနာ၌ ကား**---ဝုစ္စတိ-၌ စပ်၏။

၄။ မေထုနရာဂေန ရဥ္ဇိတိ ရတ္တာ။ (သာရတ္ထ)
ရန္ဓ-ဓာတ်အရကား--မေထုနရာဂ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။

http://www.dhammadownload.com



(ရှေး ပလ္လ။ နောက် ကာရကူ ကောက်။)
တ-အရကား-မေထုနရာဂဖြင့် တပ်ကြကုန်သော မိန်းမယောက်ျားနှစ်ဦးသားတို့ ရဏ်။ (ဝိသေသန ဆက်ကောက်)

## ဝစနတ္ထမှတ်ဘွယ်

(သံ) အတိဝိယ+ရတ္တာ သာရတ္တာ။ (သာရတ္တ)

၅။ ဝုတ္ထ-ကား အဗျယတဒ္ဓိတ်ပုဒ်+အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။ ပန-ကား နိပါတ်။
တံ-သမ္ဗံ-ကား သဗ္ဗနာမ်ပုဒ်၊ နပုံလိင်၊ စိတ္တာဒိ၊ အကာရန္တ။
ကေဈ္ဈံ-ကား အဗျယတဒ္ဓိတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။
နိဂမေသစ္ဆေ-ကား ကိတ်နာမ်ပုဒ်၊ ပုံလိင်၊ ပုရိသာဒိ၊ အကာရန္တ။
အာဟ-ကား အာချာတ်ပုဒ်၊ အလိင်၊ ဘူဝါဒိဂိုဏ်း ဦ-ကာရန္တ။
သော မေထုနစမ္မော နာမာတိ-ကား နိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ ဣကာရန္တ။

၆။ က-အာ/သံ ရှေး၌ ပြေပြီး။
(င) သဒိသာန် ဓမ္မော-ဖြင့် မေထုနဓမ္မောကို မေထုနာန်+ဓမ္မော မေထုနဓမ္မောဟု သဒ္ဒိတပ္ပုရိသ် ပြု--လည်းကောင်း၊ မေထုန-သဒ္ဒါ၏ သဒိသ-သဒ္ဒါ၏ ပရိယာယ်-လည်းကောင်း သိစေပါသည်။

✧ **မေထုနသဒ္ဒသ သဒိသသဒ္ဒပရိယာယတ္တာ ဝုတ္တံ "သဒိသာန" န္တိ၊ (ဝိမတိ၊ ၁၃၈၊)**

ဥဘိန္နံ ဓမ္မော-ဖြင့် မေထုနဓမ္မော-ကို မေထုနာန်+ဓမ္မော မေထုနဓမ္မော-ဟု သဒ္ဒိတပ္ပုရိသ်သမာသ်ပြု-လည်းကောင်း၊ မေထုန-သဒ္ဒါ၏ ဥဘယ-သဒ္ဒါ၏ ပရိယာယ်၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

✧ **မေထုနသဒ္ဒေါဝါ ဥဘယသဒ္ဒပရိယာယော။ ပး တေနာဟ "ဥဘိန္နံ ရတ္တာန" န္တိ၊ (ဝိမတိ၊)**
**(တနည်း)** ဥဘိန္နံ ရတ္တာန်-အစရှိသော (င)ဝါကျဖြင့် မေထုနဓမ္မော-၌ မေထုန-ဝယ် မိထုနပုဒ်+ဏ-ပစ္စည်း၊ မိထုန-အရ မေထုနရာဂဖြင့် တပ်မက်၊ ပြင်းစွာတပ်မက်ကြကုန်သော ရာဂသည် နှိပ်စက်အပ်ကုန်သော မိန်းမ၊ ယောက်ျား-နှစ်ဦးသားတို့ကို ယူရမည်ကို လည်းကောင်း၊ ဏ-ပစ္စည်း၏ ဣဒံတဒ္ဓိတ် အနက်၌သက်-လည်းကောင်း၊ မိထုနာန် + ဣဒံမေထုနံဟု ဣဒံတဒ္ဓိတ်ပြု-လည်းကောင်း၊ မေထုနနှင့် ဓမ္မ-ကို မေထုနမေဝ+ဓမ္မော မေထုနဓမ္မောဟု ကမ္မဓာရယ်ပြု-လည်းကောင်း သိစေပါသည်။

**ရာဂပရိယုဋ္ဌာနေန သဒိသဘာဝမ္ပတ္တိယာ မိထုနာနံ ဣဒံ မေထုနံ၊ မေထုနမေဝ ဓမ္မော မေထုနဓမ္မောတိ အာဟ "ဥဘိန္နံ ရတ္တာန" န္တိ အာဒိ၊ (သာရတ္ထ-၈၂၊)**

## ဉာသ်

ဝိမတိအလို-မေထုနာန်+ဓမ္မော မေထုနဓမ္မော။
(မေထုန-အရ-မိန်းမ၊ ယောက်ျားနှစ်ဦးသားတို့၏+ဓမ္မ-အရ မှီဝဲအပ်သော မေထုန်အကျင့်နှင့် သေဝက+သေဝိတဗ္ဗ/သာဓက+သာဓျ/သာမိ+သံ စပ်၍ ကောက်။)

**သာရတ္ထအလို** မေထုနမေဝ+ဓမ္မော မေထုနဓမ္မော။
(မေထုန-အရ-မိန်းမ၊ ယောက်ျားနှစ်ဦးသားတို့၏ ဥစ္စာ၏အဖြစ်တည်းဟူသော ဂုဏ်၏+ဓမ္မ-အရ မှီဝဲအပ်သော မေထုန်အကျင့်နှင့် ဂုဏ်+ဂုဏေး စပ်၍ ကောက်။)

**မအူဆရာအလို** မေထုနာန် + ဥဘိန္နံ ဥဘိန္နံ + ဓမ္မော မေထုနဓမ္မောဟု ဝစနတ္ထပြု။

http://www.dhammadownload.com



၇။ **မေထုနံ။ မေထုန**

မိထုနံ ထီပုမဒွယံ။ (ဓာန်-၆၂၈) မိထ-သင်္ဂမေ ဥနော။ (ဓာန်ဋီ) မိထုနာနံ ဣဒံ မေထုနံ။ (သာရတ္ထ-၈၂)တို့ကို ထောက်၍ မိထ-ဓာတ်+ဥန-ပစ္စည်းဖြင့်ပြီးသော မိထုန-ပုဒ်နောင် ဣဒံတဒ္ဓိတ် အနက်၌ ဏ-ပစ္စည်းသက်၍ ရုပ်ပြီးသောကြောင့် မေထုနဟု ရှိသောပါဌ်သာ သင့်ပါသည်။

၈။ **မေထုနဓမ္မော**

မေထုန်အကျင့်တည်းဟူသော ဌာနီဖြင့် တပ်ခြင်းတူသောမိန်းမ,ယောက်ျား နှစ်ဦးသားတည်း ဟူသော ဌာနကိုမှတ်၍ တပ်ခြင်းတူသော မိန်းမ,ယောက်ျား နှစ်ဦးသားတို့၏ အကျင့်တည်းဟူသော အများကိုဆိုသဖြင့် တပ်ခြင်းမတူသော မိန်းမ,ယောက်ျား နှစ်ဦးသားတို့၏ အကျင့်တည်းဟူသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်းဖြစ်သည်။

အစိတ်ဖြစ်သော တပ်ခြင်းတူသော မိန်းမ,ယောက်ျား နှစ်ဦးသားတို့၏ အကျင့်၏ **"မေထုနဓမ္မော"** ဟူသောအမည်ကို အပေါင်းဖြစ်သော တပ်ခြင်းတူသောမိန်းမ,ယောက်ျား နှစ်ဦးသားတို့၏အကျင့်, တပ်ခြင်းမတူသော မိန်းမ,ယောက်ျား နှစ်ဦးသားတို့၏ အကျင့်တို့၌ တင် ဧကဒေသူပစာ-အဝယဝူပစာ (ဥပလက္ခဏနည်း/နိဒဿနနည်းလည်း ရသည်။)

❖ **ဣဒ္ဓ ယေဘုယျတော ဝုတ္တံ ဥဘောသု အညတရဿ ရာဂါဘာဝေပိ ဣတရဿ မေထုနသေဝန သံသိဒ္ဓိ တော။ (ဝိမတိ၊ ၁၃၈။)**

❖ **မိထုနာနံ ဣတ္ထိပုရိသာနံ သမာနစ္ဆန္ဒာနံ အာစာရော မေထုနံ၊ တဒညေသု ဥပစာရော။ (ဓာန်ဋီ-၆၂၈။)**

**အမှာ** မေထုန-ဟူသော ပုဒ်တစိတ်၌လည်း ဧကဒေသူ ဥပလက္ခဏနည်းပင် ရသည်။

၁၀။ **သဒိသ-၏ ဝေဝစနာဟာရ-ကား** တိသုသမော ပဋိဘာဂေါ၊ သန္နိကာသော သရိက္ခကော။ သမာနော သဒိသော တုလျော၊ သင်္ကာသော သန္နိဘော နိဘော။ (ဓာန်-၅၂၉/၅၃၀)

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၇၇)

(က) **အန္တမသောတိ သဗ္ဗန္တိမေန ပရိစ္ဆေဒေန။**
(ခ) **တိရစ္ဆာနဂတာယပီတိ** ပဋိသန္ဓိဝသေန တိရစ္ဆာနေသု ဂတာယပိ။
(ဂ) **ပဂေဝ မနုဿိတ္ထိယာတိ** ပဌမတရံ မနုဿဇာတိကာယ ဣတ္ထိယာ။
(ဃ) ပါရာဇိကဝတ္ထုဘူတာ ဝေ စေတ္ထ တိရစ္ဆာနဂတိတ္ထိ တိရစ္ဆာနဂတာတိ ဂဟေတဗ္ဗာ၊
(င) န သဗ္ဗာ ။
(စ) တတြာယံ ပရိစ္ဆေဒေါ- အပဒါနံ အဟိမစ္ဆာ၊ ဒွိပဒါနဉ္စ ကုက္ကုဋီ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထု ပါရာဇိကဿိမာတိ။

(၅။ ၂၂၃။ သာရတ္ထ။ ဒု။ ၈၄။ ဝိမတိ။ ၁၃၉။ မအူသျ။ တ။ ၂၁၀။ ဘာသာဋီ။ ဒု။ ၄၁၄။)

၁။ က-၌ သံဝဏ္ဏနာကိုရှု၍ သံဝဏ္ဏေတဗ္ဗကိုသာ သဒ္ဒတ္ထ၊ ဝေါဟာရတ္ထ ပေးပြီးလျှင် င-ဝါကျကို လိုက်သင့် လိုက်ထိုက်သောပုဒ်များ ပြည့်စုံစွာလိုက်၍ အနက်ပေးပါ။

http://www.dhammadownload.com



၂။ ဃ-စောဒနာတက်၍၊ င-ကို အနုသန္ဓေတက်ပါ။
၃။ အထက်ပါ ဝါကျတို့ကို အကြောင်းပြအမည်ပေး၍ တိရစ္ဆာနဂတာယ ပိ-၌ ပိ-သဒ္ဒါ ထွန်းပြအပ်သော အနက်နှင့် သမုစ္စေတဗ္ဗတ္ထကိုလည်း ဖော်ပြပါ။
၄။ မနုဿဇာတိကာယ-ပုဒ်ကို အစိတ်၊ အပေါင်းဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ မစ္ဆာ၊ ကုက္ကုဋီ၊ ဝတ္ထု၊ မဇ္ဇာရီ-တို့ကို ဓာတု၊ ပစ္စယ၊ ပစ္စယတ္ထ ဝေဘန်ပါ။
၆။ က-ခ-ဂ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ မဇ္ဇာရီ/မဇ္ဇာရီ-နှစ်ချက်တွင် သင့်ရာပါဠ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ တိရစ္ဆာနဂတာယ-ဟူသော မာတိကာပါဠိတော်၌ ရသင့်သော နယပစာရတို့ကို ဖြေဆိုပါ။
၁၀။ ပဋိသန္ဓိဝသေန-၌ ပဋိသန္ဓိအရကို ကိုယ်ပြု၍ ဒေသနာဟာရ နေတ္တိနည်းထုတ်ပါ။

============================

၁။ (က) အုန္တမသော၊ အလုံးစုံကုန်သော အပိုင်းအခြားတို့၏ အဆုံး၌ ဖြစ်သော အပိုင်းအခြားဖြင့်၊ (ဝါ) အလုံးစုံတို့၏ အဆုံး၌ ယှဉ်သော အပိုင်းအခြားအားဖြင့် (ဤကား သဒ္ဒတ္ထ။)
(ဝါ) အယုတ်အားဖြင့်။ (ဝေါဟာရတ္ထ။)
(င) သဗ္ဗာ၊ သော။ (တိရစ္ဆာနဂတိတ္ထိ၊ ကို။ တိရစ္ဆာဂတာတိ၊ ဟူ၍။) န (ဂဟေတဗ္ဗာ) အပ်။

၂။

## (ဃ) စောဒနာ

ဆရာ-မြတ်စွာဘုရားသည် အန္တမသော တိရစ္ဆာနဂတာယပိဟု ဟောတော်မူ၏။ တိရစ္ဆာနဂတ-အရ တိရစ္ဆာန် မိန်းမမှန်သမျှကို ယူရပါမည်လော။ ဤ ပဌမပါရာဇိကအရာ၌ တိရစ္ဆာနဂတအရ အဘယ် တိရစ္ဆာန်မကို ယူရပါမည်နည်း။ ဤ၌ ယူရမည့်တိရစ္ဆာန်မကို မပြသော်-အတိဗျာပိတ-၏။ စုဒ်ကြောင့် (ဃ) မိန့်။
**အဓိပ္ပါယ်ကား**---ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မကိုသာ တိရစ္ဆာနဂတအရ ယူရမည်---ဟူလို။

## (င) အနုသန္ဓေ

ဤသို့ (ဃ) ဝါကျ ပါရာဇိကဝတ္ထုဘူတာဝေ-စသည်ဖြင့် ဤပဌမပါရာဇိကအရာ၌ ပါရာဇိက ဝတ္ထုလောက်သော တိရစ္ဆာန်မကို ယူရမည်ဟု ပြပြီး၍၊ ယခုအခါ၌ ပါရာဇိကဝတ္ထုဘူတာဝေ-ဝယ် ဝေ-သဒ္ဒါ၏ နိဝတ္တေတဗ္ဗတ္ထကို ပြလိုသောဆရာသည် (င) မိန့်။

## (စ) အနုသန္ဓေ

ယခုအခါ၌ ပါရာဇိကအာပတ်၏ အကြောင်းဝတ္ထုဖြစ်၍ ဖြစ်သော (ဝါ) ပါရာဇိကလောက်သော တိရစ္ဆာန်မ အပိုင်းအခြား သရုပ်ကို ပြခြင်းငှာ (စ) မိန့်။

၃။ ခ-ပကွန္တရ။ ဂ-ပကွန္တရ။ ဃ-ဝါကျာရမ္ဘ။
င-ဝေ-၏ နိဝတ္တေတဗ္ဗတ္ထကို ပြ--ဗျတိရေကဝါကျ။ စ-ဝိတ္ထာရ။
**တိရစ္ဆာနဂတာယပိ-၌ ပိ-ကား ဂရဟာဇောတကတည်း။**
တိရစ္ဆာန်မ၌ မှီဝဲသော်မှ ပါရာဇိကကျသေး၏။ (ဂရဟာ) အထက်တန်းကျသော လူမ-စသည်၌ မှီဝဲရာဝယ် ဆိုဘွယ်မရှိ-ဟု သမ္ဘာဝနာကို ဆည်းသည်။ (ဘာသာဋီကာ)

၄။ မနတိ ဇာနာတီတိ မနုဿော။ မနုဿာန်+ဇာတိ မနုဿဇာတိ။

http://www.dhammadownload.com



မနုဿဇာတိယံ + ဇာတာ မနုဿဇာတိကာ။
မနုဿဇာတိ-အရကား လူတို့၏ အမျိုးသည် မုချ။
ထို၏ + မိန်းမဖြစ်နှင့် ဌာန + ဌာနီစပ် ဌာနူ-၏။
ဤက-ပစ္စည်း အရကား လူတို့၏ အမျိုး၌ဖြစ်သော မိန်းမရ၏။ (ဝိသေသနဆက်ကောက်။)

## ဝစနတ္ထမှတ်ဘွယ်

ပဋိသန္ဓိယာ + ဝသော ပဋိသန္ဓိဝသော။ + ပါရာဇိကဿ + ဝတ္ထု ပါရာဇိကဝတ္ထု။
ပါရာဇိကဝတ္ထု + ဟုတွာ + ဘူတာ ပါရာဇိကဝတ္ထုဘူတာ။
ဥဒ္ဒံ အနုဂ္ဂန္ဒာ တိရိယံ အဥ္ဆိတာ ဂတာ ဝနိတာတိ တိရစ္ဆာနာ။ (သာရတ္ထ။ ၂၉၀)
တိရိယံ အဥ္စန္တီတိ တိရစ္ဆာနာ။ (စူဠဋီ၊ ဋ္ဌ။ ၆၃)
(တိရိယ + အဥ္စ-ဓာတ်+ယု။ တိရိယ-ကို တိရ-ပြု။ အဥ္စ-ကို စ္ဆ-ပြု။)
**(တနည်း၊)** တိရန္တိ အဇောဘာဝေန ဂစ္ဆန္တီတိ တိရစ္ဆာနာ။ (တိရ-ဓာတ်+စ္ဆာန-ပစ္စည်း၊)
နတ္ထိ + ပဒါ + ဧတေသန္တိ အပဒါ။ ဒွေ+ပဒါ ဧတေသန္တိ ဒွိပဒါ။ စတ္တာရော+ပဒါ+ဧတေသန္တိ စတုပ္ပဒါ။

၅။ **မစ္ဆာ** = မသ (ဝါ) မဒ+ သ၊ ထိ-အာ၊ ကတ္တား အနက်။
**ကုမ္ဘီလ** = ကုက+ကုဋက်+ဤ။ ကတ္တားအနက်။ **ဝဏ္ဏ** = ဝသ+ရတ္တု။ အဓိကရဏအနက်။
**မဏ္ဍူကီ** = မဏ္ဍ+အာရ+ထိ-ဤ။ ကတ္တား အနက်။ **အဟိ** = အံဟ + ဣ။

၆။ (က) သမ္ဗန္ဓိမေန-ဖြင့် အန္တမသော-၌ သော-၏ နာ-ဝိဘတ်၏ ကာရိယ၏အဖြစ်ကိုလည်းကောင်း၊ အန္တေ ဇာတော အန္တိမော-ဟု ဇာတတဒ္ဓိတ်ဝစနတ္ထ-ပြု---လည်းကောင်း၊ ဣမ-ပစ္စည်း၏ ဇာတတဒ္ဓိတ် အနက်၌ သက်---လည်းကောင်း၊ အန္တိမသော-ဟု ဆိုလိုလျက် သော-အပြုနှင့်ယှဉ်ရာ၌ ဣ-ကို အ-ပြု၍ အန္တမသော-ဟု ရုပ်ပြီးနေသည်ကို လည်းကောင်း၊ အန္တ-သည် သမ္ဗန္ဓာပေက္ခဖြစ်၍ ယင်း၏--- သမ္ဗန္ဓိကို သမ္ဗ-ဟု ထည့် ရမည်ကို လည်းကောင်း သိစေ။

**သောတိ ဣဒံ နာဝိဘတ္တိကာရိယံ, အန္တိမသောတိ ဝတ္တဗ္ဗေ သောအာဒေသယောဂေ ဣကာရဿ အကာရံ ကတွာ အန္တမသောတိ ဝုတ္တန္တိ အဓိပ္ပါယော။ (ကင်္ခါယောဇနာ မဟာဋီကာ၊ ၁။ ၃၂၅၊)**

ပရိစ္ဆေဒေန-ဖြင့် သမ္ဗန္ဓိမ-အရ အပိုင်းအခြားကို ယူရမည်ဟု သိစေ။
(ခ) တိရစ္ဆာနေသု ဂတာယပိ-ဖြင့် တိရစ္ဆာနဂတာယပိ-၌ တိရစ္ဆာနပဒ်ကို တိရစ္ဆာနေသု+ ဂတာ တိရစ္ဆာနဂတာ-ဟု သတ္တမီတပ္ပုရိသ်သမာသ် ဝစနတ္ထပြုရမည်ဟု သိစေ။
ပဋိသန္ဓိဝသေန-ဖြင့် တိရစ္ဆာန်အမျိုး၌ဖြစ်၏ဟူသည် အသွင်သဏ္ဌာန်-စသည်တို့၏ အစွမ်းဖြင့် ဖြစ်သည် မဟုတ်။ (မအူသျှ) ပဋိသန္ဓေ၏ အစွမ်းဖြင့်ဖြစ်၏ဟု သိစေ။
(ဂ) မနုဿဇာတိကာယ ဣတ္ထိယာ-ဖြင့် မနုဿိတ္ထိယာ-ပုဒ်ကို မနုဿဇာတိ ဓဝ ဣတ္ထိ မနုဿိတ္ထီ (တဿာ)ဟု ပုဗ္ဗပဒေဥတ္တရပဒလောပ ကမ္မဓာရယ်သာမာသ် ဝစနတ္ထပြု--လည်းကောင်း၊ မနုဿ-အရ လူဇာတ်ကို ယူ၊ မနုဿိတ္ထိအရ **ကေဒေသျှ, ပါရိသေသနည်းဖြင့်** လူဇာတ်ရှိသောမိန်းမကိုယူ--- လည်းကောင်း သိစေ။
ပဌမတရံဖြင့် ပဂေဝဟူသော နိပါတသမုဒါယပုဒ်၏ ရှေးဦးစွာဟူသော အနက်ကိုဟော-သိစေ။
ယ-ဖြင့် ဤပထမပါရာဇိကအရာ၌ ပါရာဇိကလောက်သောတိရစ္ဆာန်မကိုသာ ယူရမည်ဟု သိစေ။

http://www.dhammadownload.com



### မဇ္ဈာရီ+မဥ္စာရီ+မဋ္ဌာရီ

၇။ မဇ္ဈ-သံသုဒ္ဓိယံ၊ လိဟ်နေန အတ္တနော သရီရံ မဇ္ဇတိ နိမ္မလတ္တံ ကရောတီတိ မဇ္ဈာရော။ ဒွိဋ္ဌာရော။ (ကွာဒိမောဂ်။၁၆၄) ကို ထောက်၍၊ မဇ္ဈ-ဓာတ်+အာရ-ပစ္စည်း။ ထိ-ဇောတက ဤ-ပစ္စည်းဖြင့် ပြီးသောကြောင့် မဇ္ဈာရီ-ပါဠိသာသင့်။

### တိရစ္ဆာနဂတာယ

၈။ အပေါင်းဖြစ်သော တိရစ္ဆာန်မအားလုံးတို့၏ "တိရစ္ဆာနဂတာယ"ဟူသောအမည်ကို အစိတ်ဖြစ်သော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မ၌ တင် ကေဒေသူ/ရုဠှီနည်း။

### (၈) အဟိ,မစ္ဆာ

အစိတ်ဖြစ်သော မြွေမ၏ "အဟိ"ဟူသောအမည်ကို အပေါင်း--ရှည်လျားသော သတ္တဝါအားလုံး၌ တင် ကေဒေသူ/ ဥပလက္ခဏ၊ နိဒဿန။
အစိတ်ငါးမ၏ "မစ္ဆာ" ဟူသောအမည်ကို အပေါင်းဖြစ်သော ရေသတ္တဝါအားလုံး၌တင် ကေဒေသူ။ ဥပလက္ခဏ၊ နိဒဿန။

### ကုက္ကုဋီ

အစိတ်ဖြစ်သော ကြက်မ၏ "ကုက္ကုဋီ" ဟူသော အမည်ကို အပေါင်းဖြစ်သော အတောင်ရှိသော သတ္တဝါအားလုံး၌ တင် ကေဒေသူ/ဥပလက္ခဏ၊ နိဒဿန။

### မဇ္ဈာရီ

အစိတ်ကြောင်မ၏ "မဇ္ဈာရီ" ဟူသော အမည်ကို အပေါင်းဖြစ်သော ခြေလေးချောင်းသတ္တဝါအားလုံး၌ တင် ကေဒေသူ။ ဥပလက္ခဏ၊ နိဒဿနနည်း။

၁၀။ ပဋိသန္ဓိ-အရ ပဓာနအားဖြင့် ပဋိသန္ဓေကိုစိတ်ယူ။ ထိုကို ယူသဖြင့် ထိုနှင့်ယှဉ်ဘက် စေတသိက်များကို လည်းကောင်း၊ ထို ပဋိသန္ဓေနှင့်အတူ ဖြစ်ပေါ်လာသော ကမ္မဇရုပ်တရားများကို လည်းကောင်း ယူ၍ ထုတ်လေ။

## ဝါကျဥယျာဉ် (၇၈)

(က) ပါရာဇိကောတိ ပရာဇိတော၊
(ခ) ပရာဇယံ အာပန္နော။
(ဂ) အယဉ္စိ ပါရာဇိကသဒ္ဒေါ သိက္ခာပဒါပတ္တိပုဂ္ဂလေသု ဝတ္တတိ၊
(ဃ) တတ္ထ "အဋ္ဌာန မေတံ အာနန္ဒ အနဝကာသော ယံ တထာဂတော ဝဇ္ဇီနံ ဝါ ဝဇ္ဇီပုတ္တကာနံ ဝါ ကာရဏာ သာဝကာနံ ပါရာဇိကံ သိက္ခာပဒံ ပညတ္တံ သမူဟနေယျာ" တိ ဧဝံ သိက္ခာပဒေ ဝတ္တမာနော ဝေဒိတဗ္ဗော။ "အာပတ္တိံ တွံ ဘိက္ခု အာပန္နော ပါရာဇိက"န္တိ ဧဝံ အာပတ္တိယံ။ "န မယံ ပါရာဇိကာ၊ ယော အဝဟဋော၊ သော ပါရာဇိကော" တိ ဧဝံ ပုဂ္ဂလေ ဝတ္တမာနော ဝေဒိတဗ္ဗော။
(င) "ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေယျာ" တိ အာဒီသု ပန ဓမ္မေ ဝတ္တတီတိ ဝဒန္တိ။
(စ) ယသ္မာ ပန တတ္ထ ဓမ္မောတိ ကတ္ထစိ အာပတ္တိ, ကတ္ထစိ သိက္ခာပဒမေဝ အဓိပ္ပေတံ၊ တသ္မာ သော ဝိသုံ န ဝတ္တဗ္ဗော။

http://www.dhammadownload.com



(ဆ) တတ္ထ သိက္ခာပဒံ ယော တံ အတိက္ကမတိ၊ တံ ပရာဇေတိ၊ တသ္မာ ပါရာဇိကန္တိ ဝုစ္စတိ။
(ဇ) အာပတ္တိ ပန ယော နံ အဇ္ဈာပဇ္ဇတိ၊ တံ ပရာဇေတိ၊ တသ္မာ ပါရာဇိ ကာတိ ဝုစ္စတိ။
(ဈ) ပုဂ္ဂလော ယသ္မာ ပရာဇိတော ပရာဇယမာပန္နော၊ တသ္မာ ပါရာဇိကောတိ ဝုစ္စတိ။

(ဌ။ ၂၂၄။ သာရတ္ထ။ ဒု။ ၈၅။ မအူသျှ။ တ။ ၂၁၂။ ဘာဋီ။ ဒု။ ၄၁၆။)

၁။ စ-ဆ-ဝါကျတို့ကိုသာ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ ကျနစွာ အနက်ပေးပါ။
၂။ ခ-ကို သာဘောဂပုစ္ဆာ။ ဃ-အနုသန္ဓေ တက်ပါ။
၃။ ခ-စသော ဝါကျများကို အကြောင်းပြ အမည်ပေးပါ။
၄။ ဈ-ဝါကျသံဝဏ္ဏနာနှင့်အညီ ပါရာဇိက-ပုဒ်ကို ဝစနတ္ထပြု၍ ဉာသ်နည်းကောက်ပါ။
၅။ သိက္ခာပဒါပတ္တိပုဂ္ဂလေသု-၌ အစိတ်ပုဒ်တို့ကို ပဒ၊ လိင်၊ ဂဏ၊ ကာရန္တ စိစစ်ပြီးလျှင် အာပတ္တိ-၌ ဓာတ်ကိုယူ၍ ဝတ္တမာန်ပရဿပုဒ်ဖြင့် အာချာတပဒမာလာစဉ်ပါ။
၆။ က-ဆ-ဇ-ဈ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးပါ။
၇။ ဂ-ဝါကျ၌ ပါရာဇိကသဒ္ဒေါ သိက္ခာပဒါပတ္တိပုဂ္ဂလေသု+ပါရာဇိကသဒ္ဒေါ သိက္ခာပဒါပတ္တိပုဂ္ဂလဓမ္မေသုဟု ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို သာဓကပြ ဆုံးဖြတ်ပါ။
၈။ ဃ-ဝါကျ ဝဇ္ဇပုတ္တကာန်-၌ ရသင့်သော နယူပစာရကို ဆိုရိုးကျ ဖြေဆိုပါ။
၁၀။ ဇ-ဝါကျ၌ အာပတ္တိ-အရ တရားကို ကိုယ်ပြု၍ ပဒဋ္ဌာနဟာရ နေတ္တိနည်းထုတ်ပါ။

==========================

၂။ **(ခ) သာဘောဂပုစ္ဆာ**

ဆရာ-သည် ပါရာဇိကော-ကို ပရာဇိတောဟု ဖွင့်ဆို၏။ ပါရာဇိက-အရ ရှုံးခြင်းကြိယာကို အလိုရှိအပ်ပါသလော။ အဘယ်ကို ပါရာဇိကအရ အလိုရှိ အပ်ပါသနည်း။ စုဒ်ကြောင့် (၁) မိန့်။

❖ **ပရာဇယကြိယ-မာပန္နပုဂ္ဂလောဝ အဓိပ္ပေတော၊ န ပရာဇယကြိယာတိ ဒဿေတုံ ပရာဇယံ-အာပန္နောတိ ဝုတ္တံ။ (ကင်္ခါယောဇနာမဟာဋီကာ။ ၃၂၈။)**

(တနည်း) ဌပနာတူ၏။ ပါရာဇိက-သဒ္ဒါကို ကတ္တုသာဓန ဝစနတ္ထပြုရပါမည်လော။ မည်သည့် သာဓန ဝစနတ္ထပြုရပါမည်နည်း။ စုဒ်ကြောင့် (၁) မိန့်။

❖ **အထဝါ ပါရာဇိကသဒ္ဒဿ ကတ္တုသာဓနေပိ ပဝတ္တနတော တံ နိဝတ္တေတုံ "ပရာဇယံ အာပန္နော" တိ ဝုတ္တံ။ (ကင်္ခါယောဇနာမဟာဋီကာ။ ၃၂၈)**

အမှာ ဒုတိယနည်း ကျမ်းတက်၌ ကတ္တုသာဓန ဝစနတ္ထပြုရပါမည်လော-ဟူသော အာဘော်သည် မအူသျှ-နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ မအူသျှ-၌ ပုဂ္ဂိုလ်ဟော ပါရာဇိက-သဒ္ဒါကို ပရာဇယတီတိ ပါရာဇိကောဟု သုဒ္ဓကတ္တုသာဓန ဝစနတ္ထပြုထားသည်။ ယင်း မအူသျှ၌ ပုဂ္ဂိုလ်ဟော ပါရာဇိက-သဒ္ဒါကို ကတ္တုသာဓန ပြုထားခြင်းသည် ဤ အဋ္ဌကထာ-ပုဂ္ဂလော ယသ္မာ ပရာဇိတော-စသော ဈ-ဝါကျ စကားရပ်နှင့် လည်းကောင်း၊ ပုဂ္ဂလော ပန ကမ္မသာဓနေန ပါရာဇိကသဒ္ဒေန ဝုစ္စတီတိ ဒဿေန္တော အာဟ "ပုဂ္ဂလော ယသ္မာ ပရာဇိတော" တိ အာဒိ-ဟူသော သာရတ္ထဋီကာနှင့် လည်းကောင်း မကိုက်ညီ။

http://www.dhammadownload.com



## (ဃ) အနုသန္ဓေ

ဘာသာဋီကာ-၌ ဝိပလ္လတ္ထသညာ=ဖောက်ပြန်သောသညာရှိကုန်သည်-ဟု အနက်ပေးပြီး ဝိ+ပရိ-ပုဗ္ဗ + အသဓာတ်နောင် ဏ-ပစ္စည်းသက်လျှင် "ဝိပလ္လာသ"ဟု ဖြစ်၍ တ-ပစ္စည်းသက်လျှင် "အတ္ထော" ပုဒ်ကဲ့သို့ "ဝိပလ္လတ္ထ"ဟုဖြစ်၏။ ဝိပရိယာသတီတိ ဝိပလ္လတ္ထာ။ ဝိပလ္လတ္ထာ + သညာ + ဧတေသန္တိ ဝိပလ္လတ္ထသညာဟု ဝစနတ္ထပြုပြသည်။ ထိုကြောင့် နှစ်ပါဌ်လုံးသင့်ဟု ဆုံးဖြတ်။

၆။ 
## (က) ဥမ္မတ္တကဿ

အပေါင်း-ယက္ခုမ္မတ္တက, ပိတ္တုမ္မတ္တက၏ 'ဥမ္မတ္တက' ဟူသောအမည်ကို အစိတ်-ပိတ္တုမ္မတ္တက၌ တင်ကေဒေသျူပစာ။

ဆိုလတံသော ခိတ္တစိတ္တဿအရ ယက္ခုမ္မတ္တကကိုယူလတံ့ဖြစ်၍ ထိုမှကြွင်းသော ပိတ္တုမ္မတ္တကကိုသာ ယူရသောကြောင့် ပါရိသေသနည်း။

## (စ) ခိတ္တစိတ္တဿ

ဆိုခဲ့ပြီးသော ဥမ္မတ္တကဿ-အရ ပိတ္တုမ္မတ္တကကို ယူပြီးဖြစ်၍ ထိုမှကြွင်းသော ယက္ခုမ္မတ္တကကိုသာ ယူရသောကြောင့် ပါရိသေသနည်း။ ကေဒေသျူပစာ။

## ဟီရောတ္တမ္ပံ့ ဆရေတွာ

ပဓာနနည်း။ ဥပလက္ခဏ။ နိဒဿနနည်း။ ကေဒေသူ။ အဝယဝူပစာ။

၁၀။ လောဟိတ-၏ ဝဝဝစန ဟာရကို လောဟိတံ၊ ရုဓိရံ၊ သောဏိတံ၊ ရတ္တံ။ (ဓာန်။ ၂၈၁။) ထုတ်။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၈၆)

(က) မက္ကဋိ ဝဇ္ဇိပုတ္တာစ။ ပ ။ ဝုမုပဗ္ဗဇိတော မိဂေါ"တိ ဣဒံ ကိံ?

(ခ) ဣမာ ဝိနီတဝတ္ထူနံ အဂဂ တာ သယံ ဝိနိစ္ဆိတာနံ တေသံ တေသံ ဝတ္ထူနံ ဥဒ္ဒါနဂါထာနာမ။

(ဂ) တာနိ ဝတ္ထူနိ "သုခံ ဝိနယဓရော ဥဂ္ဂဏှိဿန္တိ"တိ ဓမ္မသင်္ဂါဟကတ္ထေရေဟိ ဌပိတာနိ၊ (ဌပိတာ)

(ဃ) ဝတ္ထုဂါထာ ပန ဓမ္မာနေယ၀ ဘဂဝတိ ဥပါလိတ္ထေရေန ဌပိတာ "ဣမိနာ လက္ခဏေန အာယတိံ ဝိနယဓရာ ဝိနယံ ဝိနိစ္ဆိနိဿန္တိ" တိ။

(င) တသ္မာ ဧတ္ထ ဝုတ္တလက္ခဏံ သာဓုကံ သလ္လက္ခေတွာ ပဌမသိက္ခာပဒံ ဝိနိစ္ဆိနိတဗ္ဗံ၊ ဒုတိယာဒီနဥ္စ ဝိနီတ-ဝတ္ထူသု ဝုတ္တလက္ခဏေန ဒုတိယာဒီနိ။

(စ) ဝိနီတဝတ္ထူနိ ဟိ သိပ္ပိကာနံ ပဋိစ္ဆန္နကရူပါနိ ဝိယ ဝိနယဓရာနံ ပဋိနစ္ဆန္နကဝတ္ထူနိ ဟောန္တီတိ။

(၄။ ၂၃၆။ သာရတ္ထ။ ဒု။ ၉၉။ ဝိမတိ။ ၁၅၃ မဲအူသျ။ တ။ ၄၅၃။ ဘာဋီ။ ဒု။ ၄၅၁။)

= = = = = = = = = = = = = = = = = = = = = = = = = =

၁။ စ-ဆ-တို့ကို လိုက်သင့်သောပုဒ်များလိုက်၍ ဝါကျပရိဝတ္တနနည်းဖြင့် အနက်ပေးပါ။

၂။ ဂ-သာဘောဂပုစ္ဆာ။ ဃ-ကို အနုသန္ဓေတက်ပါ။

၃။ ခ-စသော ဝါကျများကို အကြောင်းပြအမည်ပေး၍ (ခ)ဣမာ၊ (ဂ)တာနိ ဝတ္ထူနိတို့ကို သဒ္ဒနယ စာစပ်ပြပါ။

၄။ ဝိနီတဝတ္ထု-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။

၅။ ဝိနိစ္ဆိတာနံ၊ ဘဂဝတာ၊ ဂါထာ၊ ဥဒ္ဒါန၊ ထေရ-တို့ကို ဓာတု+ပစ္စယ ဝေဘန်ပါ။

၆။ ခ-ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။

၇။ ဂ-ဝါကျ၌ ဌပိတာ-ဟူ၍လည်းကောင်း၊ ဌပိတာနိ-ဟူ၍လည်းကောင်း ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။

၈။ င-ပဌမသိက္ခာပဒံ-၌ နယူပစာကို ဆိုရိုးကျရေးပြပါ။

၁၀။ င-ဝါကျ ဝိနိစ္ဆိနိတဗ္ဗံ-၌ ဓာတွတ္ထကို ရှု၍ ဒေသနာဟာရနေတ္တိနည်း ထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = = =

၂။

### ဂ= သာဘောဂပုစ္ဆာ

ဆရာ-သည် ခ-ဖြင့် ဤမက္ကဋီ ဝဇ္ဇိပုတ္တာစ စသောဂါထာတို့သည် ဘုရားရှင်ကိုယ်တိုင် ဆုံးဖြတ်အပ်ကုန်သော ထိုထိုဝတ္ထုတို့၏ အကျဉ်းချုပ်ဖြစ်သော ဥဒ္ဒါနဂါထာ (သင်္ဂဟဂါထာ) တို့တည်းဟု ဆို၏။ ယင်းဂါထာတို့ကို အဘယ်သူသည် ထားအပ်ပါသနည်း။ ဘုရားရှင်ကိုယ်တိုင် ထားအပ်ပါသလော။ (ဝါ) ရှင်ဥပါလိထေရ် ထားအပ်ပါသလော။ စုဒ်-ကြောင့် (ဂ)မိန့်။

### ဃ- အနုသန္ဓေ

ဤသို့ ဂ-ဝါကျဖြင့် မက္ကဋီ ဝဇ္ဇိပုတ္တာစ-အစရှိသော ဥဒ္ဒါနဂါထာတို့ကို သင်္ဂါယနာတင်မထေရ်တို့ ထားအပ်သည်၏အဖြစ်ကို ပြပြီး၍၊ ယခုအခါ၌ ဝတ္ထုဂါထာ ခေါ် တေန ခေါ် ပန သမယေန အညတရော ဘိက္ခု မက္ကဋိယာ မေထုနံဓမ္မံ ပဋိသေဝိ-စသော နိဒါန်း ဝတ္ထုတို့ကို ပြတတ်သော ပါဠိတို့ကိုကား ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်ကပင် ဥပါလိမထေရ်ထားအပ်သည်၏ အဖြစ်ကို ပြလိုသော ဆရာသည် (ဃ) မိန့်။

http://www.dhammadownload.com



## (စ) အနုသန္ဓေ

ဤသို့ ၎-ဝါကျဖြင့် ဤဝိနီတဝတ္ထုတို့၌ ဟောတော်မူအပ်သော လက္ခဏာကိုကောင်းစွာမှတ်သား၍ ပဌမပါရာဇိကသိက္ခာပုဒ်ကို ဆုံးဖြတ်အပ်၏။ ဒုတိယပါရာဇိက-စသည်တို့၏ ဝိနီတဝတ္ထုတို့၌ ဟောတော်မူအပ်သည့် လက္ခဏာဖြင့် ဒုတိယပါရာဇိကသိက္ခာပုဒ် စသည်တို့ကိုလည်း ဆုံးဖြတ်အပ်ကုန်၏။-ဟု ပြပြီး၍၊ ယခုအခါ၌ ယင်းဆိုခဲ့ပြီးသော စကားရပ်ကိုပင် အကြောင်း, ယုတ္တိဖြင့် ခိုင်မြဲစေလိုသော ဆရာသည် (စ) မိန့်။

၃။ ခ = ဝိသဇ္ဇနာပက္ခန္တရဝါကျ။ ဂ=ဝါကျာရမ္ဘ။ ဃ= ပက္ခန္တရဝါကျ။ (ဝါ). ဝါကျာရမ္ဘ။ င=လဒ္ဓဂုဏ်။ စ=ကာရဏ။ (မအူ+ ဘာသာဋီကာ) (ဝါ) ယုတ္တိဒဠှီကရဏ။ (ယောဇနာ+ ဘာသာဋီကာ)

**တစပ်** (ခ) **ဣမာ-ကား** တို့ကို--ကြောင့်--ဌပိတာ-၌ ဝုတ္တကံ / ဝုတ္တကံ၏ကြိယာစပ် (ဘာသာဋီကာ)
**(တနည်း) ဣမာ**-ကား-တို့သည်-ကြောင့် ဥဒ္ဒါနဂါထာ နာမ-၌ တုလျတ်/လိင်တ်စပ်။ (ဘာသာဋီကာ)
(ဂ) **တာနိ ဝတ္ထူနိ-ကား**-တို့ကို-ကြောင့် ဥဂ္ဂကိုဿန္တိ-၌ အဝုတ္တကံ/အဝုတ္တကမ္မ် စပ် (ဘာသာဋီကာ)
**(တနည်း) တာနိ ဝတ္ထူနိ-ကား**--တို့ကို--ကြောင့် ဌပိတာနိ-၌ ဝုတ္တကံ/ဝုတ္တကံ၏ ကြိယာစပ်။ (မအူသျှ)

၄။ ဝိနီယန္တေ ဝိနိစ္ဆိယန္တေတိ ဝိနီတာနိ။ ဝသန္တိ ဧတ္ထာတိ ဝတ္ထူနိ။
ဝိနီတာနိ+ ဝိနိစ္ဆိတာနိ+ ဝတ္ထူနိ ဝိနီတဝတ္ထူနိ။ (သာရတ္ထ။ မအူသျှ)
ဝိနီတ-ဟူသော ဝိသေသနပုဒ်အရကား--မြတ်စွာဘုရားကိုယ်တိုင် ဆုံးဖြတ်အပ်ကုန်သည်၏ အဖြစ်တည်း ဟူသော ဂုဏ်သည် မှဉ်။
ထို၏ + ထိုထိုအကြောင်းအရာဝတ္ထုတို့နှင့် ဂုဏ် + ဂုဏီး စပ်ဒွာနှူ။
ဝိနီတဝတ္ထု-ဟူသော ပုဒ်လုံးအရကား--မြတ်စွာဘုရားကိုယ်တိုင် ဆုံးဖြတ်အပ်ကုန်သော အကြောင်းအရာ ဝတ္ထုတို့ ရ၏။

### ဝစနတ္ထမှတ်ဘွယ်

တံတံ ဝတ္ထုံ ဥဒ္ဒရိတ္တွာ+ဒေန္တိ ဒဿေန္တီတိ ဥဒ္ဒါနာနိ။ ဥဒ္ဒါနာနိ စေဝ+ဂါထာ ဥဒ္ဒါနဂါထာ။ (မအူသျှ)
**(တနည်း)** ဥဒ္ဒါနဘူတာ + ဂါထာ ဥဒ္ဒါနဂါထာ။ (ဝိမတိ။)

◆ **တံတံ ဝတ္ထုံ ဥဒ္ဓရိတွာ ဒါနတော ဒဿနတော ဥဒ္ဒါနဘူတာ ဂါထာ ဥဒ္ဒါနဂါထာ၊ သင်္ဂဟဂါထာ ဥဒ္ဒေသ ဂါထာတိ ဝုတ္တံ ဟောတိ၊ (ဝိမတိ)**

**အမှာ** ဘာသာဋီကာ၌ ကား--ဥဒ္ဒံ ဒါတိ ရက္ခတီတိ ဥဒ္ဒါနံ-ဟုပြုသည်
ဥဒ္ဒံ = အထက်ဖြစ်သော နောက်ကာလ၌။ ဒါတိ-ရက္ခတိ = (ဘုရားရှင်ဆုံးဖြတ်တော်မူအပ်သော ဝိနီတဝတ္ထုတို့ကို မပျောက်ပျက်အောင်) စောင့်ရှောက်တတ်၏။ ဟု-ပေး။
သိပ္ပံ ဇာနန္တီတိ သိပ္ပိကာ။

၅။ **ဝိနိစ္ဆိတာနံ** = ဝိ+နိ+စိ+တ။ **ဘာဂဓါ** = ဘန္ဓ+တဝန္တု။ (ဝါ) ဝိ+ဘဇ+တဝန္တု။ (ဝါ) ဘဇ+တဝန္တု။
**ဂါထာ** = ဂေ + ထက်။ ဂါယတီတိ ဂါထာ။ (ဏွာဒိ) ဂန္ထေတီတိ ဂါထာ။ (သာရတ္ထ)
**ဥဒ္ဒါန** = ဥ + ဒါ + ယု။ **ထေရ** = ထိရ + ဏ။

၆။ (ခ) ဘဂဝတာ သယံ ဝိနိစ္ဆိတာနံ ဝတ္ထူနံ-ဖြင့် ဝိနီတဝတ္ထု-၌ ဝိနီတ-ဝယ်-ဝိ-ရှေး+ နီဓာတ်၏ ဆုံးဖြတ်ခြင်းအနက်ဟော-လည်းကောင်း၊ ဝိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကိုလည်းကောင်း၊ ဝိနီယန္တေ ဝိနိစ္ဆိယန္တေတိ ဝိနီတာနီဟုပြု-လည်းကောင်း၊ တ-ပစ္စည်း ကမ္မသာဓန အနက်၌သက်--

http://www.dhammadownload.com



လည်းကောင်း၊ ဝိနီတာနိ+ဝတ္ထူနိ+ဝိနီတဝတ္ထူနိ-ဟု ကမ္မဓာရယ်ပြု-လည်းကောင်း၊ ဆုံးဖြတ်၏ဟူသည် မြတ်စွာဘုရားကိုယ်တိုင် ဆုံးဖြတ်တော်မူသည်၏အဖြစ်ကို လည်းကောင်း သိစေ။

တေသံတေသံ-ဖြင့် ဝတ္ထု-ဟူသည် မဏ္ဍင်္ဂီဝတ္ထု-အစရှိသော ထိုထိုအကြောင်းဝတ္ထု အလုံးစုံပင် တည်းဟု သိစေ။

## ၇။ (ဂ) ဥဒ္ဒိတာ + ဥဒ္ဒိတာနိ

ဝိနယဓရော တာနိ ဝတ္ထူနိ သုခံ ဥဂ္ဂဏှိဿန္တိ ဇာတိ မနသိကတွာ ဓမ္မသင်္ဂါဟကတ္ထေရေဟိ **ဣမာဂါထာ ဥဒ္ဒိတာတိ** သမ္ဗန္ဓော-ဟု ယောဇနာဆိုသောကြောင့်လည်းကောင်း, တာနိဝတ္ထူနိ-သည် ဥဂ္ဂဏှိဿန္တိ၏ ကံ-တည်း။ ဥဒ္ဒိတာ-၏ ကံ-ကား "ဣမာဥဒ္ဒါနဂါထာ"တည်း။ ထိုကြောင့် ဥဒ္ဒိတာနိ-ဟု မရှိစေသင့်။ (ဥဒ္ဒိတာ-ဟုသာရှိရမည်) ဤသို့ ဘာသာဋီကာ။ (ဒု။၄၅၁) ဆိုသောကြောင့်လည်းကောင်း, ဝိနီတဝတ္ထုတို့ကို ဓမ္မသင်္ဂါဟကထေရ်ဆရာများထားကြကုန်သည်ကားမဟုတ်။ ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကပင် ရှင်ဥပါလိမထေရ်ထားသည်။ ယင်းတို့ကား ဗုဒ္ဓဘာသိတတို့သာ ဖြစ်သည်။ ဓမ္မသင်္ဂါဟကထေရ်တို့ကား (ထိုဝိနီတဝတ္ထုတို့ကို ဝိနည်းဓိုရ်များလွယ်ကူစွာ ဆောင်ထားဘို့ရာ) မဏ္ဍင်္ဂီဝဇ္ဇီပုတ္တာစ-အစရှိသော ဥဒ္ဒါနဂါထာတို့ကိုသာ ထားကြသည်။ ထိုကြောင့်လည်းကောင်း **ဥဒ္ဒိတာ**-ဟု ရှိသောပါဠ်သာ သင့်သည်။

**အမှာ** မအူနိသျ-၌ကား တာနိဝတ္ထူနိ-ကို ဥဒ္ဒိတာနိ-၌ ကမ္မ/ကမ္မိ-အဖြစ်ဖြင့် စာစပ်၍ အနက်ပေးသည်။

### ဃ=ဝတ္ထုဂါထာပန။ ဝတ္ထုကထာပန

ဝတ္ထုဂါထာတိ "တေနခေါ ပန သမယေန အညတရော ဘိက္ခုတီ"တိ အာဒိကာ နိဒါနဝတ္ထုဒီပကာ ဝိနီတဝတ္ထုပါဠိယေဝ တေသံတေသံ ဝတ္ထူနံ ဂန္ထနတော "ဝတ္ထုဂါထာ"တိ ဝုတ္တာ။ န သင်္ချာဝိစိတ်လက္ခဏေန။ ဂါထာနံ+ဝတ္ထု ဝတ္ထုဂါထာတိ ဧဝံ ဝါ ဧတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။ (သာရတ္ထ။ ဒု။ ၉၉) (ဝိမတိ။၁၅၃) တို့ကိုထောက်၍-ဂန္ထေတီတိ ဂါထာ။ ဝတ္ထူနံ+ဂါထာ ဝတ္ထုဂါထာဟု ဝစနတ္ထပြု၍ ပြီးသောကြောင့်လည်းကောင်း (တနည်း) ဂါထာနံ + ဝတ္ထု ဝတ္ထုဂါထာဟု ဝစနတ္ထပြု၍ ဂါထာဝတ္ထုဟု ဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဂါထာနှင့်ဝတ္ထုကို ရှေး + နောက်ပြန်၍ ဝတ္ထုဂါထာဟု ရုပ်ပြီးသောကြောင့် လည်းကောင်း , ဝတ္ထုဂါထာ-သာသင့်သည်။ ဝတ္ထုကထာ-ကားမသင့်။

### ဝိနိစ္ဆိနိသဿန္တိ + ဝိနိစ္ဆိဿန္တိ

ကီယာဒိဂိုဏ်းအရာဖြစ်၍ ဝိနိစ္ဆိနိဿန္တိ-သာသင့်သည်။ ဝိနိစ္ဆိဿန္တိ-ကား မသင့်။

## ၈။ ပဉ္စမသိက္ခာပဒ်

အကြောင်း-မေထုနဝိရတိ, မေထုနသံဝရဟူသောအနက်၏ "**သိက္ခာပဒံ**" ဟူသော အမည်ကို အကျိုးဖြစ်သော-ယောပန ဘိက္ခုအစရှိသော (ပဉ္စမပါရာဇိက) ပုညတ္တိသဒ္ဒါ၌တင်--ကာရဏူပစာ။ နာနန္တရိကနည်း။ (သိက္ခာပဒံအဖွင့်ပြန်ရှု)

၁၀။ **ဝိနိစ္ဆိနိတဗ္ဗံ**-၌ ဝိဗျေး+နိဗျေး+စိ-ဓာတ်အရ ဝိနည်းဓိုရ်ပုဂ္ဂိုလ်၏ ဝိနယဝိနိစ္ဆယကောသလ္လဉာဏ် ပြဒ္ဒါန်းသော ကုသိုလ်, ကြိယာစိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

40A

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၈၇)

(က) ဥပ္ပလဝဏ္ဏာတိ သာထေရီ သာဝတ္ထိယံ သေဋ္ဌိဓီတာ သတသဟဿကပွေ အဘိနီဟာရသမ္ပန္နာ။
(ခ) တဿာ ပကတိယာပိ အတိဒဿနီယာ နီလုပ္ပလဝဏ္ဏာ ကာယစ္ဆဝိ။
(ဂ) အဗ္ဘန္တရေ ပန ကိလေသသန္တာပဿ အဘာဝေန အတိဝိယ ဝိရောစတိ၊
(ဃ) သာ တာယေဝ ဝဏ္ဏပေါက္ခရတာယ "ဥပ္ပလဝဏ္ဏာ"တိ နာမံ လဘိ။
(ဍ။ ၂၃၇။ သာရတ္ထ။ ဒု။ ၁၀၀။ ဝိမတိ။ ၁၅၄။ မအူသျှ။ တ။ ၂၅၅။ ဘာသာဋီ။ ဒု။ ၄၅၃။)

၁။ အထက်ပါ ဝါကျတို့ကို နိဿယကျကျ အနက်သမ္ပန်ပါ။
၂။ ခ-အနုသန္ဓေတက်၍ ဂ-ဝါကျကို သာဘောဂပုစ္ဆာတက်ပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြ အမည်ပေးပါ။
၄။ က-၌ အဘိနီဟာရသမ္ပန္နာ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဉာသ်နည်း ကောက်ပါ။
၅။ ထေရီ၊ သေဋ္ဌိ၊ ဥပ္ပလ၊ ပေါက္ခရ၊ ဆဝိ-တို့ကို ဓာတု၊ ပစ္စယ ဝေဘန်ပါ။
၆။ ခ-ဂ-ဃ-တို့ကို အာ+သံ။
၇။ ဂ-၌ ဝဏ္ဏပေါက္ခရတာယ+ဝဏ္ဏသမ္ပန္နပေါက္ခရတာယ-နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ ခ-ဝါကျ နီလုပ္ပလဝဏ္ဏာ-၌ ရနိုင်သမျှ နယူပစာရတို့ကို အကြောင်းပြဖြေပါ။
၁၀။ အဘိနီဟာရ-ကို ကိုယ်ပြု၍ ပဒဋ္ဌာနဟာရနေတ္တိထုတ်ပါ။

================================

၂။ **(ခ) အနုသန္ဓေ**

ဤသို့ (က)ဖြင့် ဥပ္ပလဝဏ္ဏာ-ဟူသည် သာဝတ္ထိပြည်၌ သူဌေးသမီးတည်း၊ ကမ္ဘာတစ်သိန်းအထက်၌ ဆုတောင်းမှုနှင့်ပြည့်စုံသော ထေရီမတည်း-ဟု အဓိပ္ပါယတ္ထ၊ အဘိဓေယျတ္ထကို ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းဥပ္ပလဝဏ္ဏာပုဒ်၏ ဝစနတ္ထအဘိဓာနတ္ထနှင့် ဥပ္ပလဝဏ်ထေရီမ၏ ပင်ကိုယ်ပကတိအားဖြင့် လှပတင့် တယ်ပုံကို ပြလိုသောဆရာသည် (ခ) မိန့်။

**(ဂ) ပုစ္ဆာ**

ဆရာ-သည် (ခ)ဖြင့် ဥပ္ပလဝဏ်ထေရီမသည် အလွန်ရှုချင်စဖွယ်ကောင်းသော ကြာညိုအဆင်းနှင့် တူသော ကိုယ်ရေအဆင်းရှိ၏-ဟု ပင်ကိုယ်ပကတိအားဖြင့် လှပပုံကို (ဝါ) ရူပကာယ၏ လှပတင့် တယ်ပုံကို ပြဆို၏။ ထေရီမသည် ပင်ကိုယ်ပကတိအားဖြင့်သာ လှပတင့်တယ်ပါသလော၊ (ဝါ) ရူပကာယသာ လှပတင့်တယ်ပါသလော။ ဝိကတိအားဖြင့် အဘယ်သို့မှတ်ရပါမည်နည်း။ (ဝါ) နာမကာယ ကား-အဘယ်သို့ သဘောရှိပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) အနုသန္ဓေ**

ယခုအခါ၌ ဥပ္ပလဝဏ်အမည်ရခြင်း၏အကြောင်း-သကတ်နာမလာဘဟိတ်ကို ပြလိုသောဆရာသည် (ဃ) မိန့်။

http://www.dhammadownload.com



၃။ ၁-ပက္ခန္တရ။ (ဝါ) ဝါကျာရမ္ဘ။ ဂ-ပက္ခန္တရ (မအူ) ဝါကျာရမ္ဘ။ (ဘာသာဋီကာ) ယ-ဝါကျာရမ္ဘ။

၄။ အဘိနီဟရတိ စေတေနာတိ အဘိနီဟာရော။ သမ္မုစ္စတီတိ သမ္ဗန္ဓာ။

အဘိနီဟာရေန + သမ္ဗန္ဓာ အဘိနီဟာရသမ္ဗန္ဓာ။

အဘိနီဟာရ-အရကား--(မိမိစိတ်ကို သာဝကပါရမီဉာဏ်သို့) ရှေးရှုဆောင်ကြောင်းဖြစ်သော ဆုတောင်းမှုသည် မှချ။ ထို၏ + ဥပ္ပလဝဏ်ထေရီမနှင့် ဂုဏ် + ဂုဏေးစပ်---ဌာန္ဟု--၏။

အဘိနီဟာရသမ္ဗန္ဓ-ပုဒ်လုံး အရကား---ဆုတောင်းမှုနှင့် ပြည့်စုံသော ဥပ္ပလဝဏ်ထေရီမ ရ၏။

**အမှာ** မအူနိဿယအလို---အဘိနီဟရဏံ အဘိနီဟာရော။ (ဆုတောင်းခြင်းရ၏)

အဘိနီဟာရေန+သမ္ဗန္ဓာ အဘိနီဟာရသမ္ဗန္ဓာ-ဟုပြု။

## ဝစနတ္ထမှတ်ဘွယ်

သတေန + ဂုဏိတံ + သဟဿံ သတသဟဿံ။

သတသဟဿဥ္စ + တံ + ကပ္ပေါ်စာတိ သတသဟဿကပ္ပေါ။

ဒဿနာယ + ယောဂ္ဂါ ဒဿနီယာ။ (မအူ) **တနည်း**-ပဿိတဗ္ဗာတိ ဒဿနီယာ။

အတိဝိယ ဒဿနီယာ အတိဒဿနီယာ။

အတိရေကဘောဂုဏ်၏ +ရှုချင်စဖွယ်ကောင်းသောကိုယ်ရေနှင့် ဂုဏ်+ဂုဏေးစပ်။ ဝိသေသနဆက်ကောက်။

နီလဥ္စ+တံ+ဥပ္ပလဉ္စာတိ နီလုပ္ပလံ။ နီလုပ္ပလဿ+ဝဏ္ဏော နီလုပ္ပလဝဏ္ဏော။

နီလုပ္ပလဝဏ္ဏောဝိယ + ဝဏ္ဏော + ဧတိဿာတိ နီလုပ္ပလဝဏ္ဏာ။ (ကာယစ္ဆဝိရ၏)

ဆာဒေတီတိ ဆဝိ။ (ဆဒ+ရဝိ) ကာယဿ+ဆဝိ ကာယစ္ဆဝိ။

ကိလေသာနံ သန္တာပေါ ကိလေသသန္တာပေါ။

ပေါက္ခရဿ ဥပ္ပလဿ + ဝဏ္ဏော ဝဏ္ဏပေါက္ခရော။ (ဝိသေသနပရနိပါတ)

ဝဏ္ဏပေါက္ခရောဝိယ+ဝဏ္ဏော+ ဧတိဿာတိ ဝဏ္ဏပေါက္ခရာ။

ဝဏ္ဏပေါက္ခရာယ+ဘာဝေါ ဝဏ္ဏပေါက္ခရတာ။ (မအူသျှ)

## မအူနိဿယအလိုအနက်

ဝဏ္ဏပေါက္ခရတာယ=ထိုညီသော ကြာ၏အဆင်းကဲ့သို့သော အဆင်းရှိသည်၏ အဖြစ်ကြောင့် သာလျှင်။

**(တနည်း)** ပေါက္ခရဿ (သုန္ဒရဿ) ဘာဝေါ ပေါက္ခရတာ။ (ပေါက္ခရသဒ္ဒါ သုန္ဒရအနက်ဟော)

ဝဏ္ဏဿ+ ပေါက္ခရတာ ဝဏ္ဏပေါက္ခရတာ။ (ဤကား သာရတ္ထပဌမနည်း)

**(တနည်း)** ဝဏ္ဏဥ္စ+ပေါက္ခရဥ္စ ဝဏ္ဏပေါရက္ခရာနိ။ ဝဏ္ဏပေါက္ခရာနံ+ဘာဝေါ ဝဏ္ဏပေါက္ခရတာ။

ပေါက္ခရသဒ္ဒါ ဒေဟအနက်ဟော) (ဤကား သာရတ္ထဒုတိယနည်း)

**(တနည်း)** ဝဏ္ဏသမ္ပန္နံ+ပေါက္ခရံ ဝဏ္ဏပေါက္ခရံ။ (သမ္ပန္န နောက်ပုဒ်ကျေ)

ဝဏ္ဏပေါက္ခရဿ+ဘာဝေါ ဝဏ္ဏပေါက္ခရတာ။ (ဤကား သာရတ္ထတတိယနည်း)

## သာရတ္ထအလိုအနက်သုံးမျိုး

ဝဏ္ဏပေါက္ခရတာယ=အဆင်း၏ကောင်းသည်၏အဖြစ်ကြောင့် (သဒ္ဒတ္ထ)အဆင်းနှင့်ပြည့်စုံခြင်းကြောင့် (အဓိပ္ပါယတ္ထ)

http://www.dhammadownload.com



**(တနည်း)** ဝဏ္ဏပေါက္ခရတာယ=အဆင်း၊ ကိုယ်တို့၏အဖြစ်ကြောင့် (သဒ္ဒတ္ထ) စင်ကြယ်သော အဆင်းနှင့် ကိုယ်သဏ္ဌာန်၏ ပြည့်စုံခြင်းကြောင့်။ (အဓိပ္ပါယတ္ထ)
**(တနည်း)** ဝဏ္ဏပေါက္ခရတာယ=အဆင်းနှင့် ပြည့်စုံသော ကိုယ်၏အဖြစ်ကြောင့်။ (သဒ္ဒတ္ထ)
**ဝိမတိဋီကာ** (၁၅၄)၌ကား--ဝဏ္ဏပေါက္ခရတာယာတိ ဧတ္ထ ပေါက္ခလံ နာမ သမိဒ္ဓံ သုန္ဒရဉ္စ၊ တဿ ဘာဝေါ "ပေါက္ခရတာ" တိ ရ-ကာရံ ကတွာ ဝုတ္တော၊ သမိဒ္ဓတာ သုန္ဒရတာတိ အတ္ထောဟု ဖွင့်သည်။ ယင်းအလို ဝဏ္ဏပေါက္ခရတာယ=အဆင်း၏ ပြည့်စုံကောင်းမွန်သည်၏ အဖြစ်ကြောင့်-ဟုပေး။ ပေါက္ခရ-ကား ပေါက္ခလ-ဟု ဆိုလိုလျက် ရ-ကို လ-ပြု၍ ပေါက္ခရ-ဟု ပြီးသည်။ ပေါက္ခလ-သဒ္ဒါ သမိဒ္ဓိ၊ သုန္ဒရ အနက်ဟော။

၅။ ထေရီ = ထိရ+ဏ။ ထိ-ဤ။ (ဝါ) ဌာ+ဋ္ဌရ+ထီ-ဤ။ ဆေဋ္ဌီ = သံ+သေ+တိ။
**ဓိတာ**.= ဓာ+ရိတု။ ဥပ္ပလ = ဥ+ ပလ+ကွိ။ (ဝါ) ဥ+ပါ+အလ။ (ဝါ) ဥ+ပလဝ+ကွိ။

◆ **တံတံ ဌာနံ ဥပလတိ ဂစ္ဆတီတိ ဥပ္ပလံ၊ ဥပုဗ္ဗ-ပလ၊ ဂတိယံ၊ ကွိ၊ ဒွိတ္တံ၊ (ဒီပနီ)**
**ဥဒကံ ပိဝတီတိ ဥပ္ပလံ၊ (မောဂ္ဂလာယနဝုတ္တိ၊) +ဥဒကေ ပ္လဝတီတိ ဝါ ဥပ္ပလံ၊ ယဒါဒိ၊ (သူစိ)**
**ပေါက္ခရ=ပုသ+ခရ။ ဆဝိ=ဆဒ+ရဝိ။**

၆။ နီလုပ္ပလဝဏ္ဏာ-ဖြင့် ဥပ္ပလဝဏ္ဏာ-၌ ဥပ္ပလ-အရ ကြာညိုကို ယူ-လည်းကောင်း၊ ဥပ္ပလဿ+ ဝဏ္ဏော ဥပ္ပလဝဏ္ဏော၊ ဥပ္ပလဝဏ္ဏောဝိယ+ဝဏ္ဏော+ဧတိဿာတိ ဥပ္ပလဝဏ္ဏာ-ဟု စတုတ္ထီဗဟုဗ္ဗီဟိ--ပြု-လည်းကောင်း သိစေ။

ပကတိယာပိ အတိဒဿနီယာဖြင့် ထို ထေရီမသည် (ကိလေသာပူပန်ခြင်း မရှိသောကြောင့်သာ မဟုတ်) မပြုမပြင် ပင်ကိုယ်ပကတိအားဖြင့်လည်း အလွန်အဆင်းလှသည်၏ အဖြစ်ကို သိစေ။

တဿာ ကာယစ္ဆဝိ-ဖြင့် ကြာညိုပန်း အဆင်းနှင့်တူသော အဆင်းရှိ၏-ဟူသည် ထိုထေရီမ၏ ကိုယ်ရေ အဆင်းပင်တည်းဟု သိစေ။

(ဂ) ဝါကျဖြင့် (မပြုမပြင် ပင်ကိုယ်ပကတိအားဖြင့်သာမဟုတ်) ကိုယ်တွင်း၌ ကိလေသာ အပူမရှိခြင်း ကြောင့်လည်း အလွန်လှပတင့်တယ်၏ဟု သိစေ။

(ဃ) ဝါကျဖြင့် ထိုထေရီမသည် အဆင်းကောင်းသည်၏ အဖြစ်ကြောင့် ဥပ္ပလဝဏ္ဏမည်သတည်း-ဟု သိစေ။ (သာရတ္ထအလို)
**(တနည်း)** ဃ-ဝါကျဖြင့် ဥပ္ပလဝဏ္ဏာပုဒ်ကို ဥပ္ပလဿ+ဝဏ္ဏော ဥပ္ပလဝဏ္ဏော၊ ဥပ္ပလဝဏ္ဏော ဝိယ+ ဝဏ္ဏော+ဧတိဿာ ထေရိယာတိ ဥပ္ပလဝဏ္ဏာ-ဟု ဝစနတ္ထပြုရမည်ဟု သိစေ။ (ဤကား မအူသျှအလို)

## ၇။ (ဃ) ဝဏ္ဏပေါက္ခရတာယ+ဝဏ္ဏသမ္ပန္နပေါက္ခရတာယ

ဝဏ္ဏသမ္ပန္နံ ပေါက္ခရံ ဝဏ္ဏပေါက္ခရန္တိ ဥတ္တရပဒလောပေါ ပုဗ္ဗပဒဿ ဒဋ္ဌဗ္ဗော။ တဿ ဘာဝေါ ဝဏ္ဏပေါက္ခရတာ။ တာယ ဝဏ္ဏပေါက္ခရတာယ။ သာရတ္ထ။ ဒု။ ၁၀၀။ ထောက်၍ ဝဏ္ဏသမ္ပန္န ပေါက္ခရ တာယဟု ဆိုလိုလျက် သမ္ပန္န-ဟူသော နောက်ပုဒ်ကိုချေ၍ ရုပ်ပြီးသောကြောင့် ဝဏ္ဏပေါက္ခရတာယဟု ရှိသောပါဌ်သာ သင့်သည်။

http://www.dhammadownload.com



## နီလုပ္ပလဝဏ္ဏာ

၈။ အတူဖြစ်သော ကြာညိုအဆင်း၏ "နီလုပ္ပလဝဏ္ဏာ"-ဟူသောအမည်ကို အတူရှိသောထေရီမ၏ ကိုယ်ရေအဆင်း၌တင် သဒိသူပစာ။

(တနည်း) ကြာညိုအဆင်းတည်းဟူသော ဂုဏ်၏ "နီလုပ္ပလဝဏ္ဏာ"ဟူသော အမည်ကို ဂုဏေးဖြစ်သော ထေရီမ၏ ကိုယ်ရေအဆင်း၌ တင် ဂုဏူပစာ။

ကြာညိုအဆင်းတည်းဟူသော မကင်းတတ်သည်ကိုဆိုသဖြင့် ထေရီမ၏ ကိုယ်ရေအဆင်းတည်းဟူသော မကင်းရာကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။

**မှတ်ချက်** နီလုပ္ပလဝဏ္ဏာကို တပ္ပုရိသ်သမာသ် ဝစနတ္ထပြုခိုက်၌သာ ဂုဏူပစာ၊ သဒိသူပစာရသည်။ ဗဟုဗ္ဗီဟိသမာသ် ဆက်ပြုလျှင်ကား ယင်း ဥပစာကြံစရာမလို-ဟုမှတ်။

(တနည်း) ဌာန-မကင်းရာဖြစ်သော ထေရီမ၏ ကိုယ်ရေ (ကာယစ္ဆဝိ)ကို "နီလုပ္ပလဝဏ္ဏာ"ဟု ဆိုသဖြင့် ဌာနီ-မကင်းတတ်သော ကြာညိုအဆင်းနှင့်တူသော အဆင်းဖြဒ်ကိုလည်း ရသောကြောင့် ဌာနူပစာ/ နာနန္တရိကနည်း။

**မှတ်ချက်** ဤကား နီလုပ္ပလဝဏ္ဏာကို ဗဟုဗ္ဗီဟိသမာသ်ယူ၍ "ဗဟုဗ္ဗီဟိ၊ အဿတ္ထိ-ဟု ရှိသည့်အရာ၊ သဘောမှာ၊ နာနန္တရိကယူမြဲ"ဟူသော ဘုရားကြီး နိယံနှင့်အညီ နယူပစာ ကြံခြင်း ဖြစ်သည်။

## ဥပ္ပလဝဏ္ဏာ

အပေါင်းဖြစ်သော ကြာမှန်သမျှ၏ "ဥပ္ပလ"ဟူသော အမည်ကို အစိတ်ဖြစ်သော ကြာညို၌ တင် ကေဒေသျူ။

## ပေါက္ခရ

အပေါင်းဖြစ်သော ပဒုမ၊ ဒေဟ-စသော အနက်(၆)ပါး၏ "ပေါက္ခရ"ဟူသော အမည်ကို အစိတ်ဖြစ်သော သုန္ဒရ၊ ဒေဟအနက်၌ တင် ကေဒေသျူ။

**အမှာ** သာရတ္ထ-၌ ပေါက္ခရ-သဒ္ဒါ သုန္ဒရ၊ ဒေဟ-နှစ်နက် ဖွင့်ပြသည်။

၁၀။ **အဘိနီဟာရ**-အရ ဘဝပတ္ထနာ တဏှာကိုယူ၍ ထို၏ ပဒဋ္ဌာန်ကား-သမတ္တိစက် လေးပါးတည်း။ ထို၏ ပဒဋ္ဌာန်ကား ယောနိသောမနသိကာရတည်း။ (တနည်း) ဘဝပတ္ထနာ၏ ပဒဋ္ဌာန်ကား အဝိဇ္ဇာတည်း။ ထို၏ ပဒဋ္ဌာန်ကား အယောနိသောမနသိကာရတည်း။ ဤသို့ စသည်ဖြင့် အောက်သက် ဩရုယျာရုယှအားဖြင့် လည်းကောင်း၊ ထိုဘဝပတ္ထနာသည် သေဋ္ဌိဓီတာ-ဖြစ်ခြင်း၏ ပဒဋ္ဌာန်တည်း။ ထိုသည် အတိဒဿနီယ၏ ပဒဋ္ဌာန်တည်း။ ထိုသည် ဥပ္ပလဝဏ္ဏ ဖြစ်ခြင်း၏ ပဒဋ္ဌာန်တည်း။ ထိုသည် ကိလေသသန္တာပ မရှိခြင်း၏ ပဒဋ္ဌာန်တည်း။ ထိုသည် အနုပါဒိသေသနိဗ္ဗာန်၏ ပဒဋ္ဌာန်တည်း။ ဤသို့ အထက်တက် အာရုယှာရုယှအားဖြင့် လည်းကောင်း ပဒဋ္ဌာန်ကို ထုတ်ခြင်းသည် ပဒဋ္ဌာနဟာရမည်၏။

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၈၈)

(က) ဣတ္ထိလိင် ပါတုဘူတာနိ ရတ္တိဘာဂေ နိဗ္ဗုံ ဩကန္တန္တဿ ပုရိသသဏ္ဍာနံ မဿုဒါဌိကာဒိ သဗ္ဗံ အန္တရဟိတံ၊ ဣတ္ထိသဏ္ဍာနံ ဥပ္ပန္နံ။

(ခ) တမေဝ ဥပဇ္ဈံ တမေဝ ဥပသမ္ပဒံ ဓန္တိ ပုဗ္ဗေ ဂဟိတဥပဇ္ဈာယမေဝ ပုဗ္ဗေ ကတဥပသမ္ပဒမေဝ အနုဇာနာမိ၊

(ဂ) ပုန ဥပဇ္ဈာ န ဂဟေတဗ္ဗာ၊ ဥပသမ္ပဒါ နကာတဗ္ဗာတိ အတ္ထော။

(ဃ) တာနိယေဝ ဓဿာနိတိ ဘိက္ခုဥပသမ္ပဒတော ပဘုတိ ယာဝ ဝဿဂဏနာ၊ တံယေဝ ဝဿဂဏနံ အနုဇာနာမိ၊

(င) န ဣတော ပဋ္ဌာယ ဝဿဂဏနာ ကာတဗ္ဗာတိ အတ္ထော။
(၄။ ၂၃၇။ သာရတ္ထ။ ဒု။ ၆၉။ ဝိမတိ။ ၁၅၄။ မဇ္ဈူသျ။ တ။ ၂၅၇။ ဘာဋီ။ ဒု။ ၄၅၆။)

၁။ ဃ-င-တို့ကို သဗ္ဗနာမ်အစွဲ မှန်စေလျက် အနက်ပေးပါ။
၂။ ဂ-ကို သာဘောဂပုစ္ဆာတက်ပါ။
၃။ ဂ-ဃ-င-တို့ကို အကြောင်းပြအမည်ပေးပါ။
၄။ ပုရိသသဏ္ဍာနံ-ကို အစိတ်အငံပါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကို ဉာသ်နည်းကောက်ပါ။
၅။ ဥပဇ္ဈံ၊ ဥပသမ္ပဒံ၊ မဿု၊ ဒါဌာ၊ အန္တရဟိတံ-တို့ကို ဓာတ်၊ ပစ္စယ ဝေဘန်ပါ။
၆။ က-ခ-ဂ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးခဲ့ပါ။
၇။ ပဌမံ အန္တကာရံ ဟောဝ၊ ပဌမံ အန္တကာရော ဟောတိ။ (၄=၂၃၇) ပါဌ်နှစ်ထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ (က) ပုရိသသဏ္ဍာနံ-၌ နပုံသကပစ္စကို အကြောင်းပြဖြေပါ။
၁၀။ (က) ၌ ဩက္ကန္တဿ-အရကို ဒေသနာဟာရနေတ္တိနည်းထုတ်ပါ။

=====================

၁။ ဣတော ဣတ္ထိလိင်ပါတုဘူတတော=ဤ မိန်းမသဏ္ဍာန်၏ ထင်ရှားဖြစ်ရာဖြစ်သောအခါမှ။ (မဇ္ဈူသျ)

၂။ (ဂ) သာဘောဂပုစ္ဆာ

ဆရာ-သည် (ခ) ဖြင့် တမေဝ ဥပဇ္ဈံ တမေဝ ဥပသမ္ပဒံ-ကို ပုဗ္ဗေ ဂဟိတဥပဇ္ဈာယမေဝ ပုဗ္ဗေ ကတဥပသမ္ပဒမေဝ အနုဇာနာမိဟု ဖွင့်ဆို၏။ ယင်း၌ ဝေ-၏ နိဝတ္တေတဗ္ဗတ္ထကို ဆရာ မပြဆိုပြီလော။ ဝေ-၏ နိဝတ္တေတဗ္ဗတ္ထကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

၃။ ခ-ပက္ခန္တရ။ ဂ-ဝါကျာရမ္ဘ။ ထိုတွင် ပုန ဥပဇ္ဈာ န ဂဟေတဗ္ဗာဖြင့် ပုဗ္ဗေဂဟိတ ဥပဇ္ဈာယမေဝ၏ ဝေတ္ထဖလ နိဝတ္တေတဗ္ဗတ္ထ-ကို ပြသည်။ ဥပသမ္ပဒါ န ကာတဗ္ဗာ-ဖြင့် ပုဗ္ဗေ ကတဥပသမ္ပဒမေဝ-၏ ဝေတ္ထ ဖလနိဝတ္တေ တဗ္ဗတ္ထ-ကို ပြသည်။ ထို့ကြောင့် ရှေး+နောက်ထောက်ဆ ပက္ခ၊ ပက္ခန္တရ။
ဃ-ပက္ခန္တရ။ င-သည် ဝေတ္ထ ဖလ၊ နိဝတ္တေတဗ္ဗတ္ထ-ပြ ဝါကျာရမ္ဘ။

၄။ မာတာပိတူနံ + ဟဒယံ + ပူရေတီတိ ပုရိသော။ သံ ဆုဋ္ဌုံ ဌာတီတိ သဏ္ဍာနံ။
ပုရိသဿ+သဏ္ဍာနံ ပုရိသသဏ္ဍာနံ။

http://www.dhammadownload.com



ပုရိသ - အရ ယောက်ျားဖြစ်သည် မှချ။
ထို၏ + မုတ်ဆိတ်၊ ကျင်စွယ်-စသည်နှင့် ဌာန + ဌာနီ။ သာမိ + သံ-စပ်။
ပုရိသသဏ္ဌာန-ပုဒ်လုံး အရကား---ယောက်ျား၏ သဏ္ဌာန်ဖြစ်သော မုတ်ဆိတ်၊ ကျင်စွယ်-စသည်ရ၏။
ထိုသို့ပင် ရပြားသော်လည်း ပုရိသသဏ္ဌာန်-ပုဒ်သည် ဤ၌ ဖလူပစာ-သဒ္ဒါ ဖြစ်သောကြောင့် မုတ်ဆိတ်၊ ကျင်စွယ်စသော ပုရိသသဏ္ဌာန်၏ အကြောင်းဖြစ်သော ပုရိသဘာဝ ပုရိသဣန္ဒြေသည်သာ ပဓာနအားဖြင့် ရ၏။

## ဝစနတ္ထမှတ်ဘွယ်

မနသာ ဥပေစ္စ + သိဿန် + ဝဇ္ဇာဝဇ္ဇံ +ဈာယတီတိ ဥပဇ္ဈာယော။ ဏ၊ ၎-အယ။
ဂဟိတော+ ဥပဇ္ဈာယော ဂဟိတဥပဇ္ဈာယော။ (မအူ)
ဥပ + ဈေ-ဓာတ် အရကား--တပည့်သားတို့၏ အပြစ်ကြီး၊ အပြစ်ငယ်အသွယ်သွယ်ကို စိတ်ဖြင့်ကပ်၍ ကြည့်ရှု ဆုံးမတော်မူတတ်သော ဥပဇ္ဈာယ်ဆရာ၏ သန္တာန်၌ မေတ္တာ၊ စေတနာ၊ ကရုဏာပြဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ (ရှေးဖလူ။ နောက်ကာရကူ-ကောက်။) က-အရကား---ဥပဇ္ဈာယ်ဆရာရ၏။

၅။ ဥပဇ္ဈံ = ဥပ+ဈေ+အ။ ထိ-ဇောတက-အာ။ ဣတ္ထိလိင်။ ကညာဒိ။ အာကာရန္တ။ (ရူပသိဒ္ဓိ။ ၅၉၉) (မအူသျှ-၌ ကား ရာဇာဒိဂိုဏ်း-ဟူ၏။)

**ဥပသမ္ပဒါ** = ဥပ+သံ+ပဒ+အ။ **အန္တရဟိတံ** = အန္တရ+ဓာ+တ၊ နပုံ၊ စိတ္တာဒိ၊ အကာရန္တ။
**မဿု** =မသ+ဉ၊ နပုံ၊ ရတ္တာဒိ၊ ဥကာရန္တ။ **ဒါဌာ** = ဒံသ+ဌ+ထိ-အာ၊ ဣတ္ထိလိင်၊ ကညာဒိ၊ အာကာရန္တ။
**ဒါဌိကာ** = ဒါဌာ-ပုဒ်+ဣက။ ဒါဌာဝိယ ဇာတာတိ ဒါဌိကာ-ဟု ပြု။

၆။ (က) ဣတ္ထိသဏ္ဌာန်-ဖြင့် ဣတ္ထိလိင်္ဂ-၌ လိင်္ဂသဒ္ဒါသည် အင်္ဂါဇာတ်-ဟူသော အနက်ကိုမဟော၊ သဏ္ဌာန်-ဟူသော အနက်ဟော၏-ဟု သိစေ။

ဥပ္ပန္နံ-ဖြင့် ပါတုဘူတ-သဒ္ဒါ၏ ဥပ္ပန္န အနက်ဟောသည်၏ အဖြစ်ကို သိစေ။

**(တနည်း)** ဥပ္ပန္နံ-ဖြင့် ပါတုဘူတံ-၌ ဘူ-ဓာတ်၏ဖြစ်ခြင်း အနက်ဟော--လည်းကောင်း၊ တ-ပစ္စည်း ကတ္တားအနက်၌သက်-လည်းကောင်း၊ ပါတုဘဝတီတိ ပါတုဘူတံ-ဟု ပြု-လည်းကောင်း သိစေ။

ရတ္တိဘာဂေ။ ပ။ အန္တရဟိတံ-ဖြင့် လိင်ပြန်ရာ၌ ညဥ့်အခါ အိပ်ပျော်နေစဉ် ယောက်ျားသဏ္ဌာန် ဖြစ်သော မုတ်ဆိတ်ကျင်စွယ် အားလုံးကွယ်ပျောက်သည်၏ အဖြစ်ကို သိစေ။

(ခ) ပုဗ္ဗေ ဂဟိတဥပဇ္ဈာယမေဝ-ဖြင့် တမေဝ ဥပဇ္ဈံ-၌ တ-ဖြင့် လိင်မပြန်မီ ရှေးအဘို့၌ ယူခဲ့ဘူးသော ဥပဇ္ဈာယ်ကိုပင် စွဲယူသုံးသပ်သည်၏ အဖြစ်ကိုလည်းကောင်း၊ ဥပဇ္ဈံ-သည် ဥပဇ္ဈာယ်-ဟော ဥပဇ္ဈာယ-သဒ္ဒါ၏ ပရိယာယ်--လည်းကောင်း သိစေ။

ပုဗ္ဗေ ကတဥပသမ္ပဒမေဝ-ဖြင့် နည်းတူ--ဖေါ်လေ။

(ဂ) ဝါကျဖြင့် လိင်ပြန်ခြင်းကြောင့် ထပ်၍ ဥပဇ္ဈာယ်ယူစရာလည်းမလို၊ ပဥ္စင်းခံစရာလည်းမလို-ဟူသော အဓိပ္ပါယ်ကို သိစေ။

## ၇။ ပဌမံ အနုကာရံ ဟောတိ။ ပဌမံ အနုကာရော ဟောတိ

အနုကာရော တမော နိတ္တိ။ (အဘိဓာန်။ ၇၀) နှင့်အညီ အနုကာရ-သည် ပုံ၊ နပုံ-နှစ်လိင် ဆက်ဆံသောကြောင့် လည်းကောင်း၊ ဟောတိ-၌ ကတ္တား/ကတ္တိ စာစပ်ရသောကြောင့် လည်းကောင်း-နှစ်ပါင်ပုံလုံးသင့်သည်။

http://www.dhammadownload.com



၈။ **ပုရိသသဏ္ဌာနံ**

အကျိုးဖြစ်သော မုတ်ဆိတ်၊ ကျင်စွယ်အစရှိသော ယောကျ်ားအသွင်သဏ္ဌာန်၏ "ပုရိသသဏ္ဌာနံ" ဟူသောအမည်ကို အကြောင်းဖြစ်သော ပုရိသဘာဝ၊ ပုရိသိန္ဒြေ၌ တင် ဖလူပစာ/အဝိနာဘာဝနည်း။

**ပုရိသသဏ္ဌာနံ အန္တရဟာယတိ၊ ဣတ္ထိသဏ္ဌာနံ ဥပ္ပဇ္ဇတိ ဖလဿ ဝိနာသုပ္ပါဒဒဿနေန ကာရဏဿပိ ဝိနာ သုပ္ပါဒါ ဝုတ္တာတိ ဒဋ္ဌဗ္ဗံ၊ ပုရိသိန္ဒြိယေ ဟိ နဋ္ဌေ ပုရိသသဏ္ဌာနံ အန္တရဓာယတိ၊ ဣတ္ထိန္ဒြိယေ သမုပ္ပန္နေ ဣတ္ထိသဏ္ဌာနံ ပါတုဘဝတိ။ (သာရတ္ထ။ ၃။ ၁၀၁။)**

**ဣတ္ထိလိင်္ဂံပါတုဘူတံ**

အကျိုးဖြစ်သော သားမြတ်စသော မိန်းမအသွင်သဏ္ဌာန်၏ "ဣတ္ထိလိင်္ဂ"ဟူသောအမည်ကို အကြောင်းဖြစ်သော ဣတ္ထိဘာဝ၊ ဣတ္ထိန္ဒြေ၌တင် ဖလူပစာ/အဝိနာဘာဝနည်း။

၁၀။ ဩက္ကန္တဿ-အရ ညဉ့်အခါ အိပ်ပျော်နေသောရဟန်း၏ ခန္ဓာငါးပါးကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၈၉)

(က) ဒါရုဓီတလိကာ နာမ ကဋ္ဌရူပံ။
(ခ) ယံထာစ ဣမေသု ဒွီသု ၊ ဇဝံ အညေသုပိ ဒန္တရူပပေါတ္ထကရူပလောဟရူပါဒီသု အနုပါဒိန္နကေသု ဣတ္ထိရူပေသု နိမိတ္တေ ၊မထုနရာဂေန ဥပက္ကမန္တဿ အသုစိ မုစ္စတု ဝါ မာ ဝါ၊ ဒုက္ကဋမေဝ။
(ဂ) ကာယသံသဂ္ဂရာဂေန ဥပက္ကမန္တဿာပိ တထေဝ ဒုက္ကဋံ။
(ဃ) မောစနရာဂေန ပန ဥပက္ကမန္တဿ မုတ္တေ သံဃာဒိသေသော၊ အမုတ္တေ ထုလ္လစ္စယန္တိ။
(၄။ ၂၄၁။ သာရတ္ထ။ ၃။ ၁၀၆။ မအူသျ။ တ။ ၂၆၈။ ဘာသာဋီ။ ၃။ ၄၆၆။)

၁။ ခ-ဂ-တို့ကို ဟေတာလင်္ကာရနည်းဖြင့် ကျနစွာ အနက်ပေးပါ။
၂။ ဂ-အနုသန္ဓေ၊ ဃ-ကို သာဘောဂပုစ္ဆာတက်ပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြအမည်ပေး၍ ခ-၌ ဥပက္ကမန္တဿ-ကို သဒ္ဒနယစာစပ်ပါ။
၄။ ဒါရုဓီတလိကာ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ ဒန္တ၊ ပေါတ္ထက၊ လောဟ၊ ကဋ္ဌ၊ ဒါရု-တို့ကို ဓာတု၊ ပစ္စယဝေဘန်ပါ။
၆။ တဿ ဘိက္ခုဿ အင်္ဂဇာတံ ဒီဃံ ဟောတိ လမ္ဗ တိ၊ တသ္မာ လမ္ဗီတိ ဝုတ္တော။
လေပစိတ္တံ နာမ စိတ္တကမ္မရူပံ။ (၄။ ၂၄၁) ကို အာ+သံ။
၇။ ဣတ္ထိရူပေသု၊ ဣတ္ထိရူပေသု-နှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ က-ဒုံဝဏ္ဏေတဗ္ဗ -၌ နယူပစာရကို ဆိုရိုးကျဖြေဆိုပါ။
၁၀။ ဃ-မုတ္တေ-၌ ဓာတွတ္ထကို ကိုယ်ပြု၍ အာဝတ္တဟာရနေတ္တိနည်း ထုတ်ပါ။

==========================

http://www.dhammadownload.com



၁။ (ခ) စ=သက်။ပ။ မုစ္စတုဝါ=စေ။ မာမုစ္စတုဝါ=စေ။ (မောစနရာဂဿ=၏။ အဘာဝတော=ကြောင့်) ဒုက္ကဋမေဝ=သည်သာလျှင်။ ဟောတိ=၏။

(ဂ) ကာယသံသဂ္ဂရာဂေန=ဖြင့်။ ဥပက္ကမန္တဿာပိ=အားလည်း။ တထေဝ=သာလျှင်။ အသုစိ= သည်။ မုစ္စတုဝါ = မာမုစ္စတုဝါ=စေ။ (လိုက်) (မောစနရာဂဿ။ အဘာဝတော။) ဒုက္ကဋံ၊ သည်။ ဟောတိ=၏။ (မအူသျှ)

❖ **ဒုက္ကဋမေဝါတိ မောစနရာဂဿ အဘာဝတော။ တထေဝါတိ မုစ္စတုဝါ မာဝါတိ ဣမမတ္ထံ အတိဒိသတိ။ (သာရတ္ထ။ ၃။ ၁၀၆)**

၂။ **(ခ) ပုစ္ဆာ**

ဆရာ-မြတ်စွာဘုရားသည် ပန်းချီဆေးဖြင့် ရေးအပ်သော မိန်းမရုပ်၊ သစ်သားဖြင့်ထုလုပ်အပ် သော မိန်းမရုပ်တို့၏ နိမိတ်၌ လုံ့လပြုသောရဟန်းအား ဒုက္ကဋ်အာပတ်ဟု ဆုံးဖြတ်တော်မူ၏။ ယင်း အရုပ်နှစ်မျိုးတို့၌သာ လုံ့လပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်ဟု မှတ်အပ်ပါသလော။ ထိုအရုပ် နှစ်မျိုးမှကြွင်းသော သင်္ချိုင်းရုပ်အစရှိသော အနုပါဒိန္နကမိန်းမရုပ်တို့၌ကား အဘယ်သို့ မှတ်အပ်ပါ သနည်း။ စုဒ်ကြောင့် (ခ) မိန့်။

**(ဂ) အနုသန္ဓေ**

ဤသို့ (ခ)ဖြင့် အနုပါဒိန္နကမိန်းမရုပ်တို့၏ နိမိတ်၌ မေထုနရာဂဖြင့် လုံ့လပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်ဟု ပြဆိုပြီး၍ ယခုအခါ၌ ကာယသံသဂ္ဂရာဂဖြင့် လုံ့လပြုသော ရဟန်းအားလည်း ထိုအတူ ဒုက္ကဋ်အာပတ်ပင်ဟု ပြလိုသော ဆရာသည် (ဂ) မိန့်။

**(ဃ) သာဓောဇပုစ္ဆာ**

ဆရာ-သည် ခ-ဂ-နှစ်ဝါကျဖြင့် မိန်းမရုပ်တို့၏ နိမိတ်တို့၌ မေထုနရာဂဖြင့်ဖြစ်စေ၊ ကာယသံသဂ္ဂရာဂဖြင့် ဖြစ်စေ လုံ့လပြုသော ရဟန်းအား ဒုက္ကဋ်အာပတ်ဟု ဆုံးဖြတ်တော်မူ၏။ မောစနရာဂဖြင့် လုံ့လပြုသော ရဟန်းအားကား အဘယ်အာပတ် သင့်ပါသနည်း။ ဒုက္ကဋ်အာပတ်ပင်သင့် ပါသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား-----**မောစနရာဂဖြင့် လုံ့လပြုသော ရဟန်းအား သုက်လွှတ်လျှင် သံဃာဒိသိသ်၊ သုက် မလွှတ်လျှင် ထုလ္လစ္စည်း အာပတ်သင့်၏-ဟူလို။

၃။ ခ-စသည် ပါဠိတော်၌ စေ၊ ပယ်၊ သက် ဝါကျာရမ္ဘ။ ယင်း၌ ဥပမာ၊ ဥပမေယျခွဲ။ ဂ-ပက္ခန္တရ။ ဃ-သည် ကာယသံသဂ္ဂရာဂဖြင့် လုံ့လပြုသော ရဟန်းအား အာပတ္တိဝိနိစ္ဆယမှတပါး မောစနရာဂဖြင့် လုံ့လပြုသော ရဟန်းအား အာပတ္တိဝိနိစ္ဆယကို ပြလိုသောကြောင့် ပက္ခန္တရ။

**တာစပ်** ဥပက္ကမန္တဿ=ကား အား--ကြောင့် ဒုက္ကဋမေဝ ဟောတိ ဝယ် ဟောတိ-၌ သမ္ဗန္ဓ်/သမ္ဗန္ဓ်၏ ကြိယာစပ်။

၄။ ဒရီယတီတိ ဒါရု။ ဓီတာဝိယ ဓီတလိကာ။ (ဓီတု-ပုဒ်+လိက-ပစ္စည်း) (နီတိသုတ္တ) ဒါရုနာ+ကတာ ဓီတလိကာ ဒါရုဓီတလိကာ။

ဒါရု-အရ သစ်သားခြမ်းသည် မှချ။ ထို၏ + မိန်းမရုပ်နှင့် ပကတိ + ဝိကတိ-စပ် ဌာနျူ။

ဒါရုဓီတလိက-ပုဒ်လုံးအရကား---သစ်သားဖြင့် ပြုအပ်သော မိန်းမရုပ်ရ၏။

http://www.dhammadownload.com



**မှတ်ချက်** ယောနော-၌ ဒါရုဝေ+ဓိတာ ဒါရုဓိတာ။ ဒါရုဓိတာဝေ+ဒါရုဓိတလိကာ။ ယဒနုပပန္နာတိ သုတ္တေန လိကပ္ပစ္စယောဟု ရှိသည်။ ဘာသာဋီကာ-၌ကား ဒါရုနာ+ကတာ+ဓိတာ ဒါရုဓိတာ။ ဒါရုဓိတာဝေ ဒါရုဓိတလိကာ။ ဓိတာ-၌ အာ-ကို အ-ရဿပြုဟု ဆိုသည်။

## ဝစနတ္ထမှတ်ဘွယ်

ကဋ္ဌေန+ကတံ+ရူပံ ကဋ္ဌရူပံ။ ဒန္တေန+ကတံ+ရူပံ ဒန္တရူပံ။ ပေါတ္ထကေန+ကတံ+ရူပံ ပေါတ္ထကရူပံ။ လောဟေန+ကတံ+ရူပံ လောဟရူပံ။ ဣတ္ထီနံ+ရူပါနိ ဣတ္ထိ ရူပါနိ။

၅။ **ဒန္တ**=ဒါ+အန္တ။ **ပေါတ္ထက**=ပုသ+ထ။ **သုတ္တ**=က။ **လောဟ**=လု+ဟ။
**ကဋ္ဌ**=ကာသ+တ။ (ဝါ) ကသ+တ။ (ဝါ) ကဋ+ဌ။ **ဒါရု**=ဒရ+ဏု။

၆။ လမ္ဗတိ-ဖြင့် လမ္ဗိ-၌ လမ္ဗ-ဝယ် အ-ပစ္စည်း ကတ္တုသာဓနအနက်၌ သက်--လည်းကောင်း၊ လမ္ဗတီတိ လမ္ဗံ-ဟု ကတ္တုသာဓန ဝစနတ္ထပြု--လည်းကောင်း သိစေ။
ဒီဃံ-ဖြင့် လမ္ဗ-တွဲလျားကျ၏ဟူသည် ဒီဃ-ရှည်ခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို သိစေ။
အင်္ဂဇာတံ-ဖြင့် လမ္ဗိ-၌ လမ္ဗ-အရ အင်္ဂဇာတ်ကို ယူရမည်ဟု သိစေ။
တဿ ဘိက္ခုနော ဝုတ္တောဖြင့် လမ္ဗိ၌ ဤ-ပစ္စည်း အဿတ္ထိအနက်၌ သက်-လည်းကောင်း၊ လမ္ဗံ (ဒီဃံ အင်္ဂဇာတံ) အဿ အတ္ထီတိ လမ္ဗီ-ဟု အဿတ္ထိတဒ္ဓိတ် ဝစနတ္ထပြု-လည်းကောင်း သိစေ။
စိတ္တကမ္မရူပံ-ဖြင့် လေပစိတ္တအရ ပန်းချီဆေးဖြင့် ရေးအပ်သော မိန်းမရုပ်ကို ယူရမည်ဟု သိစေ၊
လိပိတဗ္ဗန္တိ လေပံ။ လေပဥ္စ+တံ+စိတ္တဥ္စာတိ လေပစိတ္တံဟုပြု။
လေပအရ ဆေးဖြင့်ရေးအပ်သည်၏အဖြစ်တည်းဟူသောဂုဏ်သည် မုချ။
ထို၏ + ဆန်းကြယ်သော မိန်းမရုပ်နှင့် ဂုဏ် + ဂုဏေး စပ်---ဌာနူ။
လေပစိတ္တ-အရ ဆေးဖြင့်ရေးဆွဲအပ်သော ဆန်းကြယ်သော မိန်းမရုပ်ရ၏။
ကရီယတီတိ ကမ္မံ၊ စိတ္တေန+ကမ္မံ စိတ္တကမ္မံ။ စိတ္တကမ္မဥ္စ+တံ+ရူပဉ္စာတိ စိတ္တကမ္မရူပံ။
(က) ကဋ္ဌရူပံဖြင့် ဒါရုဓိတလိကအရ သစ်သားဖြင့်ပြုလုပ်အပ်သော မိန်းမရုပ်ကို ယူ-သိစေ။

## ၇။ ဣတ္ထိရူပေသု+ဣတ္ထိရူပေသု

ဟတ္ထိပဒံ ဣတ္ထိရူပံ ဘိက္ခုနိသံယော ဧမှုသာဒါ။ ဧတ္တေစ "ကွစာဒိ မဇ္ဈေုတ္တရာန"န္တိ အာဒိနာ မဇ္ဈေ ဤကာရူ-ကာရာနံ ရဿတ္တံ။ (ရူပသိဒ္ဓိ၊ ၁၉၆။)ဆိုသောကြောင့် ဣတ္ထိရူပံဟု မဇ္ဈေရဿပါဌ်သာသင့်သည်။

## ၈။ ဒါရုဓိတလိကာ

အစိတ်ဖြစ်သော သစ်သားဖြင့်ပြုအပ်သော မိန်းမရုပ် (ကဋ္ဌရူပ)၏ "ဒါရုဓိတလိကာ"ဟူသော အမည်ကို အပေါင်းဖြစ်သော ကဋ္ဌရူပ၊ ပေါတ္ထကရူပ၊ လောဟရူပ-စသော အနုပါဒိန္နက ဣတ္ထိရုပ်တို့၌ တင် ကေဒေသူပစာ။ ဥပလက္ခဏ။ နိဒဿန။ (၁-ဝိကျထောက်)

## လေပစိတ္တ

အစိတ်ဖြစ်သော (စိတ္တကမ္မရူပ) ပန်းချီဆေးဖြင့် ရေးအပ်သော မိန်းမရုပ်၏ "လေပစိတ္တ"အမည်ကို အပေါင်းဖြစ်သော စိတ္တကမ္မရူပ-ဒန္တရူပ-ပေါတ္ထကရူပ-လောဟရူပ-စသော အနုပါဒိန္နက ဣတ္ထိရုပ်တို့၌ တင် ကေဒေသူ၊ ဥပလက္ခဏ။ နိဒဿနနည်း။

၁၀။ မုဋ္ဌော-၌ မုစ-ဓာတ်အရ မောစနရာဂ ပြဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်ကိုယူ၍ ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

http://www.dhammadownload.com



# ဝါကျဥယျာဉ် (၉၀)

(က) ဥပဟတိန္ဒြိယောတိ ဥပဟတကာယပ္ပသာဒေါ ခါဏုကဏ္ဍကမိဝ သုခံ ဝါ ဒုက္ခံ ဝါ န ဝေဒယတိ။
(ခ) အဝေဒယန္တဿာပိ သေဝနစိတ္တဝသေန အာပတ္တိ။
(ဂ) ဆုပိတမတ္တဝတ္ထုသ္မိံ ယော "မေထုနံ ဓမ္မံ ပဋိသေဝိဿာမိ"တိ မာတုဂါမံ ဂဏှိတွာ မေထုနေ ဝိရဇ္ဇိတွာ ဝိပ္ပဋိသာရီ ဟောတိ၊ ဒုက္ကဋမေဝဿ ဟောတိ။
(ဃ) မေထုနဓမ္မဿ ဟိ ပုဗ္ဗ ပယောဂါ ဟတ္ထဂ္ဂါဟာဒယော, ယာဝ သီသံ နပါပုဏာတိ၊ တာဝ ဒုက္ကဋေ တိဋ္ဌန္တိ။
(င) သီသေ ပတ္တေ ပါရာဇိကံ ဟောတိ။
(စ) ပဌမပါရာဇိကဿ ဟိ ဒုက္ကဋမေဝ သာမန္တံ၊ ဋ္ဌတရေသံ တိဏ္ဏံ ထုလ္လစ္စယံ။
(ဆ) အယံ ပန ဘိက္ခု မေထုနဓမ္မေ ဝိရဇ္ဇိတွာ ကာယသံသဂ္ဂံ သာဒိယီတိ ဝေဒိတဗ္ဗော ၁။ တေနာဟ ဘဂဝါ "အာပတ္တိ သံဃာဒိသေသဿာ"တိ။

(၄။ ၂၄၃။ သာရတ္ထ။ ၃။ ၁၀၇။ ဝိမတိ။ ၁၆၀။ မအူသျှ။ တ။ ၂၇၁။ ဘာသာဋီ။ ၃။ ၄၇၀။)

၁။ ဂ-ဃ-တို့ကို ဝါကျအပြန်အလှန် အနက်ယောဇနာပါ။
၂။ ခ-အာဘောဂါယုတ္တစောဒနာ။ ဂ-အန္တောလီနစောဒနာ။ ဃ-အနုသန္ဓေတက်ပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြအမည်ပေး၍ ခ-ဝါကျ အဝေဒယန္တဿာပိ၌ ပိ-၏ အနက်ကိုလည်း ဖော်ပြပါ။
၄။ ဥပဟတကာယပ္ပသာဒေါကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်းဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ သီသ၊ ပတ္တ၊ ခါဏု၊ ကဏ္ဍက၊ ဟတ္ထ-တို့ကို ဓာတု ပစ္စယဝေဘန်ပါ။
၆။ က--ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ က-၌ န ဝေဒယတိ၊ နဝေဒိယတိ-နှစ်ချက်တွင်---အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ သီသံ န ပါပုဏာတိ-၌ သီသံ-ဝယ် နယူပစာရကို ဆိုရိုးကျဖြေပါ။
၁၀။ ဝိပ္ပဋိသာရီ-၌ ဝိပ္ပဋိသာရ-အရ တရားကိုကောက်၍ ဩရုယှော့ရုယှပဒဋ္ဌာနဟာရနေတ္တိနည်းထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = = =

၂။

## (ခ) အာဘောဂါယုတ္တစောဒနာ

ဆရာ-မြတ်စွာဘုရားသည် ဝေဒိယိ ဝါ သော ဘိက္ခဝေ မောဃပုရိသော န ဝါ ဝေဒိယိ၊ အာပတ္တိ ပါရာဇိကဿဟု ဟောတော်မူ၏။ ထိုရဟန်းသည် လေသည်းခြေစသည်တို့ ဖျက်ဆီးအပ်သော ကာယပသာဒရှိသည်ဖြစ်၍ သုခဒုက္ခကို မခံစားသည် (ဝါ) မသိသည် မဟုတ်ပါလော၊ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် (ဝါ) အဘယ်၏ အစွမ်းဖြင့် ယင်း ရဟန်းအား ပါရာဇိက အာပတ်သင့်၏ဟု (ဝါ) အာပတ္တိ ပါရာဇိကဿဟု ဟောတော်မူပါသနည်း။ စုန်ကြောင့် (ခ) မိန့်။

## (ဂ) အန္တောလီနစောဒနာ

ဆရာ-မြတ်စွာဘုရားသည် ဆုပိတမတ္တဝတ္ထု-၌ အာပတ္တိသံဃာဒိသေသဿဟု ဟောတော်မူ၏။ ယင်း ဆုပိတမတ္တဝတ္ထု-၌ မေထုနံ ဓမ္မံ ပဋိသေဝိဿာမီတိ ဆုပိတမတ္တေ ဝိပ္ပဋိသာရီ အဟောသိဟု ဟောတော်မူသောကြောင့် မေထုန်၏ ရှေးအဘို့ဖြစ်သော လုံ့လ၌ ဒုက္ကဋ်အာပတ်ဖြစ်ရာသည်

http://www.dhammadownload.com



မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် "အာပတ္တိ သံဃာဒိသေသဿ"ဟုဟောတော်မူသနည်း။ ဤသို့ အနွောလီန စောဒနာကို နှလုံးသွင်း၍ ယင်းကိုဖြေခြင်းငှာ (ဂ) စသည်မိန့်။

◆ နနု စ ဆုပိတမတ္တာဝတ္ထုသ္မိံ "မေထုနံ ဓမ္မံ ပဋိသေဝိဿာမီတိ ဆုပိတမတ္တေ ဝိပ္ပဋိသာရီ အဟောသိ" တိ ဝုတ္တတ္တာ မေထုနဿ ပုဗ္ဗပယောဂေ ဒုက္ကဋေန ဘဝိတဗ္ဗံ၊ အထ ကသ္မာ "အာပတ္တိ သံဃာဒိသေသဿာ" တိ ဝုတ္တန္တိ ဣမံ အနွောလီနစောဒနံ မနသိကတွာ တံ ပရိဟာရိတုံ "ယော မေထုန" န္တိ အာဒိ အာရဒ္ဓံ။ (သာရတ္ထ)

## (ဃ) အနုသန္ဓေ

ဤသို့ (ဂ)ဖြင့်-မြန်မာပြန်။ ဒုက္ကဋ်အာပတ်သာသင့်၏ဟု ပြဆိုပြီး၍၊ ယခုအခါ၌ ယင်းသို့ ဒုက္ကဋ် အာပတ်သာသင့်ခြင်း၏ အကြောင်းကိုပြခြင်းငှာ (ဝါ) ယုတ္တိအားဖြင့် ခိုင်မြဲစေ၊ ပြီးစေခြင်းငှာ (ဃ)မိန့်။

**အမှာ** ဃ-ပုဏ္ဏာတက်လိုက---အဘယ်ကြောင့် ဒုက္ကဋ်သာ သင့်ပါသနည်း။ မာတုဂါမကို ကိုင်သည်ဖြစ်၍ ကာယသံသဂ္ဂသံဃာဒိသိသ် အာပတ်သင့်သည် မဟုတ်ပါလော-ဟု တက်။

## (စ) အာဘောဂါယုတ္တစောဒနာ

ဆရာ-သည် ဃ-ဝါကျဖြင့် မေထုနမေ့၏ ပုဗ္ဗ ပယောဂဖြစ်သော ဟတ္ထဂ္ဂါဟစသည်တို့သည် မင်္ဂအချင်းချင်း သွင်းခြင်းဟူသော အထွင့်အထိပ်သို့ မရောက်သေးသမျှ ဒုက္ကဋ်အာပတ်၌ တည်ကုန်၏ဟု ဆို၏။ ပါရာဇိက၏ သာမန္တအာပတ်သည် ဒုက္ကဋ်၊ ထုလ္လစ္စည်းအားဖြင့် နှစ်ပါးပြားသည် မဟုတ်ပါလော။ ဆရာစကားသည် အသို့လျှင်သင့်နိုင်ရာ အံ့နည်း။ စုဒ်ကြောင့် (စ) မိန့်။

## (ဆ) ဗျတိရေကာဘောဝစောဒနာ

ဆရာ-သည် ဂ-ဝါကျဖြင့် မြန်မာပြန်-ဒုက္ကဋ်အာပတ်သာသင့်၏ဟု ဆို၏။ ယင်းသို့-ဒုက္ကဋ်အာပတ်သာ သင့်သည်ရှိသော် ဆုပိတမတ္တာဝတ္ထု၌လာသော ထိုရဟန်းအား "အာပတ္တိ ဒုက္ကဋဿ" ဟုသာ ဟောတော်မူသင့်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် "အာပတ္တိ သံဃာဒိသေသဿ"ဟု ဟောတော်မူပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

၃။ က-ပက္ခန္တရ။ ယင်း၌ ခါကုကကုကမိဝ-စသည်ကား ဝါကျာရမ္ဘ။
ခ-ဝါကျာရမ္ဘ။ ဂ-စသည် ပက္ခန္တရ။ ဃ-ကာရဏ။ (မအူ) ယုတ္တိဒဠှီ (ဘာသာဋီကာ)
င-ဝါကျာရမ္ဘ။ စ-ဒဠှီ။ (ဝါ) ကာရဏ။ ဆ-ဝါကျာရမ္ဘ။
**အဝေဒယန္တဿာပိ-၌ အပိ-ကား** သမ္ဘာဝနာ။ ခံစားသော် အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း-ဟူလို။(မအူ)

၄။ ဥပဟညတေ ဝါတပိတ္တာဒီဟီတိ ဥပဟတော။ ကာယောဝ + ပသာဒေါ ကာယပ္ပသာဒေါ။ ဥပဟတော + ကာယပ္ပသာဒေါ + ဧတဿာတိ ဥပဟတကာယပ္ပသာဒေါ။
ဥပဟတကာယပ္ပသာဒအရကား လေသည်းခြေစသည်တို့သည် ဖျက်ဆီးအပ်သော ကာယပ္ပသာဒသည်မှဉ်။ ထို၏ + ရဟန်းနှင့် ဂုဏ် +. ဂုဏေး။ ဌာနီ + ဌာန-စပ် ဌာနူ။
တေအညပုဒ်အရကား လေသည်းခြေစသည်တို့ ဖျက်ဆီးအပ်သော ကာယပ္ပသာဒရှိသော ရဟန်းဒြပ်ရ၏။

## ဝစနတ္ထမှတ်ဖွယ်

ဟတ္ထဿ+ဂါဟော ဟတ္ထဂ္ဂါဟော။
ဟတ္ထဂ္ဂါဟော+အာဒိ+ဧတေသံ ဝေဏိဂ္ဂါဟာဒီနန္တိ ဟတ္ထဂ္ဂါဟာဒယော။

http://www.dhammadownload.com



ပုဗ္ဗ + ပဝတ္တာ + ပယောဂါ ပုဗ္ဗပယောဂါ။ သံသဇ္ဇနံ သမ္ဗယုဇ္ဇနံ သံသဂ္ဂေါ။
ကာယာနံ + သံသဂ္ဂေါ ကာယသံသဂ္ဂေါ။

❖ **ကာယသံသဂ္ဂန္တိ ဥဘိန္နံ ကာယာနံ သမ္ဗယောဂံ (ဓဇိရ၊ ၁၈၀။)**

သရက် သာရော။ ပဋိစ္စ+သာရော ပဋိသာရော။ ဝိရူပေါ်+ပဋိသာရော ဝိပ္ပဋိသာရော။
ဝိပ္ပဋိသာရော+ အဿ အတ္ထီတိ ဝိပ္ပဋိသာရီ။ ကရက် ကတံ။ ဒုဋ္ဌု (ဒုဋ္ဌု)+ကတံ ဒုက္ကဋံ။
သင်္ဂတံ အန္တံ သာမန္တံ။ သ-သဒ္ဒဿ+ဒီဃော၊ နိဂ္ဂဟီတဿ+မော။ (ဓာန်ဒီ၊ ရ၀၆)
သယန္တိ တ္တေ ဉီကာဒယောတိ သီသံ။

၅။ **သီသ** = သိ+သ။ ဒီဃ-ပြု (ဓာန်ဒီ) (ဝါ) သိ+သက်။ **ပဏ္ဍ** = ပ+အပ+တ။ (ဝါ) ပဒ+တ။
**ခါရာ** = ခန+ရာ။ (ဓာန်ဒီ) (ဝါ) ခရာ+ရာ။ ခညတေ အဝဒါရီယတေတိ ခါရာ။
**ကရက** = ကဋိ+ဏ္ဍ။ ကရတီတိ ကရကော။ **ဟတ္ထ** = ဟသ+ထ (ဝါ) ဟရ+ထ။

၆။ (က) ဥပဟတကာယပ္ပသာဒေါဖြင့် ဥပဟတိန္ဒြိယော၌ ဣန္ဒြိယအရ ဣန္ဒြေ-နှစ်ဆယ့်နှစ်ပါးကို မယူရ၊ ကာယပ္ပသာဒ, ကာယိန္ဒြေကို ယူ လည်းကောင်း၊ ဥပဟတံ + ဣန္ဒြိယံ + တေဿာတိ ဥပဟတိန္ဒြိယောဟု စတုတ္ထီဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု-လည်းကောင်း သိစေ။

**မှတ်ချက်** ဗဟုဗ္ဗီဟိမှာ၊ ကံဟောပါ။ တတိယာ ပြုမြဲ-ဟူသော နိယံသည် အညပုဒ်က ကံဟောပုဒ် တစိတ်၏ အဝုတ္တကတ္တား ဖြစ်မှသာလျှင် တတိယာဗဟုဗ္ဗီသမာသ်ပြုရသည်။ အညပုဒ်က ကံဟောပုဒ် တစိတ်၏ အဝုတ္တကတ္တား မဖြစ်နိုင်လျှင် တတိယာဗဟုဗ္ဗီဟိ-မပြုရ။ ဤ၌ တေ-ဟူသော အည ပုဒ်သည် ဥပဟတ-ဟူသော ကံဟောပုဒ် တစိတ်၏ အဝုတ္တကတ္တား မဖြစ်နိုင်သောကြောင့် တတိယာဗဟုဗ္ဗီမိမပြုဘဲ စတုတ္ထီဗဟုဗ္ဗီသာ ပြုရသည်။

သုခံဝါ ဒုက္ခံဝါ န ဝေဒယတိ-ဖြင့် ယင်း ရဟန်းသည် လေ၊ သည်းခြေ-စသော အပြစ်ဒေါသ တို့သည် ဖျက်ဆီးအပ်သော ကာယပ္ပသာဒရှိသောကြောင့် သုခဒုက္ခဝေဒနာကို မခံစား (ဝါ)မသိဟုသိစေ။

၇။ **ဝေဒယတိ+ဝေဒိယတိ**

ဝိဒ-ဓာတ်သည် အနုဘဝန-အနက်ဟောရာ၌ စုရာဒိဂိုဏ်းသာ ဖြစ်သောကြောင့်လည်းကောင်း, ကာရိတ်မဖက် သုဒ္ဓကတ္တားဟောဖြစ်သောကြောင့် လည်းကောင်း ဝေဒယတိဟု ရှိသောပါဌ်သင့်သည်။ ပါရာဇိကကျက်ပိုဋ်ငတော် နှာ-၄၆၊ ဥပဟတိန္ဒြိယဝတ္ထု၌ "နာဟံ ဝေဒိယာမိ သုခံဝါ ဒုက္ခံဝါ"ဟု ရှိသောကြောင့် လည်းကောင်း၊ မောဂ္ဂလာန် ပဉ္စမကဏ္ဍ "ယုဝဏ္ဏာနမိယင္ဝင်သရေ" သုတ်ဖြင့် သရနောင်းရာ၌ ရှေ့သရ-ကို ဣယ-ပြု၍ ဝေဒိယတိ၊ ဝေဒိယာမိ-စသည်ဖြင့် ရုပ်ပြီးသောကြောင့် လည်းကောင်း ဝေဒိယတိ-လည်း သင့်သည်။

**ကရကာ+ကဏ္ဍကာ**

ကဋိ+ဏ္ဍ။ ဗိန္ဒုလာ၍ ကရကပြီးသည်။ ကရတီတိ ကရကောဟု ပြု-ဤအလို ကရက သင့်သည်။ ကဏ္ဍက-ဟုရှိလျှင် ကဋိ+ဏ္ဍ။ ကဋိတဗ္ဗော ဆိန္ဒိတဗ္ဗောတိ ကဏ္ဍကော-ဟု ပြု၊ ဤအလို ကဏ္ဍက-သင့်သည်။

http://www.dhammadownload.com



၈။ **သီသံ န ပါပုဏာတိ**

အတူဖြစ်သော ဦးခေါင်း၏ **"သီသ"**ဟူသောအမည်ကို အတူရှိသော အဆုံးဖြစ်သော မဂ်ဖြင့် မဂ်၌ဖြစ်စေခြင်းဟု ဆိုအပ်သော လုံ့လပယောဂ၌ တင် သဒိသူပစာ/ရုဋ္ဌိနည်း။

✧ **သီသန္တိ မဂ္ဂေန မဂ္ဂပဋိပါဒနံ။ တဥ္စ ပယောဂါနံ မတ္ထကဘာဒိသတ္တာ "သီသ" န္တိ ဝုတ္တံ။ (သာရတ္ထ)**

**ဥပဟာတကာယပ္ပသာဒေါ**

အပေါင်းဖြစ်သော ဒူသိတကာယပ္ပသာဒ၊ ဝိနဋ္ဌကာယပ္ပသာဒတို့၏ **"ဥပဟာတကာယပ္ပသာဒ"** ဟူသောအမည်ကို အစိတ်ဖြစ်သော ဒူသိတကာယပ္ပသာဒ၌ တင် ကေဒေသူပစာ/ရုဋ္ဌိနည်း။

✧ **ဥပဟာတကာယပ္ပသာဒေါတိ ဒူသိတကာယပ္ပသာဒေါ၊ န ပန ဝိနဋ္ဌကာယပ္ပသာဒေါ။ (ဝိမတိ၊ ၁၆၀)**

**ဥပဟာတိန္ဒြိယ**

အပေါင်းဖြစ်သော ဣန္ဒြေနှစ်ဆယ့်နှစ်ပါး၏ **"ဣန္ဒြိယ"**ဟူသောအမည်ကို အစိတ်ဖြစ်သော ကာယပသာဒ ကာယိန္ဒြေ၌ တင် ကေဒေသူ/ရုဋ္ဌိနည်း။

**ကာယပ္ပသာဒေါ**

အပေါင်းဖြစ်သော ကာယပသာဒအားလုံး၏အမည်ကို အစိတ်ဖြစ်သော အင်္ဂဇာတ်၌ဖြစ်သော ကာယပသာဒ၌ တင် ကေဒေသူ/ရုဋ္ဌိနည်း။

၁၀။ **ဝိပ္ပန္နိသာရ**-အရ ကုက္ကုစ္စ စေတသိက်ကိုယူ၍ ထို၏ ပဒဌာန်ကား ကတာကတဒုစ္စရိတသုစရိတ တည်း။ ထို၏ ပဒဌာန်ကား အယောနိသောမနသိကာရတည်း-စသည်ဖြင့် ထုတ်လေ။

✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠✠

# ဝါကျဥယျာဉ် (၉၁)

(က) **ဘိန္ဒိယံ** နာမ တံ နဂရံ။
(ခ) **ဇာတိယာ ဝနံ** နာမ ဇာတိပုပ္ဖဂုမ္ဗာနံ ဥဿန္နတာယ ဧဝံ လဒ္ဓနာမံ၊
(ဂ) တံ တဿ နဂရဿ ဥပစာရေ ဝနံ ဟောတိ။
(ဃ) သော တတ္ထ နိပန္နော တေန ဝါတုပတ္ထမ္ဘေန မဟာနိဒ္ဒံ ဩက္ကမိ၊ ကေရသံ ဘဝင်္ဂမေဝ ဝတ္တတိ။
(င) **ကိလိန္နံ ပဿိတွာတိ** အသုစိကိလိဋ္ဌံ ပဿိတွာ။
(စ) **သဟာသာ ဝုဋ္ဌာသီတိ** အာသီဝိသေန ဒဋ္ဌော ဝိယ, အဂ္ဂိ နာ ဒဍ္ဍော ဝိယ စ တုရိတံ ဝုဋ္ဌာသိ။

(၄။ ၂၄၃။ သာရတ္ထ။ ဒု။ ၁၀၈။ ဝိမတိ။ ၁၆၀။ မအူသျ။ တ။ ၂၇၃။ ဘာသာဋီ။ ဒု။ ၄၇၀။)

၁။ ခ-ကို နိယမာနိယမနည်းဖြင့်လည်းကောင်း၊ စ-ကိုပမာ, ပမေထင်ရှားစေလျက် လည်းကောင်း၊ အနက် သမ္ဗန်ပါ။
၂။ ဂ-ပုစ္ဆာ။ ဃ-အနုသန္ဓေတက်ပါ။
၃။ ခ-စသော ဝါကျတို့ကို အကြောင်းပြ အဖြေပေး၍၊ (င) ပဿိတွာကို သဒ္ဒနယစာစပ်ပါ။
၄။ ဇာတိပုပ္ဖဂုမ္ဗ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဉာဏ်နည်းကောက်ပါ။

http://www.dhammadownload.com



၅။ ဇာတိ၊ ပုပ္ဖ၊ နိဒ္ဒါ၊ ဝန်၊ တုရိတ၊ ဒဗ္ဗော၊ ဒဓော၊ အဂ္ဂိတို့ကို ဓာတု ပစ္စယဝေဘန်ပြပါ။
၆။ က-ခ- င-စ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာ အမည်ပေးခဲ့ပါ။
၇။ တေန ဝါတုပတ္ထမ္ဘေန + ဝါတုပတ္ထမ္ဘေနနှစ်ချက်တွင် သင့်ရာပါဌ်ကို အကြောင်းပြဆုံးဖြတ်ပါ။
၈။ ခ-သံဝဏ္ဏေတဗ္ဗဌ် သံဝဏ္ဏနာကိုထောက်၍ ဖြစ်သင့်သော နယပစာတို့ကို အကြောင်းပြဖြေပါ။
၁၀။ စ-ဝါကျ ဘဝင်္ဂမေဝဌ် ဘဝ-အရကို ကိုယ်ပြု၍ ခန္ဓောတရကဏာရနေတ္တိနည်း ထုတ်ပါ။

=========================

၁။

## (ခ) နိယမာနိယမ အနက်ပေးပုံ

ယံဝန် = သည်။ ဇာတိပုပ္ဖဂုမ္ဗာန် = မြတ်လေးပန်းတို့၏ မှိုကုန်ရာဖြစ်ကုန်သော အရုံတို့၏။ ဥဿန္နတ္တာယ = များကုန်သည်၏ အဖြစ်ကြောင့်။ ဧဝံ = ဤသို့ မြတ်လေးတောဟူ၍၊ လဒ္ဓနာမံ = ရအပ်သော အမည်ရှိ၏။ တံ ဝန်=သည်။ ဇာတိယာဝန် နာမ = မည်၏။

## (စ) ပမာပမေထင်ရှားစေလျက်

သဟသာဝုဋ္ဌာသိတိ=ကား။ အာသီဝိသေန=သည်၊ ဒဗ္ဗော=သော။ ပုရိသော=သည်။ တုရိတံ=လျင်။ ဝုဋ္ဌာသိဝိယစ=လည်းကောင်း။ အဂ္ဂိနာ=သည်။ ဒဓော=သော။ ပုရိသော=သည်။ တုရိတံ=လျင်။ ဝုဋ္ဌာသိဝိယစ=လည်းကောင်း။ တုရိတံ= လျင်။ ဝုဋ္ဌာသိ=ပြီ။
ယ-ဝါကျ **ဘဝင်္ဂမေဝ ဝတ္တတိ-ဌ် ဧဝ-၏ နိဝတ္တေတဗ္ဗတ္ထ-ကို န+ဝီထိစိတ္တာနိ-ဟု** ထည့်ပေး။

၂။

## (ဂ) ပုစ္ဆာ

ဆရာ-သည် (ခ)ဖြင့် မြန်မာပြန်ဌာပနာထား။ ထိုတောသည် ဘဒ္ဒိယမြို့၏အတွင်းဌ် တည်ရှိပါသလော။ (ဝါ) ဘဒ္ဒိယမြို့၏ အဝေးဌ် တည်ရှိပါသလော။ အဘယ်ဌ် တည်ရှိ ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

## (ဃ) အနုသန္ဓေ

ဤသို့ (ခ-ဂ) ဝါကျတို့ဖြင့် ဇာတိယာ ဝနေ-ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြပြီး၍၊ ယခုအခါဌ် နိပန္နော-ပုဒ်၏ အဖွင့်သံဝဏ္ဏနာကို ပြလိုသော ဆရာသည် (ဃ) မိန့်။

❖ **ဘဒ္ဒိယေ ဇာတိယာဝနေ ဒိဝါဝိဟာရဂတော နိပန္နော ဟောတိ၊ တဿ အင်္ဂမင်္ဂါနိ ဝါတုပတ္ထဒ္ဓါနိ ဟောန္တိ။ (ပါဠိတော်)**

## (ဃ) ကေဝလံ ဘဝင်္ဂမေဝ ဝတ္တတိ-သို့

ဆရာ-သည် ယ-ဝါကျ သော တတ္ထ၊ ပ။ မဟာနိဒ္ဒံ ဩက္ကမိဖြင့် ထိုရဟန်းသည် မြတ်လေးတောဌ် လျောင်းလျက် လေ၏ ထောက်ပံ့မှုကြောင့် ကြီးစွာသော အိပ်ပျော်ခြင်းသို့ ရောက်သောဟု ဆို၏။ ကြီးစွာသော အိပ်ပျော်ခြင်းသို့ ရောက်၏ဟူသည် အဘယ်စိတ်များသာ ဖြစ်၍ နေပါသနည်း။ အကြားအကြားဌ် ဝီထိစိတ်များ ဖြစ်သေး၏ဟု မှတ်ရပါမည်လော။ စုဒ်ကြောင့် ကေဝလံ ဘဝင်္ဂမေဝ ဝတ္တတိ-မိန့်။

❖ **ကေဝလန္တိ အာဝဇ္ဇနာဒိ ဝီထိစိတ္တေဟိ အမ္မောကိဏ္ဏံ။ (သာရတ္ထ)**

❖ **ကေဝလန္တိ ဝီထိစိတ္တေဟိ အသမ္ဘိန္နံ။ (ဝိမတိ)**

http://www.dhammadownload.com



၃။ ခ-ပက္ခန္တရ။ ဂ-ဝါကျာရမ္ဘ။ ဃ-ပက္ခန္တရ။ ယင်း၌ ကေရသံ ဘဝင်္ဂမေဝ ဝတ္တတိ-ကား ကြီးစွာသော အိပ်ပျော်ခြင်းသို့ ရောက်ပုံကို---ဆက်---ဝါကျာရမ္ဘ။ င-ပက္ခန္တရ။ စ-ပက္ခန္တရ။

**စာစပ်** ပသိတ္ဘာ-ကား ၍-ကြောင့် တေမတ္တံ၊ အာရောစေသုံ၌ ကြိယာဝိသေသန/သျှစပ်။ (ဘာသာဋီကာ)

၄။ ဇာယတီတိ ဇာတိ။ ပုပ္ဖန္တိ ဝိကသန္တီတိ ပုပ္ဖါနိ။
ဂုဟတိ သံဝရတီတိ ဂုမ္ဗော။ (ဂုဟ-သံဝရဏေ၊ ဗော။ ဟဿ + မော။)
ဇာတိယာ + ပုပ္ဖါနိ ဇာတိပုပ္ဖါနိ။ ဇာတိပုပ္ဖါနံ + နိဿယာ + ဂုမ္ဗာ ဇာတိပုပ္ဖဂုမ္ဗာ။
ဇာတိပုပ္ဖ-ဟူသော ဝိသေသနပုဒ်-အရကား--မြတ်လေးပန်းတို့သည် မုချ။
ထို၏ + ပန်းခြုံ-ပန်းရုံနှင့် နိဿိတ + နိဿယ စပ်--ဌာနူ။
ပုဒ်လုံးအရကား--မြတ်လေးပန်းတို့၏ မှီရာဖြစ်သော ပန်းခြုံရ၏ (ဝါ) မြတ်လေးပန်းခြုံ-ပန်းရုံတို့ ရ၏။

**ဝစနတ္ထမှတ်ဘွယ်**

ဥဿန္နာနံ+ဘာဝေါ ဥဿန္နတာ။ လဒ္ဓံ+နာမံ+တေနာတိ လဒ္ဓနာမံ။ (ဝနံ)
မဟတီ + နိဒ္ဒါ မဟာနိဒ္ဒါ။ ဝါတဿ+ဥပတ္ထမ္ဘော ဝါတုပတ္ထမ္ဘော။
ဧကော+ရသော + ဧတဿ စိတ္တဿာတိ ကေရသံ။ (တခုသော ကိစ္စ၏+ဘဝင်စိတ်နှင့် ဂုဏ်+ဂုဏေးစပ်)
အသုစိနာ + ကိလိဋ္ဌံ အသုစိကိလိဋ္ဌံ။

၅။ **ဇာတိ**=ဇနု+တိ။ **ပုပ္ဖ**=ပုပ္ဖ+အ။ **ဂုမ္ဗ**=ဂုဟ+ဗ။ **နိဒ္ဒါ**=နိဒ္ဒ+ဒဏ်။ (ဝါ) နိ+ဒါ+အ။
**ကိလိဋ္ဌ**=ကိလိဒ+တ။ **ဝနံ**=ဝန+အ။ **ဝနန္တိတံ ဘဇန္တိ မယူရကောကိလာဒယော သတ္တာတိဝနံ။** (သူစိ)
**တုရိတ** = တုရ (ဝါ) တရ+ တ။ **ဒဋ္ဌော** = ဒံသ+တ။ **ဒဗ္ဗော** = ဒဟ+တ။
**အဂ္ဂိ**=အဂ + ဂိ။ (ဝါ) အဇ + ဂ္ဂ။
**အဂတိ + ကုဋိလော ဟုတွာ + ဂစ္ဆတီတိ အဂ္ဂိ။ (အဂ၊+ ဂိ။ ဏွာဒိ)**
**အဇတိ ဇလမာနော ကုဋိလံ ဂစ္ဆတီတိ အဂ္ဂိ။ ဂ္ဂ။** (တန်ဋီ)

၆။ (က)ဖြင့် ဘဒ္ဒိယေ ဇာတိယာ ဝနေ-၌ ဘဒ္ဒိယ-အရ ဘဒ္ဒိယမထေရ်ကို မယူရ၊ ဘဒ္ဒိယမြို့ကို ယူ-လည်းကောင်း။ (ဝါ) ဘဒ္ဒိယ-သဒ္ဒါ၏ နဂရဝါစက နာမသဒ္ဒါ၏ အဖြစ်ကို လည်းကောင်း သိစေပါသည်။

(ခ) ဇာတိပုပ္ဖဂုမ္ဗာနံ-ဖြင့် ဇာတိယာဝနံ-၌ ဇာတိ-သဒ္ဒါ၏ မြတ်လေးပန်း-ဟူသော အနက်ဟော--လည်းကောင်း။ ဇာတိ-သဒ္ဒါ မြတ်လေးပန်းကို ဟောသော်လည်း ဇာတိ-အရ ဌာနျူပစာရအားဖြင့် မြတ်လေးပန်း၏ မှီရာ-ပန်းခြုံပန်းရုံကို ယူ-လည်းကောင်း။ အပေါင်းပုဒ်ကို ဇာတိယာ+ဥပလက္ခိတံ+ဝနံ ဇာတိယာဝနံဟု မဗျောလောပီ အလုတ္တတတိယာတပ္ပုရိသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း သိစေ။

* **ဇာတိသဒ္ဒေန သုမနပုပ္ဖပရိယာယေန တနိဿယော ဂုမ္ဗော အဓိပ္ပေတောတိ အာဟ "ဇာတိပုပ္ဖဂုမ္ဗာနံ" န္တိ။ တေန စ ဇာတိယာ ဥပလက္ခိတံ ဝနံ ဇာတိဝနန္တိ အလုတ္တသမာသောတိ ဒဿေတိ။ (ဝိမတိ၊ ၁၆၀)**

ဥဿန္နတာယ-ဖြင့် ယင်း တောသည် အလုံးစုံမြတ်လေးပန်းခြုံ-ပန်းရုံရှိသောကြောင့် ဇာတိယာဝန အမည်ရသည် မဟုတ်၊ မြတ်လေးပန်းခြုံ ပန်းရုံတို့များသည်၏ အဖြစ်ကြောင့်သာ ယေဘုယျအားဖြင့် ဇာတိယာဝန-မည်သည်၏ အဖြစ်ကို သိစေပါသည်။

ဧဝံ လဒ္ဓနာမံ-ဖြင့် ဇာတိယာဝနသဒ္ဒါ၏ နာမ-သဒ္ဒါ၏ အဖြစ်ကို သိစေ။

(ဃ) မဟာနိဒ္ဒံ ဩက္ကမိ-ဖြင့် နိပဇ္ဇော-၌ (နိ+ပဒ+တ) နိ-ဥပသာရ၏ ဓာတွတ္ထဝိသေသက၏ အဖြစ်ကို လည်းကောင်း။ ပဒ-ဓာတ်၏ အိပ်ခြင်း အနက်ဟောသည်၏ အဖြစ်ကို-လည်းကောင်း။

http://www.dhammadownload.com



တ-ပစ္စည်း အတိတ်ကတ္တုသာဓ်အနက်၌ သက်-လည်းကောင်း။ နိပဇ္ဇိတိ နိပန္နောဟု ပြု-လည်းကောင်း သိစေ။

တေန ဝါတုပတ္ထမ္ဘေန-ဖြင့် ကြီးစွာသောအိပ်ခြင်းသို့ရောက်၏-ဟူသည် ထိန မိဒ္ဓကြောင့် (ဝါ) ကာယဂေလညကြောင့် ရောက်သည်မဟုတ်၊ ဝါတုပတ္ထမ္ဘ=လေ၏ ထောက်ပံ့ခြင်းကြောင့် ရောက်သည်၏ အဖြစ်ကို သိစေ။

ကေရသံ ဘဂ်ဂမေဝ ဝတ္တတိ-ဖြင့် မဟာနိဒ္ဒံ ဩက္ကမိ၌ ကြီးစွာသော အိပ်ခြင်းသို့ရောက်၏ဟူသည် ဝီထိစိတ်တို့ဖြင့် မရောမယှက်၊ တခုသောကိစ္စရှိသော ဘဝင်၏ ဖြစ်ခြင်းပင်တည်းဟု သိစေ။

(င) အသုစိကိလိဋ္ဌဖြင့် ကိလိန္န၌ ကိလိဒ-ဓာတ်၏ ညစ်နွမ်းခြင်း အနက်ဟော-လည်းကောင်း၊ စွတ်စိုခြင်းဟူသည် သုက်တို့ဖြင့် ညစ်နွမ်းနေခြင်းပင်တည်းဟူသော အဓိပ္ပါယ်ကို လည်းကောင်း သိစေ။

(စ) တုရိတ်-ဖြင့် သဟသာ-နိပါတ်၏ တုရိတ-အနက်ဟော-လည်းကောင်း၊ ယင်း သဟသာနောင် ကြိယာဝိသေသနတ္ထ၌သက်သော ဒုတိယာဝိဘတ်ကျေနေသည်၏ အဖြစ်ကိုလည်းကောင်း သိစေ။

အာသီဝိသေန-စသော ပါဌ်ဖြင့် ဘာဝတ္ထသိစေ။

## တေန ဝါတုပတ္ထမ္ဘေန+ ဝါတုပတ္ထမ္ဘေန

တေန ဝါတုပတ္ထမ္ဘေနာတိ "အင်္ဂမင်္ဂါနိ ဝါတုပတ္ထဒ္ဓါနိ ဟောန္တိ"တိ ဧဝံ ဝုတ္တဝါတုပတ္ထမ္ဘေန (သာရတ္ထ။ ဒု။ ၁၀၈) ဆိုသောကြောင့် လည်းကောင်း၊ အဋ္ဌကထာ၌ဆိုသော ဝါတုပတ္ထမ္ဘသည် ပါဠိတော်၌လာသော ဝါတုပတ္ထမ္ဘ-ပင်တည်းဟု ညွှန်ပြသော တ-သဒ္ဒါ ပါသင့်သောကြောင့်လည်းကောင်း တေနဝါတုပတ္ထမ္ဘေန-ပါဌ်သင့်သည်။

## ဇာတိယာဝန

၈။ မြတ်လေးပန်းခြုံတည်းဟူသော ဌာနီဖြင့် တောတည်းဟူသော ဌာနကိုမှတ်၍ မြတ်လေးပန်းခြုံတည်းဟူသော အမှားကို ဆိုသဖြင့် စံပယ်, ကြက်ရုံးတည်းဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်း။ (+ဥဿန္နတာယ-ဟူသော ဟိတ်ပုဒ်ကိုထောက်။)

(တနည်း) ဌာနီဖြစ်သော မြတ်လေးပန်း၏ "ဇာတိ"ဟူသောအမည်ကို ဌာနဖြစ်သော မြတ်လေးပန်းခြုံ၌တင် ဌာနျူပစာ။ အဝိနာဘာဝနည်း။

❖ **ဇာတိပုပ္ဖဂုမ္ဗာနံ။ (ဌ) ဇာတိ-သဒ္ဒေန သုမနပုပ္ဖပရိယာယေန တန္နိဿယော ဂုမ္ဗော အဓိပ္ပေတော။ (ဝိမတိ။ ၁၆၀-ထောက်။)**

(တနည်း) အစိတ်ဖြစ်သော မြတ်လေးပန်း၏ "ဇာတိ"ဟူသောအမည်ကို အပေါင်းဖြစ်သော မြတ်လေး, စံပယ်, ကြက်ရုံး-စသောပန်း၌ တင် ကေဒေသူပစာ။ ဥပလက္ခဏ။ နိဒဿနနည်း။ (ဇာတိယာ ဥပလက္ခိတံ ဝနံ ဇာတိယာဝနံ-ထောက်။)

## ဘဒ္ဒိယေ

အနီးရှိသော မြို့ဒြဗ်၏ "ဘဒ္ဒိယေ"ဟူသောအမည်ကို အနီးဖြစ်သော မြတ်လေးတော၌တင် သမီပူပစာ။ (+တံ တဿ နဂရဿ ဥပစာရေန ဝနံ ဟောတိ။ (ဌ) ထောက်။)

## အသုစိကိလိဋ္ဌ

မစင်ကြယ်ခြင်းဂုဏ်၏ "အသုစိ" အမည်ကို ဂုဏေးဖြစ်သော သုက်၌တင် ဂုဏူပစာ။ (တနည်း) အပေါင်းဖြစ်သော အလုံးစုံသော သုက်သွေးတို့၏ "အသုစိ"ဟူသော အမည်ကို အစိတ်ဖြစ်သော မိန်းမသုက်သွေး၌ တင် ကေဒေသျူပစာ။ (ပါဠိတော်ဇာတ်ကြောင်းရှု)

http://www.dhammadownload.com



၁၀။ **ဘဝ၀ံမေဝ-၌** **ဘဝ-အရ** ကာမဝိပါက်တေ၀ီသ၊ စေတသိက်တေတ္တိံသ၊ ဟူတ္တိုင်ခြေ ကြည်သောကမ္မဇရုပ် ကျေနဝီသဟု ဆိုအပ်သော ဥပပတ္တိဘဝကိုယူ၍ ထိုတွင် ကမ္မဇရုပ် ကျေနဝီသသည် ရုပ်ကွန္ဓာမည်၏စသည်ဖြင့် ထုတ်လေ။

ᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁᕁ

# ဝါကျဥယျာဉ် (၉၂)

(က) **ဒိဝါ ပဋိသလ္လီယန္တေနာတိ ဒိဝါ နိပဇ္ဇန္တေန။**

(ခ) **ဒွါရံ သံဝရတ္တာ ပဋိသလ္လီယိတုန္တိ ဒွါရံ ပိဒဟိတွာ နိပဇ္ဇိတုံ။**

(ဂ) ဧတ္ထ စ ကိဉ္စာပိ ပါဠိယံ "အယံ နာမ အာပတ္တိ"တိ န ဝုတ္တာ။ ဝိဝရိတွာ နိပန္နဒေါသေန ပန ဥပ္ပန္နေ ဝတ္ထုသ္မိံ "အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ သံဝရိတွာ ပဋိသလ္လီယိတု"န္တိ ဝုတ္တတ္တာ အသံဝရိတွာ ပဋိသလ္လီယန္တဿ ဒုက္ကဋံ ဝုတ္တံ။

(ဃ) ဘဂဝတော ဟိ အဓိပ္ပါယံ ဉတွာ ဥပါလိတ္ထေရာဒီဟိ အဋ္ဌကထာ ဌပိတာ။

(င) အတ္ထာပတ္တိ ဒိဝါ အာပဇ္ဇတိ နော ရတ္တိ"န္တိ ဣမိနာပိ စေတံ သိဒ္ဓံ။

(၅။ ၂၄၃။ သာရတ္ထ။ ဒု။ ၁၀၈။ မအုသျှ။ တ။ ၂၈၄။ ဘာသာဋီ။ ဒု။ ၄၇၀။)

၁။ ဂ-ကို နိပါတ်၊ သဗ္ဗနာမ်အစွဲ မလွဲစေဘဲ အနက်သမ္ဗန်ပါ။
၂။ ဂ-ကို သရာနည်းကျကျ သာဘောဂပုစ္ဆာ၊ ဃ-ကို အာဘောဂါယုတ္တစောဒနာ။ င-အနုသန္ဓေတက်ပါ။
၃။ ဂ-စသော ဝါကျတို့ကို အကြောင်းပြအမည်ပေးပါ။
၄။ ဥပါလိတ္ထေရ-ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဉာသ်နည်းကောက်ပါ။
၅။ ၁-ဝါကျလာပုဒ်တို့ကို ပဒ၊ လိင်-စသည် ဝေဘန်၍ ပိဒဟိတွာ-၌ ဓာတ်ကို ဝတ္ထမာန် ပရဿပုဒ်ဖြင့် ကတ္တုရုပ် အာချာတပဒမာလာစဉ်ပါ။
၆။ က-ခ-တို့ကို အာဘော်ဖော်၍ သံဝဏ္ဏနာအမည်ပေးပါ။
၇။ ဃ-၌ ဌပိတာ+ထပိတာ။ င-၌ ဣမိနာပိစေတံ+ဣမိနာစေတံ-ဟု ပါဌ်နှစ်မျိုးစီရှိရာ ဘင့်ရာပါဌ်ကို အကြောင်းပြ ဆုံးဖြတ်ပါ။
၈။ (ခ) ဝါကျ ဒွါရံ-၌ နယပ္ပစာရ-တို့ကို အကြောင်းပြဆုံးဖြတ်ပါ။
၁၀။ (ဃ) ဝါကျ အဓိပ္ပါယံ-ကို ဝေဝစနဟာရနေတ္တိနည်း ထုတ်ပါ။

= = = = = = = = = = = = = = = = = = = = = = = = =

၁။ (ဂ) စ=ဆက်။ ဧတ္ထ-တသို့ နိပန္နဝတ္ထုမှို=၌။ (မအူ) ဧတ္ထ=ဤ သိက္ခာပုဒ်၌။ (ဘာဋီ) အယံ နာမ အာပတ္တီတိ=ဟူ၍။ (ဘဂဝတာ=သည်) ကိဉ္စာပိ နဝုတ္တာ=မမူအပ်ပါပေ။ ပန=သော်လည်း။ ဝတ္ထုသ္မိံ= မေထုန်ဝတ္ထုသည်။ (သာရတ္ထ) (ဝါ) မိန်းမတို့သည် ပြုအပ်သော အဇ္ဈာစာရဝတ္ထုသည်။ (သာရတ္ထ) မိန်းမတို့၏ အလိုရှိတိုင်း ပြုခြင်းဟူသော အကြောင်းသည်။ (မအူ)

- **ဝတ္ထုသ္မိန္တိ မေထုနဝတ္ထုသ္မိံ ဥပ္ပန္နေ။ (သာရတ္ထ)**
- **ဥပ္ပန္နေ ဝတ္ထုသ္မိန္တိ ဣတ္ထိယော ကတအဇ္ဈာစာရဝတ္ထုသ္မိံ ဥပ္ပန္နေ။ (ဝိမတိ)**

http://www.dhammadownload.com



၂။ **(ဂ) ဆရာနည်းကျကျသာဘောဝပုစ္ဆာ**

ဆရာ-သည် အသံဝရိတ္တာ ပဋိသလ္လီယန္တဿ ဒုက္ကဋံ ဝုတ္တံ=နေ့အခါ တံခါးမပိတ်ပဲ ကျိန်းစက်သောရဟန်းအား ဒုက္ကဋ်အာပတ်ကို အဋ္ဌကထာ၌ ဆိုအပ်သောဟု ပြဆို၏။ ထိုသို့ပင် ဆိုသော်လည်း နိပၥဝတ္ထုပါဠိတော်၌ နေ့အခါ တံခါးဖွင့်၍ အိပ်သောရဟန်းအား ဤမည်သော အာပတ်-ဟု ဘုရားဟောတော်မမူအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ်ကြောင့် တံခါးဖွင့်၍အိပ်သောရဟန်းအား ဒုက္ကဋ်အာပတ်ကို အဋ္ဌကထာ၌ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

**(ဃ) အာဘောဂါယုတ္တစောဒနာ**

ဆရာ-သည် (ဂ) ဝါကျဖြင့် နေ့အခါ တံခါးဖွင့်၍ ကျိန်းစက်သောရဟန်းအား ဒုက္ကဋ်အာပတ်ကို အဋ္ဌကထာ၌ ဆိုအပ်သောဟု ပြဆို၏။ သိက္ခာပုဒ် ပညတ်ခြင်းသည် ဘုရားရှင်တို့၏ အရာသာဖြစ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် အဘယ်ကြောင့် အဋ္ဌကထာ၌ ဒုက္ကဋ်အာပတ်ကို ဆိုအပ်ပါသနည်း။ (ဝါ) အဋ္ဌကထာ၌ ဒုက္ကဋ် အာပတ်ကို ဆိုခြင်းသည် အသို့လျှင် သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (ဃ)မိန့်။

❖ **နနု သိက္ခာပဒပညာပနံ နာမ ဗုဒ္ဓဝိသယော၊ အထ ကသ္မာ အဋ္ဌကထာယံ ဒုက္ကဋံ ဝုတ္တန္တိ အာဟ "ဘဂဝတော ဟိ" တိ အာဒိ၊ (ဝိနယာလင်္ကာရဋီကာ)**

**(င) အနုသန္ဓေ**

ဤသို့ ဃ-ဝါကျဖြင့် နေ့အခါ တံခါးမပိတ်ပဲ ကျိန်းစက်သောရဟန်းအား အဋ္ဌကထာ၌ ဒုက္ကဋ်ဟု ဆိုအပ်သည်၏ အဖြစ်ကို ယုတ္တိအားဖြင့် မြဲစေပြီး၍၊ ယခုအခါ၌ အာဂုမ်အားဖြင့် မြဲစေလိုသော ဆရာသည် (င) မိန့်။

❖ **န ကေဝလံ ဥပါလိတ္ထေရာဒီဟိ ဧဝ အဋ္ဌကထာ ဌပိတာ၊ အထခေါ ပါဠိတော စ အတ္ထတော စ ဗုဒ္ဓေန ဘဂဝတာ ဝုတ္တော (ပ) ဇာတ္တ တတ္တ ဟိ ဘဂဝတာ ပဝတ္တိတာ ပကိဏ္ဏကဒေသနာယေဝ အဋ္ဌကထာ၊ (ဝိနယာလင်္ကာရဋီကာ)**

၃။ ၁-ပက္ခန္တရ။ ဂ-ဝါကျာရမ္ဘ။ ထိုတွင် ကိဉ္စာပိ-မှ န ဝုတ္တာ-တိုင်အောင် စောဒကာဘောဂဝါကျ။ ဝိဝရိတ္ဘာမှ ဒုက္ကဋံ ဝုတ္တံ-တိုင်အောင် ပရိဟာရာဘောဂပရိဟာရဝါကျ။ ဃ-ကာရဏ (ဝါ) ယုတ္တိဒဋ္ဌိကရဏ။ (င) အာဂမဒဋ္ဌိကရဏ။ (ဝါ) အဋ္ဌကထာသာစကမှတပါး ပါဠိတော်သာစကကို ပြသောကြောင့် ပက္ခန္တရ။

၄။ အဓိပ္ပါယံတော ဇာနိတ္ဝာယတေတိ အဓိပ္ပါယော။
အဓိ-အပိ-ဣ-ဓာတ်အရ ကတ္တုဋ္ဌ-ကား---ဘုရားရှင်သန္တာန်၌ ဆန္ဒပြဌာန်းသော မဟာကြိယာဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် မုချ။
ကမ္မဋ္ဌကြိယာ-အရကား--ထိုအားတပ်သော (နေ့အခါတံခါးဖွင့်၍ အိပ်သောရဟန်းအား ဒုက္ကဋ်အာပတ်သို့ ရောက်ခြင်း-ဟူသော) ဘုရားရှင် အလိုတော်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ--၏။
ဏ-ပစ္စည်း-အရကား--ဘုရားရှင် အလိုတော်ရ၏။

**ဝစနတ္ထမှတ်ဘွယ်**

ဥပသမိပေ အလ္လီယတီတိ ဥပါလိ။ (ဥပ+အာ+လီ+ဣ)

❖ **အနုရုဒ္ဓါဒီဟိ ပန သဟ ဂန္တွာ ပဗ္ဗဇိတတ္တာ ခတ္တိယာနံ ဥပသမီပေ အလ္လိနော ယုတ္တော ကာယစိတ္တေဟိ သမဂ္ဂိဘူတောတိ ဥပါလိ တိ နာမေန။ (အပ၊ ဌ၊ ၁၊ ၃၁၂။)**

ထိရန္တိ ဒဋ္ဌိ ဘဝန္တိတိ ထိရာ။ ထိရာ (သီလက္ခန္ဓာဒိဂုဏ) +အဿ+အတ္ထီတိ ထေရော။

http://www.dhammadownload.com



**(တနည်း)** ထိရတိ သီလက္ခန္ဓာဒိဂုဏေဟိတိ ထေရော။ ဥပါလိစ+သော+ထေရောစာတိ ဥပါလိတ္ထေရော။ ထေရဟူသော ဝိသေသနပုဒ်၏ အရကား-မြဲမြံသော သီလစသော ဂုဏ်တို့ရှိသည်၏ အဖြစ်တည်းဟူသောဂုဏ်သည် (ဝါ) သီလစသော ဂုဏ်တို့ဖြင့် မြဲမြံခိုင်ခံ့သည်၏ အဖြစ်တည်းဟူသောဂုဏ်သည် မှ၍။ ထို ဂုဏ်နှစ်ပါးတို့၏+ဥပါလိမထေရ်နှင့် ဂုဏ်+ဂုဏေး အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာနူ---၏။
ဥပါလိတ္ထေရ-ပုဒ်လုံး အရကား---ဥပါလိထေရ်ရ၏။
ဥပါလိတ္ထေရော+အာဒိ+ယေသန္တိ ဥပါလိတ္ထေရာဒယော။
ဥပါလိတ္ထေရအာဒိ-အရကား---အစဖြစ်သော ဥပါလိမထေရ်သည် မှ၍။
ထို၏+အခြားသော အဋ္ဌကထာ ဆရာတို့နှင့် ဂုဏ်+ဂုဏေး စပ် ဌာနူ။
ယ-အညပုဒ် အရကား---ဥပါလိထေရ် အစရှိသော အဋ္ဌကထာ ဆရာတို့ရ၏။
နိပန္နဿ+ဒေါသော နိပန္နဒေါသော။

၅။ **ခွါရံ သံဝရိတွာ ပဋိသလ္လီယိတုန္တိ-ကား** သဒ္ဒပဒတ္ထကနိပါတ်ပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ တုံကာရန္တ။
ခွါရံ-ကား ကိတ်နာမ်၊ နပုံလိင်၊ စိတ္တာဒိ။ အကာရန္တ။
**ပိဒဟိတွာ=ကား** ကိတ်အဗျယပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ အကာရန္တ။
**နိပဇ္ဇိတုံ-ကား** ကိတ်အဗျယပုဒ်၊ အလိင်၊ ဂဏဝိမုတ်၊ နိဂ္ဂဟိတန္တ။
**ပိဒဟိတွာ-၌** အပိ-ရှေး+ဓာ-ဓာတ်ယူ၍ ပိဒဟတိ၊ ပိဒဟန္တိ-စသည် စဉ်။

၆။ (က) နိပဇ္ဇနတ္ထေန-ဖြင့် ပဋိသလ္လီယနတ္ထေန-၌ (ပဋိ၊ သံ၊ လီ+ဒိဝါဒိယ+အန္တ) ပဋိ၊ သံ၊ ဥပသာရတို့၏ ဓာတွတ္ထဝိသေသကဏ်၏ အဖြစ်ကိုလည်းကောင်း၊ လီ-ဓာတ်၏ နိပဇ္ဇနအနက်ဟော--လည်းကောင်း သိစေ။
(ခ) ပိဒဟိတွာ-ဖြင့် သံဝရိတွာ-၌ သံ-ဥပသာရ၏ ဓာတွတ္ထာနုဝတ္တကဏ်၏ အဖြစ်ကို လည်းကောင်း၊ ဝရ-ဓာတ်၏ ပိဒဟန (အာဝရဏ) အနက်ဟော---လည်းကောင်း သိစေ။
နိပဇ္ဇိတုံ-ဖြင့် (က) ဝါကျ နိပဇ္ဇနတ္ထေန-နည်းတူ ဖော်။

## ၇။ (ဃ) ဌပိတာ+ထပိတာ

ဩပ-ထပ ထပနေ။ ဩပေတိ၊ ဩပယတိ။ ပ။ ထပေတိ၊ ထပယတိ၊ ထပိတော၊ ထပယိတွာ။ (သဒ္ဒနီတိ။ ဓာတု။ ၃၂၇) ဆိုသောကြောင့် လည်းကောင်း။ အဋ္ဌကထာ၊ အတ္ထကထာ-စသည်တို့ကဲ့သို့ ဒန္တဇ ထ-ကို မုဒ္ဓဇ ဌ-အပြုမပြုသောကြောင့် လည်းကောင်း နှစ်ပါင်လုံးသင့်ပါသည်။ (ဓာတွတ္ထသင်္ဂဟ၌ "ထပေါ်-စ ထပနေ သိယာ။ ဌပေတွာ-ကား ပါဠ်ပျက်"ဟု ဆုံးဖြတ်သည်။)

## (င) တ္တုမိနာပိ စေတဲ + တ္တုမိနာစေတဲ

န ကေဝလံ အဋ္ဌကထာယံ ဗုတ္တတ္ထာယေဝ သိဒ္ဓံ၊ အထခေါ "အတ္ထာပတ္တိ ဒိဝါ အာပဇ္ဇတိ နော ရတ္တိ"န္တိ ဣမိနာ ပရိဝါရပါဠိယာပိ သိဒ္ဓန္တိ ယောဇေနာ ဝေဒိတဗ္ဗာဟု ဝိနယာလင်္ကာရဋီကာ ဆိုသောကြောင့် လည်းကောင်း၊ တံခါးကို မပိတ်မူ၍ နေ့အခါ အိပ်သော ရဟန်းအား ဒုက္ကဋ်အာပတ်၏ အဖြစ်ကို အဋ္ဌကထာ၌ ဆိုသောကြောင့်သာ ပြီးသည်မဟုတ်သေး၊ အတ္ထာပတ္တိ ဒိဝါ အာပဇ္ဇတိ၊ နောရတ္တိ-ဟူသော ပရိဝါရပါဠိဖြင့်လည်းပြီး၏ဟု အနက်ရောက်ရသောကြောင့်လည်းကောင်း၊ **တ္တုမိနာပိ စေတဲ**-ဟု "ပိ"ပါသောပါဌ်သာ သင့်သည်။

http://www.dhammadownload.com



ဒွါရံ

၉။ ဌာနဖြစ်သော တံခါး၏ "ဒွါရံ"-ဟူသောအမည်ကို ဌာနီဖြစ်သော တံခါးရွက်၌ တင် ဌာန္ယူပစား။ နာနန္တရိကနည်း။ (သံဝရိတွာ-ကို ထောက်။)

**(ဆနည်း)** အပေါင်းဖြစ်သော ဂေဟဒွါရ၊ ကာယဒွါရ၊ ဥပါယဒွါရတို့၏ "ဒွါရ"ဟူသောအမည်ကို အစိတ်ဖြစ်သော ဂေဟဒွါရ-၌ တင် ကေဒေသျူ/ရုဠှီနည်း။

၁၀။ **အစိပ္ပါယ-၏** ဝေဝစနာဟာရကား--အဇ္ဈာသယော၊ အဓိပ္ပါယော၊ အာသယော အဘိသန္ဓိစ၊ ဘာဝေါ ဓိမုတ္တိ ဆန္ဒော။ (ဓာန်။ ၇၆၆။) ဖြစ်ပါသည်။

ဤတွင် ပဉ္စမပါရာဇိက ဝါကျဥယျာဉ်-ပြီးပြီ။

http://www.dhammadownload.com



(ဒုတိယ – ပါရာဇိက)

# ဝါကျဥယျာဉ် (၁)

## ၁၇–ခု အမှီးရ

(က) တေန သမယေန ဗုဒ္ဓေါ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဂိဇ္ဈကူဋေ ပဗ္ဗတေတိ တတ္ထ ရာဇဂဟေတိ ဧဝံနာမကေ နဂရေ၊
(ခ) တဉှိ မန္ဓာတု မဟာဂေါဝိန္ဒာဒီဟိ ပရိဂ္ဂ ဟိတတ္တာ ရာဇာဂဟန္တိ ဝုစ္စတိ၊
(ဂ) အညေပေတ္ထ ပကာရေ ဝဏ္ဏယန္တိ၊ ကိံ တေဟိ၊ နာမမေတံ တဿ နဂရဿ။
(ဃ) တံ ပနေတံ ဗုဒ္ဓကာလေ စ စက္ကဝတ္တိကာလေ စ နဂရံ ဟောတိ၊ သေသကာလေ သုညံ ဟောတိ ယက္ခပရိဂ္ဂဟိတံ၊ တေသံ ဝသန္တဝနံ ဟုတွာ တိဋ္ဌတိ၊
(င) ဧဝံ ဂေါစရဂါမံ ဒဿေတွာ နိဝါသနဋ္ဌာနမာဟ ဂိဇ္ဈကူဋေ ပဗ္ဗတေတိ။
(စ) သော စ ဂိဇ္ဈာ တဿ ကူဋေသု ဝသိံသု၊ ဂိဇ္ဈသဒိသာနိ ဝါ တဿ ကူဋာနိ၊ တသ္မာ ဂိဇ္ဈကူဋောတိ ဝုစ္စတီတိ ဝေဒိတဗ္ဗော။

(၅၊ ၂၄၇။ သာရတ္ထ၊ ဒု၊ ၁၁၂။ ဝိမတိ၊ ၁၆၃။ မအူ၊ တ၊ ၂၈၆။)

၁။ အထက်ပါဝါကျတို့တွင် (ခ)(ဂ) ဝါကျတို့ကိုသာ အနက်ပေးခဲ့ပါ။
၂။ (ခ)ဝါကျကို အာဘောဂါယုတ္တစောဒနာတက်၍ (င)ဝါကျကို အနုသန္ဓေတက်ပြပါ။
၃။ (ခ)(ဂ) တို့ကို အကြောင်းပြ ဝါကျအမည်ပေးခဲ့ပါ။
၄။ (စ)ဝါကျတွင် ပဉ္စမဝိကပ်နှင့် အညီ ဂိဇ္ဈကူဋပုဒ်ကို အစိတ် အပေါင်း ဝစနတ္ထပြု၍ အပေါင်း ဝစနတ္ထကိုသာ ဥာဏ်နည်းအရကောက်ပါ။
၅။ (က)၌ ရာဇဂဟ၊ နဂရ–ပုဒ်တို့၏ ဤ၌လိုအပ်သော လိင်ကို ဆုံးဖြတ်၍၊ နဂရ–ပုဒ်၌ နဂ–ပုဒ်ကိုသာ တတ်, ပစ္စည်းခွဲပြပါ။
၆။ အောက်ပါပုဒ်တို့၏ အဖွင့်တို့၌ အဋ္ဌကထာဆရာ၏ အာဘော်ကို ပြ၍ ၊သံဝဏ္ဏနာကိုလည်း ညွှန်ပြခဲ့ပါ။
(က) ရာဇဂဟေတိ ဧဝံနာမကေ နဂရေ။ (ခ) ဂိဇ္ဈသဒိသာနိ ဝါ တဿ ကူဋာနိ။
၇။ (ဃ) ဝါကျ၌ "ဝသနဝနံ၊ ဝသန္တဝနံ၊ ဝသေနဝနံ" ဟု ပါဌ်သုံးထွေရှိရာ သင့်ရာပါဌ်ကို အကြောင်းပြ၍ ပြဆိုခဲ့ပါ။
၈။ (ခ)ဝါကျ၌ ရာဇဂဟံ –ဟူသော ပုဒ်ဝယ် ရာဇ –ပုဒ်၌ အဖွင့်အားလျော်စွာ ဖြစ်သင့်သောနည်း၊ ဥပစာထုတ်ခဲ့ပါ။
၁၀။ (က)၌ ရှိသော ဗုဒ္ဓေါ–ပုဒ်၌ ဗုဓဓာတ်၏ မူချအရကို ကောက်၍ အာရုဏာရုဏပဒဋ္ဌာနဟာရ နေတ္တိနည်း ထုတ်ပြခဲ့ပါ။

======================

http://www.dhammadownload.com



## (ခ) အာဘောဂါယုတ္တစောဒနာ

၂။ ဆရာ-သည် (က) ဝါကျဖြင့် ရာဇဂဟ-အရ ရာဇဂြိုဟ်အမည်ရှိသော မြို့ကို ယူရမည်ဟု ဖွင့်ဆိုတော်မူ၏။ မင်းတို့သိမ်းပိုက်အပ်သော အရာဝတ္ထုမှန်သမျှကို ရာဇဂဟဟူ၍ ဆိုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်ပါလျက် ရာဇဂဟအရ ရာဇဂြိုဟ်အမည်ရှိသော မြို့ကိုယူရမည်ဟု ဖွင့်ဆိုသော ဆရာစကားသည် အသို့လျှင် သင့်ပါအံ့နည်း။ ယင်းသို့ဖွင့်ဆိုခြင်း၏ အကြောင်းယုတ္တိကို မပြသော် ဆရာ့အား ဒဋ္ဌိယ၊ ဒဋ္ဌိကရဏ ဆန့်သော ဝိရောဓိ--၏၊ -စုဒ်ကြောင့်-(ခ)မိန့်။

**အဓိပ္ပါယ်ကား** (ခ)ဖြင့် မန္ဓာတ်မင်း၊ မဟာဂေါဝိန္ဒပုဏ္ဏားစသူတို့သည် မင်းနေပြည်တော်၏ အဖြစ်ဖြင့် သိမ်းပိုက်အပ်သောကြောင့် ထိုမြို့ကို ရာဇဂြိုဟ်ဟူ၍ ဆိုအပ်၏ဟု အကြောင်းယုတ္တိကို ငါပြ--ဟူလို။

**(တနည်း)** ရာဇဂဟ -ဟူသောအမည်သည် တိဿ ဒတ္တ သီရိဝဍ္ဎက -စသည်တိုကဲ့သို့ ရှုဋ္ဌိအမည် ဖြစ်လေသလော -စုဒ်ကြောင့် -တဥ္ဍိ -စသည်မိန့်။(ဂဏ္ဌိ)

## (ဃ) အနုသန္ဓေ

ဤသို့ (က) (ခ)နှစ်ဝါကျဖြင့် ရာဇဂဟအရ မြို့ကိုယူရမည်ကိုလည်းကောင်း၊ ရာဇဂဟ အမည်ရခြင်း၏ အကြောင်းယုတ္တိကိုလည်းကောင်း ဖွင့်ပြဆိုပြီး၍ ယခုအခါ၌ ယင်းမြို့ဖြစ်ရာအရပ်သည် အရပ်ထူး၏ အဖြစ်ဖြင့် မြတ်ကုန်သော သတ္တဝါတို့၏ သုံးဆောင်နေထိုင်ရာတည်း-ဟု ပြခြင်းငှါ (ဃ)မိန့်။

❖ **သောပဒေသော ဗုဒ္ဓါနုဝိသေသဘာဝေန ဥဋ္ဌာရသတ္တပရိဘောဂေါတိအာဟ "တံ ပနေတ"န္တိ အာဒိ၊ (သာရတ္ထ၊ ၃၊ ၁၂၂)**

## (င) အနုသန္ဓေ

ဤသို့ (က၊ ခ၊ ဂ၊ ဃ) ဝါကျတို့ဖြင့် ရာဇဂဟေ-ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့်သံဝဏ္ဏနာကိုပြပြီး၍၊ ယခုအခါ၌ ဂိဇ္ဈကူဋေ ပဗ္ဗတေ ဟူသော သံဝဏ္ဏေတဗ္ဗ ပုဒ်၏ အဖွင့် သံဝဏ္ဏနာကို ပြလိုသော ဆရာသည် မပြမီ အနုသန္ဓေသမ္ဗန္ဓကို ရှေးဦးစွာ ပြဆိုရကား (င)မိန့်။

၃။ ခ-သည် က-ကို ယုတ္တိအားဖြင့် ခိုင်မြဲအောင် ပြုတတ်သောကြောင့် ယုတ္တိဒဋ္ဌိကရဏ ဝါကျမည်၏။

**(တနည်း)** ရာဇဂြိုဟ်မည်ခြင်း၏ အကြောင်း သကတ် နာမလာဘဟိတ် အကျယ်ကိုပြသောကြောင့် ဝိတ္ထာရ။ ဆရာတို့ကား တပ္ပါကဋ္ဌိကရဏ -ဟုလည်း ယူကြသေးသည်။

(ဂ) သည် ဆရာ ဆိုအပ်သော အပြားကိုသာ ဖွင့်ဆိုကြပါသလော ဟု စုဒ်ရှိ၍ -ဆက်-ဝါကျာရမ္ဘ။

**(တနည်း)** သကဝါဒမှ တပါး အပရေ ဝါဒကိုပြ ပက္ခန္တရ။

